
www.burmeseclassic.com



BURMESE CLASSIC .com

လုံးချင်းဝတ္ထုသစ်

# ရင်ဖြတ်ငနိုး

ချစ်သူခြေမှတ်ကို ကြွေမယ်

န်း ဒီ သိ န်း ရွှေ ကြည်

2010

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

◆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

◆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

◆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
◆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
◆ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

◆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
◆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
◆ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
◆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သစ္စာ... ကျစ်တာ

ရှင်မြတ်နိုး

ချစ်သူ့မြေမှတို့ကြေမယ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၃၇၀၂၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၇၉၀၃၀၁၀
အဖုံးဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယံအော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဆွေ
ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ။
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ ・ ၈၃
ရှင်မြတ်နိုး
ချစ်သူခြွေမှတို့ကြွေမယ်/ ရှင်မြတ်နိုး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ချစ်သူခြွေမှတို့ကြွေမယ်

## အခန်း | ၁ |

နွေဂိမာန်…

အမြန်လာခဲ့ပါ။ သမီးအဖေရဲ့ ကျန်းမာရေးအခြေအနေ မကောင်းဘူး။ သမီး ဘယ်အချိန်ထိ ပုန်းရှောင်နေဦးမလဲ။ အခုဆို ရင် ဟိုသားအမိနှစ်ယောက်က အိမ်ကြီးသခင်တွေဖြစ်နေကြပြီ။ ဒီလိုပဲ အရှုံးပေးပြီးနေတော့မလို့လား ဂိမာန်။ ညည်း အဖေ့ကို စိတ်ဆိုးလို့ ပြစ်ထားပေမယ့် နေမကောင်းဘူးဆိုတော့လည်း အန့်တီ ဝင့်မနေနိုင်ပါဘူးအေ။ သွားပြီးကြည့်တာ စိတ်တောင်မကောင်းဘူး ဂိမာန်။ သမီးအဖေက တော်တော်အသည်းအသန်ဖြစ်နေတာပဲအေ့။ ပြန်လာခဲ့ နွေဂိမာန်။ သမီးအမြန်ပြန်လာခဲ့။ သမီးအဖေအနားမှာ သမီးရှိနေဖို့လိုအပ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နားစည်ထဲ ပြန်ကြားယောင်မိနေတဲ့ အန်တီလေးဝင့်ရဲ့ မှာကြားသံတွေက နွေဂိမာန်အတွက်တော့ ဂသွးပျက်တုန်လှုပ်ချောက်ချားစရာတွေချည်းပါပဲ။ ကြားရတဲ့အကြောင်းအရာတွေက ယုံပင်မယုံချင်စရာပါ။

ဖေဖေ့ကျန်းမာရေးအခြေအနေ အတော်ဆိုးနေတာတဲ့လေ။

ဒါ…ဘယ်လိုဖြစ်ရတာလဲ။

မေမေနဲ့ ပြဿနာဖြစ်ပြီး ရင်ထဲနာကျင်ရလွန်းလို့ အိမ်ကနေရှောင်ထွက်ခဲ့တာ နှစ်လကျော် သုံးလစွန်းစွန်းလေးပဲရှိသေးသည်။ အချိန်အတိုင်းအတာ သုံးလလောက်အတွင်းမှာ ဖေဖေ အခုလိုဖြစ်ရတာ တကယ့်သွေးရိုးသားရိုးမှ ဟုတ်ပါလေစ။

ကျန်းမာရေးနှင့် ပတ်သက်လို့ တစ်ခါတစ်ရံ ဖျားနာတတ်တာကလွဲပြီး ရောဂါဝေဒနာ ကြီးကြီးမားမားမရှိခဲ့ဖူးတဲ့ ဖေဖေက အိပ်ရာထဲ ဘုန်းဘုန်းလဲနေရပြီဆိုတာ အံ့သြတုန်လှုပ်ချောက်ချားစရာပဲ မဟုတ်ပါလား။

ဒေါ်နှင်းဇကရီ။

ဒါတွေဟာ ရှင်ကြီးရဲ့စနက်ပဲမဟုတ်လား။

ရှင် တမင် ဒက်ဒီအခုလိုဖြစ်အောင် လုပ်တာမဟုတ်လား ဒေါ်နှင်းဇကရီ။ ဒါမှ ဒက်ဒီ့စည်းစိမ်တွေအားလုံး ရှင်အပိုင်စီးလို့





ရမှာဆိုတဲ့အသိနဲ့ ရှင် ကြံစည်ပစ်လိုက်တာမဟုတ်လား။ ကျွန်မသိတယ် ဒေါ်နှင်းဇကရီ။ ရှင် တမင်လုပ်ကြံခဲ့တာကိုလေ။ နွေဂိမာန်မျက်ဝန်းလေးတွေက တစ်စထက်တစ်စ ပို၍စိမ်းတောက်လာ၏။ တင်းမာခက်ထန်မှုတွေက မျက်နှာလှလှလေးထက်မှာ ပြည့်နှက်နေခဲ့သည်။

တွေးမိတိုင်း သူမရင်တစ်ခုလုံး ပူလောင်မြိုက်ကာ ဒေါသမီးလျှံများသာ ဟုန်းဟုန်းတောက်နေခဲ့၏။ ဒီနေ့လို နေ့ရက်မျိုးရောက်ရှိလာလိမ့်မည်ဆိုတာ သူမ ထင်ပင်မထင်ထားခဲ့။ ကားလေးကို ရန်ကုန်မြေရောက်အောင် အမြန်နှုန်းနှင့် မောင်းနှင်နေမိသည်။ အိမ်ကိုအမြန်ရောက်ချင်နေပြီလေ။ ဖေဖေ့ကို သူမ တွေ့မြင်ချင်နေပြီလေ။

ပြီးတော့…

ဖေဖေ့ရဲ့ နောက်မိန်းမဖြစ်တဲ့ ဒေါ်နှင်းဇကရီနဲ့ သူ့သမီးနှင်းဖွေးလေး။ တစ်ခါမှ မမြင်ဖူးပေမယ့် ဒီမျက်နှာတွေကို အခုမမြင်မတွေ့ချင်လို့မရအောင် ကြည့်ရတော့မည်။ မေမေဆုံးပြီးဘယ်လောက်မှမရှိသေး ဖေဖေက သူ့ရဲ့နောက်အိမ်ထောင်နဲ့သမီးကိုဒီတိုက်ကြီးထဲ ခေါ်လာတော့မယ်ဆိုတဲ့ အသိပေးစကားကြောင့်နွေဂိမာန်ရင်ထဲ ဝမ်းနည်းနာကျင်မှုတွေကြောင့် ခါးသီးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့မျက်နှာကို အံ့သြသလို ခပ်စိုက်စိုက်ကြည့်ပြီး ခေါင်းကို တအားခါယမ်းမိသည်။ ဖေဖေက သူ့အမှားကို နားလည်ပေးဖို့ တောင်းပန်နေပေမယ့် ဖေဖေ့စကားတွေက သူမနားထဲ တိုးမဝင်တော့။ ကျန်းမာရေးမကောင်းတဲ့ မေမေရဲ့ နောက်ကွယ်က ဖောက်ပြန်မှု။

ကြည့်စမ်း…

နောက်မိန်းမကမွေးတဲ့ သမီးကတောင် ကိုးတန်းကျောင်းသူပင်ဖြစ်နေပြီတဲ့။ ဒီအချိန်ထိ ဘာအသံမှမထွက်အောင် သိုဝှက်ထားတာ ယုံပင်မယုံနိုင်စရာ။ ရက်စက်လိုက်တာ။ နွေဂိမာန် ဝမ်းနည်းအားငယ်နေရတဲ့အချိန်မှာ ဖေဖေ့ဆီက တောင်းဆိုလာမှုဟာ လက်ခံနိုင်စရာ လုံးဝမရှိချေ။ တစ်အိမ်တည်းမှာ နောက်မိန်းမ နှင်းဇေကရီကိုရော သူ့သမီးကိုရော ခေါ်ထားတော့မယ်ဆိုတဲ့ အသိပေးမှုက နွေဂိမာန်ရဲ့ ခံစားချက်ကို အလေးမထားတော့ဘူးဆိုတဲ့ စိမ်းကားမှုပါပဲ။

သူတို့ကိုခေါ်ထားရင် ဒီတိုက်ကြီးမှာ နွေဂိမာန် မနေတော့ဘူးဆိုတာတောင် ဖေဖေက သူမကို စိတ်ဆိုးသေးသည်။ ဒါဟာ နွေဂိမာန်က သက်သက်မဲ့ ဖေဖေ့ကို အကြပ်ရိုက်အောင်လုပ်တာတဲ့လေ။ ဖေဖေ့ကို နားလည်မှုမပေးဘူးဆိုတဲ့ စွပ်စွဲချက်က နွေဂိမာန်





ရင်ကို ပြေးဝင်လာတဲ့ ပြင်းရှတဲ့ လက်သီးချက်တစ်ခုလိုပါပဲ။ သူမ ဘယ်လောက်ပဲငြင်းငြင်း ဖေဖေ့ဘက်က အလျှော့မပေးခဲ့ချေ။

နောက်ဆုံးတော့ ဖေဖေ့ရဲ့စီမံမှုကို ဒဏ်မခံနိုင်လို့ ရှောင်ထွက်ခဲ့ရသူက နွေဂိမာန်ပါပဲ။ နွေဂိမာန်သိပ်ချစ်တဲ့ မေမေ့ကို ဆုံးရှုံးရလို့ သောကတွေဝေနေရတဲ့အထဲ ဖေဖေ့ရဲ့ ချစ်ခြင်းမေတ္တာတရားကိုပါ လက်လွှတ်ပေးရတော့မယ်ဆိုတဲ့ အသိကြောင့် လူ့လောကကြီးထဲတွင် အသက်ရှင်သန်ချင်စိတ်ပင် မရှိတော့ချေ။

အန်တီလေးဝင့်ကလည်း အတိုက်အခံလုပ်ကာ နွေဂိမာန်ဘက်က ရပ်တည်ခဲ့သည်။ ဒီတော့ ဖေဖေနဲ့ အန်တီလေးဝင့်လည်း ရန်သူဖြစ်ပြီပေါ့။ မိသားစုအရေး ဝင်မပါနဲ့ဆိုသည့် ပြင်းထန်သောကန့်သတ်မှုနှင့်အတူ သူစိမ်းဆန်စွာပင် ညီမဖြစ်သူကို နှင်ထုတ်သည့်အထိ ဖေဖေ့စိတ်တွေ အေးစက်စိမ်းကားသွားခဲ့သည်။

အတွေးစိတ်တွေက လွင့်ခဲ့သော သုံးလတာအချိန်အတိုင်း အတာတစ်ခုဆီ ရောက်နေခဲ့သည်။ အပြင်မှာတော့ မိုးတွေက သည်းသည်းမဲမဲ ရွာချနေဆဲပင်။ မိုးသည်းထဲ ကားမီးရောင်ကို အားကိုးပြုကာ ကြိုးစားမောင်းနေမိ၏။

ထိုစဉ် ကားရှေ့ ရုတ်တရက်ဖြတ်လာသော အရိပ်တစ်ခု။

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"ဒုန်း"

"ကျွိ"

တစ်စုံတစ်ခုကို ဝင်တိုက်လိုက်မိပြီဆိုသည့် အသိနှင့်အတူ သူမခြေထောက်လေးက ကားဘရိတ်ဆီ ဆတ်ခနဲရောက်သွားကာ အကုန်ဖိနင်းလိုက်ခဲ့သည်။

ဘုရား...။

ဘုရား...။

သေသွားပြီလား။

လူရိပ်တစ်ခု လမ်းကိုဖြတ်ကူးတာ သူမတွေ့မြင်လိုက်သော်လည်း အတွေးတွေနဲ့ မောင်းနှင်လာတဲ့ နွေဂိမာန် ဘယ်လိုမှ ရှောင်လို့မတတ်သာခဲ့ချေ။

ကြောက်စိတ်ကြောင့် အသားလေးတွေက တဆတ်ဆတ်တုန်သည်အထိ ဖြစ်နေခဲ့ရပြီ။ အောက်ကို ဆင်းမကြည့်ရဲဘဲ ကားစတီယာရင်ကို ကိုင်ကာ မျက်လုံးစုံမှိတ်ငြိမ်သက်နေမိသည်။

ဘယ်လိုလုပ်ရမလဲ။

နွေဂိမာန် ဘယ်လိုလုပ်ရမလဲ။

မိုးကလည်း အပြင်မှာ သည်းသည်းမည်းမည်း ရွာနေဆဲ





ပါ။

ထွက်ပြေးသွားရင် ကောင်းမလား။

ကားက ရှင်းသည့်အပြင် မိုးရွာနေတာကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးလည်း မှောင်မိုက်နေသည်။

ဆုံးဖြတ်ချက်တစ်ခုကို သေချာအောင်ချနေမိ၏။

သူမရဲ့ အမှားအယွင်းကြောင့် ဆုံးရှုံးရမယ့် တစ်ဖက်သားရဲ့ အသက်အန္တရာယ်။ တကယ်လို့ မသေသေးဘူးဆိုရင်ရော ဒီအတိုင်း ပစ်ထားခဲ့လို့ ကောင်းပါ့မလား။ ပြီးတော့ ကျန်းမာရေးမကောင်းဘဲ ဝေဒနာကြောင့် အိပ်ရာထက်မှာ လဲနေသည့် ဖေဖေ့ရဲ့ ပုံစံလေ။ ဒေါ်နှင်းဧကရီရဲ့ ပယောဂကြောင့် သူမတောင် ဒီလောက်ဒေါသတွေပေါက်ကွဲပြီး ခံစားနေရတာ။

အခု သူမရဲ့ပယောဂကြောင့် နစ်နာဆုံးရှုံးရတော့မည့် တစ်ဖက်သား မိသားစုဝင်တွေရဲ့ ခံစားချက်။

မဖြစ်ဘူး။ ဒီအတိုင်းပြစ်ထားခဲ့လို့ မဖြစ်ဘူး။ နွေဂိမာန် ဆင်းကြည့်မှဖြစ်မယ်။ ကိုယ်ချင်းမစာတဲ့ အတ္တစိတ်တွေကို စွန့်လွှတ်ပစ်လိုက်သည်။ ကားထဲတွင် အမြဲဆောင်ထားလေ့ရှိသော လက်နှိပ်ဓာတ်မီးကို ယူလိုက်ပြီး ထီးကိုလှမ်းဆွဲကာ ကားတံခါးကိုဖွင့်ပြီး ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းရှသောလေအဟွေ့နှင့်အတူ မိုးစက်များက သူမခန္ဓာကိုယ်လေးအား လာရောက်ထိတွေ့၏။ ချက်ချင်းဆိုသလိုပင် ခန္ဓာကိုယ်အောက်ပိုင်းလေး မိုးရေတို့ စိုစွတ်သွားကြသည်။

လက်နှိပ်ဓာတ်မီးအားထိုးပြီး သူမကားနှင့် ပွတ်တိုက်မိသောလူဆီ သွားမိ၏။

အို။

နှေဂိမာန် နုတ်ခမ်းသားလေးတွေ ပိုင်းဟသွားရသည်။ ကားနှင့်ပွတ်တိုက်မိသည့် အရှိန်နှင့်လဲနေသောလူက အားကလေးတင်းကာ ထထိုင်နိုင်ဖို့ ကြိုးစားနေတာလေ။

သူမ ဖျတ်ခနဲ ဝမ်းသာသွားရ၏။

သူ…မသေဘူးပေါ့။

လိုက်ခနဲ ခုန်တက်သွားသော ရင်နှင့်အတူ ထိုနေရာလေးဆီ နှေဂိမာန် ခြေလှမ်းလေးတွေ အပြေးတစ်ပိုင်း ရောက်သွားရသည်။ သူမတိုက်မိတဲ့သူကို လက်နှိပ်ဓာတ်မီးရောင်နှင့် ထိုးကြည့်လိုက်တော့ ကောင်လေးတစ်ယောက်ဖြစ်နေ၏။ အသက်အရွယ်အားဖြင့် ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်သာသာ ရှိသော ကောင်လေးတစ်ယောက်ဖြစ်နေသည်။

"မောင်…မောင်လေး"





"အား…ကျွတ်…ကျွတ်"

ကောင်လေးရဲ့ လက်မောင်းလေးကို ဖေးကူတွဲထူမရင်း ထီးလေးကိုလည်း ထိုကောင်လေးဘက် စောင်းငဲ့ကာ မိုးကာပေးမိသည်။

"အား…ကျွတ်…တောင်း…တောင်းပန်ပါတယ်ဗျာ၊ ကျွန်…ကျွန်တော် လွတ်မယ်ထင်ပြီး ကားလမ်းဖြတ်ကူးလိုက်တာ" ဟယ်။

တိုက်မိတဲ့သူက မတောင်းပန်ရဘဲ အတိုက်ခံရသူက အားနာပါးနာနဲ့ တောင်းပန်နေတာလေ။

"မဟုတ်တာပဲ၊ မမကို တောင်းပန်ဖို့မလိုပါဘူး၊ မမကသာ တောင်းပန်ရမှာပါကွယ်၊ ကားကို အာရုံမစိုက်ဘဲ သတိလက်လွတ်မောင်းခဲ့မိတဲ့ အမှားပါ၊ ကြည့်စမ်း မင်း မင်းမျက်နှာမှာ သွေးတွေနဲ့"

"ဗျာ"

"မင်းခေါင်းကနေ စီးကျလာတာဖြစ်မယ်၊ ထ…ထ ဆေးခန်းသွားရအောင် မောင်လေး၊ မမ လိုက်ပို့ပေးမယ်"

ပြစ်လဲသွားသောအရှိန်ကြောင့် ခေါင်းနှင့်ကတ္တရာလမ်း ဆောင့်မိသွားကာ ခေါင်းမှာ ဒဏ်ရာရသွားဟန်ရှိသည်။ သွေးတွေ



www.burmeseclassic.com

www.burmeseclassic.com



က မိုးရေနှင့်ထိပြီး မျက်နှာပြင်မှတစ်ဆင့် အင်္ကျီပေါ် တလိမ့်လိမ့် စီးကျနေတာလေ။

"ထလေ…မောင်လေး"

"ဗျာ…ဟုတ်…ဟုတ်ကဲ့"

ကောင်လေးက ဒီတော့မှ မျက်နှာပေါ်မှ မိုးရေကို လက်ကလေးနှင့်သပ်ပြီး သူမထိုးထားသော ဓာတ်မီးရောင်တွင် ကြည့်ပြီးမှ သူလည်းစိုးရိမ်သွားဟန်ရှိကာ ခေါင်းလေးညိတ်သည်။

"လာ…မောင်လေး ကားပေါ်တက်ရအောင်"

ကောင်လေးက ကပျာကယာထတော့…

"အား"

"ဟင်…မင်း…မင်း ခြေထောက်လည်းထိသွားတယ် ထင်တယ်"

"ဟုတ်တယ်ထင်တယ် မမ၊ ကျွန်တော့်ဘယ်ခြေဆစ်နား က တအားနာနေတယ်"

"ဒုက္ခပါပဲကွယ်…မင်းတော်တော်ထိသွားတာပဲ၊ စိတ်မ ကောင်းလိုက်တာ၊ မမ အမှားပါကွယ်၊ မမကြောင့် ဖြစ်တာပါ၊ အဟင့်…ဟင့်"

ဟောဗျာ။





ပြောလည်းပြော အသံလေးတုန်ယင်ကာ ရှိုက်ငိုလိုက်တဲ့ မမလှလှကိုကြည့်ပြီး ကောင်အအလေးဖြစ်သွားရသူက အနိုင်းမဲ့ ရယ်ပါ။

"မ…မငိုပါနဲ့ မမရာ၊ ကျွန်တော်ဘာမှမဖြစ်ပါဘူး၊ နည်းနည်းပါးပါးပဲ ထိခိုက်သွားတာပါ၊ စိတ်မပူပါနဲ့"

"အေး…အေးပါကွယ်"

ဒီတော့မှ မမလှလှလေးက သူမအဖြစ်ကို ပြန်ပြီးသတိ ထားမိသွားသလိုနှင့် မျက်ရည်တွေကို မသုတ်ဘဲ အငိုမဲ့မဲ့မျက်နှာ လေးနှင့် ခေါင်းလေးညိတ်ပြ၏။

"ထ…ထ မောင်လေး၊ မမကို အားပြုပြီးထနော်"

ကောင်လေးကို ဖေးကူကာ ထရပ်နိုင်အောင်တွဲမပြီး ကားလေးဆီသို့ ခက်ခက်ခဲခဲ လျှောက်ခဲ့ကြ၏။ ကားတံခါးလေး ဖွင့်ကာ ကောင်လေးကို ထိုင်ခိုင်းပြီး ကားမောင်းသမားခုံဘက် သူမ အပြေးလေးသွားကာ ဝင်ထိုင်လိုက်သည်။

ပြီးနောက် နွေဂိမာန် ကားလေးကို နေရာလေးကနေ မောင်းထွက်ခဲ့သည်။

သူမအာရုံထဲမှာတော့ စိုးရိမ်ပူပန်မှုတွေက ရောယှက်ဖွတ် သိပ်နေဆဲ။ ကောင်လေးကို သနားသည့်စိတ်ကြောင့် ရင်တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ပူလောင်နေရသည်။

အပြင်မှာတော့ မိုးက သည်းကြီးမဲကြီးရွာချနေဆဲပင်။

❧ ❧ ❧



## အခန်း ၂

"ကျွန်တော် စက်ဘီးမှောက်လို့ ဒီအစ်မက ဆေးခန်းလိုက်ပို့ပေးတာပါ ဒေါက်တာ"

ကောင်လေးရဲ့ ပါးနပ်တဲ့အဖြေကြောင့် နွေဂိမာန်ရင်တွေ အနည်းငယ် အေးဆေးသွားရ၏။ ယာဉ်တိုက်မှုဆို ဥပဒေအရ သူမ ပြဿနာဖြေရှင်းရမှာမဟုတ်လား။ ဆရာဝန်ကလည်း ဒီလိုအနေ အထားမျိုးကို သံသယဝင်မှာပဲလေ။

ဘာပဲပြောပြော ကောင်လေးက သူ့အပြစ်ဟုပြောမှ စိတ်အေးချမ်းစွာပင် ဆေးကုသပေးတော့၏။ ခေါင်းက သိပ်မထိ ပါဘူး။ အပေါ်ယံရှပ်ပြီး ပေါက်ပြဲသွားရုံသာပါ။ ခြေဆစ်ကတော့ အရိုးအက်သွားတာတဲ့။ ကျောက်ပတ်တီးစည်းရ၏။ တခြားပွန်းပဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာလေးတွေကို ဆေးထည့်ပြီး သောက်ဆေးပါ တစ်ခါတည်း ပေးလိုက်၏။

ဆေးခန်းကအထွက်မှာတော့ မိုးကစဲသွားသည်။ ရာသီဥတု သိပ်ကြည်လင်တာမဟုတ်သော်လည်း စောစောကလို အညိုးတကြီး မိုးတွေရွာနေတာထက်စာလျှင်တော့ အတော်ကလေး သွားလာလှုပ်ရှားလို့ ကောင်းတဲ့အခြေအနေကလေးပါပဲ။

"ကဲ…မောင်လေး ကားပေါ်တက်"

ကောင်လေးကိုတွဲကာ ကားပေါ်တင်ပြီး ဆေးခန်းရှေ့ကနေ ကားပြန်မောင်းထွက်ခဲ့လိုက်၏။ ပြီးနောက် မြို့တွင်းဘက်သို့ ကားကို မောင်းကာ စတိုးဆိုင်တစ်ခုကို သူမရှာသည်။ ကောင်လေး အဝတ်အစားတွေက မိုးရေကြောင့် ရွှဲရွှဲစိုပြီး ကြွက်စုတ်ကလေး ရေမွန်းသည့်ပုံစံလေး ဖြစ်နေတာလေ။

စတိုးဆိုင်တွေ့တော့ ကောင်လေးကို ကားထဲမှာပဲနေစေပြီး အဝတ်အစား ဆင်းဝယ်မိ၏။ အဆင်ပြေလောက်မည့် အဝတ်အစား အချို့ဝယ်ပြီး ကားဆီပြန်သွားကာ…

"ရော့ မောင်လေး၊ ဒီအဝတ်အစားတွေလဲဝတ်လိုက်"

"ဟုတ်ကဲ့ မမ"

ကောင်လေးက ခေါင်းညိတ်ပြကာ သူမစေခိုင်းသည့်





အတိုင်း နာခံ၏။ သူမကမ်းပေးသော အဝတ်အစားထုပ်ကို လှမ်းယူသည်။

"မမ"

"ဟေ"

"မမလည်း အဝတ်အစားတွေလဲလိုက်ပါလား၊ ရေစိုပြီး အအေးမိတော့မယ်"

သူမကိုစိတ်ပူပြီး ပြောလာတဲ့ ကောင်လေးစကားကြောင့် ပြုံးမိသေးသည်။

"လဲမှာပေါ့…ဆိုင်ရှင်အမျိုးသမီးဆီမှာ ခွင့်တောင်းပြီးပြီလေ၊ မက ကားထဲမှာ အဝတ်အစားတွေပါလာပြီးသားဆိုတော့ ယူသွားပြီးလဲရုံပဲ၊ မင်းပဲ အဆင်ပြေအောင် အဝတ်အစားတွေလဲလိုက် မောင်လေး"

"ဪ…ဟုတ်ကဲ့မမ"

ဒီတော့မှ စိတ်ချဟန်လေးနှင့် ကောင်လေးရဲ့ မျက်ဝန်းအကြည့်လေးတွေက ပြန်ရွှေ့သွား၏။ သေချာကြည့်တော့မှ ကောင်လေးရဲ့မျက်နှာ ရှင်းရှင်းလေး အတော်လေးဆွဲဆောင်မှုရှိကာ တည်ကြည်ခန့်ညားနေသည်။ မျက်ခုံးထူထူ၊ မျက်လုံးစူးတောက်တောက်တွေက တကယ့်ကို ထူးခြားကာ စွဲဆောင်မှုရှိလွန်း၏။



www.burmeseclassic.com

www.burmeseclassic.com



နှာတံချွန်ချွန်၊ နှုတ်ခမ်းမထူမပါးနှင့် မျက်နှာအကျကအစ အပြစ်ပြောစရာမလိုအောင် ယောကျ်ားပီသလွန်းတဲ့ ကောင်လေးပဲ။

အသက်အရွယ်က ဆယ့်ခုနစ်နှစ်သာဆိုတယ် မြင့်မားသော အရပ်အမောင်းနှင့် ခန္ဓာကိုယ်အချိုးကျနမှုက မသိလျှင် ဒီလောက်ထိ ငယ်နုလိမ့်မည်ဟုပင် မထင်ရချေ။ တကယ့်လူကြီးလေးတစ်ယောက်လိုပင် ဖြစ်နေသည်။ မျက်နှာလေးကသာ တကယ့်ကို ငယ်နုနေတာပါ။

နွေဂိမာန်တစ်ယောက် သက်ပြင်းလေးကြိတ်ရှိုက်ကာ ကားနောက်ဖုံးထဲမှ အဝတ်အစားဆွဲအိတ်ကိုဖွင့်ကာ ဝတ်စုံတစ်စုံထုတ်ယူပြီး စတိုးဆိုင်ရှိရာဆီပြန်သွားကာ သူမအဝတ်အစားတွေကို လဲလိုက်သည်။ အနွေးထည်မထူမပါးကို သူမဝတ်လိုက်တော့ ကောင်လေးမှာလည်း အနွေးထည်မရှိတာ သတိထားမိရပြန်၏။

စတိုးဆိုင်က ဂျင်းအနွေးထည်တစ်ထည်ကို သူမထပ်ဝယ်မိပြန်သည်။ မိုးမိပြီး နှုတ်ခမ်းလေးတွေပြာနှမ်းကာ ချမ်းနေတဲ့ ကောင်လေးရဲ့ပုံစံလေးကို ပြန်မြင်ယောင်ပြီး အနွေးထည်ပေးဖို့ ကားဆီ ပြန်သွားလိုက်သည်။

ကားနားရောက်တော့ ကောင်လေးလည်း အဝတ်အစားတွေလဲပြီးနေတာ တွေ့ရ၏။

ဝိုး:မိုး:၁၁၆၆ပ



"ရော့...မောင်လေး ဒီအနွေးထည်ပါဝတ်ထားလိုက်"

"ဟာဗျာ...ဘာလို့ထပ်ဝယ်လာရတာလဲ၊ ပိုက်ဆံတွေအများကြီးကုန်တော့မှာပဲဗျာ၊ ကျွန်တော့်အတွက် ဒီအင်္ကျီလောက်ဆိုရင်ပဲ ရနေပါပြီ"

"မဟုတ်တာကွယ်...လက်ရှည်အင်္ကျီဆိုပေမယ့် အသားက သိပ်မှမထူတာ၊ ဝတ်ထားလိုက်ပါ၊ မင်းသိပ်ချမ်းနေပြီ"

ကောင်လေးက အားနာသောမျက်ဝန်းလေးတွေနှင့် သူမကမ်းပေးနေသော အနွေးထည်ကို လှမ်းယူကာ သူမစိတ်ချမ်းသာအောင်ဝတ်တော့ ကျေနပ်စွာပင် သူမပြုံးလိုက်သည်။

ပြီးနောက် ကားထဲပြန်ဝင်ထိုင်ကာ ကားစက်ကိုနှိုးလိုက်သည်။

"ကဲ...ပြော မင်းကိုဘယ်လိုက်ပို့ပေးရမလဲ"

"ဗျာ"

"မင်းရဲ့အိမ်လိပ်စာကိုမေးတာ၊ ခုလောက်ဆိုရင် မင်းရဲ့မိဘတွေလည်း စိတ်ပူလောက်ရောပေါ့၊ မမ ပြန်လိုက်ပို့ပေးပါ့မယ်"

"ဗျာ"

သူမပြောသမျှကို ကြောင်တောင်တောင်နှင့် လိုက်ဗျာနေသော ကောင်လေးကြောင့် နွေဂိမာန်ရဲ့ လှပတဲ့မျက်ခုံးလေးနှစ်ခု

ဝိုး:မိုး:၁၁၆၆ပ

www.burmeseclassic.com

www.burmeseclassic.com



တွန့်ကြုံသွားရ၏။

"မောင်လေး"

"ဗျာ"

"ဟောတော့…တဗျာဗျာနဲ့ မင်းဘာဖြစ်နေတာလဲ၊ မင်းအိမ်ပြန်ရမယ်လေ"

"ဟို…ဟို ကျွန်တော့်မှာအိမ်မှမရှိတာ"

"ဗုဒ္ဓေါ"

"ဟို…ကျွန်တော်က နယ်ကနေလာတာမမ၊ ဒီမြို့က ဘုန်းကြီးကျောင်း ခဏတည်းပြီး အလုပ်ရှာနေတာ၊ မရသေးတာနဲ့ လျှောက်သွားရင်း အခုလိုဖြစ်တာပဲလေ"

ဒုက္ခပဲ။ အဲဒါမှ တကယ့်ပြဿနာဖြစ်ပြီပေါ့။

မိသားစုဟွေ့နှင့်ဆို ပြန်လိုက်ပို့ပေးပြီး ဆေးကုသစရိတ်လေး ပေးပြီး တောင်းပန်ဖို့စဉ်းစားထားတာ ခုတော့ တခြားနယ်အဝေးကနေ ဆင်းလာပြီး အလုပ်ရှာနေတဲ့သူဆိုတော့ ခက်ပြီပေါ့။

သူမမှာလည်း ရန်ကုန်ကိုပြန်ဖို့က ရှိသေးသည်။

"မင်းတည်းတဲ့ ဘုန်းကြီးကျောင်းကိုပဲ ပို့ပေးရမလား မောင်လေး"

သူမအမေးကို မဖြေသေးဘဲ စဉ်းစားနေသလိုနှင့် အသာ





ငြိမ်နေ၏။ ပြီးမှ တစ်စုံတစ်ခုကို လေးလေးနက်နက် ဆုံးဖြတ်ချက်ချလိုက်ဟန်နှင့် သူမဘက်ကို လှည့်စောင်းကြည့်သည်။

"မမက ဘယ်ကိုသွားမလို့လဲဟင်"

"ရန်ကုန်"

"ရန်ကုန် ဟုတ်လား"

"အေး"

"ဒါဆို မမအတွက် အပန်းမကြီးလောက်ဘူးဆိုရင် ကျွန်တော်လည်း ရန်ကုန်လိုက်ခဲ့ပါရစေ"

"ဘယ်လို"

"ဟိုလေ…ဘာပဲပြောပြော ဒီနေရာမှာထက်စာရင် ရန်ကုန်က ကျွန်တော့်အတွက် အလုပ်အကိုင်ရဖို့ အဆင်ပြေမယ်ထင်မိလို့ပါမမ၊ ရန်ကုန်ကျရင် အခုလိုပဲ ဘုန်းကြီးကျောင်းတစ်ခုမှာ ခဏတည်းခိုပြီး အလုပ်အကိုင်လေး ထွက်ရှာမလားစိတ်ကူးမိလို့ပါ၊ နောက်ဆုံးဗျာ ဆိုင်တစ်ဆိုင်မှာပဲ နေစားပြီး လခနည်းနည်းရတဲ့ အလုပ်မျိုးဖြစ်ဖြစ်ပေါ့၊ မမ လိုက်ခွင့်ပေးနိုင်မလားဟင်"

ကောင်လေးစကားကြောင့် နွေဂိမာန် နည်းနည်းတော့ တွေဝေသွားတာအမှန်ပါ။ ဘာပဲပြောပြော တစ်ယောက်တည်းသွားလာရတာ အကျင့်ဖြစ်နေသူတစ်ယောက်ဖြစ်သော သူမအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေး လိုက်ပါလာခြင်းက စိတ်ကို ရှုပ်ထွေးစေတာတော့ အမှန်ပါပဲ။

သို့သော် မဖြစ်ဘူးလို့ပြောရမှာလည်း မပြောရက်ပြန်။

သူမရဲ့ပယောဂကြောင့် ကောင်လေးက ဒဏ်ရာတွေနဲ့ ဒုက္ခဖြစ်နေရတာမဟုတ်လား။ ထားသွားပြန်လျှင်လည်း တာဝန်မသိရာရောက်ဦးမည်။

"မမ"

"ပြော"

"ကျွန်တော် လိမ်လိမ်မာမာနေပါ့မယ်ဗျာ၊ မမ စိတ်အနှောင့်အယှက်မဖြစ်စေပါဘူး၊ ရန်ကုန်ရောက်ရင် ကျွန်တော် ကျေနပ်ပါပြီ"

"မင်းက ဒဏ်ရာတွေနဲ့လေ"

"အဲဒါ စိတ်ထဲမထားပါနဲ့ ကျွန်တော်က တောသားပါ ဒီလောက်လေးတော့ အကြမ်းခံနိုင်ပါတယ်၊ ဖြစ်တုန်းခဏပေါ့ဗျာ၊ ပြီးရင် ဒါတွေကပျောက်သွားမှာပါ၊ အရေးကြီးတာက အခုလို အခွင့်အရေးလေးရတုန်း ရန်ကုန်မြို့ကြီးကိုရောက်ရရင်ပဲ ရပါပြီမမ ရယ်"

ကောင်လေးက ဆုံးဖြတ်ချက် ခိုင်မာနေပြီမို့ နှုတ်ဆိတ်မာန်





လည်း ဘာမှမပြောချင်တော့ချေ။

"ကောင်းပြီလေ...လိုက်ခဲ့ပေါ့၊ ဘာပဲပြောပြော မင်းအခု လိုဖြစ်ရတာ မမကြောင့်ဆိုတော့ မမမှာတာဝန်ရှိပါတယ်၊ ဒါနဲ့ မင်းမှာ မှတ်ပုံတင်ပါရဲ့လား"

"ဟုတ်ကဲ့...ပါလာပါတယ်၊ ဆယ့်နှစ်နှစ်ပြည့်မှတ်ပုံတင် လေ"

"အေး...အေး မမကိုပေးထား"

သူမ ကောင်လေးဆီက မှတ်ပုံတင်တောင်းလိုက်၏။

ကောင်လေးက ခပ်သွက်သွက်ပင် ထုတ်ပေးတာမို့ ကောင်လေးရဲ့မှတ်ပုံတင်ကဒ်လေးကို ကားမီးလုံးဖွင့်ကာ သေချာစစ်ဆေးကြည့်လိုက်သည်။

ပုသိမ်မြို့တဲ့။

လိပ်စာကတော့ ပုသိမ်မြို့ရဲ့ နယ်လေးတစ်ခုလိပ်စာပါပဲ။ ဒါဆို ကောင်လေးပြောနေတာတွေက အမှန်တွေချည်းပဲပေါ့။ နယ်ကနေ ဆင်းလာပြီး အလုပ်လာရှာတယ်ဆိုတာလေ။

"အနိုင်းမဲ့"

မှတ်ပုံတင်ထဲက နာမည်လေးကို ခပ်တိုးတိုးရေရွတ်မိ၏။

"ဟုတ်ကဲ့...မမ ကျွန်တော့်နာမည် အနိုင်းမဲ့ပါ"

"ထူးဆန်းတဲ့နာမည်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



''အမေပေးခဲ့တဲ့နာမည်လေ၊ ဘယ်သူနဲ့မှ နှိုင်းယှဥ်လို့မရတဲ့သားဆိုပြီး ပေးခဲ့တာ''

''သြော်''

''အဖေက ကျွန်တော့်ကိုသိပ်ချစ်တာ၊ အဖေ့အာရုံထဲမှာ အမြဲတမ်း ပထမနေရာကို ကျွန်တော်ရခဲ့လောက်အောင် တကယ့် အနှိုင်းမဲ့ပါပဲမမရယ်''

''မင်းကံကောင်းတာပေါ့''

''ဗျာ''

''ဖခင်တစ်ယောက်ဆီက အခုလို အနွေးထွေးဆုံးမေတ္တာတရားကို တစ်ယောက်တည်း သီးသန့်ပိုင်ဆိုင်ခွင့်ရခဲ့လို့လေ၊ မင်း သိပ်ကံကောင်းတယ်''

ပြောသာပြောလိုက်ရတာ အသံလေးက တိုးလျှနင့်သည်းလို့။

အဖေ···။

နွေဂိမာန်အတွက်တော့ အဖေ့ရဲ့ချစ်ခြင်းမေတ္တာတွေမှာ မျှဝေခံစားရမှုတွေက သိပ်ပြီးများပြားနေခဲ့တာမဟုတ်လား။ အနှိုင်းမဲ့လို့ ဖခင်မျိုးကို မရရှိခဲ့တာ ဝမ်းနည်းကြေကွဲစရာပါပဲ။

သို့ပေမယ့်···

ဖေဖေ့ကြောင့် နွေဂိမာန်တို့ မိသားစု စည်းစိမ်အပြည့်နှင့်

နိုး:နိုး:၀၇၁၆၀



နေထိုင်ခဲ့ရသည်။ ကုမ္ပဏီပိုင်ရှင် သူဌေးကြီး ဦးသက်ဝေထွန်း၏ သမီးအဖြစ် ဂုဏ်တက်ခဲ့သည်။ အလိုရှိရာ၊ တောင့်တရာအားလုံး ဖြစ်ခွင့်ရခဲ့တဲ့ဘဝကို ပိုင်ဆိုင်ခဲ့ရသည်။ ဒီကျေးဇူးတရားတွေက ဘဝတစ်သက်တာလုံးအတွက် ထင်ရှားခဲ့တဲ့ အမှတ်တရတွေပါပဲ။

နေမကောင်းဖြစ်နေတဲ့ အမေ့ရှေ့ကို ရောက်ရောက်လာတိုင်း ကြင်နာယုယမှုတွေနဲ့ ရှိနေခဲ့တဲ့ ဖေဖေ့ကို နွေဂိမာန် ကျေးဇူးတင်မိလို့မဆုံးချေ။

သို့သော် ကံတရားက ရက်စက်လွန်းသည်။

ဟန်ဆောင်ခြင်းတွေက ရေရှည်မခိုင်ခံ့နိုင်သလို မေမေ သေဆုံးပြီးနောက် တစ်လကျော်ကျော်လောက်တွင် ဖေဖေ့ရဲ့သရုပ်ဆောင်မှုက အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲသွားခဲ့သည်။

နောက်ဇနီးရှိနေသည်တဲ့လေ။

ကလေးကပင် ကိုးတန်းကျောင်းသူကြီးဖြစ်နေပြီတဲ့။

ယုံတောင်မယုံနိုင်။

မေမေ့နောက်ကွယ်မှာ အခုလို အရိပ်ဆိုးကြီးမျိုးက အဆင်သင့်စောင့်စားနေပြီးသားဆိုတာ နွေဂိမာန် ကြားရလို့သာ ယုံရတာပါ။

''မမ''

ဝိုး:မိုး:၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



''....''

''မမ''

''ဟေ...သြော်...အေး''

''ကားမောင်းတော့လေ၊ ဘာတွေစဉ်းစားနေတာလဲ''

''အေး...ဟုတ်သားပဲ''

အနှိုင်းမဲ့ဆိုတဲ့ ကောင်လေး သတိပေးလိုက်တော့မှပဲ နွေဂိမာန်တစ်ယောက် အတွေးကမ္ဘာထဲ မျောလွင့်နေရာမှ အသိလေး ပြန်ဝင်သွားရလေတော့သည်။ မှတ်ပုံတင်လေးကို သိမ်းလိုက်၏။

ကားလေးကိုစက်နှိုးကာ နေရာကနေ ဝေါခနဲနေအောင်ပင် မောင်းထွက်လာခဲ့တော့သည်။

အာရုံထဲ၊ အတွေးလေးထဲမှာတော့ နွေဂိမာန်အဖေ ဦးသက်ဝေထွန်းနဲ့ အနှိုင်းမဲ့ရဲ့ဖခင်တို့ရဲ့ ခြားနားသောချစ်ခြင်းမေတ္တာက ယှဉ်ပြိုင်လျက်။

ကားလေးက ရန်ကုန်မြေသို့ရောက်အောင် မြန်ဆန်သော အရှိန်နှင့် ချည်းနှင်းနေဆဲပင်ဖြစ်တော့သည်။

~ ~ ~



# အခန်း | ၃ |

''အစ်ကိုကြီး''

ဆူအောင့်အောင့်ခေါ်သံကြောင့် ကျန်းမာရေးချို့တဲ့ကာ ဝေဒနာခံစားနေရသော ဦးသက်ဝေထွန်းတစ်ယောက် မျက်လုံးလေးတွေကို မဖွင့်ချင်ဖွင့်ချင်နှင့် ဖွင့်လိုက်ရသည်။

ဇနီးနှင်းဇကရီ။

အသက်အရွယ်နဲ့ မလိုက်ဖက်လောက်အောင် လှပကျော့ရှင်းနေတဲ့ ဇနီးပါ။ ဒီအလှအပတွေကြောင့်လည်း ဇနီးသည်အတာ အပေါ် ထားခဲ့သည့် သစ္စာစည်းများ ရေတံခါးတာကျိုးသလို ကျိုးပေါက်ခဲ့ရသည်။

မာယာများသော တောနက်ကြီးထဲ မျက်ကန်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လို တိုးဝင်သွားခဲ့မိ၏။ အရှုံးအမှုးဖြစ်ခဲ့ရသည်။ မသိစိတ်ရဲ့ ဆွဲခေါ်မှုနောက်သို့ ကောက်ကောက်ပါအောင်ပင် လိုက်ပါသွားမိတော့သည်။ မှားမှန်းသိနေပါလျက် နောက်ဆုတ်ဖို့အချိန်မမီတော့။ နှင်းဇကရီနှင့် သမီးလေးတစ်ယောက်ပင် ရနေခဲ့ချေပြီ။

အတာကိုတော့ အသိမပေးရဲခဲ့ပါ။ လျှို့ဝှက်ထားမိသည်။ အတာက ကျန်းမာရေးချို့တဲ့နေတာမဟုတ်လား။ စိတ်ဆင်းရဲရမည့်ကိစ္စမျိုးမို့ မိမိဖုံးကွယ်ထားမိသည်။ သမီးနွေဂိမာန်ကိုပင် အသိမပေးခဲ့ပါ။ သူ့အမေဆီ သတင်းပေးလိုက်မှာ ကြောက်မိသည်။ အတာ့ကို ဦးသက်ဝေထွန်း သိပ်ချစ်တာပါပဲ။ ချစ်လွန်းလို့လည်း မရမက ရယူပိုင်ဆိုင်ထားခဲ့တာပေါ့။

ခက်တာက အတာ့ရဲ့ကျန်းမာရေး။ သမီးလေးနွေဂိမာန်ကို မွေးပြီးနောက်ပိုင်း အတာ့ကျန်းမာရေးက တစ်စထက်တစ်စ ဆိုးဝါးလာ၏။ အိမ်ထောင်ရေးသုခဆိုတာ မရှိသလောက်ထိ ရှားပါးသွားခဲ့ရသည်။ ဇနီးသည်အပေါ် ချစ်မြတ်နိုးမှုနှင့်အတူ သစ္စာတရားကိုပါ အနိုင်မာဆုံးဖြစ်အောင် စောင့်ထိန်းခဲ့သည်။

သို့သော်...

မထင်မှတ်စွာ မိမိမိတ်ဆွေတစ်ယောက်ရဲ့ မိတ်ဆက်ပေးမှုကြောင့် နှင်းဇကရီဆိုသော မိန်းမချောလေးတစ်ယောက်နှင့် ရင်းနှီး





ခဲ့ရ၏။ ချဉ်းကပ်မှုကပဲ မြန်ဆန်လို့လား။ အိမ်ထောင်ရေးတွင် အားနည်းချက်ရှိနေခဲ့ရသော သူ့အတွက် ပျော်ရွှင်သာယာမှုက နှင်းဇကရီဆီက အငွေ့အသက်ဆုံး ရရှိခဲ့သည်။

ရှောင်လွှဲမရတော့။

နှင်းဇကရီရဲ့ ကျော့ကွင်းမှာ ယုန်သူငယ်လို မိသွားခဲ့ရ၏။

သမီးငယ် နှင်းဖွေးလေးကိုမွေးတော့ သံယောဇဉ်ကြိုးက သူ့အား ပိုပြီးရစ်ပတ်တုပ်နှောင်လာခဲ့၏။ ဇနီးအတာကို အသိမပေးအောင် တောင်းပန်ပြီး နှင်းဇကရီ အလိုဆန္ဒအရ လိုအပ်မှုတစ်ခုမှ မရှိရလေအောင် နောက်ကွယ်တွင် ဖြည့်ဆည်းပေးထားမိသည်။

အတာဆုံးတော့ နှင်းဇကရီရဲ့အတ္တက ခေါင်းထောင်ထလာ၏။ ထင်ပေါ်ချင်လာသည်။ မိမိစိတ်ပျက်ပေမယ့် လိမ္မာရေးချားရှိလွန်းသော သမီးငယ်လေးနှင်းဖွေးရဲ့ မျက်နှာကြောင့် ငြင်းပယ်မနေချင်တော့။ သမီးဖြစ်သူ နွေဂိမာန်ကို အသိပေးကာ တရားဝင်စောင့်ရှောက်ဖို့ ခွင့်တောင်းမိသည်။

သမီးနွေဂိမာန်က လက်မခံချေ။ တစ်တိုက်တည်းအတူတူ လုံးဝမနေနိုင်ဘူးတဲ့လေ။ တစ်ဘက်ကလည်း ဖိအားပေးပြီးတောင်းဆို တစ်ဘက်ကလည်း ငြင်းဆန်ကန့်ကွက်နှင့် ဦးသက်ဝေထွန်း ဗျာများခဲ့ရ၏။ နောက်ဆုံးတော့ သမီးနွေဂိမာန်က ဖခင်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်အနာကြီးနာကြည်းကာ အိမ်ကနေ ထွက်သွားသည်။ မန္တလေးက သူ့အမေရဲ့ အမျိုးတွေဆီမှာ သွားနေ၏။

ဦးသက်ဝေထွန်း မတားဆီးမိပါ။

အခုအချိန်မှာ သမီးကို ဘယ်လိုမှ ခွင့်လွှတ်နားလည်မှု ပေးနိုင်းလို့မရလောက်ဖူးဆိုတာ ဦးသက်ဝေထွန်း အသိဆုံးပဲလေ။ သမီးရဲ့စိတ်တွေ အေးချမ်းလောက်မယ့်အထိ နေပါစေဆိုပြီး ခွင့်ပြုထားလိုက်၏။ စိတ်ကတော့ သမီးနွေဂီမာန်ဆီ အချိန်ပြည့်ရောက်နေတာလေ။

မိခင်ဆုံးရှုံးသွားလို့ နာကြည်းဝမ်းနည်းနေတဲ့ ကလေးမလေးမဟုတ်လား။ သမီးကို သနားမိ၏။ သမီးဆီက အမုန်းတွေကို ရခဲ့တဲ့အတွက်လည်း ရင်ထဲမချိအောင် ခံစားရပါသည်။

ဒါကြောင့်လည်း စိတ်ကျရောဂါကြောင့် အိပ်ရာထဲ ဘုန်းဘုန်းလဲသည့်အထိ ဖြစ်ခဲ့ရသည်။ စီးပွားရေးကို နေ့မအားညမအား ကြိုးစားခဲ့တဲ့ ဒဏ်တွေက အခုတော့ စုပုံပြီး လူကို ဝေဒနာဆိုးတွေအဖြစ် ပြောင်းလဲကာ မိမိအား ဖိစီးနှိပ်စက်ခြင်းခံနေရတော့၏။

မိမိအလိုလိုက်ထားသလောက် လိုအင်ဆန္ဒတွေ မပြည့်နိုင်သေးတဲ့ နှင်းဧကရီတစ်ယောက် အခုလည်း အနားကိုရောက်လာပြီး





ဘာတွေတောင်းဆိုဦးမည်မသိ။ မျက်နှာကတော့ တစ်ချက်ကလေးမှ သာယာမနေတာတော့ အတိအကျပဲဖြစ်သည်။

"အစ်ကိုကြီး"

"ပြောလေ နှင်း"

"ရှင့်သမီး ဖုန်းဆက်တယ်"

"ဟင်"

"နွေဂီမာန် ဖုန်းဆက်တယ်လို့ပြောတာ၊ သူပြန်လာနေပြီတဲ့၊ သူ့အခန်းကို အရင်အတိုင်း ပြင်ဆင်ထားဖို့ လှမ်းအကြောင်းကြားတာ"

"ဟာ…တ…တကယ်လား၊ နှင်း သမီး သမီးပြန်လာမယ်ဆိုတာ တကယ်လား၊ ဝမ်းသာလိုက်တာကွာ၊ ဝမ်းသာလိုက်တာ၊ သမီးလေး စိတ်ဆိုးပြေသွားပြီပေါ့"

တွေ့လား။ ဖြစ်ပျက်နေတဲ့ပုံစံကိုက။

မြင်ရတဲ့သူပင် အမြင်ကတ်ချင်စရာဖြစ်ရသည်။ တစ်ချိန်လုံး သူ့သမီးပြန်လာမယ့်နေ့ရက်လေးကို စောင့်မျှော်နေတာလေ။ သူ့သမီးက စိတ်နာသွားပြီဆိုပြီး ခံစားချက်တွေနဲ့ အိပ်ရာထဲ ဘုန်းဘုန်းလဲနေတာပဲကြည့်။ အဖြစ်ကိုက သဲလွန်းပါသည်။ ခုတော့ အိပ်ရာထဲလဲသူက သမီးဆိုတဲ့အသံကြားတာနှင့် လူးလဲထ



www.burmeseclassic.com

www.burmeseclassic.com



ထထိုင်၏။

ခေါ်နှင်းဇေရီကတော့ နွေဂိမာန်ပြန်လာမှာကို လုံးဝမနှစ်မြို့မိပါ။ မိမိနဲ့ တစ်ချိန်လုံး ပခုံးချင်းယှဉ်တော့မယ့်သူ ရောက်လာတော့မှာကို ဘယ်သူက ဝမ်းပန်းတသာနဲ့ ကြိုဆိုချင်မှာလဲ။ မိမိတို့သားအမိ ဒီတိုက်ကြီးထဲမှာ လာနေကြမှာကို အကြီးအကျယ်ကန့်ကွက်ခဲ့တဲ့ ကောင်မလေးပါ။ ဖခင်ကို နောက်ဆုံးပြောမရလွန်းလို့ အိမ်ကနေတောင် စိတ်ဆိုးပြီး အမျိုးတွေဆီ ဆင်းသွားပြသေးသည်။

ခုတော့ ပြန်လာတော့မယ်တဲ့လေ။

အေးချမ်းနေတဲ့ အခြေအနေလေးတစ်ခုက နွေဂိမာန်ကြောင့် ပျက်စီးရတော့မည်။ တကယ်စိတ်ရှုပ်စရာပါပဲ။

"နှင်း"

"ပြော"

"သမီးအခန်းကို အခုချက်ချင်း ရှင်းထားခိုင်းလိုက်နှင်း"

"နေ့တိုင်း သူမရှိတာတောင် အလုပ်သမားတွေက ဝင်ရှင်းနေတာပါတော်၊ ဒီလောက်ရှင်းလင်းနေတာ ဘာကိုထပ်ရှင်းခိုင်းရဦးမလဲ"

"နှင်း"





ဇနီးသည်နှင်းရဲ့စကားကို ဦးသက်ဝေထွန်းစိတ်ထဲ အလိုမကျမိ။ သူစိမ်းဆန်တာမျိုးကို ဦးသက်ဝေထွန်း လက်မခံနိုင်ပါ။ ဘာပဲပြောပြော သမီးနွေဂိမာန်က မှန်နေတဲ့သူလေ။ အမှားလုပ်တာက မိမိတို့ပဲ။ အပြစ်ကျူးလွန်ခဲ့တာ မိမိတို့ပဲ။ အေးချမ်းသာယာနေတဲ့ သမီးရဲ့ အဖြူရောင်ကမ္ဘာလေးကို ဆေးနက်နက်တွေနဲ့ အရောင်ဆိုးခဲ့မိတာ။

လူငယ်ဆိုတော့ ဘယ်ခံစားနိုင်ပါ့မလဲ။ ပေါက်ကွဲမှာပဲလေ။ ဒါကို လူကြီးဖြစ်တဲ့ နှင်းက နားလည်မှုရှိရမည်မဟုတ်ပါလား။ အိမ်ထောင်တစ်ခုရဲ့ မိသားစုဝင်တွေအားလုံး အေးချမ်းသာယာပျော်ရွှင်ဖို့ဆိုတာ အိမ်သူသက်ထားဇနီးမယား၏ ပညာသားပါပါ ထိန်းသိမ်းမှုနှင့် အများကြီးသက်ဆိုင်နေသည်လေ။ နှင်းက သမီးနဲ့အပြိုင် ကလေးဆန်ချင်နေတာ စိတ်ပျက်စရာပါပဲ။

"နှင်း"

"ဘာလဲ…အစ်ကိုကြီးနှင်းကို အလျှော့ပေးခိုင်းမယ့် သတိပေးစကားတွေ ပြောဦးမလို့လား၊ အခုကိစ္စမှာ နှင်းဘက်က အလွန်မရှိဘူးနော်၊ အစ်ကိုကြီးသမီးဘက်က မီးစိမ်းစပြတာ၊ အလံဖြူထောင်ပြီး ဝင်လာတဲ့သူတွေကို အကြမ်းတမ်းဆုံး ဆက်ဆံခဲ့တာ၊ အစကတည်းကမှ နှင်းတို့သားအမိရဲ့ စိတ်ထဲမှာ သိမ်ငယ်မှုတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရှင်သန်နေရတဲ့အထဲ နွေဂိမာန်လုပ်ရပ်ကြောင့် ဘယ်လောက် ဖိစီးမှုများခဲ့ရသလဲ၊ ဘာပဲပြောပြော နှင်းက လူကြီးပါ၊ ရိုသေမှု မရှိရင်တောင် လေးစားမှုကတော့ ရှိသင့်တာပေါ့''

''အဲဒါပဲ…နှင်း၊ ကိုယ်မလိုချင်ဆုံး အနေအထားက အဲ လိုအနေအထားပဲ၊ မင်းက လူကြီးတစ်ယောက်လေ၊ ကလေးနဲ့ ဘာကြောင့် ယှဉ်ပြိုင်မာနတွေ၊ အတ္တတွေ ထားနေရတာလဲ၊ နွေဂိမာ် ဘက်ကိုလည်း မင်းဝင်ပြီး ခံစားကြည့်ပါဦး၊ မင်းသာဆိုရင်ရော အခုလို ကြည်ဖြူစွာနဲ့ ဝမ်းသာအားရကြိုဆိုနိုင်ပါ့မလား''

''အို…ဒါကတော့''

''မင်းအကြောင်းကို အစ်ကိုကြီးအသိဆုံးပါနှင်းရယ်၊ ဒါကြောင့် ဘာတွေမှ ဆက်ပြီးပြောမနေပါနဲ့တော့၊ အစ်ကိုကြီး တောင်းပန်ပါတယ်ကွာ၊ သမီးနဲ့ အဆင်ပြေပြေလေးနေပေးပါ၊ မိသားစုဝင်တွေ အချင်းချင်း စိတ်ဝမ်းမကွဲစေချင်ဘူးကွာ''

ဟွန်း။

လူမမာက အခုတော့လည်း လေသံက အရင်ကလို ပျော့ညံ့မနေတော့။ သမီးရဲ့စိတ်ကြောင့်ထင်ပါရဲ့။ မျက်နှာထားက အစ လေးနက်တည်တင်းနေ၏။ သမီးဆိုတဲ့အသံကြားတာနဲ့ အိပ်ရာထဲခွေနေသူက ချက်ချင်းငေါက်ခနဲထထိုင်သည်။ စကားသံ





…ာ မာဆတ်ပြတ်တောက်လို့။

သမီးနှင်းဖွေးလေးအတွက်ဆို အစ်ကိုကြီး အခုလောက် …ောင် ဖြစ်မှာမဟုတ်ချေ။ သားသမီးချင်းအတူတူ အစ်ကိုကြီးကိုယ် …ိုင်က ခွဲခြားစိတ်ရှိနေတာမဟုတ်လား။ မိမိကလည်း သူ့စိမ်းပဲ …ာ။ ဘယ်လိုလုပ်ပြီး စာနာနားလည်စိတ်ရှိနိုင်မှာလဲ။

သို့ပေမယ့် ဦးသက်ဝေထွန်းဆိုတာ နယ်နယ်ရရ ပုဂ္ဂိုလ် …စ်ယောက်တော့ မဟုတ်ပါ။ ကုမ္ပဏီလုပ်ငန်းတွေ အများကြီး …ိုင်ဆိုင်ထားတဲ့ မြန်မာနိုင်ငံရဲ့ (Top-10)ဝင် သူဌေးကြီးတစ်ဦး …လ။ စည်းစိမ်ချမ်းသာမှုတွေက နည်းတာမဟုတ်။

မိမိကို စွန့်ကျဲထားတယ်ဆိုတာက တကယ့်အသေးအမွှား …ပဲ။ ဒါကို ဒေါ်နှင်းဇကရီ အသိဆုံးဖြစ်သည်။ ဒါကြောင့်လည်း ဆိုက်သင့်သလောက်ရဖို့ဆိုတဲ့ ရည်မှန်းချက်တွေနဲ့ စိတ်ကို အတတ် နိုင်ဆုံး လျှော့ထားပြီး ခေါင်းငုံ့နေတာပေါ့။

''နှင်း''

''ပြော''

''သမီး ဘယ်အချိန်ရောက်မှာတဲ့လဲ''

''အဲဒါတော့မသိဘူး၊ သူ့အခန်းရှင်းထားဖို့နဲ့ အခန်းလွတ် တစ်ခုကိုပါ ပြင်ဆင်ပေးထားဖို့ ကြိုမှာထားတယ်''



www.burmeseclassic.com

www.burmeseclassic.com



''အခန်းလွတ်တစ်ခန်း ဟုတ်လား''

''ဟုတ်တယ်''

''ညှို့သည်ပါလာတယ်နဲ့တူတယ်''

''ဟုတ်မှာပေါ့''

ဦးသက်ဝေထွန်း ငြိမ်သက်စွာ စဉ်းစားနေမိသည်။ သမီးနဲ့အတူ ညှို့သည်ပါလာတယ်ဆိုပါလား။ သူ့အမေဘက်က အမျိုးတွေတော့ မဖြစ်နိုင်ပါ။ အတော့အမျိုးတွေအားလုံး နောက်အိမ်ထောင်ရှိနေခြင်းအပေါ်မှာ မိမိကို မမြင်မတွေ့ချင်လောက်အောင်ပဲ စိတ်နာကြည်းရှာကြတာလေ။

ဒါဆို ညှို့သည်ဆိုတာ ဘယ်သူများလဲ။

''နှင်း''

''ပြော''

''ညှို့သည်က ဘယ်သူတဲ့လဲ''

''အဲဒါ နှင်းက ဘယ်လိုလုပ်ပြီးသိမှာလဲ၊ အစ်ကိုကြီးရဲ့သမီးက နှင်းကို တလေးတစားနဲ့ အသိပေးလိမ့်မယ်လို့များ ထင်နေလို့လား၊ ဖုန်းကိုတော့ နှင်းမှန်းသိတာတောင် လေသံက တစ်ချက်ကလေးမလျှော့ဘူး၊ ဘာပဲပြောပြော နှင်းကတော့ ခွင့်လွှတ်ပါတယ်၊ သူက အစ်ကိုကြီးရဲ့သမီးတစ်ယောက်ပဲလေ၊ အစ်ကိုကြီးသမီးဆိုတော့ နှင်းရဲ့သမီးပဲပေါ့၊ ဒါပေမယ့် ဘာပဲပြောပြော နွေဂီမာန်ဘက်က သူ့စိမ်းဆန်နေတာကိုရော၊ ခါးသီးနေတာကိုရော မြင်တွေ့နေရတော့ ခံစားရတယ်၊ အစ်ကိုကြီးအနေနဲ့က နှင်းကိုချည်းပဲ အပြစ်မမြင်ဘဲ နှစ်ဘက်ကို မျှမျှတတကြည့်ပေးရင်တော့ ကောင်းမယ်ထင်တာပဲ၊ ကဲ နှင်း သွားလိုက်ဦးမယ်''





ဒေါ်နှင်းဇေကရီ

ပြောပြီးတာနှင့် နေရာကနေ ချက်ချင်းထကာ အခန်းထဲကထွက်ခဲ့မိ၏။

စိတ်ပျက်တယ်။

နွေဂီမာန် ပြန်လာမှာကို မလိုလားဆုံးပဲ။

တားဆီးလို့ကလည်း မိမိက ခွင့်မရှိဘူးဆိုတော့ သည်းညည်းခံပေဦးတော့ပေါ့။ ဒေါ်နှင်းဇေကရီတစ်ယောက် အံလေးကို တင်းနေအောင်ပင် စေ့ကြိတ်ထားလိုက်မိတော့သည်။

ႇ ႇ ႇ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၄]

"မေမေ…အိမ်မှာ မမနွေဂိမာန် ပြန်ရောက်နေပြီဆို၊ ဘယ်မှာလဲဟင်၊ အပေါ်ထပ်မှာလား၊ ဖွေးလေး မမကိုတွေ့ချင်လို့"

"ဖွေးလေး"

"ရှင်"

"သမီးက ဘာကိုတွေ့ချင်တာလဲ"

"ရှင်"

"နွေဂိမာန်ကို ဘာကြောင့် အဲဒီလောက်တောင် ဝမ်းသာအားရဖြစ်ပြီး မြင်တွေ့ချင်နေရတာလဲလို့မေးတာ"

"မေမေကလည်း ဖွေးလေးတွေ့ချင်တာပေါ့၊ ဖွေးလေးရဲ့ မမပဲဟာ၊ ဖေဖေကပြောတယ် မမကစိတ်ဆိုးပြီး အိမ်ကခဏထွက်





သွားတာတဲ့၊ ဘာပဲပြောပြော မမကိုနားလည်ရမယ်တဲ့လေ၊ အဖေတူ အမေကွဲပေမယ့် သွေးရင်းညီအစ်မတွေပဲလို့ ပြောထားတယ်၊ ဒါကြောင့် ဖွေးလေး တစ်ခါမှမမြင်မတွေ့ဖူးသေးတဲ့ မမနွေဂိမာန်ကို တွေ့ချင်တာပေါ့"

"ဟွန်း…သမီးကသာ တွေ့ချင်နေတာ နွေဂိမာန်က သမီးကို မြင်ရင် အစိမ်းလိုက်တောင် ဝါးစားချင်နေမှာ ဖွေးလေးရဲ့၊ အဲဒါကို သမီးကလေးသိရဲ့လား"

"ရှင်"

နှင်းဖွေးလေးရဲ့ ဖူးနုနေတဲ့မျက်နှာလေးမှာ အံ့ဩရိပ်လေးတို့ ထင်းခနဲ အရောင်ဟပ်သွားရသည်။ မေမေ ဘာတွေပြောနေတာပါလိမ့်။ သူမနားမလည်ပါ။ သူမသိတာ တစ်ခုပဲရှိသည်။ အဲဒါ နှင်းဖွေးလေးဆိုတဲ့သူမဟာ အဖော်မဲ့တဲ့ တစ်ဦးတည်းသောသမီး မဟုတ်ဘဲ သိပ်လှပြီး စာသိပ်တော်တဲ့ အစ်မတစ်ယောက်ရှိနေတယ် ဆိုတာပါပဲ။

မမနွေဂိမာန်နဲ့ ပတ်သက်တဲ့ အကြောင်းလေးတွေကို ဖေဖေ ပြောပြတိုင်း နှင်းဖွေးလေးမှာ မျက်တောင်လေးပင် မခတ်နိုင်အောင် စိတ်ဝင်တစားရှိခဲ့ရသည်။

မမကို ငယ်ငယ်လေးကတည်းက သူမစိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တိတ်တဆိတ်လေး သံယောဇဉ်တွေ တွယ်ခဲ့ရ၏။ မေမေ့ကို မမနဲ့ တွေ့ချင်လိုက်တာဟုလည်း မကြာခဏဆိုသလို တောင်းဆိုခဲ့ဖူးသည်။ အချိန်မတန်သေးဘူးသမီးရဲ့ နောက်တော့တွေ့ရမှာပေါ့ဆိုတဲ့ နှစ်သိမ့်စကားကြောင့်သာ နှင်းဖွေးလေးရဲ့ ရင်ထဲကဆန္ဒတွေကို မြိုသိပ်ထိန်းချုပ်ခဲ့ရတာပါ။

နှင်းဖွေးလေးတို့ အိမ်ပြောင်းရတော့မယ်ဆိုတော့ မေမေ့ ထက်ပိုပြီး ဝမ်းသာရသူက သူမပါပဲ။ မမနဲ့ တစ်တိုက်တည်းမှာ အတူတူနေခွင့်ရမှာဆိုတဲ့အသိကြောင့် ရင်လေးခုန်ကာ စိတ်တွေ တအားလှုပ်ရှားနေခဲ့ရသည်။ မေမေက နှင်းဖွေးလေးကို ဘယ်လို နေထိုင်ရမယ်ဆိုတာတွေ ကြိုတ်ပြီးသင်ပေး၏။ နှင်းဖွေးလေး စိတ်မ ဝင်စားပါဘူး။ မမနွေဂိမာန်နဲ့ မသင့်မြတ်ရမည့် ဘယ်လိုအနေအထိုင် အပြောအဆိုမျိုးကိုမှ နှင်းဖွေးလေး မလုပ်ချင်ဘူး။ အစကတည်းက မှ ကျောင်းကသူငယ်ချင်းတွေကိုကြည့်ပြီး နှင်းဖွေးလေးက အားကျ နေတာလေ။

သူတို့ပြောပြောပြတဲ့ သူတို့အစ်ကို၊ အစ်မတွေအကြောင်းနဲ့ မောင်ငယ်၊ ညီမငယ်လေးတွေအကြောင်းကို နားထောင်ပြီး ဇွေးတွေး တဲ့ မောင်နှမတွေ ရှိနေခြင်းအပေါ်မှာ စီးမျောလိုက်ပါပြီး နှင်းဖွေး လေး ရူးသွပ်နေတာပါ။ မမနဲ့ နှင်းဖွေးလေး အတူတူနေရရင်လည်း





အဲဒီလိုပဲ ပျော်စရာအဖြစ်အပျက်ကလေးတွေ ရှိမှာပဲ တွေးမိတိုင်း ရင်ထဲ ပီတိလှိုင်းလေးတွေက တဝုန်းဝုန်း ပုတ်ခတ်လာရမြဲပါပဲ။

မမအပေါ် တိတ်တခိုးလေး တွယ်တာမိနေတဲ့ နှင်းဖွေး လေးရဲ့ စိတ်ရင်းအမှန်ကို မေမေကမသိဘဲ ဟိုရောက်ရင် နွေဂိမာန် ဆိုတဲ့ ကောင်မလေးကို အရောမဝင်ဘဲ ကိုယ်လည်းသမီး တစ်ယောက်အနေနဲ့ ခပ်တင်းတင်းနေဖို့ မေမေက သတိတွေပေးနေ ၏။ ရပိုင်သင့်တဲ့အခွင့်အရေးကိုလည်း အရယူဖို့ အထပ်ထပ်သင် ကြားသည်။

တစ်နေ့တစ်နေ့ မေမေ့မှာကြားချက်တွေကြောင့် ဦးနှောက် ခြောက်၊ ခေါင်းပူရသူက နှင်းဖွေးလေးပါပဲ။ နှင်းဖွေးလေး စိတ်ဝင် စားတဲ့အကြောင်းအရာတွေမှ မဟုတ်တာ။ တစ်ချိန်လုံး စည်းစိမ် ဥစ္စာတွေအကြောင်း အပ်ကြောင်းထပ်အောင် ပြောပြောနေတတ်တဲ့ မေမေ့ကြောင့် နှင်းဖွေးလေး စိတ်ညစ်ကာ နောက်ပိုင်း ဘယ်လို အကြောင်းပြချက်လေးပေးပြီး ရှောင်ထွက်ရမလဲပင် စဉ်းစားနေတတ် တော့သည်။

"ဖွေးလေး"

"ရှင်...မေမေ"

"နွေဂိမာန်နဲ့ပတ်သက်ပြီး သမီး ဘာမှ သူ့ကိုအောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



နေစရာမလိုဘူးနော်၊ သမီးလည်း သူဌေးကြီး ဦးသက်ဝေထွန်းရဲ့ သမီးတစ်ယောက်ပဲ၊ ခေါင်းမော့ရင်ကော့ပြီးသာနေ၊ ဟွန်း တော်တော် အမြင်ကတ်စရာကောင်းတဲ့ နွေဂိမာန်၊ လူကြည့်တော့ မလောက် လေးမလောက်စားနဲ့ မေမေ့ကိုများ အဖက်မလုပ်ချင်တဲ့ပုံစံနဲ့ ဆက်ဆံ သွားတယ်၊ ခံပြင်းဖို့တော်တော်ကောင်းလိုက်တာ၊ သင်းအမေမျက်နှာ ရှိနေသေးလို့သာ စိတ်လျှော့လိုက်တာ မဟုတ်ရင် နှင်းဇကရီ အကြောင်း သင်း ကောင်းကောင်းကြီးသိသွားစေရမယ်မှတ်''

''မေမေကလည်း မမကို အဲဒီလိုမပြောပါနဲ့''

''ဘာ…ဘာရယ် ဖွေးလေး''

မေမေ့အော်သံကြီးက ဟိန်းခနဲထွက်လာ၏။ ပြူးကျယ် ဝိုင်းစက်သော မျက်လုံးအစုံက နှင်းဖွေးလေးဆီ စူးနင့်စွာ ကျရောက် လာသည်။

''ဟို…ဟိုလေ ဖွေး…ဖွေးလေးပြောတာက မမနွေဂိမာန် က အခုမှရောက်လာတာဆိုတော့ မေမေ့ကို နည်းနည်းတော့ မျက်နှာ စိမ်းနေမှာပဲလို့ပါ''

''အမယ်လေး…မအေကို ဒီလောက်စော်ကားခံရတာ တောင် သူက ဟိုဘက်က ကာကွယ်ပြီး ရှေ့နေလိုက်ပေးနေသေး တယ်၊ ဒီမှာ ဖွေးလေး သမီးကို ဝမ်းနဲ့လွယ်ပြီးမွေးထားတာက





ဟောဒီက နှင်းဇကရီဆိုတဲ့ မေမေပါ၊ ဘယ့်နှယ့် ကိုယ့်အမေဘက်က မနေဘဲ နွေဂိမာန်ဘက် ပါနေရတာလဲ၊ ဖွေးလေးနော် ပျော့ညံ့ပျော့ ညံ့လုပ်မယ်မကြံနဲ့၊ နောက်ကောက်ကျသွားလိမ့်မယ်သိလား၊ နွေဂိမာန်က ခေသူမဟုတ်ဘူး၊ အခုတောင် သူ့ကားနဲ့ ပွတ်တိုက်မိ တဲ့ ကောင်လေးဆိုလားမသိဘူး အိမ်ကိုခေါ်လာပြီး နေခိုင်းသေး တယ်၊ ဘာတွေညာဏ်များနေတာလဲဆိုတာ မသိတော့ဘူး၊ သတိ တော့ထားမှဖြစ်မယ်''

အဲဒါ မေမေခက်တာပေါ့။

မမနွေဂိမာန်နဲ့ ပတ်သက်လာတိုင်း သူစိမ်းဆိုတဲ့စိတ်က မေမေ့ရဲ့ခန္ဓာကိုယ် အသွေးအသားထဲမှာ စွဲထင်နေသည်။ ဒီတော့ နှစ်ယောက်က ဘယ်လိုလုပ်ပြီး သင့်မြတ်ပါတော့မလဲ။

ဖွေးလေးကတော့ မမနွေဂိမာန်ကို ညီအစ်မရင်းအချာ တစ်ယောက်လိုပဲ အမြဲစိတ်ထားသည်။ ချစ်လည်းချစ်၏။ မတွေ့ မမြင်ရလေလေ ပိုပြီးတောင်တွေ့မြင်ချင်မိလေလေပါပဲ။ မေမေပြော သလိုတော့ ဖွေးလေး မလုပ်နိုင်ပါဘူး။ ဟောဒီကမ္ဘာကြီးထဲမှာ သွေးအရင်းအချာဆိုလို့ မမနွေဂိမာန်တစ်ယောက်ပဲရှိတာ၊ မမဆီက အမုန်းအညှိုးတွေ ဖွေးလေးမယူချင်ဘူး၊ ဖေဖေကလည်း ဖွေးလေးကို အမြဲနားချသည်။



www.burmeseclassic.com

www.burmeseclassic.com



မမနှေဂိမာန်က စိတ်ထားကောင်းတဲ့သူ တစ်ယောက်ပါပဲ တဲ့လေ။ အမေမရှိတော့ အားငယ်တာကတစ်ကြောင်း၊ ဖအေက လည်း သူ့ဘက်မှာမရပ်တည်ဘဲ ဖွေးလေးတို့သားအမိဘက်က မားမားမတ်မတ်ရပ်လိုက်ပြန်တော့ ရင်ထဲမှာ နာကြည်းပြီး အခုလို စိတ်တွေကြမ်းတမ်းသွားတာပါတဲ့လေ။ ဖွေးလေး မမကို နားလည် နေမိသည်။ စာနာနိုင်ခဲ့၏။ မမ ဘယ်လောက်တောင် ဝမ်းနည်း နားကျင်နေလိုက်လေမလဲ။

ဖွေးလေးသာဆိုလျှင်လည်း မမလိုဖြစ်မှာပါပဲ။ ဘဝ တစ်သက်တာလုံး ဘာစိတ်အနှောင့်အယှက်မှမရှိ အေးအေးချမ်းချမ်း လေး ဖြတ်သန်းနေရလိမ့်မယ် ထင်ထားသမျှ သဲထဲရေသွန်သလို အဖြစ်မျိုး ဖြစ်ခဲ့ရပြီမဟုတ်ပါလား။

''ဖွေးလေး''

''......''

''ဟဲ့...ဖွေးလေး''

''ရှင်...ရှင် မေမေ''

''အမလေး ခေါ်လိုက်ရတာအေ၊ ဘာတွေတွေးနေတာ လဲ''

''ဘာ...ဘာမှမတွေးပါဘူး မေမေ''





''ဟွန်း...အခုကတည်းက အသံကပျော့နေပြီ၊ နှေဂိမာန် ပြန်ရောက်လာပြီဆိုတာနဲ့ပဲ သမီးက သွေးကြောင်ချင်နေပြီလား၊ မဖြစ်သေးပါဘူးအေ သမီးကိုကြည့်ရတာ အားကိုမရဘူး''

''မေမေကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ ဖွေးလေး အေးအေးဆေးဆေးနေတတ်တာ မေမေလည်းသိရဲ့သားနဲ့''

''သိတယ်ဟေ့...သိတယ်၊ ဒါကြောင့်လည်း နောက် ကောက်ကျသွားမှာစိုးလို့ ဒီက အမြဲတမ်း သတိပေးလက်တို့နေတာ ပေါ့၊ နှေဂိမာန်ကိုကြည့်ရတာ ခေသူမဟုတ်ဘူးနော် ဖွေးလေး၊ ဒါကြောင့် သမီးလည်း ရတဲ့အခွင့်အရေးကို အမိအရဖမ်းဆုပ်ဖို့ သာ ကြိုးစားထား၊ ဘာပဲပြောပြော သမီးချင်းအတူတူတော့ တန်းတူ ပဲဖြစ်ချင်တယ်၊ သိပ်ပြီးထုံအမနေနဲ့၊ သမီးအမေက အမေတို့မှန်းထား တာထက်တောင် ပိုပြီးချမ်းသာကြွယ်ဝနေတာ၊ နှေဂိမာန်နဲ့ တစ်ယောက်တစ်ဝက် ညီညီမျှမျှရမှကို ကျေနပ်နိုင်မှာ''

မေမေကတော့လေ။

အဲဒါတွေခက်တာပေါ့။ တစ်ချိန်လုံး ရပိုင်ခွင့်တစ်ခုတည်း ပဲ စောင့်ကြည့်နေတာ စိတ်ပျက်စရာ။ ဒီလိုပုံစံမျိုးနဲ့ ရှေ့ဆက်သွား နေတဲ့ ကာလပတ်လုံး မိသားစုပျော်ရွှင်မှုဆိုတာ ဘယ်လိုလုပ်ပြီး ရှိနိုင်တော့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖွေးလေးတို့ အခုလည်း ပြည့်ပြည့်စုံစုံနေနေရတာပဲဟာ။ ဘာတွေလိုအပ်နေလို့လဲ။ ဖေဖေက လိုလေသေးမရှိ ဖြည့်ဆည်းပေးထားတာပဲမဟုတ်လား။ ဒါကို မေမေ့စိတ်မှာ မပြည့်သလိုလောဘတွေကြီးနေတာ တကယ်စိတ်မောစရာပါပဲ။ မေမေ့ကိုကြည့်ပြီး သက်ပြင်းမောလေး ကြိတ်ချတဲ့သူက နှင်းဖွေးလေးပဲဖြစ်သည်။

"ဖွေးလေး"

"ရှင်"

"သမီးကို သေချာမှာထားရဦးမယ်"

"ဘာကိုလဲ မေမေ"

"နွေဂိမာန်ကို သတိထားဖို့ပေါ့"

မေမေ့စကားကြောင့် ဖွေးလေးရဲ့မျက်နှာလေး မဲ့ရှုံ့သွားရှော်။

"ဒါက ဘာဖြစ်သွားပြန်တာလဲ၊ မေမေက စကားအကောင်းပြောနေတာနော်၊ ပျက်ချော်ချော်လုပ်မနေနဲ့၊ လေးလေးနက်နက် နားထောင်စမ်း ဖွေးလေး၊ ခုဆို နွေဂိမာန်က တစ်ယောက်တည်းပြန်လာတာမဟုတ်ဘူး၊ ဘက်တော်သားတစ်ယောက်ပါ အဖော်ပါလာတာ၊ ပြီးတော့ ဒီတစ်တိုက်လုံးမှာရှိတဲ့ အလုပ်သမားတွေကလည်း သူ့လူယုံတွေချည်းပဲ၊ ကျောချင်းကပ်ထားစရာဆိုလို့





အမေနဲ့သမီးပဲရှိတယ်၊ နွေဂိမာန်လက်အောက်ကို ခေါင်းအလျှိုခံလို့ လုံးဝမဖြစ်ဘူး ဖွေးလေး၊ ပြီးတော့ ခေါ်လာတဲ့ကောင်လေးကလည်း ဖွေးလေးနဲ့ မတိမ်းမယိမ်းလေးပဲ၊ မေမေကတော့ နွေဂိမာန်ကို လုံးဝအယုံအကြည်မရှိဘူးဖွေးလေး၊ သူ့မှာ အကြံအစည်တစ်ခုခုတော့ ကိန်းသေရှိနေတာသေချာတယ်"

"မေမေစိတ်ထင်လို့ဖြစ်မှာပါ၊ ပြီးတော့ အခုခေါ်လာတဲ့သူကလည်း မမကားနဲ့တိုက်မိတာဆို၊ တာဝန်ရှိလို့ ယူရတဲ့သဘောလည်း ဖြစ်ချင်ဖြစ်မှာပေါ့ မေမေရယ်"

"အဲဒါခက်တာပေါ့ ဖွေးလေးရယ်၊ သမီးက သိပ်ပြီးရိုးသားလွန်းတာပဲ၊ ဒါကြောင့်လည်း မေမေ ပိုပြီးစိတ်ပူတာပေါ့၊ မေမေ့လောက် သွက်လက်ဖျတ်လတ်ရင် အခုလောက်တောင် အာပေါက်ခံပြီး စကားပြောနေစရာတောင် မလိုတော့ဘူး၊ အခုတော့ သမီးက ကိုယ့်စိတ်နဲ့ပဲ လူတွေကို နှိုင်းကြည့်နေတော့ခက်တယ်၊ လူတိုင်းကို သမီးလိုရိုးအအလို့ ထင်မနေနဲ့ ဖွေးလေးရဲ့"

ဒေါ်နှင်းဇကရီတစ်ယောက် သမီးဖြစ်သူကိုကြည့်ပြီး အားမလိုအားမရ ဖြစ်နေရတော့သည်။

ဒီကောင်မလေးရဲ့စိတ်ဓာတ်ကိုက ရိုးအလွန်းတာပါ။ လိုချင်မက်မောစိတ်လည်းမရှိ။ ရတာနဲ့ပဲ ရောင့်ရဲတင်းတိမ်ချင်အား



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး။ ငယ်ငယ်လေးကတည်းက ခပ်အေးအေးနေတတ်သလို မိဘတွေပေးတာကိုပဲယူပြီး ဘယ်သောအခါမှ လိုချင်သည်ဟု တောင်းဆိုတတ်သည့်အကျင့်မရှိချေ။

ဖအေကိုလည်း ချစ်လိုက်တာမပြောပါနဲ့တော့။ သူ့အတွက် အချိန်မပေးနိုင်တာတောင် နားလည်မှုတွေနှင့် ကျေနပ်နေတတ်တဲ့ သမီးပါ။ ဘာပဲပြောပြော အခုလို ဒီတိုက်ကြီးထဲကို မိမိဝင်လာနိုင်တာကတော့ သမီးဖွေးလေးကြောင့်ပါပဲ။ မိမိနဲ့ ဘယ်လောက်ပဲ စကားများများ သမီးနှင်းဖွေးလေးအပေါ် ချစ်သည့်စိတ်ကြောင့် နိုင်မာတဲ့နေရာတစ်ခုတော့ ဒေါ်နှင်းဧကရီ ရရှိခဲ့တာတော့ အမှန်ပဲဖြစ်သည်။

ဦးသက်ဝေထွန်းက သမီးနှင်းဖွေးလေးကိုတော့ သိပ်ချစ်သည်။ လိမ္မာရေးချားရှိပြီး စိတ်ထားကောင်းတဲ့သမီးလေးဆိုပြီး အမြဲတမ်း သူ့စိတ်ထဲမှာထား၏။ သို့ပေမယ့် သမီးကြီးနွေဂိမာန်နှင့် ပတ်သက်လျှင်တော့ နှင်းဖွေးလေးက အမြဲတမ်းဒုတိယပဲလေ။ သမီးချင်းအတူတူ အခုစိတ်ထားတာ ဒေါ်နှင်းဧကရီ နည်းနည်းလေးဖုံ မကျေနပ်နိုင်ပါ။

"မေမေ"

"ဘာတုန်း"

ဝိုး:မှိုး၊၀၁၆ပေ



"ဖွေးလေးတောင်းပန်ပါတယ် မေမေရယ်၊ ဖေဖေက အျန်းမာရေးကောင်းတာမဟုတ်ဘူး၊ ဖေဖေ့မျက်နှာကိုတော့ ဘာပဲဖြစ်ဖြစ် မေမေထောက်ထားသင့်ပါတယ်၊ အခုချိန်မှာ မမပြန်လာတယ်ဆိုပြီး ဖေဖေ ဝမ်းသာနေမှာပါ၊ မိသားစုတွေ စည်းစည်းလုံးလုံးရှိဖို့ ဖေဖေ မျှော်လင့်နေမှာပဲမေမေ၊ မေမေ့ဘက်က နည်းနည်းလေးစိတ်လျှော့ပြီး ဖေဖေစိတ်ချမ်းသာအောင် နေပေးလိုက်ပါ မေမေရယ်၊ ဖွေးလေ ဖေဖေ့ကိုသနားလို့ပါ၊ မေမေနဲ့မမကြားမှာ ဖေဖေ စိတ်ညစ်နေရမှာ ဖွေးလေး မမြင်ရက်ဘူးမေမေရယ်"

"အမယ်လေး…အမယ်လေး အခုကတည်းက ဟိုဘက်တနေ ညည်းက လိုက်ကျေနပ်ပေးနေတယ်ပေါ့လေ၊ ဘာလဲ ဖွေးလေး သမီးမျက်လုံးထဲမှာ မေမေက လူဆိုးကြီးတစ်ယောက်ဖြစ်နေပြီလား၊ မေမေ အခုလို လောဘတွေကြီးနေတာ ဘယ်သူ့အတွက်လို့ထင်လဲ၊ မေမေ အတ္တတွေကြီးနေတာ ဘယ်သူ့အတွက်လဲ။ သမီးအတွက်ပဲလေ၊ မေမေ့သမီးရဲ့ ဘဝတစ်သက်တာလုံး ဧည်းစိမ်ဥစ္စာ ပြည့်ပြည့်စုံစုံနဲ့ ရှင်သန်စေချင်လို့ ဖွေးလေးရဲ့၊ အဲဒါကို ညည်းနားလည်ရဲ့လား၊ ငါ့အတွက် ဘာမှမပါဘူးဟဲ့"

မေမေရယ် ဖွေးလေးသိပါတယ်။

မိခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ စေတနာတွေကို

ဝိုး:မှိုး၊၀၁၆ပေ

www.burmeseclassic.com

www.burmeseclassic.com



ဖွေးလေးနားလည်ပါတယ်။

ဒါပေမယ့် မေမေမသိသေးတာက ဖွေးလေးရဲ့စိတ်ကို လေ။

ဖွေးလေး ငွေမမက်ဘူးမေမေ။ စည်းစိမ်ပစ္စည်းဥစ္စာတွေ မမက်ဘူး။ ဖွေးလေးမက်မောတာ ချစ်ခြင်းမေတ္တာပါ။ မိဘတွေဆီ က ပေးအပ်လာမယ့် နွေးမြတဲ့စောင့်ရှောက်မှုလေးကိုပါ။ မေမေ ဟာ ဒုတိယအိမ်ထောင်ဆိုတာ သိလာခဲ့ရပြီးနောက် ဒုတိယသမီး ဖြစ်ရတဲ့ ဖွေးလေးလေ ဖေဖေ့ဆီက အေးမြတဲ့မေတ္တာရိပ်ကို ဖေဖေ ပေးအပ်နေတဲ့ ငွေကြေးတွေထက်တောင် ပိုပြီးမက်မောတောင့်တ မိတယ်မေမေ။

မေမေ စိတ်ငြိုငြင်မှာ၊ ဖေဖေ စိတ်ပျက်သွားမှာ ဖွေးလေး သိပ်ကြောက်ပါတယ်မေမေ။ အရင်က သမီးတို့သားအမိ နေခဲ့ရတဲ့ ပုန်းလျှိုးကွယ်လျှိုးဘဝကို ဖွေးလေးမလိုချင်ဘူး။ အခုလို အေးချမ်း စွာ နေခွင့်ရနေတာကိုပဲ ဖွေးလေးကျေနပ်တယ်။ ပျော်လည်းပျော် တယ်မေမေ။ မေမေရဲ့ ဂုဏ်ဖော်မှုနဲ့ ဖေဖေ့သမီးအဖြစ် ရပ်တည်နေ ရတာနဲ့တင် သမီးအတွက် လုံလောက်နေပါပြီမေမေရယ်။

ဒါကို မေမေ သိနားလည်သင့်ပါတယ်ရှင်။



# အခန်း ၅

''အန္တိုင်းမဲ့''

''ဩော်…မမ''

''ဘယ့်နှယ်လဲ…နေရထိုင်ရတာအဆင်ပြေရဲ့လား၊ လိုအပ်တာရှိရင်တော့ နည်းနည်းသည်းခံပေးကွာ၊ ဒီတိုက်မှာ ယောကျ်ားလေးဆိုလို့ အရင်ကရှိခဲ့တာမဟုတ်တော့ မင်းအတွက် အဝတ်အစားနဲ့ အသုံးအဆောင်ပစ္စည်းတော့ သိပ်ပြည့်စုံမှာမဟုတ် ဘူး၊ နောက်နေ့မှ မင်းအတွက် ဝယ်ဖြည့်ပေးမယ်နော်''

''ဟာဗျာ…မဝယ်ပါနဲ့၊ ကျွန်တော့်အတွက် ဒီလောက် နေရာခိုနားခွင့်ပေးတာပဲ များနေပါပြီမေမေရယ်၊ မမသာ နေစရာ ပေးရင် ဒီဒဏ်ရာတွေနဲ့ ကျွန်တော်တစ်ယောက်တည်း ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲမှာ ဒုက္ခတော်တော်ရောက်ရဦးမှာဗျ"

"အေးကွာ…မင်းဒဏ်ရာတွေက တော်တော်များတာပဲ၊ ညအမှောင်မို့ သိပ်မသိသာတာကွ၊ မိုးလင်းလို့ မင်းကိုကြည့်လိုက်တော့ မမလေ စိတ်တောင်မကောင်းဘူးကွာ၊ ဒါကြောင့်လည်း မင်းကို အိမ်ခေါ်သွားဖို့ တစ်ခါတည်းဆုံးဖြတ်ခဲ့တာပေါ့၊ ဘာပဲပြောပြော အနိုင်းမဲ့ရယ် မမအတွက် မောင်ငယ်လေးတစ်ယောက် ကောက်ရလိုက်သလိုပါပဲ၊ ဖြစ်နိုင်မယ်ဆိုရင် ဒီတိုက်ကြီးထဲမှာပဲ မင်းကို နေစေချင်တယ်ကွာ၊ မင်းအလုပ်လုပ်ချင်တယ်ဆိုလည်း မမရဲ့လုပ်ငန်းတွေမှာ ဝင်လုပ်ပေါ့၊ မင်းကို လစာကောင်းကောင်း ပေးခန့်ပါ့မယ်"

"ဟာ…တ…တကယ်လားမမ"

"တကယ်ပေါ့ကွ…ဘာလဲ မင်းက နောက်ပြောင်ပြောနေတာထင်လို့လား"

"မ…မထင်ပါဘူး၊ ဒါပေမယ့်"

"မင်းနဲ့မမက ရေးရေစက်ရှိလို့ တိုက်တိုက်ဆိုင်ဆိုင် ဆုံကြတာနဲ့တူပါတယ်၊ မင်းကို မြင်မြင်ချင်းပဲ ခင်မိတယ်လေ၊ ဆရာဝန်မေးတဲ့အချိန်မှာ မမဘက်က အကာအကွယ်ပေးပြီး မင်းဖြေပေးခဲ့တာလေးကိုကြည့်ပြီး မင်းရဲ့စိတ်ဓာတ်လေးကို မမ မဘော





ကျသွားတာ၊ မင်းသာ စက်ဘီးမှောက်တာလို့မပြောဘဲ ကားနဲ့ ပွတ်တိုက်မိတာလို့သာ ပြောခဲ့ရင် မမ ဒုက္ခရောက်ပြီပဲ၊ မင်းကျေးဇူး အေးအောင် မင်းတောင်းတဲ့လျော်ကြေး မမဘက်က ပေးရမှာ၊ မမအတွက် ငွေက သိပ်ပြီးအဓိကမကျပေမယ့် ဥပဒေနဲ့ရင်ဆိုင်ရမှာတော့ မမသိပ်ကြောက်တယ် အနိုင်းမဲ့ရယ်"

"ဟာဗျာ မမကလည်း၊ ကျွန်တော်က ငွေမက်တဲ့လူစားမျိုးမဟုတ်ပါဘူး၊ ကားလမ်းကို မဆင်မခြင်ဖြတ်ကူးမိလို့ မမ အခုလို ဒုက္ခတွေများသွားရတာတောင် အားနာနေတာပါ"

"သိပါတယ်ကွာ၊ မင်းစိတ်ကို အများကြီးမဟုတ်တာတောင် နည်းနည်းတော့ မမ ဖတ်လို့ရပါတယ်၊ ဒါကြောင့်လဲ မမရဲ့ လူယုံမောင်လေးအဖြစ် ခေါ်ထားဖို့ မမ ဆုံးဖြတ်ခဲ့တာပေါ့၊ ဘယ်နှယ့်လဲ၊ အနိုင်းမဲ့ မမအနားမှာ မင်းနေမယ်မဟုတ်လား"

"နေမှာပေါ့ဗျာ နေမှာ နေမှာ၊ မမနှင်မထုတ်မချင်း ကျွန်တော်နေမှာ"

"ပြီးရော"

မမက အပြုံးလေးတွေနဲ့ မျက်စောင်းလှဲ့လှဲ့ထိုးတော့ အနိုင်းမဲ့ရင်တစ်ခုလုံး ဝမ်းသာပီတိလွှမ်းခြုံကာ နွေးမြလို့သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော။

မမသာလျှင် အနှိုင်းမဲ့အတွက် အားကိုးရာပါပဲလေ။ မမနဲ့ တွေ့ဆုံခဲ့ရတာ အနှိုင်းမဲ့ ကံကောင်းတာပါ။ ကျေးဇူးတင်ပါတယ် မမရယ်။

"အနှိုင်းမဲ့"

"ဗျာ"

"မမနာမည်ကိုရော မင်းသိရဲ့လား"

"မမနွေဂိမာန်မဟုတ်လား"

"ဟေ"

"မမအိမ်ပေါက်ဝမှာ ကားရပ်လိုက်တာနဲ့ တစ်တိုက်လုံးက အလုပ်သမားတွေက မမလေးနွေဂိမာန်ပြန်လာပြီဆိုပြီး ဝမ်းသာအားရ ကြိုဆိုကြတာလေ၊ ဒါကြောင့် ကျွန်တော်ကြားခဲ့တာပါ"

"အင်း ဟုတ်တယ် နွေဂိမာန်တဲ့၊ မဆိုးဘူး မင်းက မမထင်ထားတာထက်တောင် ပိုပြီးသွက်လက်နေသားပဲ၊ ကောင်းတယ် ကောင်းတယ်၊ မမက အဲ့ဒီလိုထက်မြက်မှုကြိုက်တာ၊ ဒါနဲ့၊ မင်း ကျောင်းနေဖူးလား အနှိုင်းမဲ့"

"ဗျာ"

"အတန်းကျောင်း ဘယ်လောက်ထိနေဖူးသလဲလို့





မေးတာ"

"ကျွန်တော် ဆယ်တန်းအောင်ပြီးသား မမ"

"ဟယ်"

"ဟုတ်တယ် မမ၊ ဆယ်တန်းမှာ လေးဘာသာဂုဏ်ထူးနဲ့ အောင်ထားတာ၊ ပြောရမယ်ဆိုရင် အိမ်က အမေ့ရဲ့နောက်အိမ်ထောင် ကျွန်တော့်ပထွေးနဲ့ အဆင်မပြေလို့ အိမ်ကနေထွက်လာခဲ့တာပဲ မမ"

"ဖြစ်ရလေ"

အနှိုင်းမဲ့ကိုကြည့်ပြီး နွေဂိမာန် ရင်ကလေးနင့်ရပြီ။

ကိုယ်ချင်းစားမိ၏။ သူမလည်း လက်ရှိမှာ ဖေဖေ့ရဲ့ နောက်အိမ်ထောင် ဒေါ်နှင်းဇေကရီနဲ့ အဆင်မှမပြေတာ။ ဖေဖေ ရှင်ပြောလာပြီးနောက် အသိမိတ်ဆွေတွေဆီကတဆင့် ဒေါ်နှင်းဇေကရီ နဲ့ပတ်သက်သည့်အကြောင်းတွေ နွေဂိမာန် သိခွင့်ရခဲ့သည်။

တော်တော်လည်တဲ့ အမျိုးသမီးတဲ့လေ။

နွေဂိမာန်လဲတွက်ထားပြီးသားပါ။ ဖေဖေလိုလူမျိုးကို အခုလို ထိန်းချုပ်နိုင်တယ်ဆိုကတည်းက အစွမ်းအစက သိပ်ပြီး သေးလောက်ဖူးဆိုတာပေါ့။ သမီးဖြစ်သူကိုတောင် ဥပက္ခာပြုနိုင် လောက်အောင် သတ္တိတွေပြည့်ဝနေခဲ့တာ ဒေါ်နှင်းဇေကရီရဲ့ဖိအား ကြောင့်ပဲလေ။ ဒါကြောင့်လဲ ထိုအမျိုးသမီးကို နွေဂိမာန် စိတ်အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြီးနာကာ မှန်းမိသည်။

ထိုအမျိုးသမီးကို မျက်နှာချင်းမဆိုင်ချင်လွန်းလို့ မန္တလေးက မေမေရဲ့အစ်မတွေဆီမှာ သွားနေခဲ့မိ၏။ ကြီးမေကြီးက နွေဂိမာန်အိမ်ကနေဆင်းလာတယ်ဆိုတော့ အံ့သြနေသည်။ မလာသင့်ဘူးဟု အပြစ်တင်နေ၏။ ခေါ်မထားချင်လို့မဟုတ် နောက်မိန်းမက တိုက်ကြီးထဲမှာ မင်းမူပြီး အပိုင်စီးနေမှာကို မခံချင်လွန်းလို့ နွေဂိမာန်ပြန်သွားသင့်သည်ဟု တိုက်တွန်းခဲ့၏။

စိတ်တွေရှုပ်ထွေးပြီး အားငယ်လွန်းလို့သာ နွေဂိမာန်ထွက်လာခဲ့တာပါ။ သွေးပူ သွေးဆူနေတဲ့အချိန်ကို။ ဘယ်လိုလုပ်ပြီး ဦးနှောက်အေးအေးနဲ့ ဆုံးဖြတ်နိုင်ပါ့မလဲ။

တဖြည်းဖြည်းမှ အမှန်တရားကို နွေဂိမာန် ရှာတွေ့လာရ၏။ ရန်ကုန်ကိုပြန်သွားဖို့ ဆုံးဖြတ်မိသည်။ ဒီကြားထဲ ဖေဖေ့ညီမ အန်တီလေးဝင့်က ဖုန်းဆက်တော့ ပိုပြီးတောင် ပြန်ဖို့သေချာသွားရ၏။ ဒေါ်နှင်းဧကရီလက်အောက်မှာ အရှုံးပေးပြီး အညှာခံနေဖို့ လုံးဝစိတ်မကူးတော့ချေ။

ဖြစ်လာမှတော့ ရင်ဆိုင်ရဲရတော့မည်ပေါ့။ ဘာပဲပြောပြော ဒီတိုက်ကြီးဟာ နွေဂိမာန် မွေးကင်းစအရွယ်ကတည်းက ရှင်သန်နေထိုင်ခဲ့သောတိုက်ကြီးပါ။ ပြီးတော့ နွေဂိမာန် သိပ်ချစ်တဲ့ မေမေခေါင်း





ချခဲ့တဲ့နေရာ။ ဒီလောကတန်ဖိုးမဖြတ်နိုင်တဲ့ အမှတ်တရများစွာရှိနေသော နေရာလေးကနေ စိတ်အလိုလိုက်ပြီး စွန့်ခွာခဲ့မိတာ နွေဂိမာန်လောက်မိုက်မဲ့တာ ဒီကမ္ဘာမှာ ရှိမည်ပင်မဟုတ်တော့ချေ။

ဒါကြောင့်လဲ

နွေဂိမာန် နောင်တတကြီးနဲ့ ရောက်အောင်ပြန်လာခဲ့ခြင်းပဲဖြစ်သည်။

"မမ"

"ပြောလေ…အန္တိုင်းမဲ့"

"ကျေးဇူးတင်ပါတယ်"

"ဘာကိုလဲ"

"နေစရာပေးထားတာရော၊ ကျွန်တော့်အတွက် အလုပ်ပါ ပေးဦးမယ်ဆိုတာကိုရောပေါ့"

"ပါးစပ်နဲ့ပဲ ကျေးဇူးတင်မှာလား အန္တိုင်းမဲ့"

"ဗျာ"

"မမကျေနပ်လောက်မယ့် ကတိသစ္စာတစ်ခုခုလည်း ပေးဦးလေ"

"ဘာ…ဘာကတိသစ္စာလဲ"

"မမ စိတ်ပျက်စေမယ့် ဘယ်လိုအပြုအမူမျိုးကိုမှ မလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးဆိုတဲ့ကတိ''

''ဟာဗျာ…ပေးမှာပေါ့၊ မမက ကျွန်တော့်အပေါ် ဒီလောက်ကောင်းတာပဲဟာ၊ ကျွန်တော်က မမစိတ်ပျက်အောင် ဘယ်လိုလုပ်ရက်ပါ့မလဲ''

''လူဆိုတာ ပြောလို့ရတာမဟုတ်ဘူးလေ၊ အကြောင်းအရာ တစ်ခုခုကြောင့်ဖြစ်စေ၊ ပတ်ဝန်းကျင်ကြောင့်ဖြစ်စေ ပြောင်းလဲသွားတတ်တာပဲမဟုတ်လား''

''ကျွန်တော် အဲဒီလိုလူစားထဲမှာ မပါဘူးမမ''

''အင်းပါ…အဲဒီစကားလေး တည်မတည်စောင့်ကြည့်ရသေးတာပေါ့၊ ခုတော့ စရံအနေနဲ့ ကတိပေးထားနော် အနိုင်းမဲ့''

''ပေးတယ်ဗျာ…ဘယ်တော့မှ မမစိတ်ပျက်အောင်မလုပ်ဘူး''

''ကောင်းပြီ အနိုင်းမဲ့၊ ကဲ မင်းလည်းအနားယူလိုက်ဦး၊ မမလည်း အဖေကိုသွားတွေ့လိုက်ဦးမယ်၊ မမပြန်လာတာသိရင် အဖေက သူ့ဆီလာမှာကိုမျှော်နေမှာလေ၊ သွားမှဖြစ်မယ်၊ ပြီးတော့ ဖေဖေ့ကို မင်းနဲ့ပတ်သက်တဲ့အကြောင်းလည်း ပြောပြရဦးမှာ အနိုင်းမဲ့''

''မမ''





''ဟင်''

''မမရဲ့ဖေဖေက ကျွန်တော်ဒီမှာနေတာကို ခွင့်ပြုပါ့မလား''

''အေးဆေးပါကွာ…ဖေဖေ့ကို မမပိုင်ပါတယ်၊ မင်းသိပ်ပြီးစိတ်ပူမနေပါနဲ့၊ အရေးကြီးတာက မင်း ဆေးမှန်မှန်သောက်ဖို့နဲ့ ဒဏ်ရာတွေကို ဆေးမှန်မှန်ထည့်နေဖို့ပဲ၊ အစားအသောက်ကိုတော့ မင်းခြေထောက်ဒဏ်ရာ မသက်သာမချင်း အပေါ်ထပ်ကိုပဲ ကောင်မလေးတွေ လာပို့ပေးလိမ့်မယ်၊ သက်သာတော့မှ အောက်ဆင်းပြီးစားပေါ့ကွာ၊ လိုအပ်တာရှိရင်တော့ မမကိုပြောနော်၊ အားမနာနဲ့ ကြားလား''

''ဟုတ်ကဲ့ မမ''

''ကဲ…ဒါဆို မမသွားတော့မယ် အနိုင်းမဲ့''

''ဟုတ်ကဲ့''

နွေဂိမာန်တစ်ယောက် အခန်းလေးထဲကနေ ထွက်ခဲ့မိသည်။ သူမရင်ထဲမှာတော့ ပီတိလေးတွေဖြာဝေလို့။

အနိုင်းမဲ့။

ဒီကောင်လေးကိုမှ ဘယ်လိုကြောင့် သူမအနားမှာ ခေါ်ထားချင်နေမိမှန်း သူမကိုယ်သူမပင် မသိတော့ပါ။ ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



က ဒေါ်နှင်းဇကရီ စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပဲလေ၊ နှင်းဖွေး လေးဆိုတဲ့ သူ့သမီးလေးနဲ့ အရွယ်က မတိမ်းမယိမ်းကို။ မဖြစ်သေး ပါဘူး နှိုင်းကိုတော့ သေချာစောင့်ကြည့်မှပဲ။

အိုးချင်းထား အိုးချင်းထိဆိုတဲ့ စကားပုံကို သူမကိုယ်တိုင် ပင် လက်မခံနိုင်။ တားဆီးရမှာပဲ။ နှိုင်းကို လုံးဝအရောမဝင်အောင် တားဆီးရမှာပဲ။

အတွေးနှင့် နွေဂိမာန်ရင်ထဲ ပူလောင်လောင်ကြီး ဖြစ်လာ ရသည်။

မဖြစ်သေးပါဘူး။ နှင်းဖွေးလေးဆိုတဲ့ ကောင်မလေးက စိတ်ချယုံကြည်ရမယ့် ကောင်မလေးမဟုတ်ဘူး။ မိခင် ဒေါ်နှင်း ဇကရီရဲ့ခြေရာကို မမီနိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ အခုတောင် အနှိုင်းမဲ့ဆိုတဲ့ ကောင်လေးနှုတ်က နှင်းဖွေးလေးနဲ့ပတ်သက်ပြီး အကောင်းမြင်ဝါဒတွေ ဝင်နေပြီလေ။

တောက်…ခံပြင်းစရာ ဘယ်လောက်ကောင်းလိုက်သလဲ။

နှိုင်းစိတ်ထဲမှာ အဲဒီလိုအတွေးမျိုးတွေရှိနေတာ နွေဂိမာန် ဘယ်လိုမှမလိုလားပါ။ နှင်းဖွေးလေးက စိတ်ကောင်းရှိတယ်ဆိုတဲ့ အချက်ကို နွေဂိမာန် လုံးဝလက်မခံနိုင်။ ဟန်ဆောင်ကောင်းနေတာ။ ဒီကောင်မလေးက ဒေါ်နှင်းဇကရီရဲ့ သွေးတွေနဲ့ စီးမျောနေတဲ့





ကောင်မလေးတစ်ယောက်။ ဘယ်လိုမှ လူကောင်းမဖြစ်နိုင်ဘူး လေ။

ဖေဖေ…။

ဖေဖေမွေးခဲ့တဲ့ မီးက အခုဆိုရင် ဂိမာန့်ကိုပါ ကျွမ်းလောင် နေရပြီဖေဖေ။ ဂိမာန်ပါ ပူလောင်နေရပြီ။ ဒါကို ဖေဖေလည်း သိသင့်သလောက်တော့ သိနေမှာပါနော်။

ဒါပေမယ့် ဒီကနေ့အထိ ဖေဖေက မသိချင်ဟန်ဆောင်နေ တုန်းပဲ။

သမီး အရှမ်းခံစားရတာပဲဖေဖေရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၆ |

ဟင်။

ဖေဖေအခန်းတံခါးလေးကို ဖွင့်ပြီး ဝင်လိုက်တယ်ဆိုရင်ပဲ သူမ မမြင်မတွေ့ချင်ဆုံး မျက်နှာပိုင်ရှင်များကို တွေ့လိုက်ရတာမို့ နွေဂိမာန်စိတ်တွေ ရှုပ်ထွေးနောက်ကျိကာ မျက်နှာလှလှလေးမှာ လည်း သုန်မှုန်တင်းမာလို့ သွားရပါသည်။

"သမီး...ဂိမာန် လာလေ"

သူမလှည့်ထွက်သွားဖို့ မတတ်သာဘဲ ဖေဖေ့ဆီ တစ်လှမ် ချင်းတိုးသွားလိုက်မိ၏။ ပိန်လှီကာ အားနည်းဖျော့တော့နေတဲ့ ဖေဖေ့ ကိုကြည့်ပြီး သူမခန္ဓာကိုယ်လေးပင် ယိုင်နဲ့ချင်သွားရသည်။ သူမ ထင်မထားတဲ့ပုံစံမျိုးပဲ။





"သမီးပြန်ရောက်နေတဲ့ သတင်းကြားကတည်းက ဖေဖေ ဝမ်းသာနေတာလေ၊ ဒါပေမယ့် ဖေဖေဘယ်လိုမှ မတတ်နိုင်ခဲ့ဘူး သမီးရယ်၊ ဖေဖေ့ကို သမီးခွင့်လွှတ်နော်"

"ဖေဖေရယ်...အဟင့်...ဟင့်"

အားငယ်ဖျော့တော့နေသော ဖေဖေ့ရဲ့အသံကြောင့် နွေဂိမာန် စိတ်ကို ဘယ်လိုမှ တင်းမထားနိုင်တော့ပါချေ။ အစကတည်းကမှ ဖေဖေ့ကိုကြည့်ပြီး ရင်ထဲ တလှိုက်လှိုက်တက်ကာ ဝမ်းနည်းနင့် သည်းနေရသည့်အထဲ နွေဂိမာန်နဲ့ပတ်သက်ပြီး ဖေဖေ့ဆီက အခုလို နွေးထွေးသောစကားလေး ကြားရတော့ ဘယ်လိုမှ ဆက်ပြီး ဟန်ဆောင်ထိန်းချုပ်မရတော့ဘူးပေါ့။

"ဖြစ်မှဖြစ်ရလေ...ဖေဖေရယ်၊ ဖြစ်မှဖြစ်ရလေရှင်"

ပါးပြင်ပေါ် မျက်ရည်များ တပေါက်ပေါက်စီးကျပြီး နာကျင်စွာပင် သူမ ငြီးတွားမိသည်။

ထင်မထားမိပါ။

ဖေဖေ့အခြေအနေဟာ အခုလောက်ထိ ဆိုးဝါးနေလိမ့်မယ် ဆိုတာ တစ်ခါမျှပင် စိတ်မကူးမိသော အဖြစ်အပျက်တစ်ခုပါပဲ။

ကြည့်စမ်းပါဦး အမြဲတမ်း လေသံမာမာနဲ့ ဟန်ပါပါရပ် တည်ခဲ့တဲ့ ထွန်းကုမ္ပဏီပိုင်ရှင်ကြီး ဦးသက်ဝေထွန်းဆိုတဲ့ ဖေဖေ၊



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတာနဲ့ အနောက်တိုင်းဝတ်စုံကို စမတ်ကျကျဝတ်ပြီး အလုပ်သွားဖို့ပြင်ဆင်နေတဲ့ ဖေဖေက အိပ်ရာထက်မှာ အင်အားချိနဲ့စွာ လဲလျောင်းလို့နေသည်။ မျက်လုံးအိမ်တစ်ဝိုက်မှာလည်း ညိုမဲလို့နေပြီး နှုတ်ခမ်းသားစိုရဲရဲက အခုတော့ ဖြူဖပ်ဖျော့တော့လို့။

စကားပြောရတာ တပင်တပန်းလိုဖြစ်ကာ မောလျနေသည်။ သုံးလတာကာလလေးတစ်ခုဟာ လူတစ်ယောက်အတွက် အခုလောက်ထိ အနေအထားတွေ ပြောင်းလဲသွားနိုင်သတဲ့လား။

ဖေဖေကပဲ အရင်က ဟန်ဆောင်ကောင်းလွန်းနေခဲ့လို့လား မသိ ကျန်းမာရေးနဲ့ပတ်သက်ပြီး သူမတို့ ဘာတစ်ခုမှ မသိခဲ့ရတာ အမှန်ပဲဖြစ်သည်။

"သမီးကြီး"

"ဖေဖေ"

"ဒါက ဒေါ်နှင်းဧကရီတဲ့"

အမျိုးသမီးကြီးရဲ့ အပြုံးချိုချိုမျက်နှာကို သူမတွေ့လိုက်ရသည်။ နွေဂီမာန်ရင်ထဲ ခါးသွားရ၏။ မေမေ့နေရာကို အစားဝင်လုတဲ့ ဒေါ်နှင်းဧကရီကို တစ်စက်ကလေးမှ မေတ္တာထားလို့မရချေ။ ဖေဖေ့ရှေ့မှာမို့ ဟန်ဆောင်ကောင်းကောင်း ရပ်တည်ပြချင်ပါရဲ့။ ခက်တာက နွေဂီမာန်က အဲဒီလူကို စိတ်ပျက်ပြီဆိုလျှင် အဲဒီလူရဲ့





မျက်နှာကို ကြည့်ကိုမကြည့်ချင်တော့ချေ။ ပိုဆိုးတာက ဒေါ်နှင်းဧကရီဆိုတဲ့ အမျိုးသမီးကြီးကိုယ်တိုင်ကလည်း နွေဂီမာန်ကို ဖေဖေ့ရှေ့မှာ မကောင်းတတ်၍ ဆက်ဆံနေရခြင်းကို ခံစားလို့ရနေတာကြောင့်လည်း မျက်ဝန်းလေးတွေနဲ့သာ လှမ်းမော့ကြည့်လိုက်မိသည်။

"နှင်းဖွေးလေး"

"ရှင်…ဖေကြီး"

"ဒါက သမီးရဲ့မမ နွေဂီမာန်လေ"

"ဟုတ်ကဲ့ ဖေကြီး"

"သမီးငယ်လေး"

"ရှင်"

"ဖေကြီးမှာထားတဲ့စကားတွေကို မမေ့ပစ်နဲ့နော်"

"ဟုတ်ကဲ့ ဖေကြီး၊ ဖွေးလေးကိုစိတ်ချပါ၊ ဖေကြီးစကားကို ဖွေးလေးနားထောင်မှာပါ ဖေကြီးရဲ့"

"အေးပါကွာ…ဖေကြီးသမီးလေးကိုတော့ ဖေကြီးယုံပြီးသားပါ၊ အဟွန်း"

အံမယ် တယ်သွက်တဲ့ကောင်မလေးပါလား။ ဖေကြီးဆိုတဲ့ ခေါ်သံအီအီလေးကိုက ဖွဲ့ဆောင်မှုရှိနေ၏။ ဖေဖေက



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေကြိတ်မှာထားသလဲတော့မသိ နွေဂိမာန်ကို ပြုံးဖြီးဖြီးလေး ကြည့်ပြီး ခေါင်းလေးတညိတ်ညိတ်လုပ်နေသည်။ ဖေဖေ့ကိုကြည့်ရတာ ဒီကောင်မလေးကိုတော့ တော်တော်လေး ယုံကြည်အားကိုးနေသလိုပါပဲ။ နွေဂိမာန်ထက်ပင် နှင်းဖွေးလေးအပေါ် ပိုပြီးနွေးထွေးမှုရှိလွန်းသည်ဟု သူမထင်မိသည်။ ဖေဖေ့မျက်နှာလေးမှာ အပြုံးလေးတွေနဲ့ ဝေစီနေတာလေ။

ဒေါ်နှင်းဧကရီရဲ့သမီးပဲ။ ဒီလောက်တော့ရှိမှာပေါ့။ သိပ်တော့လည်း ထူးဆန်းမနေပါဘူး။ ဖေဖေ့ကို ဘယ်လောက်တောင် ကပ်ပြီးချွဲနွဲ့နေသလဲမသိဘူး။ ဖေဖေ့မျက်ဝန်းတွေက နှင်းဖွေးလေးဆီရောက်တော့ အရောင်တစ်မျိုးပြောင်းနေတာ သူမသတိထားမိသည်။ ဘာကြောင့်မှန်းမသိ သမီးအချင်းချင်းဆိုတော့ မနာလိုဝန်တိုမှုလေးတော့ ဖြစ်သွားမိ၏။

အလုပ်သိပ်များလွန်းတဲ့ ဖေဖေ့ကြောင့် နွေဂိမာန်ရဲ့ နေထိုင်မှုက သိပ်ပြီးနီးနီးကပ်ကပ်တော့ မရှိခဲ့တာအမှန်ပဲဖြစ်သည်။ ဖေဖေကလည်း သူမကိုချစ်တာပါပဲ။ သို့ပေမယ့် အဖေနဲ့သမီး လက်ပွန်းတတီးနေရတဲ့အချိန်ဆိုတာ မရှိသလောက်ကိုပဲ ရှားပါးလွန်းခဲ့တာလေ။

နှင်းဖွေးလေးနဲ့ ဖေဖေကြတော့ အဲဒီလိုမဟုတ်။ တကယ့်





[illegible] လိုက်လိုက်လှဲလှဲရှိ၏။ ခေါ်သံကအစ နူးညံ့ညင်သာလွန်းနေသည်။ ဖေဖေ သိပ်ချစ်မှာပါပဲ။ နှင်းဖွေးလေးက ငယ်လည်းငယ် [illegible]တော့ ချွဲလည်းချွဲတတ်တော့ ဖေဖေပိုချစ်မှာပေါ့။ ခေါ်တာကို [illegible] သမီးငယ်လေးတဲ့လေ။

"ဖေဖေ"

"ပြောလေ သမီးကြီး"

"ဖေဖေ့ဆီကို ဂိမာန် တစ်ခုအသိပေးမလို့၊ အဲဒါ"

"ဘာကိုလဲ သမီးကြီး"

"သမီးနဲ့အတူ ဧည့်သည်ကောင်လေးတစ်ယောက် [illegible]ကိုပါလာတာလေ၊ သူ့ကို ဒီမှာထားမလို့"

"ကားနဲ့မတော်တဆတိုက်မိတယ်ဆိုတဲ့ ကောင်လေး [illegible]"

"ဟုတ်တယ် ဖေဖေ"

"ထိတဲ့ဒဏ်ရာတွေက သိပ်များလား သမီးကြီး"

"သိပ်မများပေမယ့် နည်းလည်းမနည်းဘူးဖေဖေ၊ [illegible]ကြောင့် ဒီကိုခေါ်လာတာ"

"ခေါ်လာတာတော့ ဟုတ်ပါပြီ၊ ဒီမှာထားမလို့ဆိုတာက [illegible]လဲ သမီး၊ ဖေဖေ့ကို ပွင့်ပွင့်လင်းလင်းပဲပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ အနိုင်းမဲ့က မုဒ်မကနေ ဆင်းလာပြီး ပဲခူးမှာ အလုပ်လာရှာတာဖေဖေ၊ သမီးကားနဲ့ ကံဆိုးပြီးတိုက်မိတာပေါ့၊ ဒါကြောင့် သမီးမှာတာဝန်ရှိတယ်ဆိုပြီး ဆေးကုပေးဖို့ ခေါ်လာခဲ့တာပဲ၊ ပြီးတော့ ကောင်လေးရဲ့အရည်အချင်းနဲ့ စိတ်ဓာတ်ကိုပါကြိုက်လို့ သမီးလုပ်ငန်းခွင်မှာ နေရာပေးပြီး လူယုံတစ်ယောက်အဖြစ်ခေါ်ထားဖို့ ဆုံးဖြတ်လိုက်တာ"

"လူယုံ"

ဖေဖေက သူမစကားကြောင့် လေးလေးနက်နက် စဉ်းစားသလိုရှိသည်။

"ဟုတ်တယ် ဖေဖေ၊ ကောင်လေးက ဆယ်တန်းကိုလေးဘာသာဂုဏ်ထူးနဲ့တောင် အောင်ထားတာပါ၊ ပထွေးနဲ့အဆင်မပြေလို့ ခွဲထွက်လာပြီး သူ့ဘဝသူရပ်တည်ဖို့ ကြိုးစားနေတာဆိုတော့ ကိုယ်ချင်းစာတယ်လေ၊ သူ့ကို မြေတောင်မြှောက်ပေးရင် ဂိမာန်အတွက်လည်း အကျိုးရှိနိုင်တယ်လို့ထင်တယ်"

"သမီးက သူ့အကြောင်းကို သူပြောပြလို့သိတာမဟုတ်ဘူးလား"

"သက်သေတွေစစ်ဆေးပြီးမှ ဂိမာန် ယုံကြည်ခဲ့တာပါ၊ အောင်လက်မှတ်ရော၊ သူ့မှတ်ပုံတင်ကဒ်ထဲက နေရပ်လိပ်စာတွေ





ကိုပါကြည့်ပြီးတော့ပါ ယုံကြည်ခဲ့တာဖေဖေ"

"အေးလေ…ဒါဆိုလည်း သမီးသဘောပဲ"

"ကျေးဇူးပါပဲ ဖေဖေ၊ ဒါဆို ဖေဖေလည်း အနားယူလိုက်ပါဦး၊ သမီးလည်း ခရီးအရမ်းပန်းလာလို့ နားချင်တယ်ဖေဖေ"

"အေး…အေး သမီးကြီး"

နွေဂိမာန် ထွက်သွားပြီဆိုလျှင်ပဲ ဒေါ်နှင်းဧကရီတစ်ယောက် ခင်ပွန်းဖြစ်သူ ဦးသက်ဝေထွန်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ရှင် ဘာကြောင့်ခွင့်ပြုလိုက်တာလဲ အစ်ကိုကြီး၊ ဒါဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပဲ၊ ယဲ့ရွယ်တဲ့ ယောကျ်ားပျိုတစ်ယောက်ကို နေခွင့်ပြုတယ်ဆိုတာ လုံးဝမဖြစ်သင့်တဲ့အခြေအနေပဲ၊ ရှင့်သမီးကို ပြန်တားဆီးလိုက်ပါ၊ ကျွန်မ လက်မခံဘူး"

"နှင်း"

"မိန်းမပျိုလေးတွေရှိနေတဲ့အိမ်ရှင့်၊ သေချာလည်း ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်ပါဦး၊ အခုလုပ်ရပ်က အဓိပ္ပာယ်မှမရှိတာ၊ ကားနဲ့ပွတ်တိုက်မိလို့ တာဝန်ယူတာကို မပြောလိုပါဘူး၊ ဒါပေမယ့် ဒီတိုက်ကြီးထဲမှာ ထားမယ်ဆိုတာတော့ မဖြစ်နိုင်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒါ တမင်သက်သက် ရှင့်သမီးညစ်ပတ်တာ''

''နှင်း''

''ကောင်လေးက သမီးလေးနှင်းဖွေးလေးနဲ့ မတိမ်း မယိမ်းလေးရှင့်၊ ကျွန်မစိတ်မပူဘဲနေပါ့မလား၊ ဒီကောင်လေး အကြောင်းကို နွေဂိမာန်ပြောလို့သာ သိထားတာ၊ တကယ်ဟုတ် မဟုတ်ဆိုတာ ဘယ်လိုယုံကြည်ရမလဲ၊ နွေဂိမာန် အကြံအစည် တစ်ခုနဲ့ ခေါ်လာတာပဲဖြစ်မယ်''

''နှင်း''

ဦးသက်ဝေထွန်းအသံက ဟိန်းတက်သွား၏။

ဖေဖေ့အော်သံကြောင့် နှင်းဖွေးလေးခန္ဓာကိုယ် ဆတ်ခနဲ ပင် တုန်သွားရသည်။ ကျန်းမာရေးမကောင်းတဲ့ ဖေဖေ့ကိုလည်း စိတ်ပူသွားမိ၏။ ဖေဖေက နှလုံးရောဂါသမားလေ။ မေမေ့ကြောင့် ဖေဖေ့ရောဂါတွေ ပိုပြီးတိုးမှာ နှင်းဖွေးလေး သေလောက်အောင်ပင် စိုးရွံ့နေမိသည်။

''ရှင် ကျွန်မကိုမအော်နဲ့ ဦးသက်ဝေထွန်း၊ အခုဖြစ်နေတဲ့ အနေအထားက အဓိပ္ပာယ်မှမရှိတာ၊ ဒါကို ရှင့်သမီး ကျေနပ်အားရ အောင် လိုလိုလားလားခွင့်ပြုလိုက်တာကြီးက ရှင်သိပ်တရားလွန် တာပဲ''





နှင်းဧကရီရဲ့ စွပ်စွဲချက်ကို ဦးသက်ဝေထွန်း မဖြေရှင်းနိုင်။ သိသားပဲ။ သမီးနွေဂိမာန်လုပ်ရပ်ဟာ ဘယ်လိုမှ ညီးလမ်းမမှန်ဘူးဆိုတာ သိပြီးသားပဲ။ သို့ပေမယ့် မိမိရဲ့ကိုယ်ရေး ကိုယ်တာကိစ္စတွေအားလုံးကို စိတ်ကြိုက်ဖွတ်တရွတ် ဖန်တီးပြီး သမီးနွေဂိမာန်ကို လက်ခံခိုင်းခဲ့တာမဟုတ်လား။ ရင်နာနာနဲ့ ဖခင် ရဲ့လုပ်ရပ်မှန်သမျှကို ဒီအတိုင်းကြည့်နေခဲ့ရတဲ့ နွေဂိမာန်ရင်ထဲက ခံစားချက်ကို နားလည်လို့ရနေသည်။

အခုအချိန်မှာ သမီးရဲ့တောင်းဆိုမှုကို ဦးသက်ဝေထွန်း ဘယ်လိုလုပ်ပြီး ငြင်းပယ်လို့ရပါ့မလဲ။ တားဆီးပိတ်ပင်လိုက်တာ နှင့် မိသားစုစိတ်ဝမ်းကွဲရုံတင်မက ဖအေဆိုတဲ့ မိမိကိုလည်း အထင်အမြင်စောင်းကာ ဘဝတစ်သက်တာလုံး နာကြည်းမုန်းတီး နေပေတော့မည်။

မိမိဘယ်လောက် အသက်ရှင်နေရတော့မှာမို့လဲ။

သမီးကြီးရဲ့ အထင်လွဲအမုန်းအငြိုးတွေကို မခံချင်တော့ ပါဘူး။ သမီးကြီးက ငယ်ရွယ်တဲ့ ကလေးပေါက်စလေးမှမဟုတ် တော့တာ။ သူ့မှာ အသိတရားတွေရှိနေသည်။ ဖခင်ကို မျက်နေတဲ့ သမီးကို အကုသိုလ်တွေ ထပ်မပေးချင်တော့ပါ။

နေပါစေ။ သမီးကြီး စိတ်သက်သာရာရအောင်လုပ်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com



မှားနေမှန်းသိသိကြီးနဲ့ ဦးသက်ဝေထွန်း လက်ခံခွင့်ပြုလိုက်တယ်ဆိုတာ သမီးကြီး စိတ်သက်သာရာရမယ့် တံခါးတစ်ချပ်ကို ဖွင့်ပေးလိုက်တာပါပဲ။

ဒါကို နှင်းဧကရီ ဘာကြောင့် နားမလည်နိုင်တာပါလိမ့်။

ဖခင်ဖြစ်တဲ့ ဦးသက်ဝေထွန်းအတွက် သူ စာနာသင့်တယ်မဟုတ်လား။ သမီးငယ်အတွက် စိတ်ပူလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ငြင်းပယ်လိုက်တာနဲ့ ပြဿနာဟာ ရှင်းမရအောင် ကြီးကျယ်ပေါက်ကွဲသွားရတော့မှာ မလွဲဘူးလေ။

"ဦးသက်ဝေထွန်း"

ခေါ်သံစူးအောင့်အောင့်ကို မသိချင်ဟန်၊ မကြားချင်ဟန်ဆောင်ကာ မျက်လုံးတွေကို မှိတ်ပစ်လိုက်မိသည်။

"ဦးသက်ဝေထွန်း"

"မေမေရယ် တော်ပါတော့၊ ဖေဖေက ကျန်းမာရေးကောင်းတာလည်းမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ဖေဖေစိတ်ညစ်အောင် ပြဿနာလုပ်နေရတာလဲ၊ ဖေဖေ့အတွက် အရမ်းကိုအခက်အခဲဖြစ်နေလိမ့်မယ်ဆိုတာ မေမေသိသိကြီးနဲ့ ဇွတ်တောင်းဆိုနေတာ မေမေမှားနေပြီ"

"တိတ်စမ်း…ဖွေးလေး၊ ညည်းကဘာသိလို့ ကြားကနေ





ဝင်ပြီးပြောနေရတာလဲ၊ အခုကိစ္စက ညည်းထင်သလောက် ပေါ့ပျက်နေဘူးအေ့၊ ဒါကို ညည်းအဖေသိသိကြီးနဲ့ သူ့သမီးဘက်က ရပ်တည်ပစ်လိုက်တာ မေမေ လုံးဝမကျေနပ်နိုင်ဘူး၊ သမီးချင်းအတူတူ မေမေသမီးရဲ့ အနာဂတ်ကို ဘာပဲဖြစ်ဖြစ်ဆိုပြီး စာနာစိတ်မထားဘဲ ဆုံးဖြတ်လိုက်တာကို မေမေ ဘယ်လိုလုပ်ပြီး စိတ်အေးအေးချမ်းချမ်းနဲ့ ငြိမ်ခံပေးရမှာလဲ၊ မရဘူး နွေဂိမာန်ကို ရှင်ရအောင်တားဆီးပေးနော်၊ မဟုတ်လို့ကတော့ နှင်းဧကရီအကြောင်းသိရမယ်နော်"

"မေမေ"

"……."

"မေမေ"

ပြောလည်းပြော အခန်းထဲကနေ ခြေလေးဆောင့်နင်းကာထွက်သွားတဲ့ မိခင်ဖြစ်သူကို နှင်းဖွေးလေး ဘယ်လိုမှ မတားဆီးနိုင်တော့ပါချေ။

ဖေဖေကတော့ အသက်ကို မနည်းဝအောင်ရှူလိုက်ပြီး မျက်လုံးတွေကို တင်းတင်းပိတ်လို့။

ဖေဖေရယ် သနားလိုက်တာ။ ဖေဖေ့ကို နှင်းဖွေးလေး သိပ်သနားတာပဲ ဖေဖေရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၅ |

ခေါင်းမော့ရင်ကော့ချင်သော မေမေနှင့် ခေါင်းငုံ့မခံတတ်သော မမနွေဂီမာန်တို့နှစ်ယောက်ကြားတွင် တန်ဆာခံဖြစ်ရသူက ဖေဖေဦးသက်ဝေထွန်းပါပဲ။ ဖေဖေအလိုရှိနေတဲ့ပုံစံက အခုလို ဆတ်ဆတ်ထိမခံ ရန်စောင်နေကြတဲ့ပုံစံမျိုးကိုမှ မဟုတ်တာ။ အားလုံးကို အေးချမ်းစေချင်တာလေ။

သို့သော် ခံစားချက်၊ နာကြည်းချက်ကိုယ်စီနှင့် ရှင်သန်နေကြသော သူတို့နှစ်ယောက်ကိုမူ ရန်ပြေငြိမ်းအောင်မပြောနှင့် ထပြီး ပေါက်ကွဲမသွားအောင်ပင် မတားဆီးနိုင်ဖို့ရာ ခက်ခဲလှန်းလှပါသည်။

ကြားကနေ စိတ်ညစ်ရတာက နှင်းဖွေးလေးပါပဲ။

မေမေ့ကို ဖျောင်းဖျတော့လည်း လက်ခံမှာမဟုတ်။ မမ





နွေဂီမာန်ကိုလည်း သူမက ကြောက်ရွံ့ရှိသေရတာနှင့် နေရထိုင်ရ အင်မတန်ပင်ကြပ်ရ၏။ နှစ်ယောက်စလုံးက အတ္တကြီးသူတွေ မဟုတ်လား။ ဘယ်လိုလုပ်ပြီး အလျှော့ပေးလိုက်ဖို့ တိုက်တွန်းရ တော့မည်နည်း။

ဖေဖေကတော့ နေပါစေတဲ့လေ။

စိတ်ကို လုံးဝလျှော့ချပစ်လိုက်ဟန်ရှိသော ဖေဖေ့ကိုကြည့်ပြီး ဖွေးလေးပဲ အားပေးနှစ်သိမ့်နေရ၏။ မနက်မိုးလင်းတာနှင့် ဖေဖေ့ရဲ့ ဝေယျာဝစ္စအားလုံး ဖွေးလေးကိုယ်တိုင်ပဲ လုပ်ပေးသည်။ မျက်နှာသစ်တာရော၊ သန့်ရှင်းရေးလုပ်တာပါ ဖွေးလေးပဲ တာဝန်ယူ၏။ ပြီးတော့ မနက်စာစားဖို့ ပြင်ဆင်ပေးရသည်။ ဆေးကို အချိန်မှန်တိုက်ရ၏။ ကျောင်းစာ ဘယ်လောက်များများ ဖေဖေ့ အတွက် အချိန်ကိုတော့ ဖွေးလေး အပြည့်ပေးထားခဲ့သည်။

မေမေ့ရဲ့အားနည်းချက်ကို ဖွေးလေး ဖုံးဖိချင်တာမဟုတ်ဘဲ ဖွေးလေးကိုယ်တိုင်ကိုက ဖေဖေ့ကိုချစ်တဲ့စိတ်နဲ့ တာဝန်ယူမိခြင်းပဲ ဖြစ်သည်။ ဖေဖေကလည်း ဖွေးလေးကိုချစ်တာပါပဲ။ ဖွေးလေး ကျောင်းသွားနေတဲ့ အချိန်လေးတွေမှာတောင် ဖွေးလေးပြန်အလာကို စောင့်မျှော်တမ်းတနေတတ်တာလေ။ လူမမာဆိုတော့ ဘာပဲပြောပြော အဖော်တော့ မျှော်တတ်တာပဲမဟုတ်လား။ အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်ရှိနေတာကို လိုလားတတ်၏။

ဒါကို မေမေက ပိုလွန်းသည်ဟု အပြစ်တင်နေချင်သေးသည်။

ဖေဖေ့ရဲ့ စိတ်ခံစားချက်ကို အသိဆုံးက နှင်းဖွေးလေးပဲဖြစ်၏။ သိနေသည့်အတွက်လည်း မပြောရအောင် သူမ ဖြည့်ဆည်းပေးမိသည်။ ဘယ်သူတွေဘာပြောပြော ဖွေးလေးကတော့ အမှန်တရားအတိုင်းပဲ နေထိုင်ကျင့်ကြံ၏။

ခုလည်းကြည့်လေ ကျန်းမာရေးမကောင်းတဲ့ ဖေဖေ့ရဲ့ စိတ်အားငယ်မှုကို နားလည်ဖို့ထက် ဖြစ်ချင်တဲ့ဆန္ဒတွေကိုချည်း ရှေ့တန်းတင်ကာ တောင်းဆိုသွားကြ၏။

ခက်တယ်။ သိပ်ခက်တာပဲ။

စိတ်ပျက်စရာကောင်းလိုက်တာ။

အိပ်ဆေးအရှိန်နှင့် အိပ်မောကျနေသော ဖေဖေ့ကိုကြည့်ပြီး နှင်းဖွေးလေးတစ်ယောက် မျက်ရည်လေးများ တပေါက်ပေါက်လိမ့်ဆင်းကျလာရသည်။ ခြုံစောင်လေးကို ဖေဖေ့ကိုယ်ပေါ် ခြုံပေးရင်း အသံတိတ်ကြိတ်ငိုမိ၏။

ပြီးနောက် ခြေသံဖွဖွနှင်းကာ အခန်းလေးထဲကနေ ညင်သာစွာ သူမထွက်ခဲ့လိုက်သည်။ အပြင်ရောက်တော့ အခန်းတံခါးလေးကို အသံမမြည်အောင် ဖြည်းညင်းစွာပင် ပြန်စေ့ပိတ်လိုက်၏။





"ဒီမှာ...ဒီမှာခင်ဗျ"

ဟင်။

ခေါ်သံကြောင့် သူမလှည့်ကြည့်မိတော့ လူတစ်ယောက်။ ခေါင်းမှာလည်း ပတ်တီးအဖွေးသား။ ခြေထောက်မှာလည်း ပတ်တီးအဖွေးသားနှင့် အခန်းတံခါးဖွင့်ကာ တံခါးဘောင်ကို လက်နှင့်အားပြုထောက်ရပ်နေတာ တွေ့လိုက်သည်။

ဒါ မမနွေဂိမာန်ကားနဲ့ ပွတ်တိုက်မိလို့ ဒဏ်ရာရသွားတဲ့လူပဲ။

"ဒီမှာ ကိုယ့်ကို တစ်ခုလောက် ကျေးဇူးပြုပြီး ကူညီပါလားဟင်"

သူ့အသံက အင်မတန်မှ အားနာသော လေသံလို တိုးဖျော့ဖျော့ရယ်ပါ။

ဘာရယ်မဟုတ်ပေမယ့် နှင်းဖွေးလေး ထိုလူဆီတော့ လှမ်းလျှောက်သွားမိ၏။

"ဟိုလေ...ကိုယ်ရေဆာလို့အဲဒါ"

"အခန်းထဲက ရေခဲသေတ္တာထဲမှာ ရေဗူးတွေမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မရှိဘူး၊ ဆေးသောက်တာတောင် ဒီအတိုင်း မြိုချလိုက်ရတယ်"

"အို…သူတို့ထည့်ပေးဖို့ မေ့သွားတာဖြစ်လိမ့်မယ်၊ လူမနေတဲ့အခန်းဆိုတော့ အဆင်သင့်တော့မရှိဘူးလေ၊ ချက်ချင်းကြီး ပြင်ဆင်ရတာဆိုတော့လည်း သတိမေ့သွားတာဖြစ်မှာပေါ့၊ ခဏ လေးနော် ဖွေးလေး သွားယူပေးပါ့မယ်"

"ကျေးဇူးပါပဲ ဖွေးလေးရယ်၊ ခြေထောက်မသက်သာ သေးလို့ပါ၊ မဟုတ်ရင် ကိုယ်တိုင်အောက်ဆင်းသောက်ပါတယ်"

"ရပါတယ်၊ ခဏလေးစောင့်နော်"

"ကျေးဇူးပါပဲကွာ"

နှင်းဖွေးလေးတစ်ယောက် ညှော့သည်ကို ကျောခိုင်းကာ အောက်ထပ်သို့ ဆင်းခဲ့လိုက်သည်။ မပြေးရုံတမယ် သွက်သွက် သွားပြီး အောက်ထပ်ရှိ မီးဖိုခန်းထဲမှ ရေခဲသေတ္တာဆီသွားကာ ရေသန့်ဗူးနှစ်လုံးလောက်ယူကာ အပေါ်ထပ်လှေကားများအတိုင်း သွက်သွက်ပြန်တက်ခဲ့၏။

ထိုလူက အခန်းပေါက်ဝတွင် ရပ်စောင့်နေဆဲပင်။

"ရော့…ရေ"

မေမေတွေ့သွားမှာစိုးသည့် စိတ်ကြောင့်လား၊ ရေဗူးကို





…ခန်းကတန်းသွားယူပေးရခြင်း ကြောင့်လားတော့မသိ အသက်ရှူ …မြန်ကာ လူကမောဟိုက်နေသည်။

"အားနာလိုက်တာ၊ မင်းမြန်မြန်သွားယူတယ်ထင်တယ်၊ …မောဟိုက်နေရပြီ"

"ရပါတယ်၊ ခွင့်ပြုဦးနော်"

နှင်းဖွေးလေးတစ်ယောက် ပြောပြီးတာနှင့် သူ့အခန်းရှေ့ …နေ ဖြတ်ကျော်ကာ ညာဘက်ထောင့်စွန်းအခန်းဖြစ်သော သူမ …ခန်းဆီသွားကာ အခန်းတံခါးလေးကိုဖွင့်ပြီး ဝင်ခဲ့လိုက်တော့သည်။

ဟူး။

အခန်းလေးထဲရောက်တော့မှ သက်ပြင်းမောကြီးကို ဟူးခနဲ …ထုတ်လိုက်ရ၏။ ဟိုလူတော့ ဘယ်လိုအထင်ရှိသွားမလဲတော့ …သိ။ နှင်းဖွေးလေးမှာလည်း ကိုယ့်အကြောင်းနဲ့ကိုယ်ဆိုတော့ …ညှော့သည်ကို ညှော့ဝတ်ကျေအောင်ပင် ညှော့မခံနိုင်ပါ။

မေမေက အခုလေးတင် သူဒီမှာနေမယ့်သတင်းကြားတာ …နဲ့ နှင်းဖွေးလေးနဲ့ ပတ်သက်လာမှာစိုးရိမ်ပြီး ဖေဖေ့ကိုတောင် …သနားရှာသွားတာလေ။ မေမေမလိုလားတဲ့သူ့ကိုမှ နှင်းဖွေးလေး …က သူရေသောက်ဖို့ ရေသန့်ဗူးတွေ သွားယူပေးခဲ့သည့်အကြောင်း …သာ ကြားလျှင် မျက်လုံးကြီးပြူးပြီး ရင်ဘတ်စည်တီးတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပထမ နှင်းဖွေးလေး ဆုံးဖြတ်ထားတာက မေမေစိတ်မပူရလေအောင် ဒီလူနဲ့ ခပ်ကင်းကင်းနေပြမယ်လို့လေ။ မထင်မှတ်ပဲ သူက ရေဆာလွန်းလို့ အခက်အခဲဖြစ်ပြီး လူရိပ်လူယောင်မျှော်နေချိန်နှင့် နှင်းဖွေးလေးက မေဖေ့အခန်းထဲကထွက်လာတာနှင့် တိုက်ဆိုင်သွားရသည်။

ရှောင်ပြေးလို့ကလည်း မကောင်းပြန်။

ဘာပဲပြောပြော မမနွေဂိမာန်နဲ့ ပတ်သက်ဆက်နွယ်လာတဲ့ လူတစ်ယောက်ပဲမဟုတ်လား။ နှင်းဖွေးလေးက သူစိမ်းလို ဆက်ဆံလိုက်လျှင် မမနွေဂိမာန်သာသိပါက ဖွေးလေးအပေါ် တစ်မျိုးထင်က စိတ်မျက်ချေဦးတော့မည်။

မမစိတ်ငြိုငြင်မှာကိုလည်း ဖွေးလေးမလိုလားပါ။ ဒါကြောင့်လည်း သူ့ကိုကူညီမိသည်။ သူသာ ဒီအကြောင်းကို စကားစပ်မိလို့ မမနွေဂိမာန်ကို ပြန်ပြောပြပါက မမကျေနပ်သွားမှာပါပဲ။

ဖွေးလေး မမနွေဂိမာန်နဲ့ ရန်ဘက်မဖြစ်ချင်ပါဘူး။

ယောဒိကမ္ဘာကြီးထဲမှာ သွေးသားတော်စပ်တာဆိုလို့ ဖွေးလေးမှာ ဒီအစ်မတစ်ယောက်တည်းရှိတာပါ။ ဖအေတူမအေကွဲ ညီအစ်မတွေလေ။ မမဘက်က ဘယ်လောက်ပဲစိမ်းစိမ်း ဖွေးလေး





ရင်ထဲမှာတော့ မမနွေဂိမာန်ဆိုတာ အမြဲတမ်းရှိနေခဲ့ပြီးသားပါပဲ။

စိတ်မောလိုက်တာ။

ရှေ့ဆက် ဘာတွေဖြစ်လာဦးမလဲဆိုတာ တွေးပင်တွေးရဲချေ။ မေမေက မကျေနိုင်မချမ်းနိုင်ဖြစ်ပြီး ပေါက်ကွဲနေတာမဟုတ်လား။ မမနွေဂိမာန်ကို ကြည့်ရတာလည်း တစ်ဦးတည်းသောသမီးအဖြစ် အလိုလိုက်ခံထားရပုံရသည်။ ခေါင်းမာပြီး အင်မတန်နှကြီးမဲ့ပုံပါ။

တွေ့ကြပြီပေါ့။ နှင်းဖွေးလေးတစ်ယောက် အတွေးတွေနှင့် အိပ်ရာလေးထက် လှဲလျောင်းနေမိ၏။ မျက်ဝန်းတွေကို ဖိကပ်၍သာ မှိတ်ထားရတာ အိပ်ပျော်ခြင်းတွေကတော့ ကင်းဝေးနေဆဲပဲဖြစ်သည်။

အနှိုင်းမဲ့တစ်ယောက်မှာလည်း ရေသန့်ဗူးလေးနှစ်ဗူးကိုင်ပြီး သူ့အနားကို သုတ်သုတ်လေး လျှောက်လာကာ ထိုးပေးပြီး ကပျာကယာနှုတ်ဆက်ထွက်သွားတဲ့ ဖွေးလေးဆိုတဲ့ ကောင်မလေးရဲ့ပုံစံလေးကို မြင်ယောင်ကာ နှုတ်ခမ်းသားလေးတွေ ပြုံးမြနေရသည်။

ချစ်စရာကောင်းလိုက်တဲ့ကောင်မလေး။

သူမ မျက်ဝန်းလေးတွေထဲမှာ ဖြူစင်ရိုးသားမှုနှင့်အတူ စိုးထိတ်ကြောက်ရွံ့မှုတွေကိုပါ သူမြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကိုလှမ်းခေါ်တော့ မျက်လုံးပြူးဝိုင်းဝိုင်းလေးတွေနှင့် ပတ်ဝန်းကျင်အခြေအနေကို ဇဝေဇဝါကြည့်လိုက်ပုံလေးက တကယ့်ကလေးငယ်လေးတစ်ယောက်လိုပါပဲ။ စကားပြောတဲ့လေသံကလည်း တိုးတိုးတိတ်တိတ်နှင့်ရှိသည်။

သူမ ဘာကိုစိုးထိတ်ကြောက်လန့်နေသလဲဆိုတာ မသိပေမယ့် အခက်အခဲဖြစ်နေသူကို ကူညီပေးချင်တဲ့စိတ်ကလေးရှိတာကိုတော့ လေးစားလောက်စရာ သူမြင်တွေ့ခဲ့ပါသည်။

ဖွေးလေးတဲ့။

နာမည်လေးနဲ့ လူနဲ့က လိုက်ဖက်ပါဘိ။

မီးရောင်အောက်မှာ သူမရဲ့အသားအရည်လေးက ဝါဂွမ်းစလေးလို နူးညံ့ကာဖွေးစင်နေ၏။ ပါးပြင်လေးတွေဆိုလျှင် ကြည်စင်လွန်းလို့ သွေးကြောလေးတွေပင် မြင်နေရသည်။ ဆံပင်ကို နဖူးအပြောင်သိမ်းကာ နောက်တွင် ပန်းပွင့်လိုခေါင်းစည်းကွင်းကြီးနှစ်ခု စည်းထားတာမို့ မျက်နှာလှလှလေးက ရှင်းထင်နေပြန်၏။

သွယ်လျသောမျက်နှာလေးတွင် သေးကျဉ်းသောနဖူးပြင်လေးက နေရာယူထားပြီး အနည်းငယ်ထူသော မျက်ခုံးလေးက ထိစပ်လုလုရှိနေသည်။ ရှည်လျားကော့စိပ်သော မျက်တောင်လေးများ ဝိုင်းရံနေသော မျက်နက်ဝန်းလေးတွေက စွဲဆောင်မှုအပြည့်ရှိ





ကာ ချွန်သွယ်ကာ အဖျားပိုင်းလေးတွင် ကော့လုံးသွားသော နှာတံစင်းစင်းလေးနှင့် ဖူးအိနေသော နှင်းဆီပွင့်ဖတ်ရဲရဲလေးလို စိုနေတဲ့ နှုတ်ခမ်းလေးကမူ တစ်ဘက်သားရင်ခုန်ခြင်းလေးတွေကို မော်အတတ်ဆန်စွာပင် ဖမ်းစားသွားခဲ့ပါသည်။

မမနွေဂိမာန်နဲ့ မျက်နှာပေါက်လေးက နည်းနည်းဆင်နေသလို ထင်ရတာမို့ မမရဲ့ညီမငယ်လေးပဲ ဖြစ်လိမ့်မည်ဟု သူက တစ်ထစ်ချတွက်လိုက်မိသည်။ နာမည်က ဖွေးလေးတဲ့။ စကားပြောတဲ့အထဲမှာ ထည့်သုံးလိုက်၍ အန္တိုင်းမဲ့ သိခွင့်ရခဲ့ခြင်းဖြစ်သည်။

ဖွေးလေးရယ်။ မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ ဆုတောင်းများ မင်းတောင်းခဲ့လေသလားကွာ။ ကိုယ်လေ မင်းလေးကို တွေ့မြင်လိုက်ရချိန် ခဏလေးပဲ ရင်ခုန်သံတွေ ထိန်းချုပ်မရလောက်အောင်ပဲ ချစ်မြတ်နိုးသွားမိပြီ ကောင်မလေးရယ်။

ဒါပေမယ့် ကိုယ့်ဘဝနဲ့ မင်းဘဝက မိုးနဲ့မြေပါ ဖွေးလေးရယ်။

ဒုက္ခတွေဝေပြီး လေလွင့်နေရတဲ့ ကိုယ့်ဘဝကို အေးမြတဲ့ အမိုးအရိပ်အောက်မှာ ခိုနားခွင့်ရခဲ့တာ မင်းတို့မိသားစုဝင်တွေရဲ့ စာနာငဲ့ညှာမှုတွေကြောင့်ပါ။ ကျေးဇူးရှင်ကို ကျေးဇူးမဆပ်နိုင်ရင်တောင် ကျေးမစွပ်သင့်ဘူးဆိုတာကို ကိုယ်နားလည်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ကိုယ့်ရင်ထဲက နှလုံးသားတွေ ဝိုပြီး နာကျင်နေရတာပေါ့။ စိတ်ကူးယဉ်အိပ်မက်ခွင့်လေးတောင် ရှိနေဖို့ မသင့်ပါလားဆိုတဲ့ အသိကြောင့် ရင်ကွဲထွက်မတတ် ခံစားနေရတာပေါ့ကွာ။

ဖွေးလေးရယ် အခုလိုကံကြမ္မာမျိုးကြီးနဲ့ ကိုယ်နဲ့မင်း ဘာဖြစ်လို့များ ဆုံတွေ့ခဲ့ရတာလဲကွာ။ ခူးဆွတ်ခွင့်မရတဲ့ အလှပန်းလေးကိုမှ လိုချင်တပ်မက်မိတဲ့ လူတစ်ယောက်ရဲ့ အဖြစ်က သိပ်ပြီး ရူးသွပ်တာပဲနော်။

ဖွေးလေးဆိုတဲ့ ကောင်မလေးရယ် ခက်တယ်ကွာ။

ကိုယ့်အာရုံတွေထဲမှာ မင်းရဲ့ပုံရိပ်လေးတွေနဲ့ ပြည့်နေရပြီ။ ဘယ်လိုဖျောက်ဖျက်ရမလဲ ကောင်မလေးရယ်။ မဖြစ်ဘူး။ မင်းအပေါ် အခုလိုစိတ်ရိုင်းတွေထားလို့မဖြစ်ဘူး။ စောင့်ထိန်းရမည်လေ။

အနှိုင်းမဲ့တစ်ယောက် ပူလောင်ခါးသီးနေသော ရင်ကို ငြိမ်းအေးသွားအောင် ဖွေးလေးကမ်းပေးခဲ့သော ရေအေးဗူးကိုဖွင့်ကာ တစ်ရှိန်ထိုးမော့သောက်ပစ်လိုက်မိသည်။ သူ့မျက်လုံးထဲမှာ အတိတ်ရဲ့အရိပ်တွေက အနေးပြကွက်တစ်ခုလို ပုံဖော်ကာ ပြန်မြင်ယောင်မိ၏။ အမေ့အနားကနေ ထွက်ခွာရခဲ့ရတဲ့အကြောင်းအရင်းတွေကိုပါ။





ဒေါသစိတ်ကြောင့် ဘာကိုမှမမြင်နိုင်ဘဲ မိုက်ရူးရဲဆန်စွာ လုပ်ခဲ့မိတဲ့ အနှိုင်းမဲ့ရဲ့လုပ်ရပ်။

အမေ ဘာတွေဖြစ်နေပြီလဲ။

သူလုပ်ခဲ့တဲ့လုပ်ရပ်ရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေဟာ ဘယ်လောက်တောင် အမေ့အပေါ် ဖိစီးနေလိမ့်မလဲ။ သေချာတာကတော့ အမေ အခုချိန်ဆို ငိုနေလောက်ပြီလေ။

သူ့အတွက် အမေငိုနေလောက်မှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၀ |

''ကျွန်မရဲ့ဆုံးဖြတ်ချက်ကို ပြန်ပြင်နိုင်းရအောင် ဒေါ်နှင်းဇကောရီမှာ အဲဒီလိုတားဆီးပိုင်ခွင့်ရှိလို့လား၊ စည်းတွေတအားကျော်နေပြီ ဒေါ်နှင်းဇကောရီ၊ နေရာတစ်ခုရထားတယ်ဆိုပြီး မာန်တက်ဖို့တော့ သိပ်မကြိုးစားပါနဲ့၊ နွေဂီမာန်လုပ်ရပ် မှန်တယ်မမှန်ဘူးဆိုတာ နွေဂီမာန်ရဲ့အဖေပဲ ဆုံးဖြတ်ပါလိမ့်မယ်၊ ဒေါ်နှင်းဇကောရီနဲ့ မသက်ဆိုင်ဘူး၊ အနေသာကြီးပဲဟာ''

''ဆိုင်လို့ပြောနေတာပေါ့ နွေဂီမာန်၊ မိန်းမပျိုလေးရှိတဲ့အိမ်မှာ သွေးမတော်သားမစပ် သူစိမ်းယောကျ်ားလေးတစ်ယောက်ကို နေထိုင်ခွင့်ပြုထားတဲ့ကိစ္စက မှုမှမမှန်တာ၊ ပြီးတော့ ဒီကောင်လေးရဲ့စာရိတ္တ ကောင်းပါတယ်ဆိုတာကလည်း ညည်းပြောတာကို





ပဲ တို့ကကြားရတာလေ၊ ဘာမှသက်သေသက္ခာယရှိတာမဟုတ်ဘူး နွေဂီမာန်၊ ဘာပဲပြောပြော ကျုပ်ကတော့ ကျုပ်သမီးရဲ့အနာဂတ်အတွက် ဆူးညှောင့်ခလုတ်ကိုတော့ အစကတည်းက ရှင်းထုတ်ရမှာပဲ၊ ဒီကောင်လေးကို ဒီမှာနေခိုင်းတာ လုံးဝခွင့်မပြုနိုင်ဘူး နွေဂီမာန်''

''ဒေါ်နှင်းဇကောရီသမီးက အဲဒီလောက်တောင်ပဲ စိုးရိမ်ပူပန်ရလောက်အောင် စိတ်မချစရာမိန်းကလေးမျိုးလား ဒေါ်နှင်းဇကောရီ''

''ဘာ…ဘာပြောတယ် နွေဂီမာန်၊ ညည်း ညည်း ဘာပြောလိုက်တယ်''

''ယောကျ်ားလေးမြင်တာနဲ့ စိတ်မချစရာလားလို့မေးတာပါ''

''ညည်း…ညည်း စကားကို ဆင်ဆင်ခြင်ခြင်ပြောစမ်း နွေဂီမာန်၊ ဖွေးလေးက ညည်းထင်တဲ့ မိန်းကလေးမျိုးမဟုတ်ဘူးအေ့''

''အဟင်း…ဟင်း ဒါဆိုလည်း ပြီးတာပဲဟာ၊ ဘာမွေ့စိတ်ပူနေဖို့လိုလို့လဲ ဒေါ်နှင်းဇကောရီရယ်၊ ကိုယ့်သမီးကိုယ်ယုံတယ်ဆို ပြီးပြီမဟုတ်လား''

''ညည်း…ညည်း စကားကိုကတ်သပ်ပြီး မပြောနဲ့ နွေဂီမာန်''



www.burmeseclassic.com

www.burmeseclassic.com



"ရော်...ခက်တော့နေပါပြီ၊ ဘယ်သူက ကတ်သပ်ပြောနေလို့လဲ၊ ကျွန်မအတွက် အနှိုင်းမဲ့က လိုအပ်လို့ခေါ်ထားတဲ့ကိစ္စကို ဒေါ်နှင်းဧကရီက မဆိုင်ဘဲ သူများရဲ့ကိုယ်ရေးကိုယ်တာထဲ ဝင်စွက်ဖက်နေလို့သာ မှားနေတယ်ဆိုတာ သိအောင်ပြောပြတာပဲ ရှိတယ်"

နွေဂိမာန်ပုံစံက တကယ့်ကို အေးတိအေးစက်။ သွေးဆူလွယ်မှုမရှိ။ မာန်တွေနဲ့သာတင်းနေ၏။ လူကြီးကို ပမာမခန့်ပြန်ပြောနေပုံကိုက အသည်းယားစရာပါ။

လုံးဝလက်မလျှော့နိုင်ဘူးဆိုတဲ့သဘောကို ထင်းထင်းမြင်မြင်ပင် ပြသနေတာလေ။ သင်းအဖေက ခွင့်ပြုလိုက်ပြီဆိုတော့ သင်းက ပိုပြီးခေါင်းမော့ရင်ကော့လို့ ရသွားတာပေါ့။ အေးအေးဆေးဆေးနဲ့ ဆွေးနွေးတာကိုပင် လက်မခံချေ။ ကြာတော့ ဒေါ်နှင်းဧကရီလည်း ဒေါသတွေပေါက်ကွဲချင်လာတာပေါ့။ နွေဂိမာန်ဆိုတဲ့ မလောက်လေးမလောက်စား သမီးအရွယ်သာသာရှိတဲ့ ကောင်မလေးက မိမိကို အပြိုင်အဆိုင် အာခံနေတာမဟုတ်လား။

ပိုပြီးခံရခက်တာပေါ့။

ဒီတိုက်နဲ့ဒီခြံက သူနေခဲ့တဲ့နေရာဌာနဆိုပြီး ဒေါ်နှင်းဧကရီကို ကျောချင်နေသည်။ ရမလား။ ဒီလိုလုပ်လို့ရမတဲ့လား။ လက်ရှိမှာ မိမိကသာလျှင် ဦးသက်ဝေထွန်း တရားဝင်အသိအမှတ်ပြုထားသော ဇနီးမယားဖြစ်သည်။





အခုမှ လက်ထပ်ထားတာမဟုတ်။ မွေးထားတဲ့သမီးတောင် အခုဆိုလျှင် ဆယ်တန်းကျောင်းသူပင် ဖြစ်နေချေပြီ။ သင့်ပစ္စည်း မယားတစ်ဝက်ပိုင်တာပဲ။

"စွက်ဖက်တယ်ပြောရအောင် စွက်ဖက်ချင်စရာကောင်းတာတွေပဲ လုပ်နေတာကို နွေဂိမာန်၊ တကယ်ဆို တိုက်ခန်းလွတ်တွေ တခြားနေရာတွေမှာ အများကြီးရှိနေသေးတဲ့ဟာ အဲဒီမှာသွားနေခိုင်းရင် အိမ်စောင့်အဖော်တောင်ရသေးတယ်လေ၊ ဒါကို ဒီတိုက်မှာမှထားမယ်ဆိုတာကြီးတော့ သိပ်ပြီးနည်းလမ်းမကျဘူး နွေဂိမာန်၊ သံသယစိတ်ဝင်တယ်ဆိုတာ အဲဒီလိုဝင်ရအောင်လည်း အကြောင်းပြချက်တွေက ရှိနေတာပဲမဟုတ်လား"

အဟွန်း ဘယ်ဆိုးလို့လဲ။

ဒေါ်နှင်းဧကရီကလည်း သွက်သားပဲ။

မြွေမြွေချင်း ခြေမြင်ဆိုတာ ဒါပဲနေမှာ။

နွေဂိမာန် ခြေလှမ်းတွေကို ကြိုမြင်လို့ အခုလိုသံသယစိတ်နဲ့ တားဆီးနေတယ်ဆိုတဲ့သဘောပေါ့လေ။ ကောင်းတာပေါ့။ အဲဒီလိုသိနေတော့ ပိုလို့တောင်ကောင်းသွားသေးသည်။ ကြိုးစားရေး



www.burmeseclassic.com

www.burmeseclassic.com



နှင်းဖွေးလေးဆိုတဲ့ ကောင်မလေးရဲ့စိတ်တွေ ယိုင်နဲ့မသွားအောင် ဒေါ်နှင်းဧကရီ ထိန်းချုပ်ပိတ်ပင်ထားတော့ပေါ့။

တိုက်ပွဲစပြီဆိုတဲ့ခရာကို နွေဂိမာန်ဘက်က မှုတ်ခဲ့ပြီးပြီပဲ ဟာ။ အသင့်ပြင်ဆင်ထားတော့ပေါ့လေ။

"ဒီမှာ နွေဂိမာန်"

"ဟုတ်ကဲ့ ပြောပါ ဒေါ်နှင်းဧကရီ"

"အနှိုင်းမဲ့ဆိုတဲ့ ကောင်လေးကို ငါတို့သားအမိ လဲပြီး အောင် တမင်ထားတာဆိုရင်တော့ ညည်းရဲ့တွက်ကိန်း မှားသွားပြီ နွေဂိမာန်၊ ကျုပ်တို့သားအမိရဲ့ စိတ်ဓာတ် အဲဒီလောက်မပျော့ညံ့ သေးဘူးမှတ်ပါ"

ဟောကြည့်။ ဒေါ်နှင်းဧကရီရဲ့ သွေးကြောင်နေတဲ့စကား တွေ။

မကြောက်ဘူးလည်းပြောသေး ဘာဖြစ်လို့ နွေဂိမာန် လုပ်ရပ်ကို လေသံအေးနဲ့ တားဆီးနေရသေးတာလဲ။ ဒေါ်နှင်းဧကရီ ရဲ့ ကယောင်ချောက်ချားဖြစ်နေတဲ့ စကားတွေကို နားထောင်ပြီး နွေဂိမာန် စိတ်ထဲကနေ ဟားတိုက်ရယ်မောနေမိသည်။

လူကသာ ဟန်ဆောင်ထိန်းပြောနေတာ သမီးဖြစ်သူ အတွက် ဘယ်လောက်တောင် စိုးရိမ်ပူပန်နေသလဲဆိုတာ ဒေါ်နှင်း





ကရီရဲ့ မျက်ဝန်းတွေက အထင်းသားဝန်ခံနေကြ၏။ ရင်ထဲက ပူမီးက မျက်နှာမှာ ထင်ဟပ်နေသည်။

တွေပြီလေ နွေဂိမာန်တို့ကလည်း ဒီလိုအကွက်ကောင်းကိုပဲ စောင့်နေတာ။

ကျန်းမာရေးချို့တဲ့နေတဲ့ မေမေ့လက်ထဲကနေ ဖေဖေ့ကို ရယူပြီး အောင်ပွဲချိမ့်ချိမ့်သဲခံနေတုန်းကတော့ ရှင်ကြီး သိပ်ပြီး ပျော်ရွှင်ဝမ်းမြောက်နေခဲ့တာမဟုတ်လား ဒေါ်နှင်းဧကရီ။

ရှင့်ကြောင့် ဖေဖေနဲ့ နွေဂိမာန်ကြားမှာ သားအဖသံယောဇဉ် ကြီး ပြတ်မတတ်ဖြစ်ခဲ့ရတာ တွေးမိလေ ရင်နာရလေလေပါပဲ။ ရှင်ကြီးရဲ့ထိုးနှက်မှုတွေကြားမှာ ရှုံးသွပ်မတတ် နာကြည်းခဲ့ရတာ လေ။ မမေ့ဘူး ဒေါ်နှင်းဧကရီ။ သေတာတောင်မမေ့ဘူးမှတ်။

"ဒီမှာ ဒေါ်နှင်းဧကရီ"

"ပြောစမ်းအေ"

"အနှိုင်းမဲ့နဲ့ ပတ်သက်ပြီး ဘာအကြောင်းပြချက်ကိုမှ ကျွန်မ မပေးချင်ဘူး၊ အဲဒီအတွက် ကျွန်မရဲ့လုပ်ရပ်ကို ကြိုက်သလို ရှုတ်ချနိုင်တယ်၊ ထင်ကြေးပေးနိုင်တယ်၊ ဒါပေမယ့် တားဆီးထိန်းချုပ် မယ်ဆိုရင်တော့ ဆောရီးပဲ၊ နွေဂိမာန် လုံးဝလက်ခံမှာမဟုတ်ဘူး ဒေါ်နှင်းဧကရီ၊ အနှိုင်းမဲ့ကို ဒီတိုက်ကြီးထဲမှာပဲ ဆက်ပြီးထားမှာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်အတိုင်းအတာအထိလဲဆိုရင် တစ်သက်လုံးလည်း ဖြစ်ချင်ဖြစ်နေမှာမို့ အနိုင်းမဲ့နဲ့ တစ်မိုးအောက်တည်းမှာ အတူတူမနေနိုင်လောက်ဘူးဆိုရင် ကိုယ့်သဘောကိုယ့်ဆန္ဒအတိုင်းသာ စီစဉ်ထားတော့ပဲ''

''ဘာ…ဘာရယ် နွေဂိမာန်၊ ညည်းက ကျုပ်တို့သားအမိကို ဒီတိုက်ကြီးထဲကနေ ထွက်သွားတော့လို့ ပြောချင်နေတာလား''

''ကျွန်မပြောတဲ့အထဲမှာ နှင်ချတဲ့စကားလုံး တစ်ခွန်းမှ မပါဘူးနော် ဒေါ်နှင်းဇကရီ၊ ကြမ်းပိုးကို လိပ်ဖြစ်အောင်ပြောပြီး ဖေဖေ့ရှေ့မှာ အသံကောင်းဟစ်ဖို့မကြိုးစားပါနဲ့၊ ကျွန်မ အသိပေးရုံ ပြောပြထားတာ''

''ဘာထူးလို့လဲ နွေဂိမာန်၊ အဓိပ္ပာယ်ချင်းက အတူတူပဲဟာ၊ ဒီကောင်လေးရှိနေတာကို မလိုလားပါဘူးဆိုတဲ့ ကျုပ်ကို အရွဲ့တိုက်ပြီး တစ်သက်လုံး အိမ်ပေါ်ခေါ်တင်ထားမှာ ဆိုကတည်းက ကျုပ်တို့ မနေနိုင်အောင် ညည်းလုပ်ပစ်လိုက်တာပေါ့အေ၊ ကောင်းပြီလေ ညည်းက လက်မခံနိုင်ဘူးဆိုတော့လည်း ကျုပ်တို့က ဘာတတ်နိုင်ပါ့မလဲ၊ ညည်းအဖေကိုယ်တိုင်က ခွင့်ပြုထားပြီဆိုတော့လည်း စိတ်လျှော့ရုံပဲရှိတော့တာပေါ့လေ၊ လုပ်ထားဦးပေါ့ နွေဂိမာန်ရယ်၊ တူဖြစ်တုန်းတော့ နံ့ထားဦးပေါ့အေ''





ဒေါ်နှင်းဇကရီတစ်ယောက် နွေဂိမာန်ရှေ့ကနေ ဆတ်ခနဲဆကာ ဧည့်ခန်းထဲမှ ထွက်ခဲ့မိသည်။ နွေဂိမာန်ဆိုတဲ့ ကောင်မလေးက ဘယ်လောက်တောင် အသည်းယားဖို့ကောင်းသလဲဆိုရင် မိမိနဲ့ စကားပြောတာပင် ချိတ်ထားသောခြေကို မချပေ။

လက်ထဲမှာကိုင်ထားတဲ့ စာစောင်ကိုလည်း စကားပြောရင်း ကိုင်ထားဆဲ။ မတတ်သာတဲ့အခြေအနေမို့သာ ဒေါ်နှင်းဇကရီ ငြိမ်နေရတာ။ ဒီလိုအချိုးမပြေတဲ့ပုံစံမျိုးကို တစ်စက်ကလေးမှပင် ကြည့်မရပါ။

နေနှင့်ဦးပေါ့ နွေဂိမာန်။

ကျုပ်တို့ကလည်း ရပိုင်ခွင့်တွေ လက်ထဲမရောက်သေးလို့ သာပါပဲ။ ရပြီးလို့ကတော့ ညည်းကို အသေးအမွှားကောင်မလေးကို လက်ညှိုးနဲ့လက်မလေး ယောဒီလိုကြွေးပြီး ခပ်ဝေးဝေးရောက်သွားအောင် တောက်ပြလိုက်ဦးမှာ။

နှင်းဇကရီတဲ့။

ကျုပ်အကြောင်း ညည်းတစ်နေ့ ကောင်းကောင်းသိစေရမယ် နွေဂိမာန်။ ဆောင့်သာကြည့်နေလိုက်။

ဒေါ်နှင်းဇကရီတစ်ယောက် အံလေးကို တင်းနေအောင်သာ စေ့ကြိတ်ပြီး ရင်ထဲကနေ ကြိမ်းဝါးနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေကတော့ သမီးငယ်နှင်းဖွေးလေးဆီသို့ လှမ်းနေမိ၏။ သတိပေးရမည်။ တင်းတင်းကြပ်ကြပ် သတိထားနိုင်း ရတော့မည်လေ။ နွေဂိမာန်က မိမိထင်ထားတဲ့အတိုင်း ကောက်ကျစ်တဲ့အကြံအစည်နဲ့ ပြန်လာခဲ့တာမဟုတ်လား။

သမီးနှင်းဖွေးလေးရဲ့ အနာဂတ်ကို အစွန်းအထင်းမခံနိုင်ပါ။ အန္တိုင်းမဲ့ဆိုတဲ့ ကောင်လေးကိုလည်း မိမိမြင်တွေ့ထားပြီးပြီလေ။ တကယ်ချောတဲ့ကောင်လေးတစ်ယောက်ပဲ။ ယောကျ်ားပီသတဲ့ ခန္ဓာကိုယ်အချိုးအဆစ်တွေနဲ့ ချောမောနေတဲ့ ကောင်လေးတစ်ယောက်။

ရုပ်ရည်လေးမက်ပြီး သမီးနှင်းဖွေးလေးဘဝ နစ်မျောမှာ ဒေါ်နှင်းဧကရီ သေမလောက် စိုးရိမ်နေမိသည်။

တားဆီးရမယ်။ နှင်းဖွေးလေးကိုတော့ အထပ်ထပ်သတိပေး မှာကြားထားရမည်လေ။

ကျွိ။

"အမေ့"

အခန်းတံခါး ရုတ်တရက် ဆွဲဖွင့်ခြင်းနှင့်အတူ မေမေ့ကို ရုတ်တရက်ကြီး တွေ့လိုက်ရတာမို့ နှင်းဖွေးလေးပင် စာကျက်နေရာမှ ဖျတ်ခနဲကြည့်မိကာ အသံလေးထွက်အောင်ပင် လန့်သွားရသည်။





"မေမေ အသံမပေးဘာမပေးနဲ့ ဖွေးလေးဖြင့် လန့်သွားတာပဲ"

မေမေက ခြေသံဆောင့်နင်းပြီး အခန်းထဲဝင်လာ၏။

ဒီလောက်ဆို နှင်းဖွေးလေး နားလည်လိုက်ပြီ။ မမနွေဂိမာန်နဲ့ သွားခွေးနွေးတာ အဆင်မပြေခဲ့ဘူးဆိုတာကိုပေါ့။ ခက်တယ် ခက်တယ်။ မေမေနဲ့မမက ဘာကြောင့် အသွင်ချင်းတူနေရတာပါလိမ့်။ နှစ်ယောက်စလုံးက အလျှော့မပေးချင်ကြတဲ့သူချည်းပဲဆိုတော့ ဘယ်မှာလာပြီး သင့်မြတ်ပါတော့မည်လဲလေ။

"ဖွေးလေး"

"ရှင်...မေမေ"

"ညည်း ကြပ်ကြပ်သတိထားတော့ ဖွေးလေး၊ နွေဂိမာန်က မေမေထင်ထားတဲ့အတိုင်း အကြံအစည်ကြီးကြီးနဲ့ ပြန်လာတာ အေး၊ အန္တိုင်းမဲ့ဆိုတဲ့ကောင်လေးကို တမင်ရည်ရွယ်ချက်နဲ့ ခေါ်လာခဲ့တာပဲ ဖွေးလေး"

နှင်းဖွေးလေး ဘာမှမပြောဘဲ ငြိမ်သက်စွာပင် နားထောင်နေမိသည်။

"တခြားတိုက်အလွှတ်တွေမှာ ထားလိုက်ပါလားဆိုတာတောင် သင်းက ခေါင်းခါငြင်းသေးတယ်လေ၊ ဒီတိုက်ထဲမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



နေခိုင်းမှာတဲ့၊ တစ်သက်လုံးလည်း ဖြစ်ချင်ဖြစ်မှာဆိုတော့ အနှိုင်းမဲ့နဲ့ အတူတူမနေချင်တဲ့သူ ရှိနေရင်တော့ ကြိုက်သလိုသာစီစဉ်ကြတော့တဲ့''

''ရှင်''

''မေမေတို့ မနေနိုင်ရင် ဆင်းသွားကြပေါ့လို့ ပြောတာပဲမဟုတ်လား ဖွေးလေး၊ သူ့စကားက ဒီအဓိပ္ပာယ်ပဲမဟုတ်လား၊ အဟင်း…ဟင်း မဆင်းနိုင်ပါဘူး၊ ဘာဖြစ်လို့သွားရမှာလဲ၊ ထားချင်တယ်ဆိုလည်းထားပေါ့၊ အရေးမစိုက်ပါဘူး''

မေမေက တစ်ယောက်တည်း ဒေါသတကြီး ရေရွတ်ကာ တစ်ယောက်တည်း ပေါက်ကွဲချင်တိုင်း ပေါက်ကွဲနေသည်။ ဒီအချိန်မှာ ဖွေးလေး နှစ်သိမ့်စကားပြောလို့ ဘယ်လိုမှရမှာမဟုတ်။ စနေသမီးဖြစ်တဲ့ မေမေက စိတ်အရမ်းကြီးတာလေ။ ထစ်ခနဲဆို သွေးရူလွယ်တတ်၊ ဒေါသကြီးတတ်သော မေမေ့အကြောင်းကို ဖွေးလေး အသိဆုံးပဲဖြစ်သည်။

''ဖွေးလေး''

''ရှင်…မေမေ''

''ညည်း…ကင်းကင်းရှင်းရှင်းနေနော်''

''ရှင်''





''အနှိုင်းမဲ့ဆိုတဲ့ကောင်လေးနဲ့ လုံးဝမပတ်သက်နဲ့လို့ ပြောတာ''

အဲ…။

မေမေ့အမှာစကားလေးကြောင့် နှင်းဖွေးလေးရဲ့ မျက်ဝန်းလေးတွေ အရောင်လေး ညှိုးဖျော့သွားရ၏။

''ညည်းဘဝကို ဖျက်စီးမဲ့ကောင်လေး၊ ညည်းအနာဂတ်ကို အမှောင်တိုက်ထဲ သွင်းမယ့်ကောင်လေးပဲ ဖွေးလေး၊ ညည်းရှောင်ရမယ်၊ မေမေပြောတာ ကြားရဲ့လား''

ဖွေးလေး ခေါင်းမညိတ်မိသလို ခေါင်းမခါမိပါ။

မေမေ့မျက်နှာကိုသာ အံ့သြသလို ပြူးကြောင်ကြောင်လေး စိုက်ကြည့်ကာ နေမိတော့သည်။

အနှိုင်းမဲ့ဆိုတဲ့ကောင်လေးက ဖွေးလေးရဲ့အနာဂတ်ကို အမှောင်တိုက်ထဲသွင်းမယ့်သူတဲ့။ ဘာတွေလဲ။ ဖွေးလေး နားမလည်ပါဘူး။ ဖွေးလေး သိထားတာ တစ်ခုပဲရှိတယ်။

အဲဒါ အနှိုင်းမဲ့ဆိုတဲ့လူက အရမ်းချောတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၉ |

“ခြေထောက်ကောင်းသွားပြီဆိုပြီး သိပ်တော့အတင့်ရဲမနေနဲ့ဦးနော် အနှိုင်းမဲ့၊ ညှာပြီး ဖြည်းဖြည်းချင်းလျှောက်ဦး”

“ဟုတ်ကဲ့ပါ…မမရဲ့၊ ဘယ်သူမှ လျှောက်ပြီးပြေးလွှား မဆော့ပါဘူးဗျာ၊ မမကိုက စိုးရိမ်စိတ်ကြီးနေတာပါ”

အနှိုင်းမဲ့ ကလေးပေါက်စလေးမဟုတ်လို့ အခုလို တပူတပင် လိုက်မှာနေရ တာပေါ့၊ ကလေးသာဆိုရင် ကြိမ်လုံးလေးပြပြီး ခြိမ်းခြောက်ထားလို့ ရသေးတယ် သိလား”

“မမကလည်းဗျာ…အဟွန်း…ဟွန်း”

အသံလေးထွက်ကာ ရယ်မောနေတဲ့ အနှိုင်းမဲ့ဆိုတဲ့ကောင်လေးကို နွေ့ဂိမာန် ငေးစိုက်ကြည့်နေမိ၏။ ဒီကောင်လေး





ဘာကြောင့်များ အဲဒီလောက်တောင် ဖွဲ့ဆောင်မှုရှိနေရပါလိမ့်။ ကြည်စင်နေတဲ့ သူ့မျက်နှာလေးက မြင်ရသူမိန်းကလေးတိုင်း ယစ်မူးချင်စရာပါပဲ။

အနှိုင်းမဲ့ရယ်။

မမတော့ မင်းကိုခေါ်လာခဲ့မိတာ သိပ်ကိုမှန်ကန်တဲ့ လုပ်ရပ်တစ်ခုပဲသိလား။ ဘာပဲပြောပြော မင်းကို မမရဲ့မောင်လေး အဖြစ်နဲ့ ခေါ်ထားလိုက်တဲ့အချိန်မှာပဲ စိတ်ထဲ အလိုလိုအားရှိရတာပါ။ မင်းကို မြင်လိုက်ပြီးကတည်းက မမစိတ်ထဲ အလိုလို ခင်တွယ်နေခဲ့တာ။ အခုတော့ သူမဟာ အရင်ကလို အထီးကျန်အဖော်မဲ့ တစ်ယောက် မဟုတ်တော့ဘူးပေါ့ကွာ။

ဒေါ်နှင်းဧကရီက သိပ်လည်တဲ့မိန်းမကြီးပဲ။ နွေ့ဂိမာန် ပြန်လာပြီဆိုကတည်းက လုံးဝကိုမကြည်လင်တာ။ သူ့ဘက်က အတတ်နိုင်ဆုံး အသည်းအသန်ကာကွယ်ဖို့ ကြိုးစားနေတာပေါ့။ တော်တော်အကွက်မြင်တဲ့ ဒေါ်နှင်းဧကရီပဲ။ အခင်းလေ ဒီလို သွက်လက်ထက်မြက်လို့လည်း ဖေဖေ့လိုလူမျိုးကို အရယူပြီး အပိုင်ချုပ်ကိုင်ထားနိုင်ခဲ့တာပေါ့။ ထူးတော့မထူးဆန်းပါဘူး။

ဒေါ်နှင်းဧကရီက ဖေဖေမျက်နှာသာပေးတယ်ဆိုပြီး မာန်တက်ပြချင်နေတာလေ။ ဒီတိုက်ကြီးကိုလည်း သူ့လက်ထက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျနေတာပဲ။ အုပ်စီးချင်နေတာ။ တော်တော်လောဘကြီးတဲ့ ခေါ်နှင်းဇကရိပဲ။

"မမ"

"ဟင်…အင်း…ဘာ…ဘာလဲ အနှိုင်းမဲ့"

"တစ်ယောက်တည်း ဘာတွေတွေးပြီး ငေးနေတာလဲ၊ ကျွန်တော်ခေါ်တာတောင် မကြားဘူး"

"ဪ…ဒါလား၊ မမ အံ့ဩနေတာလေ၊ စဉ်းစားမိပြီး ကိုယ့်ကိုယ်ကို အံ့ဩနေတာ"

"ဘာကိုလဲဟင် မမ"

"မောင်လေးတစ်ယောက် ကောက်ရပြီး မွေးစားခွင့်ရခဲ့တာကိုပေါ့ အနှိုင်းမဲ့ရယ်၊ အဲဒီထူးဆန်းမှုကို စဉ်းစားပြီး အံ့ဩနေတာ"

"ဘာလဲ မမ ငါတော့ခေါ်လာခဲ့မိတာ မှားပြီဆိုပြီး စဉ်းစားနေတာမဟုတ်လား၊ ကျွန်တော့်အတွက် ဆေးဖိုးတွေလည်း ကုန်ရ၊ အဝတ်အစား အသုံးအဆောင်ဖိုးတွေလည်း ကုန်ရဆိုပြီး နောင်တရချင်နေတာလား မမရယ်"

"မဟုတ်ရပါဘူးကွာ…မမျှော်လင့်ဘဲ မောင်လေး တစ်ယောက် ပိုင်ဆိုင်ခွင့်ရခဲ့လို့ ဝမ်းသာနေတာပါ၊ မဟုတ်ရင် တစ်ဦးတည်းသောသမီး မမအတွက် အဖော်မဲ့ပြီး အထီးကျန်နေရမှာကွ၊ မင်းရှိတော့ ဘာပဲပြောပြော မမ အားရှိသလို ခံစားရတယ် အနှိုင်းမဲ့ရယ်"

"မမကတော့ နောက်ပြီဗျာ၊ မမက ဘယ်လိုလုပ်အဖော်မဲ့ရမလဲ၊ နှင်းဖွေးလေးဆိုတဲ့ ညီမတစ်ယောက်ရှိတာပဲဟာ"

"တော်စမ်း အနှိုင်းမဲ့၊ မင်းပါးစပ်ကိုပိတ်ထားလိုက်၊ ဘာညီအစ်မလဲ၊ မမမှာ ဘာညီအစ်မမှမရှိဘူး၊ အဲ့ဒီသားအမိက မမရဲ့ လှပတဲ့အနာဂတ်ကို ဖျက်ဆီးချေမှုန်းခဲ့တဲ့ ရန်သူတွေကွ၊ ရန်သူတွေ၊ မုန်းတယ် မမသိပ်မုန်းတယ် အနှိုင်းမဲ့"

ဟာ။

ခေါင်းလေးကို ဘယ်ညာယမ်းခါပြီး ခါးသီးစွာရေရွတ်နေတဲ့ မမနွေဂီမာန်ကိုကြည့်ပြီး ပါးစပ်ကလေးအဟောင်းသား ဖြစ်နေရသူက အနှိုင်းမဲ့ရယ်ပါ။ သူထင်ထားတာက မမနွေဂီမာန်ဟာ နှင်းဖွေးလေးဆိုတဲ့ နောက်အိမ်ထောင်ကမွေးတဲ့ ကောင်မလေးနဲ့ အဲ့ဒီလောက်ထိ စိမ်းသက်နေမှာမဟုတ်ဘူးလို့လေ။

ခုတော့ မမနွေဂီမာန်က တအားကို စိမ်းသက်နေ၏။

နှင်းဖွေးလေးတို့သားအမိက ရန်သူတွေတဲ့လေ။

"ဆောရီးပဲ အနှိုင်းမဲ့ရယ်၊ မမစိတ်တွေ မချုပ်ထိန်းနိုင်ဘဲ





www.burmeseclassic.com

www.burmeseclassic.com



လွှတ်ထွက်သွားမိတယ်၊ မင်းအကြောင်းအရင်းမှန်တွေကို သိမှမသိဘဲလေ၊ မျက်လုံးအမြင်နဲ့ပြောတာကို မမနားလည်ပေးရမှာပေါ့၊ မမကိုခွင့်လွှတ်ကွာ အနှိုင်းမဲ့''

''ဟာ မဟုတ်တာဗျာ၊ တောင်းပန်ရမှာက ကျွန်တော်ပါ၊ ဘာမှမသိဘဲ မမစိတ်အနှောင့်အယှက်ဖြစ်အောင် ဖန်တီးသလိုဖြစ်သွားတယ်ဗျာ''

အနှိုင်းမဲ့

ကျေးဇူးရှင် မမနွေဂိမာန်ကျေနပ်သွားအောင်သာ စကားကိုလှအောင်ပြောလိုက်ရပေမယ့် ရင်ထဲမှာတော့ နင့်သည်းသည်းကြီးခံစားလိုက်ရသည်။ နှင်းဖွေးလေးကြောင့်ပါ။ နှင်းဖွေးလေးကို မမနွေဂိမာန်က ရန်သူစာရင်းထဲ ထည့်ထားတာမဟုတ်လား။ ဒါကို အနှိုင်းမဲ့ ဘယ်လိုချေဖျက်ရတော့မလဲဟင်။ မဖြစ်စေချင်ဘူး။ ဖွေးလေးကို မမ မမုန်းတီးစေချင်ဘူး။ သူ့ရင်ထဲကဆန္ဒကို မမနွေဂိမာန်က နားလည်လက်ခံပေးမှာတော့မဟုတ်ချေ။

''အနှိုင်းမဲ့''

''ဗျာ''

''အဲ့ဒီသားအမိနဲ့ လုံးဝမရောနဲ့နော်''

''ဗျာ''



''ခပ်ကင်းကင်းနေဖို့ပြောတာ၊ မင်းကို ဒေါ်နှင်းဧကရီ တစ်ခုခုပြောရင်လဲ ငုံခံစရာမလိုဘူး၊ မမနွေဂိမာန်က မင်းကို မောင်လေးအဖြစ် မွေးစားထားတာဆိုတော့၊ မင်းဟာ မိသားစုဝင်တစ်ယောက်ဖြစ်သွားပြီ၊ ဘာမှ စိတ်အားငယ်နေစရာမလိုဘူး အနှိုင်းမဲ့၊ ဘယ်သူ့စကားမှ မင်း နားထောင်ဖို့မလိုဘူး၊ မမစကားပဲ နားထောင်ရမယ်၊ မမအမိန့်ကိုပဲ မင်းနာခံရမယ်ကြားလား အနှိုင်းမဲ့''

''ဟုတ် ဟုတ်ကဲ့''

''အခုက နှင်းဖွေးလေးဆိုတဲ့ ကောင်မလေးနဲ့မရောဖို့ပဲ''

အနှိုင်းမဲ့မျက်နှာလေး ကွက်ခနဲပျက်ကာ ညှို့မျက်လုံးရှိ ဆဝေလေးက အရောင်ဖျော့သွား၏။ ကြေကွဲနင့်သည်းနေသလိုပါပဲ။ အဲ့ဒီခံစားချက်မျိုးကြီးက ဘာကြောင့်ဖြစ်ပေါ်လာတာပါလိမ့်။ သူကိုယ်သူလည်း မစဉ်းစားတတ်တော့ပါ။

မမနွေဂိမာန်ရှေ့မှာရှိနေရတာပင် စိတ်မလုံချင်တော့။ မမက သချာမှာထားတာလေ။ မမလုံးဝမဖြစ်စေချင်တာလဲ အဲ့ဒီလိုပုံစံမျိုးပဲ မဟုတ်လား။ ကင်းကင်းရှင်းရှင်းနေစေချင်၏။ သူမလိုပဲ ရန်သူဟု ပဲမြင်ကာ အနေစိမ်းစေချင်သည်။ မမရင်ထဲမှာရှိနေတဲ့ ခံစားချက်နဲ့ ထပ်တူ နိှုင်းကိုပါ လိုက်ပါခံစားစေချင်တာ။

ခက်တာက လူငယ်ဆိုတဲ့သဘောက တားဆီးထားတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုမှ ဖွတ်လုပ်ချင်နေတဲ့သဘောပဲ မဟုတ်လား။ မပတ်သက်ရဘူးဆိုတဲ့လူကိုမှ ပတ်သက်ချင်တာလေ။ နှင်းဖွေးလေးဆိုတဲ့ ကောင်မလေးနဲ့ပတ်သက်ပြီး အနှိုင်းမဲ့စိတ်တွေက မတည်ငြိမ်ချင်တော့ချေ။ ဒါကို မမသာသိရင် အိမ်ပေါ်ကနေ ချက်ချင်းမောင်းထုတ်မှာ။ ဆင်းရဲတာကို နှိုင်းမကြောက်ပါဘူး။ နဂိုကတည်းက ချမ်းချမ်းသာသာနဲ့နေလာခဲ့ရသူမှမဟုတ်တာ။

သို့ပေမယ့် နှင်းဖွေးလေးဆိုတဲ့ ကောင်မလေးနဲ့တွေ့ဆုံပြီးချိန်မှာတော့ သူ့စိတ်တွေက အပြောင်းလဲကြီးပြောင်းလဲသွားရသည်။ သူမနဲ့ တစ်မိုးအောက်တည်းမှာ အတူတူနေခွင့်ရနေတာလေးအပေါ် သာယာနေမိ၏။

"နှိုင်း"

"ဗျာ မမ"

"မမကို သိပ်ပြီးအတ္တကြီးတာပဲလို့ ထင်သွားပြီလားဟင်"

"ဘာကိုလဲဟင် မမ"

"မမစိတ်တိုင်းကျပဲ နှိုင်းကိုနေခိုင်းလို့ပါ"

နှိုင်းမဖြေပါ။

"မမစိတ်က တစ်မျိုးပဲနှိုင်း၊ ဒီလူကိုကြည့်မရတော့ဘူးဆိုရင် ဘယ်လိုအကြောင်းမျိုးနဲ့မှကို မဆက်ဆံချင်တာလေ။





ဟန်ဆောင်မှုကင်းတယ်ပြောရမလား အားနည်းတယ်ပဲပြောရမလား၊ ဒူးဆိုရင် ဖရုံမသီးတတ်တဲ့သူပဲ"

"ဗျာ"

"ဒေါ်နှင်းဇေကရီက သိပ်ပြီးအကြံအစည်ကြီးတဲ့ မိန်းမကြီးကွ၊ ဖေဖေ့ကိုချုပ်ကိုင်ပြီး ရှိသမျှပစ္စည်းဥစ္စာတွေကို အပိုင်သိမ်းချင်နေတာလေ၊ မမကိုတောင် သူက ဖယ်ပစ်ချင်နေတာ အနှိုင်းမဲ့ရဲ့၊ ဘယ်လိုမှ မတတ်သာလို့သာ ငြိမ်နေတာသိလား၊ မမရဲ့ခြေလှမ်းအများကို သူက တစ်ချိန်လုံးစောင့်ကြည့်နေတာပဲ၊ မမရဲ့အားနည်းချက်ကိုတွေ့တာနဲ့ သူက နင်းတော့မှာလေ၊ ဒါကြောင့် မမတစ်ယောက်တည်း စိတ်အားတွေငယ်နေမိတာပေါ့၊ အခုတော့ မမအားမငယ်ရတော့ဘူးလေ၊ မမအနားမှာ အဖော်အဖြစ် အနှိုင်းမဲ့က ရှိနေပြီပဲဟာ၊ မမ အားလုံးကိုရင်ဆိုင်ရဲပြီ၊ အရင်ကလို နွေဂိမာန်ဟာ တစ်ကိုယ်တည်း အထီးကျန်မဟုတ်တော့ဘူး အနှိုင်းမဲ့"

မမရယ်။

အနှိုင်းမဲ့ဟာ အဲ့ဒီလောက်တောင်ပဲ မမအတွက် အသုံးဝင်သတဲ့လားဗျာ။ အနှိုင်းမဲ့ ထင်တောင်မထင်မိဘူး မမရယ်။

"အနှိုင်းမဲ့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဖွေးလေးဆိုတဲ့ ကောင်မလေးကိုလည်း သတိထား ဦးနော်၊ ဒီကောင်မလေးကလည်း အမေတူသမီးပဲ၊ စိတ်ထားကောင်း မှာမဟုတ်ဘူး"

အဲ့ဒီစကားကိုတော့ နှိုင်း လက်မခံချင်ပါ။

"မမထင်လို့နေမှာပါဗျာ၊ ကောင်မလေးပုံစံက အဲ့ဒီလို မဟုတ်လောက်ပါဘူး၊ သူကြည့်ရတာ စိတ်ကောင်းရှိပြီး ရိုးသားမဲ့ ပုံစံလေးပါပဲ မမရဲ့"

မသိမသာလေး နှင်းဖွေးလေးဘက်က ဖေးမပြောမိ၏။

"အမယ်လေး မထင်လိုက်လေနဲ့ အနှိုင်းမဲ့ရေ၊ သူတို့က ဟန်ဆောင်ကောင်းတဲ့နေရာမှာတော့ တစ်ဘက်ကမ်းခတ်အောင်ကို ကျွမ်းကျင်ကြတာ၊ မမဖေဖေဆိုလည်းကြည့်လေ၊ သေသွားတဲ့ဇနီးရဲ့ မျက်နှာကိုမှမထောက်ထားနိုင်ဘူး လလည်ဆွမ်းကျွေးပြီးနောက်နေ့ အဲ့ဒီမိသားစုကို အိမ်ပေါ်ခေါ်တင်ခဲ့ရတော့တာပဲ၊ မမတားဆီးနေတာ ကိုတောင် အရေးမစိုက်နိုင်ဘူးလေ အနှိုင်းမဲ့ရဲ့၊ ဒါကြောင့် မမ သိပ်ပြီးစိတ်နာရတာပေါ့၊ ဒီတိုက်ကြီးထဲမှာ သူတို့မျက်နှာတွေ မြင်နေတွေ့နေရမှာစိုးလို့ မန္တလေးက အဒေါ်တွေဆီ ရှောင်ပြီးသွား နေတာပဲလေ၊ ဖေဖေအခုလို ကျန်းမာရေးမကောင်းတဲ့သတင်းရလို့ သာ ပြန်လာခဲ့တာ၊ ဒွေမမက်ဘူးလို့တော့ မမမပြောချင်ပါဘူး





အမေ့အရိပ်အငွေ့တွေနဲ့ ခေါင်းချသွားတဲ့ ဒီတိုက်ကို သူတို့သားအမိ အပိုင်စီးတာမခံနိုင်လို့ ရင်ဆိုင်ဖို့ဆုံးဖြတ်ခဲ့တာပဲ အနှိုင်းမဲ့၊ အခုဆို အနေအထားမှာ မင်းကရှိနေပြီလေ၊ မမရင်ဆိုင်ရဲပြီ"

မမနွေဂီမာန်စကားလေးတွေကို နားထောင်ရပြန်တော့ လည်း မမကို နားလည်စာနာမိပြန်ပါရော။

သို့ပေမယ့် နှင်းဖွေးလေးနဲ့ ယှဉ်လာတဲ့အခါမှာတော့ အနှိုင်းမဲ့ရဲ့ရင်ထဲက နှလုံးသားတွေက ကျင်စက်နဲ့အတို့ခံနေရသလို ခံစားနေရသည်။

ချစ်မိသွားတာကို။

ဖွေးလေးဆိုတဲ့သူမလေးကို မြင်လိုက်ရသည့်အချိန်က တည်းက အနှိုင်းမဲ့က သိပ်ချစ်ခဲ့မိသွားတာကို။ အဲ့ဒီစိတ်ခံစားချက် ကို ဘယ်သူမှမသိဘဲ သူကိုယ်တိုင်ပဲ သိနေတာမို့ ပို၍တောင် ခံစားခဲ့နေရသည်။

အရောမဝင်နဲ့တဲ့။

မပတ်သက်ရဘူးတဲ့လေ။

မမရယ် အနှိုင်းမဲ့ ဘယ်လိုလုပ်ရမလဲဗျာ။

နှင်းဖွေးလေးကို ရင်ထဲအသည်းထဲကနေ နင့်သည်းနေ အောင်ပဲ ချစ်မိသွားရပြီ မမရယ်။ အဲ့ဒါကို အနှိုင်းမဲ့ ဘယ်လိုပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြင်ဆင်ရပါ့မလဲဗျာ။ စိတ်ညစ်တယ်မမရယ်။ ခံစားတတ်တဲ့ နှလုံးသားတွေ အနှိုင်းမဲ့ဆိုတဲ့ ကျွန်တော့်ရင်ဘတ်ထဲမှာ ပါမလာဘူးဆိုရင်လည်း သိပ်ပြီးကောင်းမှာပဲဗျာ။

ဒါဆိုရင်

မမဖြစ်စေချင်တဲ့အတိုင်း အနှိုင်းမဲ့က ရေကုန်ရေခမ်း လိုက်လုပ်ပေးမိမှာ။ ကျေးဇူးရှင်မမကို ဟော့ဒီကမ္ဘာကြီးထဲမှာ စိတ်အချမ်းသာဆုံးဖြစ်အောင် ထားပေးမိမှာပါ။

မမရဲ့အမိန့်အတိုင်း တသွေမတိမ်းလိုက်နာပြီး တသွေမတိမ်းလုပ်ပေးချင်ပါတယ် မမရယ်။

ခုတော့

အနှိုင်းမဲ့ ဘယ်လိုမှ တတ်နိုင်တော့မယ်မထင်ဘူးဗျာ။

"အနှိုင်းမဲ့"

"ဗျာ"

"မမကို ကတိပေးမလားဟင် နှိုင်း"

"ဗျာ"

"မမကို စိတ်မပျက်စေရပါဘူးလို့ မင်းပြောထားတယ်လေ၊ ဘာလဲ ချင်ချင်းပဲ အတိတ်မေ့သွားပြီလား နှိုင်း"

"ဗျာ ဒါ ဒါ"





"ဟင်း ဟင်း လန့်နေပြီလား နှိုင်းရဲ့"

မမမေးသံတွေက ခနဲ့တဲ့တဲ့။

"ကျွန်တော်မမေ့ပါဘူး မမ"

"အေးကွာ မင်းမမေ့ဘူးဆိုရင်လဲပြီးတာပါပဲ၊ ကဲ မမသွား ရာလေးရှိသေးလို့ ခွင့်ပြုဦးနှိုင်းရေ၊ နောက်ဆိုရင်တော့ မင်းအခုလို းနေလို့မရတော့ဘူးသိလား၊ အလုပ်တွေလုပ်ရတော့မှာ၊ ခုတော့ င်းနားလိုက်ဦး နှိုင်း"

မမက အနှိုင်းမဲ့လို့ ခပ်စိမ်းစိမ်းမခေါ်တော့ဘဲ နှိုင်းဟုသာ င်းနှီးနွေးထွေးစွာခေါ်တော့သည်။ နှိုင်းကျေနပ်မိ၏။ မမနွေဂိမာန်လို ခင်မတစ်ယောက် ပိုင်ဆိုင်ခွင့်ရခဲ့တာကိုပင် ဝမ်းသာပျော်ရွှင်မဆုံး အောင် ဖြစ်နေမိတော့သည်။

လှပကျော့ရှင်းသော ခန္ဓာကိုယ်လေးကို နွဲ့ယိမ်းကာ ညင်သာသောခြေလှမ်းလေးများနှင့် အခန်းတံခါးလေးဆီ လျှောက် သွားသော မမနွေဂိမာန်ကို ငေးစိုက်ကြည့်နေရင်း မတင်မကျဖြစ်နေ သော သူ့စိတ်ကို အလိုလိုက်ကာ…

"မမ"

သူ့ခေါ်သံကြောင့် မမနွေဂိမာန်က လှည့်စောင်းကြည့်၏။

"တကယ်လို့ မမကိုပေးခဲ့တဲ့ကတိ မတည်ဘူးဆိုရင်ရော



www.burmeseclassic.com

www.burmeseclassic.com



မမ ကျွန်တော့်ကို ဘယ်လိုအရေးယူမလဲ''

သူ့အမေးကြောင့် မမရဲ့လှပတဲ့မျက်နှာလေးက တည်တင်းသွား၏။ မျက်ခုံးလေးတွေတွန့်ကြုတ်ကာ သူ့ဆီ ခပ်စိုက်စိုက်ကြည့်သည်။

ပြီးနောက် ဆံနွယ်လေးတွေ လွှင့်ခနဲနေအောင် ခေါင်းလေးခါလိုက်ပြီး . . .

''နောက်မှစဉ်းစားမယ် နိုင်း''

ပြောပြီးတာနှင့် တံခါးလေးဆွဲဖွင့်ကာ မမနွေဂီမာန် ပြန်ထွက်သွားတော့သည်။ အခန်းလေးထဲမှာတော့ အနိုင်းမဲ့တစ်ယောက်သာ ကျန်နေရစ်ခဲ့တော့၏။

မမရယ်။

အနိုင်မဲ့ သက်ပြင်းမောလေးကိုသာ ကြိတ်ရှိုက်လိုက်မိပါတော့သည်။

❧ ❧ ❧



## အခန်း | ၁၈ |

စိတ်မွန်းကြပ်မှုတွေနဲ့ ရှင်သန်နေရသော လူတစ်ယောက်ရဲ့ခက်ခဲမှုကို သူများတွေ ဘယ်လိုရင်ဆိုင်ဖြတ်သန်းကြသလဲတော့မသိပါ။ နှင်းဖွေးလေးဆိုတဲ့ သူမကတော့ ရူးသွပ်ပြီးထွက်ပြေးမိမတတ်ပင် ဖြစ်နေရသည်။

မေမေကလည်းတစ်မျိုး။

မမနွေဂီမာန်ရဲ့ မကောင်းကြောင်းတွေ တစ်ချိန်လုံးပြောကာ မယုံကြည်ဖို့ချည်းဘဲ သတိတွေပေးနေသည်။ တစ်မိုးအောက်တည်းအတူတူနေပြီး မိသားစုတွေက ဝါးအစည်းပြေသလို ဖြစ်နေရသည့်အခြေအနေမျိုး။

သူ့သဘော သူ့ဆန္ဒ သူနေချင်သလိုနေပြီး လုပ်ချင်တာကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်သည်။ ဆွေးနွေးတိုင်ပင်ခြင်းလည်းမရှိ။ အသိပေးဖို့ပင် ခက်ခဲနေကြသည်။ ဒီနေ့ ကျန်းမာရေးမကောင်းဘဲ အိပ်ယာထဲလဲနေဟဲ့ ဖေဖေ့ရဲ့ကိုယ်စားလှယ်လွှဲစာနှင့် ဖေဖေပိုင်ဆိုင်သော ကုမ္ပဏီလုပ်ငန်းတွေ ဆက်လက်လည်ပတ်နိုင်ရန်အတွက် ကုမ္ပဏီကို မမနွေဂိမာန်က သွားဦးစီးနေ၏။

ဖေဖေ့ရဲ့လူယုံတပည့်နဲ့လွှဲထားတာ အဆင်ပြေပေမယ့် မမကိုတော့ ဖေဖေက ပိုပြီးစိတ်ချတယ်လေ။ ပြီးတော့ မမနွေဂိမာန် ကိုယ်တိုင်ကလည်း ဦးဆောင်နိုင်တဲ့ အရည်အချင်းတွေရှိနေတဲ့ လူတစ်ယောက်ဆိုတော့ ဖေဖေ့လုပ်ငန်းတွေကို စိတ်ဝင်စားလာတာကိုပင် ဖေဖေက ဝမ်းသာနေဟန်ရှိ၏။

ဒါကို မမေကမကျေနပ်ချေ။

လုပ်ငန်းတွေအားလုံး မမနွေဂိမာန်လက်ထဲရောက်သွားမှာဆိုပြီး ဖေဖေ့ကို ပြဿနာရှာနေသည်။ မွေးလေးစိတ်ညစ်လွန်းလို့ ဖေဖေ့အခန်းထဲကနေထွက်လာပြီး ဝရန်တာဘက်ထွက်ခဲ့မိ၏။

မေမေ ဘာကြောင့် အဲ့ဒီလောက်တောင် လောဘတွေကြီးနေရသလဲဆိုတာ မွေးလေးပင်နားမလည်နိုင်တော့ပါ။ မေမေ့ကိုလည်း ဖေဖေက အခွင့်အရေးတွေပေးထားတာပဲမဟုတ်လား။ အခုဆိုလျှင် ဇနီးမယားတစ်ယောက်အဖြစ် လူသိရှင်ကြား တရားဝင်





နေနိုင်းနေပြီပဲဟာ။ အချိုးရည်ထုတ်လုပ်ရေးလုပ်ငန်းခွင်နဲ့ ဟိုတယ်လုပ်ငန်းတွေကို မမနွေဂိမာန် သွားဦးစီးနေတာ တရားမျှသည်ဟု မွေးလေးထင်မိသည်။

ပြီးတော့ ဒီစီးပွားရေးတွေဆိုတာ မမနွေဂိမာန်အမေ အန်တီတာသကြန်နဲ့ ဖေဖေတို့ရဲ့ အိမ်ထောင်ဦးလက်ထက်ပွားတွေဖြစ်သည်။ မေမေက ဖေဖေအရမ်းချမ်းသာပြီး သူဌေးကြီးတစ်ဦးဖြစ်နေတော့မှ တွေ့ဆုံသိကျွမ်းခဲ့ကြတာပါ။ အထူးသဖြင့် ဖေဖေ့အားနည်းချက်တွေကိုသိ၍ တမင်ကပ်ခဲ့ခြင်းပဲဖြစ်သည်။

သို့ပေမယ့် ဖေဖေက ယောကျ်ားပီသစွာ မေမေ့အပေါ်လည်း အထိုက်အလျောက် တာဝန်ကျေခဲ့တာပါပဲ။ အန်တီတာသကြန်ရဲ့ ကျန်းမာရေးရှိနေလို့သာ လျှို့ဝှက်ဖုံးကွယ်ထားခဲ့တာပဲဖြစ်သည်။ ဒါကလည်း ဖေဖေ့အလွန်မဟုတ်ပါဘူး။ နောက်ဆုံးချိန်ကိုရောက်နေတဲ့ လူတစ်ယောက်ရဲ့စိတ်ကို နားလည်မှုအပြည့်နဲ့ ထွက်ပေါက်ပေးထားခြင်းပဲဖြစ်သည်။ မေမေ့ကို ညီတဲ့အနေနဲ့ လုံးချင်းတိုက်တစ်လုံးကို မေမေ့နာမည်နှင့် ဝယ်ပေးခဲ့သည်လေ။ ဒါကြောင့်လည်း မေမေ့ဘက်က ကျေနပ်စွာပင် လက်ခံကြည်ဖြူခဲ့၏။

အဲ့ဒီအချိန်က လုံးချင်းတိုက်ရဲ့တန်ဖိုးက မေမေ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



မက်မောလော်ကစရာပါကို။ အခြေအနေအေးချမ်းနေကာမှ မမေက ပြန်ပြီးဖောက်နေပြန်ပါပြီ။ မမနွေဂိမာန်နှင့် နှိုင်းယှဉ်ပြကာ သူက နိမ့်ကျနေသည်ဆိုပြီး ပြဿနာရှာနေ၏။

မမနွေဂိမာန်နှင့် မေမေတို့ကြားက အတ္တပြိုင်ဆိုင်မှုတွေ တစ်နေ့ထက်တစ်နေ့ အဆုံးမသတ်နိုင်တော့ချေ။ ဘာဖြစ်လို့ အဲ့ဒီ လောက်တောင် လောဘတွေကြီးနေကြပါလိမ့်။

"အဟမ်း"

အဲ ချောင်းဟန့်သံသဲ့သဲ့ကြောင့် ဖွေးလေးလှည့်ကြည့်လိုက် တော့ အနှိုင်းမဲ့ဆိုတဲ့လူဖြစ်နေ၏။ ဖွေးလေးရဲ့ရင်ခုန်သံတွေ ထိတ်ခနဲ ဆောင့်ခုန်သွားရသည်။ မေမေရဲ့အမှာစကားသံကိုကြားယောင်မိပြန် တော့ ပိုလို့တောင်ချောက်ချားသွားရတာပေါ့။

သူနဲ့ လုံးဝမပတ်သက်ရဘူးလို့ တင်းတင်းကြပ်ကြပ်သတိ ပေးထားတာပဲမဟုတ်လား။ မဖြစ်ဘူးဆိုတဲ့အသိက ရှိနေပေမယ့် သူ့ကို မျက်နှာချင်းဆိုင် မြင်နေပါလျက် ရှောင်ထွက်သွားဖို့ဆိုတာ တော့ ခက်ခဲနေရသည်။

"ဖွေးလေး ဒီမှာရှိနေတာကို"

"ဟုတ်ကဲ့"

"ဘာလဲ လေညှင်းခံတာလား"





"ဟုတ်"

"အန်ကယ်ရော အိပ်သွားပြီလား"

"ဟုတ်"

အဟွန်း အနှိုင်းမဲ့တစ်ယောက် သူ့ကိုမြင်လိုက်တာနှင့် မျက်လုံးလေးတွေပြူးဝိုင်းကာ ထိတ်လန့်နေတဲ့ ကောင်မလေးကို ကြည့်ပြီး ရယ်ချင်စိတ်ကို မနည်းမြိုသိပ်လိုက်ရသည်။

"ဟို ဟိုလေ ဖွေးလေးကိုခွင့်ပြုပါဦးနော်၊ ဖွေးလေး စာကျက်စရာရှိသေးလို့ပါ"

"ဘာလဲ ဖွေးလေး၊ ကိုယ်နဲ့စကားမပြောချင်လို့ အကြောင်းပြချက်ပေးပြီး ရှောင်ထွက်တာလား"

"အို…မဟုတ်ပါဘူး"

ဖွေးလေးထိတ်ထိတ်ပြာပြာနှင့် ခေါင်းခါကာ ငြင်းလိုက်ပေ မယ့် သူ့ကို လိမ်ညာမိခြင်းကိုတော့ သူမကိုယ်သူမသာ သိနေ ခဲ့ပါသည်။

"ရပါတယ်ဖွေးလေးရယ်၊ မခင်ချင်ဘူးဆိုလည်း ကိုယ်က မင်းကို ဘာမှတားဆီးပိုင်ခွင့်မရှိပါဘူး၊ ခက်တယ်ကွာ၊ ညှော့သည်က ညှော့သည်လိုမနေတာခက်တာပဲ၊ အိမ်ရှင်ကြိုက်မှန်းမသိ မကြိုက် မှန်းမသိ အလိုက်ကန်းဆိုးနားမလည်သလိုဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာတွေလျှောက်ပြောနေတာလဲ၊ ဖွေးလေးမှာ အဲ့ဒီလို စိတ်မျိုး မရှိဘူးရှင့်၊ ဖွေးလေးက ဘယ်သူ့ကိုမဆို ခင်တတ်ပါတယ်''

''ဟုတ်ပါတယ် ဘယ်သူ့ကိုမဆို ဖွေးလေးက ခင်မင်တတ်မှာပါ၊ ဒါပေမယ့် ကိုယ့်ကိုတော့ အဲဒီလို စိတ်မထားနိုင်ဘူး မဟုတ်လား ဖွေးလေး၊ ဒါကြောင့် ကိုယ့်ကိုမြင်တာနဲ့ ရှောင်ရှောင်ထွက်သွားဖို့ ကြိုးစားနေတာလေ၊ ကိုယ်တကယ်ဝမ်းနည်းမိတယ် ဖွေးလေးရယ်၊ စိတ်မကောင်းလည်းဖြစ်ရတယ်ကွာ''

အို။

သိမ်ငယ်သောမျက်ဝန်းလေးတွေနှင့် သူမဆီစိုက်ကြည့်ကာ တကယ်ပဲ ခံစားနေရတဲ့လေသံလေးနဲ့ပြောနေတဲ့ အနိုင်းမဲ့ဆိုသောလူကို ဖွေးလေးရင်ထဲ ဘာကြောင့်မှား စိမ်းသက်တဲ့ဆက်ဆံခြင်းတွေနဲ့ မတုံ့ပြန်နိုင်ခဲ့ရပါလိမ့်။

မေမေပြောတော့ သူက မမနွေဂိမာန်ရဲ့လူယုံတဲ့။ ဖွေးလေးကို ဒုက္ခပေးမယ့်သူတဲ့လေ။ သူ့ကို မျက်နှာချင်းလည်းမဆိုင်နဲ့တဲ့။ ဖွေးလေးကို လာပတ်သက်ရင်လည်း ခါးခါးသီးသီးငြင်းပြီး နောက်လာမပတ်သက်ဖို့ ပြတ်ပြတ်သားသားသာပြောပစ်လိုက်တဲ့။

ဟုတ်ပါ့မလား။





သူက မေမေပြောသလိုလူမျိုး ဖြစ်နိုင်ပါ့မလား။

သူ့မျက်ဝန်းတွေက ဒီလောက်ကြည်စင်နေတာ။ သူ့မျက်နှာက ဒီလောက်ချောမွေ့ပြီး ကြင်နာတတ်တဲ့ အရိပ်အရောင်တွေ ယှက်သန်းနေတာ။ မေမေပြောသလိုမျိုးတော့ မဖြစ်နိုင်လောက်ပါဘူး။

''ဖွေးလေး''

''ရှင်''

''ကိုယ့်ကို မပတ်သက်ချင်ဘူးဆိုရင်လည်းရပါတယ် ဖွေးလေးရယ်၊ မင်းမှာ ဘယ်လိုအခက်အခဲမျိုးတွေ ရှိနေသလဲဆိုတာ ကိုယ်ကမှမသိတာပဲဟာ၊ မင်းကို ခွင့်လွှတ်နားလည်ပေးရမှာပေါ့''

''ကိုအနိုင်းမဲ့''

''နိုင်းလို့ပဲခေါ်ပါ''

''ကိုနိုင်း''

''ပြောပါ ဖွေးလေး''

''ရှင်ဘာကြောင့် ဖွေးလေးကို ခင်ချင်ရတာလဲ''

''ဗျာ''

''မမနွေဂိမာန်ရဲ့ မွေးစားခြင်းခံရပြီဆိုကတည်းက



www.burmeseclassic.com

www.burmeseclassic.com



တစ်တိုက်လုံးကလူတွေက ရှင့်ကို နံပါတ်တစ် ဦးစားပေးပြီး တရင်းတနှီးဆက်ဆံနေကြပြီပဲဟာ''

''အဲ့ဒီအထဲမှာ ဖွေးလေးမှမပါတာ၊ ကိုယ်ဝမ်းမသာပါဘူး''

ကလေးဆိုးကြီးလိုမူတော့ ဖွေးလေးပင် သူ့ကိုကြည့်ပြီး ပြုံးချင်ချင်။ သို့ပေမယ့် ဖွေးလေးမပြုံးမိပါ။ နှုတ်ခမ်းလေးနှစ်လွှာကို တင်းတင်းစေ့ပိတ်ထားမိပါသည်။

''ကိုနိုင်း''

''ပြော''

''မမနွေဂီမာန်က ရှင့်ကို တစ်ခုခုမှာမထားဘူးလား''

''ဘာကိုလဲ''

''ဖွေးလေးနဲ့ မပတ်သက်မဆက်ဆံရဘူးဆိုတဲ့ အချက်မျိုးတွေပေါ့၊ ရှင့်ကိုမကန့်သတ်ထားဘူးလား''

''ထားတာပေါ့ ဖွေးလေးရယ်''

''ဟင်''

''ဟုတ်တယ် ဖွေးလေး၊ ကိုယ်မညာပါဘူး၊ မင်းနဲ့ လုံးဝအရောမဝင်ရဘူးလို့မှာထားတာ''

''ဒါဆို ရှင် ဘာကြောင့် စကားနားမထောင်ရတာလဲ''





''မသိဘူး''

''ဘယ်လို''

''ဟုတ်တယ် ဖွေးလေး၊ မင်းကိုစတွေ့လိုက်ရတဲ့အချိန်ကပြီး ကိုယ့်ကိုကိုယ်တောင် ဘာတွေဖြစ်နေသလဲဆိုတာ မစဉ်းစားထက်တော့ဘူးကွာ၊ မင်းကိုခင်မင်ချင်တယ်၊ မင်းနဲ့စကားတွေအများကြီးပြောနေချင်တယ်၊ ပြီးတော့ မင်းစာတွေကျက်နေသံကြားရင် မင်းရှေ့မှာထိုင်ပြီး မင်းစာပြန်တာလေးကို နားထောင်ပေးချင်မိတယ်၊ မင်းစာတွေမရလို့ ခေါင်းရှုပ်နေရင် မင်းနားလည်တဲ့အထိ ကိုယ်ရှင်းပြချင်နေတယ်၊ ဒါပေမယ့် အဲ့ဒီလိုအခွင့်အရေးမျိုးကိုယ်ဘယ်တော့မှ ရမှာမဟုတ်ဘူးဆိုတာလည်း သိနေတယ်လေ၊ မမနွေဂီမာန်က လက်ခံမှာမဟုတ်လို့ဘဲ ဖွေးလေးရယ်၊ မမကမင်းအနားကိုမသွားရအောင် ကိုယ့်ခြေလှမ်းတွေကို ထိန်းချုပ်ထားတယ်ကွာ''

ကိုနိုင်းရယ် ဖွေးလေးလည်း အတူတူပါပဲရှင်။

ကိုနိုင်းနဲ့ အကင်းရှင်းဆုံးနေဖို့ မေမေက တားဆီးထားတာလေ။ ဖွေးလေးစိတ်ကူးမယဉ်ရဲပါဘူး။ ဖွေးလေး မေမေ့ကိုချစ်သလိုကြောက်လည်းကြောက်တယ်။ မေမေက သိပ်စိတ်ကြီးတာကိုနိုင်းရဲ့။ မေမေက ခေါင်းခါထားပြီးသားကိစ္စကို ဇွတ်လုပ်ရင် သူမတူအောင်



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ပြတတ်တာ။ မေမေ့အကြောင်းကို ဖွေးလေးအသိဆုံးပဲ။ ဒါကြောင့် ဖွေးလေး ရှောင်နေခဲ့တာပေါ့ ကိုနိုင်းရယ်။

ဖွေးလေးလေ အမှန်အတိုင်းဝန်ခံရမယ်ဆိုရင် ကိုနိုင်းကို ခင်ပါတယ်။ ဟုတ်တယ် ကိုနိုင်း မြင်မြင်ချင်း ရင်ခုန်မိတဲ့အထိ ငြိတွယ်ခဲ့တာပါ။ ဒါပေမယ့် ဖွေးလေးဘာတတ်နိုင်မှာလဲ။ ဖွေးလေးက ငယ်ငယ်လေးကတည်းက အကြောက်တရားအရမ်းကြီးတာ။ မေမေဒေါသထွက်ရင်ပဲဖြစ်ဖြစ် ဖေဖေနဲ့စကားများရင်ပဲဖြစ်ဖြစ် ဖွေးလေးမြင်ရင် ဒူးတွေ တဆတ်ဆတ်တုန်တဲ့အထိကြောက်ပြီး ဒေါင့်လေးတစ်ခုခုမှာ ကပ်နေတော့တာပဲ။

အခုတော့ ဖွေးလေး နောက်ထပ်ကြောက်ရမယ့်သူတွေက ပိုပြီးများလာပြီလေ။ မမနွှေဂိမာန်ရယ် ကိုနိုင်းရယ်ပေါ့။ ဖွေးလေးနဲ့ပတ်သက်ပြီး တစ်ခုခုဖြစ်မှာ ဖွေးလေးသိပ်ကြောက်တာပဲရှင်။

“ဖွေးလေး”

“ရှင်”

“ကိုယ်ပြောတာတွေကြားရဲ့လားဟင်”

“ဟုတ်ကဲ့”

“ကိုယ်ဘယ်လိုလုပ်ရမလဲဟင် ဖွေးလေး၊ ကိုယ်ဘာလုပ်သင့်လဲ”





“စိတ်လျှော့သင့်တာပေါ့၊ ကိုနိုင်းရယ်”

“ဘယ်လို”

“မဖြစ်နိုင်တာကိုတွေးပြီး စိတ်ညစ်ခံနေရမယ့်အစား ဖြစ်သင့်တာတွေကိုလက်ခံပြီးနေလိုက်တာ အကောင်းဆုံးပဲလေ”

“ဖွေးလေးရဲ့ဆုံးဖြတ်ချက်က ပြတ်သားလှချည်လား ကွာ”

“ဖွေးလေးခင်တတ်ပါတယ်၊ ဒါပေမယ့် ကိုယ့်ရဲ့ခင်မင်မှုဟာ တစ်ဘက်သားအတွက် အခက်အခဲတစ်ခုခုဖြစ်နေလိမ့်မယ်ဆိုရင်တော့ ဖွေးလေး နောက်ဆုတ်မှာပါ”

“ဖွေးလေးရယ်”

“ဖွေးလေးရဲ့မေမေကလည်း မမနွှေဂိမာန်လိုပဲ ဖွေးလေးကိုမှာထားတာပါပဲ၊ ဒါကြောင့် အခုအချိန်မှာ ဖွေးလေး ကျောင်းစာကိုပဲ အဓိကထားချင်တယ်၊ ဖွေးလေး ဘာကိုမှ စိတ်မဝင်စားချင်ဘူး”

ဖွေးလေးရယ်။

မင်းဘာကိုပြောချင်သလဲဆိုတာ ကိုယ်နားမလည်ဘဲနေပါ့မလားကွာ။ ဒါပေမယ့် ကိုယ့်စိတ်တွေကို ဘယ်လိုပဲ သတိပေးတားဆီးနေနေ သူတို့က ခေါင်းမာနေကြတယ်။ ဖွေးလေးကိုစတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့အချိန်ကစပြီး ကိုယ်ဘယ်လိုမှ အသိအမှတ်မပြုဘဲမနေနိုင်ဘူးကွာ။

"နောက်ဆို ဖွေးလေးကိုမြင်ရင်လည်း မခေါ်ပါနဲ့ကိုနိုင်။ မသိချင်ဟန်ပဲ ဆက်ဆောင်ပေးသွားပါနော်၊ ကဲ ဖွေးလေးသွားတော့မယ် ကိုနိုင်း"

ပြောပြီးတာနှင့် ဖွေးလေး သူ့ရှေ့ကနေ ကျော်ဖြတ်ကာထွက်လာခဲ့မိတော့သည်။ ရုတ်တရက်မို့ သူလည်း မတားဆီးနိုင်ဘဲ ကျန်နေရစ်၏။ ဖွေးလေး သူ့ကိုလှည့်မကြည့်တော့ပါ။ ဖြစ်ချင်နေတာထက် ဖြစ်သင့်ဖြစ်ထိုက်တာကိုပဲ ရွေးချယ်ဆုံးဖြတ်မိသည်။

ကြည့်စမ်း။

သူမမျက်ဝန်းတွေ စွတ်စိုနေတာပါလား။

ဘုရားရေ။

ဖွေးလေးငိုနေတာလားဟင်။

ဖွေးလေးရဲ့မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေဝေ့ဝဲလို့နေတာဆိုတော့။ ဒါ ဒါဆို ဖွေးလေးငိုနေတာပေါ့။ ဘာကြောင့်ဖွေးလေးငိုနေခဲ့ရတာလဲ။ အနိုင်းမဲ့ဆိုတဲ့ သူ့ကို အခုလို ရင်ထဲကမပါတဲ့စကားတွေ ပြောခဲ့မိလို့ သိပ်ပြီးဝမ်းနည်းကြေကွဲနေမိတာကြောင့်များလား။ ဟုတ်မှာပါ။ အဲ့ဒါကြောင့်ပဲဖြစ်မှာပါ။





ကိုနိုင်းရယ်။

ဖွေးလေးလေ။

ဖွေးလေး အရမ်းစိတ်ညစ်တာပဲရှင်။

အဟင့် ဟင့်။

အဟင့် ဟင့်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၁၁ |

ဟယ်။

နွေဂိမာန်တစ်ယောက် အနှိုင်းမဲ့ဆိုတဲ့ ကောင်လေးကိုကြည့်
ပြီး ကိုယ့်မျက်လုံးကိုပင် ကိုယ်မယုံကြည်နိုင်တော့သလို ဖြစ်သွာ
ရသည်။ သေသပ်စွာ ဖြီးသင်ထားသော ဆံပင်၊ မြင့်မားသောအရ
အမောင်းနှင့် လိုက်ဖက်စွာ ဝတ်ဆင်ထားသော အဝတ်အစားမျာ
ကြောင့် အနှိုင်းမဲ့ပုံစံလေးက တည်ငြိမ်ရင့်ကျက်သော လူကြီးလေ
တစ်ယောက်လိုပင် ရှင်းသန့်နေ၏။

ဒါ မိုးရေတွေထဲမှာ သူမကားနဲ့ ပွတ်တိုက်မိတဲ့ ကြွ
စုတ်လေးရေမွန်းသလို ဖြစ်နေတဲ့ အနှိုင်းမဲ့ဆိုတဲ့ ကောင်လေး
လား။ နှုတ်ခမ်းပြာနှမ်းနှမ်းလေးနဲ့ သူမကားလေးထဲမှာ ခန္ဓာကို





လေး တဆတ်ဆတ်တုန်ပြီး ခိုက်ခိုက်တုန်ကာ ချမ်းနေတဲ့ အနှိုင်းမဲ့ဆိုတဲ့ ကောင်လေးတဲ့လားကွယ်။

ကြည့်စမ်းပါဦး ပြောင်းလဲသွားလိုက်တာ။

တောင်းမှာအကွပ်၊ လူမှာအဝတ်ဆိုသလို နွေဂိမာန် ဆင်မြန်းပေးထားသော အဝတ်အစားတွေနဲ့ အပြောင်းလဲကြီး ပြောင်းလဲနေတဲ့ အနှိုင်းမဲ့။ အနှိုင်းမဲ့ကိုကြည့်ပြီး နွေဂိမာန် မျက်ဝန်းလေးတွေ သေမိန့်ကျသွားသလို နေရာလေးတစ်ခုမှာတင် ရပ်တန့်သွားရတော့သည်။

''မမ''

''.....''

''မမ''

''သြော်...အင်း နှိုင်း ပြင်ဆင်လို့ပြီးပြီလား''

''ဟုတ်ကဲ့ မမ၊ ဘယ်နှယ့်လဲ နှိုင်း ဝတ်စားထားတာ အဆင်ပြေရဲ့လား၊ မမ အနောက်ကနေလိုက်ရမှာဆိုတော့ လိုက်ဖက်မှုရှိအောင်တော့ အတတ်နိုင်ဆုံး ကြိုးစားထားတာလေ''

''အင်း...ကြည့်ကောင်းပါတယ်''

နွေဂိမာန် လှုပ်ရှားချင်နေတဲ့စိတ်ကို မနည်းထိန်းချုပ်ကာ ပြောလိုက်ရသည်။ ဘာကြောင့်များ ထူးထူးခြားခြား သူမရင်ခုန်သံ



www.burmeseclassic.com

www.burmeseclassic.com



တွေ မြန်ဆန်နေရပါလိမ့်။ မစဉ်းစားတတ်တော့ပါ။

"သွားရအောင် နှိုင်း"

အသံကိုထိန်းပြောပြီး စာရွက်စာတမ်းတွေပါသော ဖိုင်တွဲလေးကို ကောက်ယူလိုက်ပြီး လက်ကိုင်အိတ်လေးကိုလည်း ပခုံးထက်တွင် လွယ်လိုက်သည်။ ယိုင်နဲ့ချင်နေသော ခြေလှမ်းများကို ထိန်းလျှောက်ပြီး အနှိုင်းမဲ့ရှေ့ကနေ နွေဂိမာန် ထွက်ခဲ့လိုက်သည်။

တိုက်ထဲကနေထွက်လိုက်တော့ ပန်းခြံလေးထဲက ပန်းလေးတွေ ခူးပြီး တရွေ့ရွေ့လျှောက်လာနေတဲ့ နှင်းဖွေးလေးနှင့် ဆုံလိုက်ရ၏။ နွေဂိမာန်မျက်ဝန်းလေးတွေက ဖျတ်ခနဲဆိုသလို အနှိုင်းမဲ့ဆီရောက်သွားတော့ နှင်းဖွေးလေးဆီ မှင်သက်စွာ ငေးမောကြည့်နေသော အနှိုင်းမဲ့ကို တွေ့လိုက်ရသည်။ ဖွေးလေးဆိုတဲ့ ကောင်မလေးကလည်း နှိုင်းကိုကြည့်နေ၏။

နွေဂိမာန်ရင်လေး ဆစ်ခနဲနာကျင်သွားရသည်။ ဘာကြောင့်မှန်းမသိ ထိုအကြည့်တွေကို မမြင်မတွေ့ချင်လောက်အောင် နွေဂိမာန်စိတ်မှာ ဝန်တိုမှုလေးများ ဖြစ်သွားမိ၏။ တကယ်ဆိုလျှင် အခုလိုအခြေအနေမျိုးကို နွေဂိမာန် ကျေနပ်နှစ်သက်သွားရမှာလေ။

"နှိုင်း...ဘာလုပ်နေတာလဲ ကားပေါ်တက်လေ"

"ဗျာ...ဩော် ဟုတ်ကဲ့"





မျက်မှောင်လေးတွန့်ကုတ်ကာ မကြည်မလင်သတိပေးလိုက်တော့ သူ့မအခြေအနေကို ရိပ်မိတဲ့ အနှိုင်းမဲ့က ချက်ချင်းပင်ခေါင်းလေးညိတ်ကာ ကားထဲဝင်ထိုင်၏။

"မမနွေဂိမာန် အလုပ်သွားတော့မလို့လား"

နှင်းဖွေးလေးက အပြုံးလေးတွေနှင့် နှုတ်ဆက်ပေမယ့်နွေဂိမာန်က အဖက်မတန်သလို ကောင်မလေးကို လှည့်စောင်း၍ပင် မကြည့်ဘဲ ကားပေါ်တက်လိုက်သည်။ ရင်ထဲမပါဘဲဝန်ဆောင်မှုအပြုံးတုကို နွေဂိမာန် မဖန်တီးချင်။ ဒီသားအမိအပေါ်မှာ မုန်းတီးနေမိတဲ့စိတ်က ရင်မှာ အသက်ရှုကြပ်လောက်အောင်နိုင်နေတာမဟုတ်လား။ ကောင်မလေးက ဘယ်လောက်ပဲ သူ့မအပေါ် ခေါ်ပြောဆက်ဆံနေနေ အမြင်တွေပဲကတ်နေမိသည်။

"တောက်...မနက်စောစောစီးစီး ကျက်သရေမရှိတဲ့မျက်နှာကိုမှ တွေ့လိုက်ရတယ်လို့ ဒီနေ့တော့ မင်္ဂလာမဲ့ပါပြီ"

ဒေါသတွေ အကြီးအကျယ်ပေါက်ကွဲကာ ရေရွတ်မိသည်။

မမနွေဂိမာန်စကားကြောင့် အနှိုင်းမဲ့ရင်လေး နင့်ခနဲဖြစ်သွားရ၏။ ဘယ်သူ့ကိုရည်ညွှန်းပြီး အခုလိုထွက်ကျလာရသလဲဆိုတာလည်း သိနေသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။

တကယ်ဆို ဖွေးလေးက မမနွေဂိမာန်ကို ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်ပဲ နှုတ်ဆက်တာပါ။ အဖေတူအမေကွဲ ညီအစ်မဆိုတဲ့ စိတ်က လေးနဲ့ တလေးတစားဆက်ဆံခြင်းကို နာကြည်းမှုအခံရှိနေတဲ့ မမ နွေဂိမာန်က အကောင်းမမြင်နိုင်။

မမမှားသလားဆိုတာလည်း အနှိုင်းမဲ့ မတွေးချင်ပါဘူး။ မမနွေဂိမာန်မှာလည်း သူ့ခံစားချက်နဲ့သူ ရှိနေတာပဲကို။ ငယ်ငယ် လေးကတည်းက မိဘရဲ့ နွေးမြတဲ့အမိုးအရိပ်အောက်မှာ ရှင်သန် ခဲ့ရတဲ့ မမက အခုလို စိမ်းသက်တဲ့ လူတွေနဲ့ တစ်မိုးအောက်မှာ အတူတူရှိနေရတာဆိုတော့လည်း ပေါက်ကွဲခံပြင်းမှုတွေ ရှိနေတော့ မှာပဲလေ။

စိတ်မကောင်းမိ။

ဘယ်သူ့ကို စာနာပေးမလဲဆိုတာလည်း မစဉ်းစားတတ် တော့ပါ။

တဘက်က ကျေးဇူးရှင် မမနွေဂိမာန်။

သူ အခုလို ကောင်းကောင်းမွန်မွန်နေနေရတာ မမနွေဂိမာန် ရဲ့ ကျေးဇူးတွေကြောင့်ပဲလေ။ တကယ်ဆို ကားနဲ့ပွတ်တိုက်မိသည် ဆိုရုံကလေးနှင့်တော့ အခုလောက်ထိ စိတ်လိုလက်ရ တာဝန်ယူ ပေးနေဖို့ မလိုပါချေ။

ထိုက်သင့်သလောက် ဆေးကုသစရိတ်လေး ပေးလိုက်





ရင် သူ့ဘာတတ်နိုင်မှာတဲ့လဲ။ ဒီလိုပဲ ကျန်နေရစ်ခဲ့ရမှာပဲလေ။

ခုတော့ မမနွေဂိမာန်က စာနာထောက်ထားစွာ မောင်ငယ် လေးတစ်ယောက်လို စောင့်ရှောက်ခဲ့သည်။ လေးလေးနက်နက်ပင် သူ့အတွက်စဉ်းစားပြီး နေရာပေးခဲ့၏။ မမနွေဂိမာန်ရဲ့ စေတနာ အတ္တာတွေကို ဘယ်လိုအကြောင်းမျိုးနည်းနဲ့မှ မေ့မပစ်နိုင်ပါချေ။

တဘက်က ဖွေးလေးနဲ့ပတ်သက်ပြီး တွေးမိပြန်တော့ သူ့ရင်တစ်ခုလုံး လှိုက်နေအောင် ခံစားရပြန်ပါသည်။ စိမ်းကား အေးစက်တဲ့ မမနွေဂိမာန်ရဲ့ ဆက်ဆံမှုကြောင့် စိတ်မကောင်းကြီး စွာသော မျက်နှာ ညှိုးလျှလျှလေးနှင့် ကျန်နေရစ်ခဲ့၏။

ဖွေးလေးရယ် ကိုယ်တော့ မင်းတို့ညီအစ်မနှစ်ယောက်ကြား မှာ ဘယ်လိုနေရမှန်းတောင် မသိတော့ပါဘူးကွာ။ မင်းတို့ညီအစ်မ နှစ်ယောက် အလှုပ်မြန်ဆုံး ပြန်သင့်မြတ်စေချင်တယ် ဖွေးလေး ရယ်။ ဒါဟာ ကိုယ့်ရဲ့ ဆုတောင်းဖြစ်သလို မင်းရဲ့အိပ်မက်စိတ်ကူး ကလေးလည်း ဖြစ်မယ်ဆိုတာ ကိုယ်သိပါတယ်။

မင်းက မမနွေဂိမာန်ကို တအားခင်တွယ်ချင်နေတဲ့သူ မဟုတ်လား ဖွေးလေး။ မင်းမျက်ဝန်းလေးတွေထဲမှာ ပြည့်လျှံနေ တဲ့ သံယောဇဉ်ရောင်ခြည်လေးတွေကို ကိုယ်က မြင်နေခဲ့တာလေ။

ဒါပေမယ့် မမဘက်က သိပ်ပြီးတင်းလွန်းတော့ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒလေးတွေ ညှိုးဖျော့ရပြီပေါ့ကွာ။ စိတ်မကောင်းပါဘူး မွေးလေးရယ်။ ကိုယ် တကယ်ပဲ စိတ်မကောင်းပါဘူးကွာ။

"နှိုင်း"

"ဗျာ…မမ"

"မင်းက အိမ်မှာမနေချင်ဘူး၊ အလုပ်တစ်နေရာရာပေးပြီး နိုင်းပါဆိုလို့သာ ကုမ္ပဏီကိုခေါ်လာရတာ လက်ရှိမှာ အလုပ်နဲ့ ပတ်သက်ပြီးတော့ နေရာတစ်ခုပေးလို့မရသေးဘူးကွ၊ မမရဲ့ဆန္ဒက မင်းကို သင်တန်းတွေတက်စေချင်သေးတယ်၊ ပြီးတော့ ကားကို လည်း မောင်းတတ်စေချင်တယ်လေ၊ အဲဒါတွေအားလုံးကို အိမ်က နေသွားနိုင်းရင် ဖြစ်ပေမယ့် သူစိမ်းတွေရှိနေတဲ့ကြားမှာ စိတ်အားငယ် မှာစိုးလို့ ကုမ္ပဏီကနေပဲ သွားသင်ခိုင်းဖို့ ဆုံးဖြတ်လိုက်တာပဲ နှိုင်း"

"မမကလည်း နှိုင်းအတွက် သိပ်ပြီးမြင့်တဲ့နေရာ ပေးစရာမလိုတာ၊ အောက်ခြေကနေ ခိုင်းရင်လည်း ဖြစ်တာပါပဲ သင်တန်းတွေတက်တော့ ငွေတွေအများကြီးကုန်မှာပေါ့၊ အလုပ်လုပ် ရင်းရတဲ့ငွေနဲ့ပဲ တက်လို့မဖြစ်ဘူးလားဟင်၊ မမအတွက် ဒီထက်ပို ပြီး ဖိအားမဖြစ်စေချင်လို့ပါ။ အခုတောင် နှိုင်းအတွက်နဲ့ မမမှာ ဘယ်လောက်တောင် အကုန်အကျတွေ သိပ်ပြီးများနေပြီလဲ ကျွန်တော် မမကိုအားနာတယ်"





"နှိုင်း"

မမခေါ်သံက မာဆတ်ဆတ်။

မမရဲ့ လှပတဲ့မျက်နှာလေးက ခုတော့ မှုန်ကုတ်ကုတ်လေး ဖြစ်နေပြီ။ ချက်ချင်းကြီးပြောင်းလဲသွားတဲ့ မမပုံစံလေးကြောင့် နှိုင်းမဲ့ပင် လန့်သွားရ၏။ သူပြောတဲ့စကားတွေမှာ ဘာအမှားများ ပါသွားသလဲဆိုတဲ့ စိုးရိမ်စိတ်နှင့် သူ့ကိုယ်သူပင် ပြန်စဉ်းစားနေ မိတော့သည်။

"မင်းက အားနာတယ်ဟုတ်လား နှိုင်း၊ သူစိမ်းဆန်လိုက် တာနှိုင်းရယ်၊ အဲဒီလိုစကားမျိုးကို မင်းမို့ပြောရက်တယ်နော်၊ မမ ရင်ထဲမှာ နှိုင်းဟာ မမနဲ့ ဘာမှမသက်ဆိုင်တဲ့ လူတစ်ယောက်လို့ကို တွေးထားတာ၊ အဲဒါကို မင်းသိသင့်တာပေါ့၊ နှိုင်းအတွက် ဘယ်တုန်းကမှ ငွေကုန်များလေခြင်းလို့ မတွေးခဲ့တဲ့ မမရဲ့စေတနာ တွေကို မင်းမို့ စိမ်းကားရက်တယ်နှိုင်းရယ်"

"ဟာ…ဟာဗျာ နှိုင်း…နှိုင်းက"

"တော်တော့ နှိုင်း၊ ဆက်မပြောနဲ့တော့၊ မမကို သံယောဇဉ်ရှိတယ်၊ မမကိုချစ်တယ်ဆိုရင် မမပြောသလိုနေပေး၊ မခိုင်းတာပဲလုပ်၊ ကျန်တာ ဘာမှထည့်တွေးစရာမလိုဘူး၊ မမရဲ့ ဖြစ်စေချင်တဲ့ဆန္ဒကို ဖြည့်ဆည်းပေးရင်ပဲရပြီ"

"နှိုင်း…မမကိုချစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အို။

တိုးလျှသော နှိုင်းစကားလေးကြောင့် နွေဂိမာန်ရင်လေး ဆတ်ခနဲ လှုပ်ခတ်သွားရ၏။

သိသင့်တယ်။

နှိုင်းက အစ်မရင်းချာတစ်ယောက်လို ချစ်တယ်လို့ပြော လိုက်တာကို သူမသိနေပါလျက် အရေးမပါတဲ့ ရင်ထဲက နှလုံးသား တွေက မူမမှန်ချင်လောက်အောင် လှုပ်ရှားသွားတာ အမြင်ကတ် စရာပါပဲ။

သတိထား။ သတိထား နွေဂိမာန်။

အနှိုင်းမဲ့ကို အလွယ်တကူ ကောက်ပြီးမွေးစားခဲ့တဲ့ အဓိက အချက်ကို သေသေချာချာပြန်သုံးသပ်ပြီးတော့မှ စိတ်တွေကို လွှတ် စမ်းပါ။ နှိုင်းက ရိုးရိုးသားသားပြောတဲ့စကားကို စိတ်ကူးတွေယဉ် ပြီး မရှုးသွပ်ချင်စမ်းနဲ့ နွေဂိမာန်။ အသက်အရွယ်ငယ်ငယ်နဲ့ နယ်က နေ ဒုက္ခတွေရောက်ပြီး ရန်ကုန်မှာ အလုပ်တစ်နေရာရာလေးများ ရမလားဆိုပြီး လိုက်လာတဲ့ကောင်လေးရဲ့ လေးစားအားကိုးစိတ်ကို ဖျက်ဆီးရိုက်ချိုးဖို့လား။

အနှိုင်းမဲ့က အစ်မကြီးတစ်ယောက်လို ခင်တွယ်နေတာ ဒါကို သိသိကြီးနဲ့ ဘာကြောင့် စိတ်တွေက ပြောင်းလဲသွားချင်ရ တာလဲ နွေဂိမာန်ရယ်။





နွေဂိမာန်တစ်ယောက် သူမကိုယ်သူမ သတိတွေအထပ် ထပ်ပေးနေမိသည်။ အနှိုင်းမဲ့ဆိုတဲ့ကောင်လေးနဲ့ စတင်တွေ့ဆုံချိန် လေးကစပြီး နွေဂိမာန်တို့နေသည့် တိုက်ကြီးထဲ ခေါ်သွင်းလာကာ နေစေခဲ့သည့် အချိန်ထိ နွေဂိမာန်စိတ်တွေ ရိုးရှင်းခဲ့တာလေ။

ခက်တာက

သူမအိမ်ထဲကနေ ထွက်လာတော့

ဖွေးလေးဆိုတဲ့ ကောင်မလေးနဲ့ဆုံပြီး အနှိုင်းမဲ့နဲ့ ဖွေးလေး တို့ရဲ့ မျက်ဝန်းလေးတွေထဲက တွယ်ငြိနေတတဲ့ အရိပ်အငွေ့လေး တွေကို မြင်ဖြစ်အောင် မြင်တွေ့လိုက်ရစဉ်တွင် သူမစိတ်ထဲ တစ်မျိုး ကြီး ခံစားလိုက်ရတာကိုပဲ။ အခြေအနေတစ်ခုခုကိုပဲ စိတ်ထဲကနေ နှိပ်မိလိုက်လို့လားမသိ မလိုလားမကြည်ဖြူသည့်စိတ်တွေနှင့် လှုက ချောက်ချားသလို ဖြစ်နေရတယ်လေ။

နှိုင်း။

မင်းဖွေးလေးကို မခင်ရဘူးနော်။

မမ သူတို့သားအမိကို အကြိမ်ကြိမ်အခါခါ အရှုံးမပေးနိုင် ဘူး။

မမ မင်းကို သံယောဇဉ်တွယ်နေပြီနှိုင်း။

စတွေ့ကတည်းက မိုးရေတွေကြားမှာ မင်းကို ပစ်မထား နိုင်ခဲ့တဲ့အချိန်ကစပြီး ပြောင်းလဲနေတဲ့ ခံစားချက်ကို အံ့ဩနေတာ။



www.burmeseclassic.com

www.burmeseclassic.com



မမရဲ့စိတ်တွေ မရှုပ်ထွေးချင်ဘူး နှိုင်းရယ်။

ဒီတိုက်ကြီးထဲမှာ မမရဲ့အားငယ်မှုတွေ စိုးကြောက်မှုတွေကို မျှဝေခံစားနားလည်ပြီး မမဘက်ကနေ အမြဲရပ်တည်ပေးမယ့် မင်းဆီက ဖြေသိမ့်အားပေးမှုတွေ မမလိုအပ်နေတယ်လေ။

ဒေါ်နှင်းဧကရီကို မမရင်ဆိုင်ရဦးမှာ နှိုင်း။ မမတို့သားအမိ ရှုံးနိမ့်ခဲ့သမျှ ပြန်ရယူရဦးမယ်။ ဒါမှ မျှမျှတတရှိမှာပေါ့ နှိုင်းရယ်။ ဒါကြောင့် မမဘက်ကပဲ မင်းစာနာပြီး အားပေးပါနော်။ နှိုင်းကို မမယုံကြည်ပါရစေ။

"မမ"

"ပြော"

"နှိုင်းပြောတာယုံပါ မမရယ်၊ မမကို စတွေ့တဲ့နေ့ကတည်းက နှိုင်းခင်တွယ်ခဲ့တာပါ၊ မိုးရေထဲမှာ ပစ်ထားခဲ့လို့ရပါလျက်နဲ့ နှိုင်းကို ကားပေါ်ကနေဆင်းကြည့်ပြီး ဆေးခန်းပို့ပေးခဲ့တဲ့ မမရဲ့ညှာတာထောက်ထားစိတ်ကို နှိုင်း အဲ့ဒီနေ့ကမြင်ရတော့ တအားကို စိတ်လည်းလှုပ်ရှားခဲ့ရတယ်၊ မမက ရန်ကုန်ကိုခေါ်လာပြီး မွေးစားမောင်လေးအဖြစ် နေရာပေးပြန်တော့ တစ်ခါမှမရရှိခဲ့တဲ့ အစ်မတစ်ယောက်ရဲ့ နွေးထွေးတဲ့ စောင့်ရှောက်မှုကြောင့် ဝမ်းသာပျော်မြူးခဲ့ရတယ်ဗျာ၊ မမဟာ နှိုင်းရင်ထဲမှာ ထာဝရအစ်မရင်း





တစ်ယောက်ပါ၊ နှိုင်း ဘယ်တော့မှ မမအပေါ် မစိမ်းသက်ပါဘူး၊ မမအပေါ်မှာ အဲဒီလိုစိတ်မျိုးရှိနေလို့လည်း ပိုပြီး တာဝန်မပိစေချင်တဲ့ နှိုင်းရဲ့ရင်ထဲက ခံစားချက်ကို မမနားလည်ပေးပါနော်"

"နှိုင်းရယ်၊ မင်းကတော့ တကယ်စကားတတ်တဲ့ ကောင်လေးတစ်ယောက်ပါပဲ၊ မင်းပြောတာကိုနားထောင်ရတာ မမ စိတ်တွေတောင် လှုပ်ရှားနေရပြီ၊ အဟင်း ဟင်း"

"နှိုင်းပြောတာ ရင်ထဲကလာတဲ့စကားတွေပါ မမရယ်၊ နှုတ်ကနေ အပေါ်ယံလျှပ်ပြီး ထွက်လာတာမဟုတ်ပါဘူးဗျာ၊ အဲ့ဒါကိုတော့ မမယုံကြည်ပေးပါ"

"အေးပါကွာ ဟုတ်ပါပြီ၊ မမယုံကြည်ပါ့မယ်၊ ဒါဆို မပြောတဲ့စကားကိုလည်း မြေဝယ်မကျနားထောင်ဖို့သာ ကြိုးစားထားတော့နှိုင်း"

"ဟုတ်ကဲ့ပါ မမ"

အနှိုင်းမဲ့ဆိုတဲ့ ကောင်လေးက တလေးတစားပင် ဦးလေးညွှတ်ကာဖြေတော့ နွေဂိမာန်တစ်ယောက် ကျေနပ်စွာပင် ပြုံးလိုက်မိပါတော့သည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

''ဟင် မင်း မင်း ဖွေးလေး''

''ကိုနိုင်း''

အမှတ်မထင် တွေ့ဆုံလိုက်ရသဖြင့် ဖွေးလေးရော အနိုင်းမှဲ့ပါ ပါးစပ်လေးတွေအဟောင်းသားဖြစ်သည့်အထိ အံ့ဩမှင်သက်သွားကြသည်။

အပေါ်ထပ်လှေကားထစ်လေးမှဆင်းလာသော ဖွေးလေးနှင့် မြေညီထပ် ကွန်ပျူတာသင်တန်းလေးထဲမှထွက်လာသော အနိုင်းမှဲ့ လမ်းဘေးပလက်ဖောင်းလေးထက်တွင် တိုက်တိုက်ဆိုင်ဆိုင်ဆုံလိုက်ရသည်။

''ဖွေးလေးရဲ့စာသင်ဝိုင်းက''





''အပေါ်ထပ်မှာလေ ကိုနိုင်း၊ ဒုတိယထပ်မှာ၊ ကိုနိုင်းက ကွန်ပျူတာသင်တန်းလာတက်တာလား''

''ဟုတ်တယ် ဖွေးလေး၊ မမအပ်ပေးထားတာလေ၊ အဟွန်း ဝမ်းသာလိုက်တာကွာ ဖွေးလေးတက်နေတဲ့ ကျူရှင်ဝိုင်းနဲ့ တစ်နေရာတည်းမှာ နီးနီးကပ်ကပ်လေးရှိနေလို့၊ ကိုယ်တော့ အရမ်းဝမ်းသာတာပဲ''

ကိုနိုင်းက ဝမ်းသာပျော်မြူးနေသလောက် နှင်းဖွေးလေးကတော့ စိုးထိတ်အံ့ဩနေမိသည်။

မမကအပ်ပေးတာတဲ့။

ဖွေးလေးစာသင်ဝိုင်းရှိနေတဲ့နေရာရဲ့ အောက်ဆုံးမြေညီထပ်က ကွန်ပျူတာသင်တန်းမှာလေ။ ဒါဟာ မတော်တဆတိုက်ဆိုင်ခြင်းလား။ ဒါမှမဟုတ် မေမေပြောသလိုများ ဖွေးလေးကို စိတ်အနှောင့်အယှက်ပေးနိုင်အောင်များ မမဘက်က မသိမသာလေးဖန်တီးတာလား။

ဒါလည်းမဖြစ်နိုင်ပါ။

မနက်က ကုမ္ပဏီကိုသွားဖို့ တိုက်ထဲကထွက်လာတဲ့ မမနွေဂိမာန်နဲ့ ဆုံလိုက်သေးတာပဲ။ မမနံဘေးမှာ ကိုနိုင်းရှိနေသည်။ ဖွေးလေးကို မြင်တော့ မမနွေဂိမာန်မျက်နှာလေး ကွက်ခနဲပျက်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။

မလိုလားတဲ့မျက်ဝန်းတွေနှင့် ဖွေးလေးကိုကြည့်သည်။ ကိုနိုင်းရှေ့မှာ ဖွေးလေးရှိနေတာကို အလိုမရှိတဲ့ဝန်တိုမှု အကြည့်နက်နက်တွေကို မမဆီမှ တွေ့မြင်လိုက်ရတာမို့ ဖွေးလေးပင်ရှိန်သွားရ၏။

ကိုနိုင်းဆီ သတိလက်လွတ်ငေးမောမိသွားသော သူမရဲ့ မှင်သက်မှုကို သတိလေးနှင့် ထိန်းချုပ်ကာ အကြည့်ကို ချက်ချင်းလွှဲဖယ်လိုက်ရသည်။ မမနွေ့ဂီမာန် မနှစ်သက်တာကို သတိထားမိလိုက်လို့လေ။

"ဖွေးလေး"

"ရှင်"

"ဖွေးလေးရော ကိုနိုင်းကိုတွေ့လိုက်ရလို့ ဝမ်းမသာဘူးလားဟင်"

ဘယ်လိုမေးလိုက်တာလဲ ကိုနိုင်းရယ်။ ဖွေးလေးရဲ့ရင်ထဲကိုသာ ဝင်ကြည့်လိုက်ပါတော့ရှင်။ မမေရဲ့ အထပ်ထပ်သတိပေးနေမှုကြားက ကိုနိုင်းအပေါ်မှာ တွယ်ငြိနေမိတဲ့ ဖွေးလေးရဲ့ ချစ်ခြင်းမေတ္တာတွေကို ဘယ်လိုမှ တားဆီးထိန်းချုပ်လို့ကိုမရအောင်ပါပဲရှင်ရယ်။





"ဖွေးလေး"

"ရှင်"

"ဖြေလေ"

"ဟို ဟို ဝမ်းသာပါတယ်၊ ဒါပေမယ့်"

"ဘာမှ ဒါပေမယ့်မနေပါနဲ့ ဖွေးလေးရာ၊ ဒါက ဝင်ဒါမီယာထဲက တိုက်ထဲမှာရှိနေကြတဲ့ အခြေအနေမဟုတ်ပါဘူး၊ မြို့လယ်ခေါင် လမ်းကျဉ်းလေးထဲက ပလက်ဖောင်းပေါ်မှာ မထင်မှတ်ဘဲ တွေ့ဆုံခွင့်ရခဲ့တဲ့ အနေအထားလေးပါ၊ ဟန်ဆောင်ခြင်းတွေ မျိုသိပ်ထိန်းချုပ်ထားစရာတွေ ဘာမှမရှိသလို ဘယ်သူ့မျက်နှာတွေကိုမှ လိုက်ကြည့်ပြီး စိုးရိမ်ကြောက်ရွံ့နေစရာမလိုဘူး စိတ်ကို ဖြေလျှော့ပြီး ပေါ့ပေါ့ပါးပါးပဲထား၊ လာ ကိုယ်တို့ ဆိုင်တစ်ခုခုထိုင်ပြီး အအေးလေးသောက်ရအောင်"

"ဟင့်အင်း ကိုနိုင်း ဖွေးလေးမသောက်ချင်ဘူး"

"မငြင်းပါနဲ့ဖွေးလေးရယ်၊ ကိုနိုင်းကို ဖွေးလေးခင်တယ်မဟုတ်လားဟင်၊ လိုက်ခဲ့နော်၊ လာ"

"အို ကိုနိုင်း"

ပြောပြီးတာနှင့် သူမလက်ကလေးကို တင်းနေအောင်ဆုပ်ကိုင်ကာ ဆွဲခေါ်သွားသော ကိုနိုင်းနောက်သို့ ဖွေးလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသွားရတော့သည်။

ငြင်းဆန်မရတော့။

ရုန်းဖယ်မရတော့။

နွေးမြတဲ့ လက်တစ်ခုရဲ့ဆွဲခေါ်မှုနောက်သို့ ကော်ဘက် ကောက်ပါအောင်ပင် သူမလိုက်ပါသွားရတော့သည်။

ကိုနိုင်းရယ်။

ရှင် ဘာကြောင့် အခုလိုတွေ ဇွတ်တရွတ်ဆန်ချင်နေရတာလဲ။ ရှင့်လုပ်ရပ်တွေကြောင့် ဖွေးလေးစိတ်တွေ အရင်ကလို ငြိမ်သက်နေခြင်းတွေ ကင်းမဲ့ကုန်ပြီ ကိုနိုင်းရယ်။ ကြာရင် ဖွေးလေးရဲ့ ဟန်ဆောင်ထိန်းချုပ်မှုတွေက ကွာကျတော့မယ်။

အဲ့ဒီအခါကျရင် အာလုံး ဒုက္ခတွေရောက်ကုန်မှာ ကိုနိုင်းရဲ့။

အဓိက မမနွေဂိမာန်ရဲ့ အမျက်တော်ရှခြင်းပဲ။

မမနွေဂိမာန်က ဖွေးလေးနဲ့ရှင့်ကို အကင်းရှင်းဆုံးနေတာကို ပဲ လိုလားတဲ့သူလေ။ အခုလိုပုံစံမျိုးကိုသာ မြင်တွေ့လိုက်ရင် သူ့ အကြီးအကျယ်ပေါက်ကွဲမှာ။ ရှင့်ဘဝလည်း စုတ်ပြတ်သတ်အောင် သူလုပ်မှာသေချာတယ် ကိုနိုင်းရယ်။

"ဖွေးလေး ရော့၊ အအေးနဲ့ ဒိုးနတ်မုန့်တွေ"

သူကတော့ ခပ်အေးအေးပါပဲ။





ခေါင်းထဲ ဘာအပူမှမရှိသလို ဒိုးနတ်ဆိုင်ထဲက စားပွဲဝိုင်းလေးတစ်ခုတွင် သူမကို နေရာချပေးထားခဲ့ကာ စားစရာတွေ သွားဝယ်ပြီး သယ်လာ၏။ သူမစားဖို့ စားပွဲပေါ် လင်ဗန်းလေးချ ကာ အပြုံးနုနုလေးတွေနှင့်ပင် ဂရုတစိုက်ကျွေးနေသေးသည်။

"စားလေ ဖွေးလေး"

"ကိုနိုင်းလည်းစားလေ"

"စားမှာပေါ့ မုန့်တွေအများကြီးဝယ်လာတဲ့ဟာ၊ စားမှာ၊ ရော့ ဖွေးလေးလည်းစား"

ကိုနိုင်းမျက်နှာက ကြည်လင်လန်းဆန်းနေသလို မျက်ဝန်းလေးတွေထဲမှာလည်း အကြင်နာလေးတွေကပြည့်လို့။ မုန့်ပန်းကန်လေးတွေ သူမရှေ့တိုးချပေးသလို အအေးခွက်ကိုလည်း တယုတယ ချပေးသည်။

ဘာကြောင့်မှန်းမသိ တစ်ဒင်္ဂလေးတော့ သူမရင်တွေ ခုန်လှုပ်ကာ ပျော်ရွှင်ကြည်နူးမိတာအမှန်ပဲဖြစ်သည်။ ကိုနိုင်းရှေ့ ဘာနေထပြီး ထွက်ခွာသွားပစ်လိုက်မည်ဆိုသည့် အတွေးမျိုး လည်းနည်းလေးမျှပင်မရှိချေ။

ကိုနိုင်းကို စတွေ့တဲ့နေ့ကတည်းကစပြီး ဖွေးလေးလည်း ခင်တွယ်နေမိတာပါပဲလေ။ ဒဏ်ရာတွေနဲ့ အခက်အခဲဖြစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် မေမေမသိအောင် အောက်ထပ်ကနေ ရေသန့်ဗူးလေးတွေ သွားယူပေးခဲ့သေးတာပဲဟာ။

အဲ့ဒီနေ့ကတည်းက အသိစိတ်ထဲမှာ ဘယ်လောက်ပဲကြောက်ရွံ့မှုတွေရှိရှိ မသိစိတ်လေးတွေထဲမှာတော့ သတ္တိလေးတွေ မသိမသာခိုတွယ်ပြီး သူနဲ့ရင်းနှီးခင်မင်နေမိသည်လေ။

"ဖွေးလေး"

"ရှင်"

"စာတွေလိုက်နိုင်ရဲ့လား"

"ဟုတ်"

"နားမလည်တာရှိရင် ကိုယ့်ကိုမေးလေ၊ ကိုယ်ရှင်းပြပေးမယ်"

"ရပါတယ်"

သူစာတော်တယ်ဆိုတာ ဖွေးလေးသိပါသည်။ ဆယ်တန်းမှာ ဂုဏ်ထူးတွေအများကြီးနဲ့အောင်ထားတဲ့ အနှိုင်းမဲ့အကြောင်းကို မမနှေဂိမာန် ပြောပြထားလို့ ဖွေးလေးသိထားပြီးသားပဲ။

"ကိုနှိုင်း"

"ပြော ဖွေးလေး"

"ရန်ကုန်ကို ဘာကြောင့်ရောက်လာရတာလဲဟင်"





"ပတ္တေးနဲ့မတည့်လို့"

"ရှင်"

"ကိုယ့်အမေရဲ့ နောက်အိမ်ထောင်ကဆိုးတယ်လေ၊ ကိုယ်နဲ့ အမြဲတမ်းပြဿနာဖြစ်ဖြစ်နေတော့ မနေချင်လို့ ထွက်လာခဲ့တာ၊ အခုက အမေ့ကိုသနားလို့"

ဪ။

ဒါကြောင့် မမနှေဂိမာန်က ကိုနှိုင်းကို မောင်လေးအဖြစ်ခေါ်စားခဲ့တာကိုး။ မမရင်ထဲမှာလည်း ဖွေးလေးမေမေနဲ့ပတ်သက်ပြီး စိတ်ခံစားချက်ကရှိနေတာမဟုတ်လား။

"ဖွေးလေး"

"ရှင်"

"ဘယ်သူတွေဘာပဲပြောပြော ဖွေးလေးကို ကိုယ်ခင်တယ်ကွာ၊ အဲ့ဒါ ဘယ်လိုမှတားမရတဲ့ အချက်ပဲ"

တကယ်တော့ နှင်းဖွေးလေးဆိုတဲ့ သူမလေးကို ရင်ထဲအသည်းထဲကနေ တိတ်တိတ်လေးကြိတ်ပြီး ချစ်နေမိတာပါ။ သို့ပေမယ့် သိပ်ချစ်နေတဲ့ အကြောင်းလေးကိုတော့ ဖွင့်မပြောရဲ။ ဖွေးလေးဆီက အခုလို ခင်မင်မှုလေးရအောင်တောင် မနည်းကြိုးစားနေရတာလေ။ ဒီအခြေအနေလေးပျက်စီးသွားမှာကို သေလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်ပင် အနိုင်းမဲ့ ကြောက်နေမိသည်။

ဖွင့်မပြောရဲပါဘူး။

ဖွေးလေးစိတ်ဆိုးသွားမှာ လုံးဝမလိုလားပါ။

""ဖွေးလေး""

""ရှင်""

""ဖွေးလေးရော ကိုယ့်ကိုခင်တယ်မို့လား""

""ဟုတ်""

""ကြောက်စိတ်တွေရောရှိသေးလား ဖွေးလေး""

""ရှိတော့ရှိတယ်""

ဖွေးလေးရယ်။

ကြောက်စိတ်တွေရှိနေတဲ့ကြားကနေ ကိုယ့်ကို ခင်တယ် ပေါ့လေ။ ဝမ်းသာလိုက်တာကွာ။ ကျေနပ်ပါပြီဖွေးလေးရယ်။ အ လိုစိတ်မျိုးလေး ထားပေးတဲ့အတွက် ဖွေးလေးကို ကျေးဇူးတင်ပါ တယ်ကွာ။

""ဖွေးလေး""

""ရှင်""

""ကိုယ်တို့ နောက်ဆို အခုလိုပဲ အပြင်မှာ ခင်ခင်မင်မ ရင်းရင်းနှီးနှီး နေကြရအောင်နော်""





""မမနွေဂိမာန်သိသွားရင် ဘယ်လိုလုပ်မလဲ""

""မသိနိုင်ပါဘူး၊ မမက သူ့အလုပ်နဲ့သူတောင် အားလပ် တဲ့သူမဟုတ်ဘူး၊ ဘယ်သူက မျက်စိဒေါက်ထောက်ကြည့်နေနိုင် မလဲ""

""သိသွားရင် ကိုနိုင်းနဲ့ ပြဿနာ အကြီးအကျယ်တက်မှာ နော်၊ ဒါဆို ရှင့်အနာဂတ် မြောင်းထဲရောက်သွားနိုင်တယ်""

""ကိုယ်မကြောက်ပါဘူး၊ ကိုယ့်ဘဝက အစကတည်းက သုညပဲဟာ၊ ဘာကိုမှမမက်မောဘူး၊ ကိုယ်ကြောက်တာ ကိုယ်သာ မမနွေဂိမာန်မွေးစားထားလို့ တောက်တောက်ပြောင်ပြောင်နေရတဲ့ ဘဝက စွန့်ပစ်ခံလိုက်ရလို့ လမ်းဘေးရောက်သွားရင် ဖွေးလေး ခင်တွယ်တော့မှာကိုပဲ စိုးရိမ်တာပါ၊ ကိုယ် ရင်မဆိုင်ရဲဆုံးက အဲဒီနေ့ရက်ရောက်လာမှာကိုပဲ""

""အို ဘာဆိုင်လို့လဲ ဖွေးလေးက ဂုဏ်တွေ၊ ငွေတွေ၊ ဓနသဿနတွေ မက်မောတတ်တဲ့သူမှမဟုတ်တာ၊ အဆင့်အတန်းခွဲ ခြားတတ်တဲ့စိတ်နဲ့ ဘယ်သူ့ကိုမှ မပေါင်းသင်းတတ်ဘူး၊ ရင်ထဲက ရှိတဲ့အတိုင်း ခင်တတ်တာ ဖွေးလေးရဲ့စိတ်ဓာတ်ပဲ""

""ဟာကွာ ဝမ်းသာလိုက်တာဖွေးလေးရယ်၊ အဲ့ဒီစကား ကြားရလို့ ကိုယ်တော့ သေပျော်သွားပြီကွာ""



www.burmeseclassic.com

www.burmeseclassic.com



အနိုင်းမဲ့ တကယ်ပဲဝမ်းသာသွားမိသည်။

သူကြောက်တာက ဖွေးလေးမခင်တွယ်တော့မှာကိုပဲလေ။ မမရဲမြင့်မားတဲ့ အရှိန်အဝါတွေ ပြန်ရုပ်သိမ်းသွားတဲ့တစ်နေ့ သူ့အနား မှာ ဖွေးလေးဆိုတဲ့ သိပ်မြတ်နိုးရတဲ့ မိန်းကလေးက အားပေးဖော် အဖြစ်နဲ့ ရှိနေပေးတယ်ဆိုရင်ပဲ အရာအားလုံး ပြီးပြည့်စုံပါပြီ။

"ကိုနိုင်း"

"ပြော"

"ဖွေးလေးတို့ ခင်မင်နေတာတွေကို အိမ်အထိတော့ သယ်လို့မဖြစ်ဘူးနော်၊ မေမေ့ကို ဖွေးလေးသိပ်ကြောက်တယ်၊ မေမေ သာသိသွားရင် ဖွေးလေးကိုဆူတော့မှာ"

"အင်းပါကွာ…ကိုယ်နားလည်ပါတယ်"

"ကဲ…ဒါဆိုလည်း ဖွေးလေးသွားတော့မယ်၊ အိမ်မှာ စာကျက်ပေးဖို့ ဂိုက်ငှားထားတာဆိုတော့ အချိန်မီပြန်မှဖြစ်မယ်လေ၊ တော်ကြာ သင်တန်းချိန်ပြီးတာတောင် ပြန်မလာသေးဘူးဆိုပြီး မေမေ က စောင့်နေဦးမယ်"

"သြော်…အင်း ဒါဆိုလည်း ပြန်ကြစို့လေ"

သူက ကြည်ကြည်ဖြူဖြူပင် နားလည်မှုရှိစွာ ပြန်ဖို့ပြင် သည်။ ဖွေးလေး ထိုင်နေရာမှထရပ်ကာ သူ့နောက်မှနေ၍ လိုက်ပြီး





ဆိုင်ထဲကနေ ထွက်ခဲ့၏။

ဘာကြောင့်မှန်းမသိ စိတ်ထဲမှာ ပျော်နေသလိုလို။

သူနဲ့အတူ ရှိနေရခြင်းလေးကို ကျေနပ်သာယာနေမိတာ အမှန်ပါပဲ။

ကိုနိုင်းရယ်။ ဖွေးလေးတော့လေ ရှင့်ကို သံယောဇဉ်တွေ တွယ်နေမိပြီသိရဲ့လား။

မေမေသာသိရင်တော့ ဖွေးလေးကို သတ်တော့မှာပဲ။

ကိုနိုင်းနဲ့ လုံးဝမပတ်သက်ရဘူးလို့ မှာထားတာလေ။ ဒါပေမယ့် ဖွေးလေး မေမေ့စကားအတိုင်း မလိုက်နာနိုင်ပါဘူး။ ဖွေးလေးက ရှင့်ကို တကယ်ပဲ ခင်မင်နေမိတာကို ဘယ်တတ်နိုင် ပါ့မလဲနော်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၁၇ |

"အခုတလော သင်တန်းကနေ အိမ်ပြန်ပြန်လာတဲ့အချိန်တွေ နောက်ကျနေသလိုပဲ ဖွေးလေး၊ မေမေသတိထားမိတာလေးငါးကြိမ်ရှိနေပြီနော်၊ ဟုတ်ရောဟုတ်သေးရဲ့လား ဖွေးလေး၊ မေမေ့ကို ဘာတွေကွက်ကျော်ရိုက်နေပြီလဲ"

"မေမေကလည်း သင်တန်းချိန်ဆိုတာ တစ်ခါတစ်ခါ စာသင်နေရင်းနဲ့ ကျော်တက်သွားတတ်တာတွေရှိနေတဲ့ဟာကို ဘယ်လိုလုပ်ပြီး တိတိကျကျ ပုံသေသတ်မှတ်ထားလို့ရမှာလဲ မေမေရဲ့"

မေမေ ယုံကြည်အောင်သာ ပြောလိုက်ရတာ ရင်ထဲမှာတော့ တလှပ်လှပ်။ လှုပ်ရှားချင်နေတဲ့စိတ်ကြောင့် သူမမျက်ဝန်း





လေးတွေက မငြိမ်သက်ချင်ချင်ပါ။

ခုတလော ကိုနိုင်းနှင့် သူမတို့ သင်တန်းရက်တူသောနေ့လေးများတွင် သင်တန်းချိန်ပြီးတာနှင့် နှစ်ယောက်သား အတူတူ အေးသောက်ဆိုင်တွေ သွားသွားစားတတ်သလို တစ်ခါတစ်ရံ မြို့ထဲ စီးတီးမတ်တွေ လျှောက်သွားကာ ပတ်ကြည့်တတ်သည်။

ဖွေးလေးနှစ်သက်တတ်သော ဖန်စီကလစ်လေးတွေ၊ ခေါင်းစည်းကွင်းလေးတွေ ရွေးချယ်ကာ ဝယ်လာတတ်သည်။ ဒါကို မေမေတို့ လုံးဝမရိပ်မိကြချေ။ အပြင်မှာသာ နှစ်ယောက်သား ဘယ်လိုပဲ ခင်မင်ရင်းနှီးနေကြ အိမ်ပြန်ရောက်တာနှင့် တကယ့် မျက်နှာတည်တည်နှင့် သူစိမ်းတွေလိုပဲ နေကြတာမို့လည်း သံသယတွေ ကင်းရှင်းနေကြသည်။

"ဖွေးလေး"

"ရှင်"

"မေမေက သမီးကို ယုံကြည်လို့လွှတ်ထားတာနော်၊ ဘာဘာညာညာအသံတွေ မကြားချင်ဘူး၊ အခုချိန်မှာ သမီး ပိုပြီး သတိထားသင့်တယ် ဖွေးလေး၊ နောက်မာနက အစွမ်းအစထက်ထက်မြက်မြက်နဲ့ ဖအေရဲ့အားကိုးယုံကြည်မှုကို ရယူနေချိန်မှာ ဖွေးလေးက ခြေလှမ်းတွေပျက်ပြီး အမေရဲ့စိတ်ငြိုငြင်မှုကိုယူဖို့ မကြိုးစားနဲ့



www.burmeseclassic.com

www.burmeseclassic.com



နော်၊ မေမေ လုံးဝခွင့်လွှတ်မှာမဟုတ်ဘူး''

''မေမေကလည်း ဖွေးလေး ဘာလုပ်နေလို့လဲ''

''အေးပါ…ဘာမှမလုပ်သေးဘူးဆိုပေမယ့် မလုပ်ဖြစ်အောင်နေဖို့ ကြိုသတိပေးနေတာ ဖွေးလေး''

ဖွေးလေး ငြိမ်နေမိသည်။

ကိုနိုင်းနဲ့ခင်တာ မေမေ စိတ်ငြိုငြင်စရာမှမရှိတာ။

မေမေပဲ သံသယစိတ်တွေနဲ့ အထင်အမြင်တွေလွဲပြီး စိုးရိမ်ကြောက်ရွံ့နေတာလေ။ မမနွေဂီမာန်ရဲ့ ခြေလှမ်းတွေကို ကြိုတွက်ပြီး အယုံအကြည်မဲ့မှုတွေနှင့် တစ်ချိန်လုံး စောင့်ကြည့်နေ၏။

ကိုနိုင်းကို ဒီတိုက်ကြီးထဲ ခေါ်လာခြင်းအပေါ်မှာ မေမေလုံးဝအမြင်မကြည်ချေ။ ဖေဖေက နှင်းဖွေးလေးကို အရေးပေးလွန်းတာ မဟုတ်လား။ နှင်းဖွေးလေးကြောင့်လည်း ဒီတိုက်ကြီးထဲမှာ သားအမိနှစ်ယောက် နေရာရနေခြင်းအပေါ် မမနွေဂီမာန်က အငြိုးအတေးထားသည်ဟုထင်ကာ မမနွေဂီမာန်ရဲ့ လုပ်ရပ်မှန်သမျှအပေါ် သံသယစိတ်တွေဝင်နေခဲ့သည်။

ကိုနိုင်းကို အိမ်ခေါ်လာခြင်းကလည်း မရိုးသားနိုင်ဘူးဟုပဲ တထစ်ချတွက်ကာ နှင်းဖွေးလေးကို သတိရှိဖို့ပဲ အမြဲတမ်းမှာကြားနေတတ်သည်။





ခက်တယ်။ မေမေနဲ့မမကြောင့် သိပ်ခက်တာပဲ။

ဘာကြောင့်များ အဲဒီလောက်တောင် စည်းစိမ်ချမ်းသာမှုတွေကို မက်မောနေရပါလိမ့်။ ရတာထက် ပိုလိုချင်ကြသည်။ ရှိတာထက် ပိုရှိနေချင်ကြ၏။ အတ္တတွေရဲ့ ပြိုင်ဆိုင်မှုနောက်သို့ လှည့်မကြည့်စတမ်း လိုက်နေကြတာ မမောနိုင်၊ မပန်းနိုင်ပါ။

ကိုနိုင်းနှင့် အနီးကပ် ခင်မင်ရင်းနှီးတော့မှ ကိုနိုင်းရဲ့ ရိုးသားဖြူစင်သောစိတ်ဓာတ်ကို ဖွေးလေး သိလာရ၏။

မေမေထင်ထားသလို ကောက်ကျစ်မှုကင်းသည်။

ဖွေးလေးကို ရင်ထဲကနေကြိတ်ပြီး ချစ်နေတာတောင် ဖွေးလေး စိတ်ညစ်ရမှာစိုးပြီး ဖွင့်မပြောဘဲ မျိုသိပ်ကြိတ်မှိတ်ခံစားနေတဲ့ သူ့ခံစားချက်ကို ဖွေးလေးစိတ်က အလိုလိုသိမြင်ဖတ်တတ်နေတာပေါ့။ ဖွေးလေးနဲ့ မဝေးချင်တာတစ်ခုကလွဲပြီး ကျန်တဲ့အရာတွေအားလုံး ကိုနိုင်းခေါင်းထဲမှာ ရှိမနေချေ။

မမနွေဂီမာန်ပေးထားတဲ့ အဆောင်အယောင်တွေကိုလည်း ကိုနိုင်းက မမက်မောသလို ဖွေးလေးကို ရယူပိုင်ဆိုင်ခွင့်ရလို့ နောက်ပိုင်းရရှိလာမယ့် ဘယ်လိုအခွင့်အရေးမျိုးကိုမှလည်း မမျှော်မှန်းချေ။ ကိုနိုင်းရဲ့စိတ်ဓာတ်က တကယ့်အဖြူထည်။

''ဖွေးလေး''



www.burmeseclassic.com

www.burmeseclassic.com



''ရှင်''

''အနှိုင်းမဲ့ဆိုတဲ့ကောင်လေးကိုလည်း လုံးဝအရောဝင်ဖို့ မကြိုးစားနဲ့နော်၊ ဟွန်း ဒီကောင်လေးက နွေဂီမာန်ရဲ့လူယုံပဲ၊ အခုပဲ ကြည့်လေ နွေဂီမာန် မြှောက်စားထားလို့ ဘယ်လောက်တောင် မြောက်နေသလဲဆိုတာ၊ ရောက်လာတဲ့နေ့ကပုံစံနဲ့ တခြားစီပဲ၊ မျက်နှာ ထားကအစ တစ်လောကလုံး သူတို့လုပ်စာပဲ ထိုင်စားနေကြသလို လိုနဲ့ တစ်စက်ကလေးမှကို ကြည့်မရပါဘူး၊ နွေဂီမာန်ကလည်း ဒီကောင်လေးအပေါ် ကျသလားမမေးနဲ့၊ အနှိုင်းမဲ့စီးဖို့ဆိုပြီး ကားတစ်စီးအသစ်တောင် ဝယ်ပေးလိုက်ပြီ၊ ကောင်လေးကလည်း မိန်းကလေးတွေခိုက်မယ့်ပုံစံမျိုးကို၊ နွေဂီမာန်ကြွေမယ်ဆိုလည်း ကြွေလောက်ပါပေရဲ့အေ၊ အမြင်ကတ်လိုက်တာ၊ တစ်ချိန်လုံး မမ မမနဲ့ အချိုသတ်ပြီး မသိမသာသိုက်တူးနေတာ၊ အထင်ကြီးစရာ တစ်စက်မှမရှိဘူး''

''မေမေကလည်း သူများအကြောင်းကို မဟုတ်ကဟုတ်က လျှောက်ပြောနေတယ်၊ ကြားသွားရင် မကောင်းပါဘူး မေမေရယ်''

မေမေ့အသံက အခန်းလေးထဲမှာ စူးပြီးကျယ်လောင်နေတာမို့ နှင်းဖွေးလေး အထိတ်တလန့် တားဆီးလိုက်မိသည်။





''အမယ်လေး…ကြားတော့ဘာဖြစ်လဲ၊ မမှန်တာပြောတာ မှမဟုတ်တာ အမှန်တရားတွေပဲဟာကို၊ ကြားပါစေပေါ့၊ အရေးမစိုက် ပါဘူး၊ သင်းအဖေကလည်း အခုကြမှ ဘာတွေဖြစ်နေသလဲမသိ ဘူး၊ နွေဂီမာန်လုပ်သမျှ တစ်ချက်ကလေးမှကို မေးမြန်းခြင်းမရှိဘဲ ငြိမ်နေတာလေ၊ ဒီကောင်မလေးကို ဒီအတိုင်းဆက်လွှတ်ထားလို့က တော့ မလွယ်ဘူး၊ တားခိုင်းပြန်ရင်လည်း ညည်းအဖေ ဂီယာနက ခေါင်းထဲမထည့်ဘူးဆိုတော့ ငါ့မှာ ခက်နေရတာပေါ့၊ သူကိုယ်သူ အပြစ်ရှိသူဆိုပြီး သူ့သမီးကြီးရဲ့ ဆန္ဒတွေအားလုံး လိုက်လျောနေ တာ၊ သူ့ကြောင့်တော့ ခက်ပါတယ်အေ''

ပြဿနာပဲ။ မကျေနပ်ချက်တွေ အစုလိုက်အပုံလိုက်နဲ့ ပေါက်ကွဲနေတဲ့ မေမေ့ကိုကြည့်ပြီး ဖွေးလေး ဘယ်လိုတားဆီးရ မှန်းပင် မသိတော့ချေ။

စာသင်ဝိုင်းကနေ ပြန်ပြန်လာတာ နောက်ကျတဲ့ သူမရဲ့ အပြစ်က အခုတော့ မေမေ့အာရုံထဲတွင် ရှိမနေတော့။ မမနွေဂီမာန် တ ကိုနှိုင်းအပေါ်ကို အလိုလိုက်ကာ အစစအရာရာပြည့်စုံအောင် ဖြည့်စီးပေးနေသည့် အဖြစ်ကိုသာ မေမေတွေးပြီး ဒေါသတွေသာ ထွက်နေတော့သည်။

''မေမေ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ကိုနိုင်း…အဲ ကိုအနိုင်းမဲ့အတွက် ကားအသစ်တစ်စီး ဝယ်ပေးလိုက်တဲ့အကြောင်း ဖေဖေ့ကို ပြောပြပြီးပြီလား မေမေ"

"ပြောပြီးပြီလေ…ဒါကို သင်းက ဘာမှမဖြစ်သလိုနေနေ လို့ အသည်းယားနေရတာပေါ့"

"မေမေကလည်း ဖေဖေ့ကို ဘာဖြစ်လို့ သွားပြောတာလဲ၊ ကျန်းမာရေးမကောင်းလို့ စိတ်ညစ်နေရတဲ့အထဲ မေမေ့ကြောင့် စိတ်ပို ရှုပ်နေရဦးမယ်"

ဖွေးလေး ဖေဖေ့ကိုတော့ အရမ်းသနားသည်။

ဖေဖေက မေမေနဲ့ မမနွေဂီမာန်ကြားမှာ အတော်လေး စိတ်သောကတွေ များနေရ၏။ ဘယ်လောက်ပဲ ဟန်ဆောင်ကောင်း ပြီး မသိချင်ယောင်ဆောင်နေနေ အရင်ကထက် အတွေးတွေနဲ့ တစ်ချိန်လုံးရှိနေသော ဖေဖေ့ရဲ့ နေထိုင်မှုကိုကြည့်ပြီး ဖွေးလေးပင် စိတ်မကောင်းဖြစ်နေရသည်။

ဖေဖေ ဘယ်လောက်တောင် စိတ်တွေမွန်းကြပ်ပြီး မောပန်း နေလိမ့်မလဲဆိုတာ အနီးကပ် ဖေဖေ့အနားမှာ ပြုစုနေတဲ့ ဖွေးလေးက အသိဆုံးပေါ့လေ။

ဒါကြောင့် မေမေ အခုလို သွားသတင်းပေးခြင်းအပေါ်





ဖွေးလေး စိုးရိမ်ပူပန်သွားရသည်။

"သူစိတ်ညစ်ရအောင် မေမေက လုပ်တာမှမဟုတ်တာပဲ ဖွေးလေး၊ သူအထင်ကြီးနေတဲ့ သူ့သမီးလုပ်တာပဲဟာ၊ ကြည့်နေပါ တစ်စတစ်စနဲ့ ရှိသမျှစည်းစိမ် နွေဂီမာန်လက်ချက်နဲ့ ပြုတ်လိမ့် မယ်"

"မေမေကလည်း"

နှင်းဖွေးလေးရဲ့ တားဆီးသံက လေးအိအိ။

"အနိုင်းမဲ့ဆိုတဲ့ ကောင်လေးက ဘယ်လောက်ယုံကြည် စိတ်ချရမှာမို့လို့ နွေဂီမာန်က ရက်ရောနေရတာလဲ၊ ဘယ်မှာနေမှန်း မသိ၊ ဘယ်ကလာမှန်းမသိ၊ မိဘတွေက ဘယ်သူဘယ်ဝါဆိုတာ တောင်မသိတဲ့ ကောင်လေးကို အခုလိုတွေ လုပ်ပေးနေတာ ဟုတ်မှ မဟုတ်တော့တာ"

"မေမေကလည်း မမနွေဂီမာန်က အဲဒီလောက်ညံ့ဖျင်း တဲ့ မိန်းကလေးတစ်ယောက်မှ မဟုတ်တာ၊ ပြီးတော့ မမနွေဂီမာန် မှာက ယုံကြည်စိတ်ချရတဲ့ ဝန်ထမ်းတွေ အများကြီးပဲဟာ၊ ကိုအနိုင်း မဲ့အကြောင်းတော့ စုံစမ်းမှာပါပဲ၊ သူစိတ်ချရလို့ အခွင့်အရေးတွေ ပေးထားတာပဲဖြစ်မှာပါ"

"အို…ဘယ်လိုပဲဖြစ်ဖြစ် တရားကိုလွန်နေတာကြီးပဲ



www.burmeseclassic.com

www.burmeseclassic.com



တော့ မသိချင်ယောင်ဆောင်ပြီး မနေနိုင်ပါဘူး၊ ဘာပဲပြောပြော လက်ရှိမှာ မေမေက ဦးသက်ဝေထွန်းရဲ့ တရားဝင်ဇနီးမယားပဲ၊ စည်းလွတ်ဘောင်လွတ်လုပ်နေတာကိုတော့ အမြင်မတော်ရင် တားဆီးပိတ်ပင်ရမှာပဲလေ''

''မေမေ''

''ဘာလဲ ဖွေးလေး''

''မေမေပြောချင်တာ ဟုတ်ပေမယ့် အခုတော့ ခဏ စောင့်ကြည့်ပေးပါဦး မေမေရယ်၊ မေမေနဲ့မမတို့ စကားပြောတာ အဆင်မပြေဖြစ်ပြီး စကားများရင် ကြားကနေ ဖေဖေ ပိုပြီးသောကဖြစ်ရမှာ၊ မေမေ့မျက်နှာကိုလည်း ထောက်ထားပါဦး မေမေရယ်''

''ညည်းအဖေကို ဦးထိပ်မှာထားလို့ အိမ်ထောင်ဦးစီး တစ်ယောက်အနေနဲ့ ငါက သွားတိုင်ပင်ဆွေးနွေးပြီးပြီ ဖွေးလေး၊ ဒါကို သူက ရေငုံနှုတ်ပိတ်နေတယ်လေ၊ သူ့ကိုသာ ဆက်ပြီးငုံ့နေရင် ရှိသမျှစည်းစိမ်ပြောင်တော့မှာ ဖွေးလေးရဲ့''

''ဖေဖေက မေမေ့အတွက်လည်း ပေးသင့်သလောက် ပေးထားတာပဲ မေမေရယ်''

''အမယ်လေး…ဒါက အစွန်အဖျားပါအေ၊ အရင်းမိန်းမ အတာဆီမှာရှိတဲ့ လက်ဝတ်ရတနာအတွင်းပစ္စည်းဆိုတာ နည်းတာ





မဟုတ်ဘူး၊ မေမေတို့ ဘာကိုမြင်ရဖူးလို့လဲ၊ ဒါတွေ မေမေ့အတွက် မဟုတ်ရင်တောင် သမီးဖြစ်တဲ့ ဖွေးလေးလည်း ရသင့်တယ်လေ၊ ဒါကို မသိချင်ဟန်ဆောင်ပြီး သူ့သမီးကြီးကိုပဲ ကြိတ်ပေးဖို့ ကြံစည်နေတာ၊ တော်တော်မတရားတဲ့ အဖိုးကြီး၊ လုပ်ငန်းကြီးတွေကိုလည်း သူ့သမီးကြီး နွေဂိမာန်ကိုပဲ ဦးစီးခိုင်းတယ်၊ မေမေတော့ လုံးဝကို ခေါင်းမငုံ့နိုင်ပါဘူး''

မေမေ့အသံက မာဆတ်နေသည်။

မေမေ့မျက်နှာက မာထန်နေ၏။

မေမေ့ကိုကြည့်ပြီး ရင်မောနေရသူက ဖွေးလေးပါပဲ။ ရယူပိုင်ဆိုင်လိုမှုတွေ ပြင်းထန်နေတဲ့ မေမေ့ရဲ့လောဘတွေ၊ အတ္တတွေ ဘယ်တော့များမှ လျော့ပါးသွားပါ့မလဲ။

တွေးမိတိုင်းလည်း ခေါင်းလေးပဲ ခါယမ်းကာ လက်မြှောက်အရှုံးပေး စိတ်လျှော့ရသူက ဖွေးလေးပင်ဖြစ်သည်။

''ဖွေးလေး''

''ရှင်…မေမေ''

''ညည်းလေးလည်း သိပ်ပြီးလက်နှေးမနေနဲ့လေ၊ ညည်းအဖေအနားမှာ ဒီလောက်ရှိနေတာ တောင်းဆိုသင့်တာတော့ ကပ်ပြီးတောင်းပေါ့၊ ညည်းအဖေရဲ့ အရင်မိန်းမရဲ့ စိန်ထည်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေက ညည်းအဖေရဲ့လက်ထဲမှာပဲ ရှိနေဦးမှာ၊ ရှေးဟောင်းစိန်ထည်တွေဆိုတော့ တန်ဖိုးကနည်းမှာမဟုတ်ဘူး၊ အခုပေါက်ဈေးနဲ့ဆို အရမ်းတန်ဖိုးရှိနေပြီ၊ နွေဂိမာန်ကိုပေးတဲ့ အသံလည်း မကြားသေးဘူးဆိုတော့ သူသိမ်းထားတာပဲနေမှာ ဖွေးလေး၊ ညည်းရအောင်ကပ်တောင်းစမ်း''

''ဟာ…မေမေကလည်း ဖွေးလေး မတောင်းချင်ပါဘူး၊ အဲဒါတွေ မက်လည်းမမက်ဘူး၊ ဖွေးလေးက ကိုယ့်အစွမ်းအစနဲ့ ရှာဖွေလို့ရတဲ့ အရာတွေကိုပဲ မက်မောတာ''

''အမယ်လေး…အမယ်လေး ညည်းဘယ်လိုပြောလိုက်တာလဲ ဖွေးလေး၊ ညည်း အဲဒီလိုကြပ်ကြပ်လက်နှေးနေ ကြာရင် ဒီတိုက်ကြီးကနေ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းရလိမ့်မယ်''

''ဆင်းရလည်း မမှုပါဘူးမေမေရယ်၊ ဖွေးလေးက ခြေအကောင်းလက်အကောင်းပဲဟာကို ထမင်းတော့ မငတ်အောင် အလုပ်လုပ်စားနိုင်ပါတယ်''

''တိတ်စမ်း…ညည်းပါးစပ်ပိတ်တော့၊ ကြာရင် ငါ့ဒေါသတွေက နွေဂိမာန်ဆီကနေ ညည်းဆီကို အစုလိုက်အပုံလိုက် ကျတော့မယ်၊ သွား သွား ငါ့အနားကနေ ထွက်သွားတော့''

တွေ့လား နောက်ဆုံးတော့ ဖွေးလေးပဲ နှင်ထုတ်ခံရတာ





ပဲ။

ကောင်းပါတယ်။ ဖွေးလေးကလည်း အဲဒီလို လောဘတက်တဲ့ လှုံ့ဆော်တဲ့စကားတွေကို နားမထောင်ချင်တော့တာလေ။ မေမေ စိတ်ချမ်းသာအောင် ထွက်သွားပေးလိုက်တာသာ အကောင်းဆုံးပါပဲ။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၁၄ |

"ဖွေးလေး"

"ဟင်…ရှင်..ရှင် ကိုနိုင်း"

"ဟုတ်တယ် ဖွေးလေး၊ အခန်းပြတင်းပေါက်ကနေ ခြံထဲ လှမ်းကြည့်လိုက်တာ ဖွေးလေးကို တွေ့လို့ ဆင်းလာတာလေ"

"ဒုက္ခပါပဲ…မမနွဲ့ဂိမာန်တွေ့သွားရင် ပြဿနာအကြီး အကျယ်တက်လိမ့်မယ် ကိုနိုင်းရယ်"

"မမမြင်နိုင်ပါဘူး ဖွေးလေးရယ်၊ ကြည့်ဖို့လည်း အချိန် မရှိဘူး၊ စာရင်းတွေစစ်နေတာ ခေါင်းတောင်မဖော်နိုင်ဘူး ဖွေးလေး ရဲ့"

ကိုနိုင်းက ပေါ့ပေါ့ပါးပါးလေး ပြုံးလျက်ပြောနိုင်ပေမယ့်



ဖွေးလေးမှာတော့ ရင်တထိတ်ထိတ်။ မမနွဲ့ဂိမာန် မတွေ့ရင်တောင် အမေကရှိသေးတယ်လေ။

"ဖွေးလေး"

"ရှင်"

"ဘာတွေဖြစ်နေတာလဲကွာ၊ ဖွေးလေးကိုကြည့်ရတာ ထိတ်ထိတ်ပြာပြာနဲ့ ဘာတွေကြောက်နေတာလဲ၊ ဖွေးဖွေးလေးမေမေ ည်း အခုလေးတင်အိပ်ဆေးသောက်ပြီး အိပ်တော့မယ်ဆိုပြီး သူ့အ ခန်းထဲဝင်သွားတွေ့လိုက်ပါတယ်၊ ဒါကြောင့် ဆင်းလာခဲ့တာပါ"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ဆိုကွာ၊ ကိုယ်ကဖွေးလေးဒုက္ခရောက် အောင်လိမ်ညာပါ့မလား၊ ဘဝတူချင်းစောင့်ရှောက်ရမယ်ဆိုတာသိပါ တယ်"

"ရှင်"

ဘဝတူချင်းဆိုတဲ့ အသုံးအနှုန်းကြောင့် ဖွေးလေးပင်နား ရှင်းချင်။

"ဘာလဲ ဖွေးလေး၊ ဘဝတူဆိုလို့ခေါင်းစားသွားတာလား ဆိုလေကွာ တကယ်တော့ ကိုယ်ရောဖွေးလေးရောက သံပတ်ပေး အခြင်းခံရတဲ့ စက်ရုပ်တွေ၊ မမစိတ်တိုင်းကျစိတ်ပါသည် မပါ

www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်စေ လိုက်လုပ်ပေးရတာလေ၊ ဖွေးလေးလဲ ဖွေးလေးမေမေ ရဲ့ စိတ်တိုင်းကျနေပေးနေရတာပဲမဟုတ်လား''

''အင်း အဲ့ဒါတော့ ဟုတ်တယ်''

''ဒါကြောင့် ဘ၀တူတွေလို့ပြောတာပေါ့ ဖွေးလေးရဲ့''

ဒီတစ်ခါတော့

သူပြောတဲ့စကားကို ထောက်ခံမိသလိုလိုခေါင်းလေးညိတ် ပြီးပဲ ငြိမ်သက်နေမိတော့သည်။

''စိတ်မောတယ် ဖွေးလေးရာ၊ တစ်ခါတလေအခုလိုနေ နေရတာကြီးကိုတအားငြီးငွေ့တာပဲ၊ ဒါပေမယ့် ရုန်းထွက်ပြီးလဲမ ပြေးချင်သေးဘူး။ ကိုယ်ကသိပ်ပြီးမက်မောတွယ်တာနေလို့တော့ မဟုတ်ပါဘူး၊ ဖွေးလေးနဲ့အဝေးကြီး ဝေးသွားရမှာစိုးလို့သာနေနေရ တာ''

''ရှင်''

''ဟုတ်တယ် ဖွေးလေး၊ ဒီတိုက်ကြီးထဲမှာကိုယ် အခုချိန် ထိရှိနေတာ ဖွေးလေးကိုခင်တွယ်နေတဲ့စိတ်ကြောင့်ပဲ''

ကိုနှိုင်းရယ်။

ဖွေးလေးလဲ ကိုနှိုင်းလိုပါပဲ။

ဒီတိုက်ကြီးထဲကနေအဝေးဆုံးကို ပြေးထွက်သွားစိတ်လွှတ်





လွှတ်လပ်လပ်နေပစ်လိုက်ချင်တော့တာလေ ဒါပေမယ့် ဖွေးလေး ဖေဖေကို မထားနိုင်ဘူး။ ပြီးတော့ မေမေ၊ မေမေဘယ်လိုလူမျိုးပဲ ဖြစ်နေနေ၊ ဖွေးလေးဘယ်လောက်ပဲစိတ်တွေ ပင်ပန်းနေရပါစေ မေမေ့ကိုလည်း မခွဲနိုင်ဘူးလေ။

''ဖွေးလေး''

''ဟင်…ရှင်…ဘာ…ဘာလဲဟင် ကိုနှိုင်း''

''ဘာတွေတွေးနေတာလဲ ဖွေးလေးရယ်၊ ကိုယ်မေးနေတာ တောင် မကြားဘူးကွာ''

''ရှင်…ဘာ…ဘာမေးလိုက်တာလဲ ကိုနှိုင်း''

''သြော်…ကိုနှိုင်းလိုပဲ ဖွေးလေးလည်း ခံစားရရဲ့လားလို့ မေးနေတာ''

''ရှင်''

''ကိုယ်က ဖွေးလေးကို ခင်တွယ်နေလို့ အခုချိန်ထိ နေနေ တာလေ၊ မဟုတ်ရင် စိတ်ကျဉ်းကြပ်စရာကောင်းတဲ့ ဒီနေရာမှာ တစ်စက္ကန့်လေးတောင်မနေချင်တော့ဘူး ဆိုတာကိုပေါ့''

''သြော်…ဒါလား၊ ဖွေးလေးလည်း အဲဒီလိုပါပဲ၊ ကိုနှိုင်း ကို ခင်ပါတယ်၊ ဒါပေမယ့် ဒီတိုက်ကြီးထဲမှာ ရှိနေတဲ့ လူတွေ အားလုံးက ဖွေးလေးရဲ့ မိသားစုဝင်တွေချည်းပဲဆိုတော့ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်ပါ့မလဲလေ''

''ဟုတ်တယ်နော်…ဖွေးလေးက ကိုယ့်ထက်ပိုပြီး စိတ်မောနေရမှာပါပဲ''

ကိုယ်ချင်းစာသလို ရှိုက်သံမောမောနဲ့ သူကရေရွတ် ဘာရယ်မဟုတ်ဘဲ နှစ်ဦးသား စကားသံလေးတွေ တိတ်ကာ မြ က ခုံတန်းလေးပေါ်တွင် ငြိမ်သက်စွာ ထိုင်နေမိကြသည်။

''ဖွေးလေး''

''ရှင်''

''ဟိုးမှာကြည့်စမ်း''

သူက မိုးကောင်းကင်ဆီ လက်ညှိုးထိုးကာ ပြော သူမလည်း မော့ကြည့်မိသည်။

''လမင်းကြီးက ပြည့်တော့မှာမို့လားမသိ သူ့ပို ကြည်လင်သာယာနေသလိုပဲနော်''

''အင်း''

''အဲဒီလမင်းကြီးရဲ့ အလင်းရောင်က ကိုယ့်ရဲ့စိတ် တအားလန်းဆန်းစေတာပဲ ဖွေးလေးရယ်''

''ဟုတ်တယ်နော်…လရောင်က သိပ်ပြီးအေးမြတာ အခုလို ရာသီဥတု ကြည်လင်နေတဲ့အချိန်လေးမှာ မိုးကောင်းကင်



မော့ကြည့်ပြီး လရောင်လေးဖြာကျနေတာကို ခံစားရတာ ရင်ထဲ အေးမြလိုက်တာ''

''ကိုယ်လေ…တစ်ခါတစ်ခါ သိပ်ပြီးလောဘကြီးတယ်ပဲ ပြောရမလားမသိဘူး၊ အဲဒီလမင်းကြီးကို သိပ်လိုချင်တာပဲ''

''ရှင်''

''ဟုတ်တယ် ဖွေးလေး၊ မရနိုင်မှန်းသိသိကြီးနဲ့၊ ဘယ်လို မှ မဖြစ်နိုင်မှန်း သိသိကြီးနဲ့ မျှော်လင့်နေတတ်တဲ့ ကိုယ့်စိတ်ကူး တွေ ရင်ထဲပြည့်ပြည့်လာတတ်လွန်းလို့ ကိုယ့်ကိုယ်ကိုတောင် ဒေါသဖြစ်မိတဲ့အထိပဲ ဖွေးလေးရယ်''

အို သူဘာတွေပြောနေတာလဲ။

လမင်းကြီးကိုမှ လိုချင်နေတဲ့ သူ့ရဲ့စိတ်ကူးယဉ်မှုက ထူးဆန်းနေတာတော့ အမှန်ရယ်ပါ။

''တစ်ခါတလေ ပုံပြင်လေးတစ်ခုကို သတိရမိတယ် ကွာ''

''ပုံပြင် ဟုတ်လား''

''အင်း''

''ဘာပုံပြင်လဲဟင်''

''လဖမ်းသူရဲ့ပုံပြင်လေ''

www.burmeseclassic.com

www.burmeseclassic.com



''လဖမ်းသူ ဟုတ်လား''

''ဟုတ်တယ် မွေးလေး၊ မွေး့လေး နားထောင်ချင်ရင် ကိုယ်ပြောပြမယ်လေ၊ နားထောင်မလား''

''ပြောလေ''

''တစ်ခါက လူတစ်ယောက်က မိုးကောင်းကင်ကို မော့ကြည့်ပြီး အဲဒီလမင်းကြီးကို သိပ်ပြီးလိုချင်တဲ့စိတ် ဖြစ်မိတယ်တဲ့ မွေးလေး၊ သူဟာ ဘယ်လောက်တောင် ရူးသွပ်သလဲဆိုရင် ညရောက်တိုင်း မိုးကောင်းကင်ကိုပဲ မော့မော့ကြည့်ပြီး သူဘယ်လို ယူရမလဲဆိုတာပဲ စဉ်းစားနေတတ်သတဲ့လေ၊ အပင်အမြင့်ကြီးပေါ်ပေါ် တက်ရင်ကောင်းမလား၊ လေကားအမြင့်ကြီးလုပ်ပြီး တက်ယူရင် ကောင်းမလားဆိုပြီးတော့ပေါ့၊ ဒါပေမယ့် သူဘယ်လိုပဲ ကြိုးစား ကြိုးစား မရနိုင်ဘူးဆိုတာသိတော့ သူက အရမ်းကို ဝမ်းနည်းနေ သတဲ့ မွေးလေးရယ်''

''အို…အဟင်း…ဟင်း သူက သိပ်ပြီးရူးတာပဲနော် ဖြစ်မှမဖြစ်နိုင်တဲ့အရာကိုမှ စွဲလမ်းနေတာ သိပ်ရူးတာပဲ''

မွေးလေး မနေနိုင်စွာပင် သူ့စကားကိုဖြတ်ကာ ဝင်ပြောမိ သည်။ သူပြောတာကို နားထောင်ပြီး မျက်နှာလေးမှာလည်း အပြုံး လေးတွေပင် ခိုတွယ်နေတော့၏။





''ဟုတ်တယ် မွေးလေး၊ သူက အဲဒီလောက်တောင် ရူးသွပ်နေတဲ့လူမျိုးပဲလေ၊ ဒါပေမယ့် တစ်နေ့မှာတော့ အဲဒီလမင်း ကြီးရဲ့အရိပ်က သူထိုင်နေတဲ့ ကန်ရေပြင်ကျယ်ကြီးရဲ့ အထဲကို ကျပါလေရော၊ အဲဒီတော့ သူက သိပ်ပြီးဝမ်းသာပျော်ရွှင်သွားတာ ပေါ့လေ၊ လမင်းကြီးက သူ့ကို သနားငဲ့ညှာပြီး ရေကန်ထဲ ဆင်းလာပေးတာပဲဆိုပြီး သူက ဘာမှစဉ်းစားမနေဘဲ ရေထဲဆင်းပြီး လမင်းကြီးကို ဆယ်ပါလေရော မွေးလေးရာ''

မွေးလေးက သူပြောသောပုံပြင်လေးကို စိတ်ဝင်စားစွာ ဝင် မျက်လုံးဝိုင်းဝိုင်းလေး ပြူးလျက် သေချာနားထောင်နေ၏။

''ဆယ်သာဆယ်တာ ဘယ်လိုလုပ်ရမလဲကွာ၊ ရေက လှုပ်လိုက် လရိပ်က ပျက်သွားလိုက်နဲ့ နောက်ဆုံးတော့ ရေထဲကနေ ခြေကုန်လက်ပန်းကျပြီး ပြန်တက်လာရတော့တာပေါ့၊ နောက်မှ မိုးပေါ်ကိုမော့ကြည့်တော့ လမင်းကြီးက မိုးကောင်းကင်ထက်မှာပဲ သိန့်သိန့်ကြီးသာနေတာ တွေ့တော့မှပဲ သူဟာ ဘယ်လောက်တောင် ရူးသွပ်နေမိသလဲဆိုတာ အသိတရားဝင်ပြီး အိမ်ကိုပြန်သွားတော့ တာလေ''

''လဖမ်းသူက လမင်းကြီးမရဘဲ စိတ်လျှော့သွားရပြီ ပေါ့၊ အဟင်း…ဟင်း''

''ဟုတ်တယ် မွေးလေးရယ်၊ လူတစ်ယောက်ရဲ့ စွဲလမ်းမှု



www.burmeseclassic.com

www.burmeseclassic.com



က တစ်ခါတစ်ခါမှာတော့ သိပ်ကို ရူးသွပ်တတ်ကြတာပဲကွာ"

"ဘာလဲ ကိုနိုင်း၊ ကိုနိုင်းလည်း လဖမ်းချင်သေးလို့လား"

"ဟင့်အင်း…ကိုယ်က အချစ်ဖမ်းချင်တာ"

"ရှင်"

"ဟုတ်တယ် ဖွေးလေး၊ ကိုယ်က အချစ်ကို အရူးအမူးဖမ်းချင်နေတာ"

ဖွေးလေး ဒီတစ်ခါတော့ မလှောင်ရဲတော့။

ညှို့ငင်စူးရှနေတဲ့ သူ့မျက်ဝန်းအကြည့်တွေအောက် ရင်ခုန်သံတွေ တထိတ်ထိတ်မြည်ကာ ရှိနေရတော့သည်။

"ဟိုးအဝေးကြီးမှာ မြင်နေရပေမယ့် အဲဒီအရာလေးကို ရအောင်ယူဖို့ကြပြန်တော့ သိပ်ခက်ခဲတာပဲ ဖွေးလေးရယ်၊ တစ်ခါတလေ ဘယ်တော့များမှ ကိုယ့်ဆီကို ဖြာကျလာပါလိမ့်မလဲလို့ စောင့်မျှော်နေရတဲ့ ခံစားချက်ကြောင့် ကိုယ့်ရင်တွေတောင် တဆစ်ဆစ်နာကျင်နေရတဲ့အထိကိုပဲ ခံစားနေရတယ်သိလား"

ဖွေးလေး သူ့စကားတွေကို ဆက်ပြီးနားမထောင်ရဲတော့။

သို့ပေမယ့် နေရာလေးကနေထပြီး ထွက်ပြေးသွားဖို့ စဉ်းစားပြန်တော့လည်း ခြေလှမ်းတွေက မထရပ်နိုင်သလို နုံးနေလေးလံလို့။





"ဖွေးလေး"

"ရှင်"

"ကိုယ်တကယ်ပဲ ရူးသွပ်ရတော့မလားဟင်"

"ဘာ…ဘာကိုလဲ ကိုနိုင်း"

"တစ်ခါတလေမှာ နှုတ်ကဖွင့်ပြောရတာထက် အလိုလိုခံစားတတ်တဲ့ နှလုံးသားမျိုး ဖွေးလေးဆီမှာ ရှိနေစေချင်မိတယ်"

"အို…ဖွေးလေး…ဖွေးလေးက"

"ကိုယ်…ဖွေးလေးရဲ့ အချစ်ကို ဖမ်းချင်နေတယ် ဖွေးလေးရယ်၊ ခွင့်ပြုမှာလားဟင်"

"အို"

ဖွေးလေး ခေါင်းမဖော်ရဲတော့ပါ။

တိတ်ဆိတ်စွာပင် ငြိမ်သက်နေမိတော့သည်။ ဒါဟာ ဖွေးလေးကိုယ်တိုင်လည်း စိတ်လိုလက်ရ ခွင့်ပြုလိုက်ခြင်းပဲလား။ သေချာတာကတော့ သူ့ကို မငြင်းပယ်ခဲ့မိဘူးဆိုတာပါပဲ။

ရင်တွေခုန်နေတယ်လေ။ သူချစ်နေတယ်ဆိုတာကို သိခွင့်ရလိုက်တဲ့အတွက် ဖွေးလေး သိပ်ပြီးကျေနပ်နေတယ်။

ဒါ အချစ်ပဲမဟုတ်လားကွယ်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၁၅ |

ပုံပြင်လေးတစ်ပုဒ်ကို လှပစွာပြောပြီး ဖွေးလေးရဲ့ ရင်ခုန်သံတွေကို ညှို့ငင်သွားသော သူ့ကို အပြစ်မတင်ရက်နိုင်အောင်ပင် ရှိနေခဲ့သည်။

ဖွေးလေးကိုယ်တိုင်လည်း သူ့ကို တွယ်တာနေမိခဲ့တာ မဟုတ်ပါလား။

ရင်ထဲမှာ ရှိနေပါလျက်နှင့်တော့ ဟန်ဆောင်လိမ်ညာခြင်းတွေနဲ့ မဖုံးကွယ်ချင်ပါ။ အိမ်ထဲမှာ စိတ်မွန်းကြပ်မှုတွေနဲ့ ဘယ်လောက်ပဲ ပြည့်သိပ်နေနေ သူနှင့်အတူ သင်တန်းပြီးချိန်လေးများတွင် လျှောက်သွားနေရသော အချိန်လေးများသည် အင်မတန်မှ ရွှင်မြူးလန်းဆန်းနေခဲ့ရတာ အမှန်ပင်ဖြစ်သည်။





ခင်မင်မှုက အစပြု၍ ရင်ထဲမှာရှိနေသော တိတ်တဆိတ် အချစ်လေးများကို တိတိကျကျ သိခွင့်ရလိုက်ချိန်မှာတော့ လေးပိနေသော ဝန်ထုပ်ဝန်ပိုးတစ်ခုကို လက်ထဲကနေ လွှတ်ချလိုက်ရသလိုမျိုး ခံစားလိုက်ရပါသည်။

ကိုနိုင်းရယ် ဖွေးလေးလေ ရှင့်ကို အရမ်းချစ်တာပဲသိလား။ ဘယ်သူတွေ ဘာပဲပြောပြော ဘယ်လောက်ပဲ သံသယဝင်နေနေ ဆုံကြည်နေမိတဲ့ ဖွေးလေးရဲ့စိတ်ကတော့ အကြွင်းမဲ့ပါပဲရှင်။

"ဖွေးလေး…ဖွေးလေး"

ခေါ်သံက စူးစူးဝါးဝါး။

ဒါ မေမေ့အသံပဲ။

မေမေ ဘာတွေဖြစ်လာပြန်ပြီလဲ။

စာမေးပွဲနီးနေပြီမို့ ကိုနိုင်းဆီရောက်နေတဲ့စိတ်ကို ဖြေဖျောက်တာ စာကို မနည်းကျက်မှတ်နေသည့် ဖွေးလေးတစ်ယောက် အခန်းပြင်ဘက်မှ တံခါးထုသံနှင့်အတူ ပေါ်ထွက်လာသော မေမေ့ခေါ်သံကြောင့် စာရေးစားပွဲမှထကာ ခြေလှမ်းသွက်သွက်နှင့် သွားဖွင့်ပေးလိုက်မိသည်။

"လာစမ်း…ညည်း…လာစမ်း"

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်ကာ ဆွဲခေါ်ခြင်းကြောင့် ဖွေးလေး မေမေ့လုပ်ရပ်ကို နားမလည်နိုင်။

''အမိုက်မ…ညည်းကို ဒီလောက်တောင် အတန်တန် သတိပေးနေလျှက်နဲ့ အနိုင်းမဲ့ဆိုတဲ့ကောင်ကို အရောဝင်သေးတယ် ပေါ့လေ၊ ဟုတ်လား ဖွေးလေး''

''မေမေ…သမီး…သမီး''

ဖွေးလေး မျက်လုံးကြီးတွေ ပြူးရပြီ။

ဒီလောက် လှို့လှို့ဝှက်ဝှက်နေတာတောင် မေမေ ဘယ်လို လုပ်ပြီး သိသွားတာပါလိမ့်။

ဖွေးလေး စဉ်းစားလို့မရပါ။

''ဘာလဲ…မေမေ ဘယ်လိုလုပ်သိသလဲဆိုပြီး အံ့သြနေ တာလား၊ ညည်းလောက်မှမလျှင်ရင် ညည်းအမေလုပ်နေပါ့မလား ဖွေးလေးရဲ့''

''ဟို…မေမေ သမီး''

''တိတ်စမ်း…ညည်း ဘာမှရှင်းပြမနေနဲ့ ဖွေးလေး ကျူရှင်ချိန်ပြန်လာတာ နောက်ကျနေကတည်းက မေမေ မယုံသင်္ကာ ဖြစ်နေတာကြာပြီ၊ မထင်ဘူးအေ ညည်းခြေလှမ်းတွေပျက်နေတာ သင်တန်းက သူစိမ်းတစ်ယောက်ယောက်ကြောင့်ပဲလို့ ထင်ထားတာ





အခုတော့ အနိုင်းမဲ့ဆိုတဲ့ သိုက်သမားကြောင့် ဖြစ်နေတာကို''

''မေမေ…ကိုနိုင်းကို သိုက်သမားလို့ မပြောပါနဲ့၊ ကိုနိုင်း က မေမေထင်သလိုလူစားမျိုး မဟုတ်ပါဘူး မေမေ''

''ဖြန်း''

''အမေ့''

''ဖြန်း…ဖြန်း''

''အ''

ပါးပြင်နှစ်ဘက် နာကျင်ကျိန်းစပ်မှုနှင့်အတူ ခန္ဓာကိုယ် သေးပါ ကြမ်းပြင်လေးထက် ယိုင်နဲ့လဲကျသွားရသည်။

''ဘယ်တုန်းက ပြန်ပြောဖူးလို့လဲ၊ မအေကို အခုလို ဘယ်တုန်းက ညည်းပြန်ပြောဖူးလို့လဲ ဖွေးလေး၊ ညည်းက သိုက် သမားနဲ့ပေါင်းမိပြီး အာခံနေပြီပေါ့လေ၊ ဟုတ်လား ဖွေးလေး၊ အကျင့်ကောင်းတွေ သိပ်ပြီးတတ်နေတာပေါ့''

''အဟင့်…ဟင့်''

''ဟင့်…ဟင့်''

နှင်းဖွေးလေးတစ်ယောက် အသံလေးထွက်ကာပင် ရှိုက် ငင်လိုက်တော့သည်။

မေမေ့ရိုက်ချက်တွေကြောင့် ဖွေးလေး နာကျင်လို့ငိုတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ မေမေ့နှုတ်ခမ်းတွေပေါ်က ဆိုးဝါးစွာ စွပ်စွဲနေတဲ့ သိုက်သမားဆိုသည့် အသုံးအနှုန်းကြောင့်သာ စိတ်မကောင်းဖြစ်မိ လို့ ငိုမိတာပါ။

ကိုနိုင်းရဲ့စိတ်ဓာတ်ကို ဖွေးလေး အသိဆုံးပဲလေ။

မေမေထင်သလို လူစားမျိုးမှမဟုတ်တာ။

မမနွေဂီမာန် ပေးထားတဲ့ အဆောင်အယောင်တွေကို သူ လုံးဝမမက်မောဘူးဆိုတာ ဖွေးလေးကအသိဆုံးပေါ့။ ဒါကို မေမေ ယုံကြည်လက်ခံလာအောင်လည်း ဖွေးလေး မစွမ်းဆောင်နိုင်ပါ။

"အံ့ပါရဲ့အေ...တော်သေးတာပေါ့၊ သင်တန်းလိုက်သွား ပြီး စုံစမ်းမေးမြန်းမိပေလို့ပဲ၊ ညည်းအကြောင်းကို သင်တန်းက ကောင်မလေးတစ်ယောက်က ပြောပြလို့သိတာ၊ နှင်းဖွေးလေးဆို သူ့အစ်ကိုတစ်ဝမ်းကွဲဆိုလားမသိဘူး သင်တန်းဆင်းချိန်မှာ လာလာ ကြိုသွားတတ်တယ်တဲ့လေ၊ ပြောစမ်း ညည်း ဘာတွေလိမ်ညာချင် သေးလဲ မိဖွေးလေး"

"အဟင့်...ဟင့်"

"ဟင့်...ဟင့်"

"မအေကတော့ ငါ့သမီးလေး လိမ္မာလှချည်ရဲ့ဆိုပြီး အထင်ကြီးထားတဲ့ဟာကို ညည်းက ရက်ရက်စက်စက် ချိုးဖျက်





လိုက်တာပေါ့လေ ဖွေးလေး"

ဒေါ်နှင်းဧကရီ ဒေါသဖြစ်လွန်း၍ အသားတွေပင် တဆတ် ဆတ်တုန်နေရသည်။ ကြားခဲ့ရတဲ့ သတင်းဆိုးက ရင်တစ်ခုလုံးကို မီးလောင်တိုက်သွင်းခံလိုက်ရသလိုပါပဲ။

မိမိဘက်က အတန်တန်သတိပေးထားပါလျက်နဲ့ နွေဂီမာန် ထောင်ချောက်ထဲ လှလှပပ သက်ဆင်းချင်တဲ့ သမီးမိုက်။ ခြေလှမ်း တွေ မှုမမှန်တာ သတိထားမိပေမယ့် အနိုင်းမဲ့ဆိုတဲ့ ကောင်လေးနဲ့ ဇတ်သက်ဆက်နွယ်နေလိမ့်မည်ဟု လုံးဝထင်မထားမိချေ။

အစ်ကိုတစ်ဝမ်းကွဲနဲ့ သွားတာပဲဆိုတဲ့စကားက ရင်ကို ခြေဝင်လာသော အဆိပ်လူးမြှားချက်များပမာပါ။ ဖွေးလေးမှာ ဘယ်ကအစ်ကိုဝမ်းကွဲ ရှိလို့လဲ။ ဒေါ်နှင်းဧကရီဆိုတဲ့ မိမိကလည်း တစ်ဦးတည်းသောသမီးဖြစ်သလို မိမိကနေ မွေးဖွားဆင်းသက်လာ တဲ့ နှင်းဖွေးလေးကလည်း တစ်ယောက်တည်းသာရှိသည်။

ပုံပန်းသဏ္ဌာန်ကို မေးကြည့်တော့ အနိုင်းမဲ့ဆိုတဲ့ ကောင်လေးပုံစံနဲ့ကွက်တိ။ ဒေါ်နှင်းဧကရီ ဘယ်လိုမှ ဆက်နေလို့မရ တော့။ ကုမ္ပဏီရုံးခန်းကိုပင် မသွားနိုင်ဘဲ အိမ်ကို ချက်ချင်းလိုက် သွားမိသည်။

စာမေးပွဲနီးနေလို့ စာကျက်နေမယ်မှန်းသိပေမယ့် ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု တွေ့ကြုံရလျှင် ဘယ်သောအခါမှ သွေးမအေးနိုင်တဲ့အကျင့်ဆိုးကြောင့် နှင်းဖွေးလေးဆီပဲ တိုက်ရိုက်သွားမိ၏။

တွေ့တော့ ဒေါသတွေကို မချုပ်တီးနိုင်။

ငယ်ငယ်လေးကတည်းက ရိုက်နှက်ဆုံးမတတ်သည့်အတွက် အခုအခါမှာလည်း လက်ကထိန်းမရ။

"ပြောစမ်း…ညည်းတို့ ဘယ်အဆင့်တွေရောက်နေပြီလဲဆိုတာ ပြောစမ်း ဖွေးလေး"

ဖွေးလေး မဖြေရဲပါ။

ချစ်သူတွေဖြစ်နေကြပြီဆိုလျှင် ဖွေးလေးကို ဒီနေရာမှာတင် မေမေ အသေသတ်ပစ်တော့မှာ သေချာသည်။

အရောဝင်တာလေးကြားတာနဲ့တောင် ဒီလောက်တုန်လှုပ်ချောက်ချားနေတာမဟုတ်လား။

"မေးနေတယ်လေ…ဖွေးလေး၊ ညည်းပါးစပ်မပါဘူးလား"

"အဟင့်…ဟင့်"

"ဟင့်…ဟင့်"

"ကောင်းပြီ ညည်းမဖြေဘူးနော်၊ ရတယ် ဖွေးလေး ညည်းဆီက အဖြေမရတော့ အဖြေပေးနိုင်မယ့်လူဆီ ငါကမေး





သေးတာပေါ့အေ"

"မေမေ"

နှင်းဖွေးလေး မေမေ့ခြေသလုံးတွေကို ဖက်တွယ်ကာ တားဆီးမိသည်။

မေမေ သိသွားပြီဆိုကတည်းက ပြဿနာ မိုးမီးလောင်ပြီဆိုတာ သိထားပြီးသားပဲလေ။ ခက်တာက ရင်ထဲမှာရှိနေတဲ့ ချစ်ခြင်းတွေပဲ။ အသိတရားနဲ့ ဘယ်လောက်ပဲ ကန့်သတ်ထိန်းချုပ်ထားထား သို့ဝှက်ထားလို့မှမရတာ။

အခုတော့ အိမ်ရဲ့အပူမီးက အရှိန်မသေးနိုင်တော့ပါ။

"လွှတ်စမ်း…ဖွေးလေး ငါ့ကိုလွှတ်စမ်း"

"ဟင့်အင်း…မေမေ မသွားပါနဲ့၊ ဖွေးလေးတောင်းပန်ပါတယ် မေမေ၊ ဖွေးလေး မှားသွားပါတယ်၊ ဖွေးလေးကို ရိုက်ပါမေမေ၊ ဖွေးလေးကိုပဲ အပြစ်ပေးပါနော်"

"ဖယ်စမ်း…ညည်း ဘာမှရှေ့ကနေ ကြိုပြီးအသနားခံပြနေနဲ့၊ ငါ့အကြောင်း ညည်းကောင်းကောင်းသိတယ်နော် ဖွေးလေး၊ အခုကိစ္စ ဘယ်လိုမှ ငါ့ဘက်က သွေးအေးမှာမဟုတ်ဘူး၊ လွှတ်စမ်း"

မေမေက နှင်းဖွေးလေးလက်တွေကို အတင်းဆွဲဖယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကနေ ကျောခိုင်းလှည့်ထွက်သွားသည်။

"မေမေ…ဖွေးလေး တောင်းပန်ပါတယ်"

"မသွားပါနဲ့ မေမေ၊ မသွားပါနဲ့"

"အဟင့်…ဟင့်"

"ဟင့်…ဟင့်"

တားဆီးခြင်းက မတတ်နိုင်တော့။ ဝုန်းခနဲ စေ့ပိတ်သွားသော တံခါးချပ်နှင့်အတူ မေမေ့ပုံရိပ်က သူမအမြင်လေးထဲကနေ လုံးဝပျောက်ကွယ်သွားတော့သည်။

ဖွေးလေး သိလိုက်တာက မေမေဟာ ကိုနိုင်းဆီကို ရောက်အောင်သွားတွေ့တော့မယ်ဆိုတာပါပဲ။

※ ※ ※



## အခန်း | ၁၆ |

"ဖြေစမ်း…မင်းဖြေစမ်း၊ မင်းကိုငါမေးနေတယ်နော်၊ ခင်းယောကျ်ားမဟုတ်လား အနိုင်းမဲ့"

ဒေါ်နှင်းဧကရီက မေးနေချေပြီ။

နှင်းဖွေးလေးနဲ့ အနိုင်းမဲ့တို့ရဲ့ အခြေအနေကို သိလိုစောဆွနှင့် မေးနေချေပြီ။ အနိုင်းမဲ့နဲ့ မမနွေဂီမာန်တို့ရှိနေတဲ့ ကုမ္ပဏီလုပ်ငန်းခွင်ထဲအထိ ရောက်အောင်လာပြီဆိုကတည်းက အခြေအနေ အယ်လောက်ထိ နက်နဲနေပြီလဲဆိုတာတော့ သူရိပ်မိသည်။

ဖွေးလေး။

ဖွေးလေး အဆင်ပြေပြေနဲ့ရှိပါ့မလား။

ဒေါ်နှင်းဧကရီရဲ့ ပေါက်ကွဲမှုက အရှိန်ပြင်းထန်နေတာမို့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရသူ ဖွေးလေးအတွက် စိတ်မအေးနိုင်။

"ငါမေးနေတယ်လေ အနှိုင်းမဲ့"

"ဒီမှာ ဒေါ်နှင်းဧကရီ ပုဂ္ဂိုလ်ရေးရာကိစ္စတွေကို ဘာကြောင့် ကုမ္ပဏီအထိလာပြီး ဝှန်းဒိုင်းကျဲဖို့ စဉ်းစားနေရတာလဲ ဒါက လုပ်ငန်းခွင်ဆိုတာလည်း သတိထားဦးမှပေါ့ရှင့်"

နွေဂိမာန် အထက်စီးကနေ ဖိဟောက်မိသည်။

"လုပ်ငန်းခွင်ခွင် မခွင်ခွင် ငါနားမလည်ဘူး နွေဂိမာန် အခုဖြစ်တဲ့ကိစ္စဟာ ဘယ်လိုမှ သွေးရိုးသားရိုးမဖြစ်နိုင်ဘူးဆိုတာ ကျုပ်သိတယ်၊ ဒါကြောင့်လည်း ခံရခက်တာပေါ့အေ၊ ကျုပ်သမီးက ညံ့တာကို၊ ထောင်ချောက်ဆိုတာမသိဘဲ တိုးဝင်သွားတာလေ"

"ဒါကဘာစကားလဲ ဒေါ်နှင်းဧကရီ၊ လူငယ်တွေ အခုလိုဖြစ်တာ ကျွန်မရဲ့စနက်လို့ ရှင်ကစွပ်စွဲချင်နေတာလား"

"ညည်းကိုယ်ညည်း အသိဆုံးပဲဖြစ်မှာပေါ့ နွေဂိမာန် ညည်းက ဒီလောက်အကွက်ရွှေ့တော်တာ၊ အူတူတူရိုးအတဲ့ ကျုပ်သမီး နှင်းဖွေးလေးက အလစ်အငိုက်ခံရတော့တာပေါ့"

"အဟင်း...ဟင်း"

"ဟား...ဟား"

နွေဂိမာန် ဝါးလုံးကွဲမတတ်ပင် အော်ရယ်ပစ်လိုက်သည်။





အခံရခက်နေတဲ့ ဒေါ်နှင်းဧကရီ။ အချိုးကြီးထိသွားတဲ့ ဒေါ်နှင်းဧကရီရဲ့ ကျရှုံးခန်းက ကြည့်ရတာ အရသာရှိလိုက်ပါဘိ။

သို့ပေမယ့် ဒေါ်နှင်းဧကရီရှေ့မှာ ဟားတိုက်သာရယ်မောလိုက်ရတာ ရင်ထဲမှာတော့ မီးတောင်တစ်လုံး အရှိန်ပြင်းပြင်းနဲ့ပေါက်ကွဲပြီး ချော်ရည်ပူတွေ စီးကျလာသလိုလို။ အနှိုင်းမဲ့နဲ့ ပတ်သက်နေတာမဟုတ်လား။ လုံးဝဖြစ်မလာပါစေနဲ့ဆိုပြီး တထိတ်ထိတ်နဲ့ စိုးရိမ်ပူပန်နေတဲ့ကြားက ဖြစ်လာတာတွေမဟုတ်လား။ ရင်ထဲမှာ နင့်သည်းနေအောင်ပင် ခံစားနေရသည်။

သို့သော် နွေဂိမာန် ဟန်ဆောင်ကောင်းကောင်းနှင့် ရပ်တည်နိုင်ပါသည်။ နှိုင်းဆီက ကတိချိုးဖောက်ခြင်းကို သိနေပါလျက်နဲ့ နွေဂိမာန်မှ လက်မလွှတ်ချင်တာ။ ဒီတော့ ရင်ထဲကခံစားနာကျင်နေမှုတွေကို သိုဝှက်ထားပေဦးတော့ပေါ့။

အနှိုင်းမဲ့ဆီ သူမ ဆတ်ခနဲကြည့်မိသည်။

ခေါင်းလေးငုံ့ပြီး ငြိမ်သက်တိတ်ဆိတ်နေတဲ့နှိုင်း။

ရက်စက်လိုက်တာ နှိုင်းရယ်။ အတန်တန်သတိပေးတားဆီးထားပါလျက်နဲ့ မင်းမို့လုပ်ရက်တယ်နော်။

"ညည်း...ညည်း ဘာရယ်တာလဲ နွေဂိမာန်၊ ငါ့ကိုလှောင်ရယ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"နေရင်းထိုင်ရင်း ကျွန်မကို ဘာဖြစ်လို့ ခေါ်လာတည်နေရတာလဲ၊ ကိုယ့်သမီးကိုယ် နိုင်အောင်မထိန်းနိုင်တဲ့ကိစ္စမှာ ဘေးတခြားလူတွေကို ဆွဲထည့်ပြီး ရမ်းကားတာကတော့ တဆိတ်လွန်နေပြီထင်တယ် ဒေါ်နှင်းဧကရီ"

"ဘာ…ညည်းဘာပြောတယ်"

"အနှိုင်းမဲ့လိုယောက်ျားလေးက အရောဝင်တိုင်း လက်ခံတယ်ဆိုတာ ဘယ်သူကမှားပြီး ဘယ်သူကမှန်နေလဲဆိုတာ ခေါင်းအေးအေးနဲ့ သေချာစဉ်းစားပါဦး ဒေါ်နှင်းဧကရီရဲ့"

"ညည်း…စကားလုံးတွေနဲ့ ကျုပ်ကို ဖိနှိပ်ဖို့မကြိုးစားနဲ့ နွေဂိမာန်၊ ဘာပဲပြောပြော အခုလိုအခြေအနေမျိုးရောက်ရတာ ဖွေးလေးရဲ့ညံ့ဖျင်းမှုဆိုပေမယ့် မီးဆိုတဲ့အပူနဲ့ တွေ့ရင် ဖယောင်းဆိုတာတော့ အရည်ပျော်ရတာပဲမဟုတ်လား၊ ညည်းက မီးစကို အရှိန်ကောင်းကောင်းညှိလာတာကို၊ ဖယောင်းကို မီးနဲ့ဝေးအောင် မထားခဲ့နိုင်တဲ့ ကျုပ်က အဓိကတရားခံပေါ့အေ၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် အနှိုင်းမဲ့ကိုတော့ ကျုပ်တို့နေတဲ့တိုက်မှာ ဆက်ထားမှာကတော့ လုံးဝလက်မခံနိုင်ဘူး နွေဂိမာန်၊ အဲဒီအတွက် ညည်းဘက်ကပြင်ဆင်ထားပါ"

"မဆိုင်တာပဲ ဒေါ်နှင်းဧကရီ၊ အခုလက်ရှိနေတဲ့တိုက်ရဲ့





အဓိကပိုင်ရှင်က ဖေဖေပဲလေ၊ ဖေဖေ ကျေနပ်ကြည်ဖြူလို့ အနှိုင်းမဲ့ကိုထားတာ၊ ပြီးတော့ အနှိုင်းမဲ့က သူစိမ်းလူမဟုတ်ဘူး ဒေါ်နှင်းဧကရီ၊ ကျွန်မရဲ့ မွေးစားမောင်လေးပဲ၊ ဖေဖေတောင် မကန့်ကွက်ခဲ့တဲ့ ကိစ္စကို ဒေါ်နှင်းဧကရီက လာပြီးပိတ်ဆို့တားဆီးနေတာဆိုတော့ မှားတာတော့ သေချာမှားနေပြီရှင့်"

နွေဂိမာန် တစ်ချက်ကလေးမှ မလျှော့ပါ။

အကွက်ကောင်းဝင်တုန်း ဖိပြောနေမိသည်။

"ကျုပ် ရအောင်တားဆီးတော့မှာပါ နွေဂိမာန်၊ အစ်ကိုကြီးကို ရအောင်ပြောမှာပါ၊ သမီးငယ်လေးရဲ့ အနာဂတ်အတွက် ဖအေတစ်ယောက်အနေနဲ့ မျက်နှာလွှဲခဲပစ်ထားမှာ မဟုတ်ဘူးဆိုတာ ညည်းသိထားစမ်းပါ နွေဂိမာန်၊ ဘာပဲပြောပြော နှင်းဖွေးလေးဆိုတာ ဦးသက်ဝေထွန်းရဲ့ သမီးတစ်ယောက်ပဲ၊ ဒါကို ညည်းခေါင်းထဲထည့်ထား နွေဂိမာန်"

တောက်။

ခံပြင်းလှစွာပင် ရင်ထဲကနေ တောက်ခေါက်မိလိုက်သည်။ ဒေါ်နှင်းဧကရီက အချက်ကျကျလာပြောနေတာလေ။

"အနှိုင်းမဲ့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



''မင်းသိပ်အောက်တန်းကျတာပဲ''

''ဗျာ''

''ယုတ်မာကောက်ကျစ်တဲ့ အကြံအစည်တွေနဲ့ ဖွေးလေးကို လှည့်ဖြား''

''အန်တီ''

အနှိုင်းမဲ့ သည်းမခံနိုင်စွာပင် တားဆီးမိသည်။

ဖွေးလေးအနားကို ကပ်ခဲ့တယ်ဆိုတာ ဒေါ်နှင်းဧကရီ ထင်မှတ်နေသလို တစ်စုံတစ်ယောက်ရဲ့ တွန်းအားမပါသလို ကောက်ကျစ်စဉ်းလဲမှုတွေလည်း လုံးဝမပါပါ။ ဒါကို ဘုရားမှာ ကျိန်ဆိုပြဝံ့သည်။

ချစ်တာက သီးသီးသန့်သန့်လေးပဲ။

ရင်ထဲမှာရှိနေတဲ့ ခံစားချက်အတိုင်း ခံစားခဲ့တာလေ။ ဒါကို ဒေါ်နှင်းဧကရီ သိဖို့လိုအပ်ပါသည်။

''ဘာလဲ အနှိုင်းမဲ့၊ ငါပြောတဲ့စကားတွေက သိပ်ပြီးမှန်နေလို့ နားမခံသာဘူးလား၊ မင်း တိုက်ထဲကို စရောက်လာတဲ့နေ့ကတည်းက သံသယတွေနဲ့ စောင့်ကြည့်တားဆီးခဲ့တာပါပဲ၊ ခက်တာက နှင်းဖွေးလေးဆိုတဲ့ ငါ့သမီးကို အယုံအကြည်သိပ်ရှိသွားမိတဲ့ အားနည်းချက်ပဲလေ၊ မင်းအတွက် အခွင့်အရေးကောင်းရသွား





တာပေါ့''

''မဟုတ်ဘူး…အန်တီကေရီ၊ အန်တီအထင်မှားနေပြီ၊ နှင်းဖွေးလေးကို ရိုးရိုးသားသား ရင်ထဲကနေ ချစ်မြတ်နိုးခဲ့တာပါ အန်တီ၊ ယုံပါ၊ ကျွန်တော့်အချစ်မှာ ဘာအရောင်ဆိုးဆေးမှမပါဘူး၊ အန်တီ၊ မမနွေဂီမာန်နဲ့လည်း ဘာမှမဆိုင်ပါဘူးဗျာ''

''အချစ်…ဟုတ်လား၊ မင်းကဝန်ခံလိုက်တာပေါ့လေ၊ လုံးဝမရိုးသားဘူးဆိုတဲ့ သက်သေပေးလိုက်တာပေါ့၊ ဟား…ဟား သိပ်ရယ်ရတာပဲ အနှိုင်းမဲ့ရယ်၊ မင်းလို ဘယ်ကလာလို့ လာမှန်းမသိ၊ ခြေသလုံးအိမ်တိုင်ဘဝနဲ့ သူများမြှောက်စားထားလို့ ကောင်းစားနေတာကို အဟုတ်ကြီးထင်ပြီး စိတ်ကြီးဝင်နေတယ်ပေါ့လေ၊ မင်းနဲ့ ဖွေးလေးက တူလို့လား၊ တန်လို့လားကွ''

ဒေါ်နှင်းဧကရီက စကားလုံးတိုက်စစ်ဆင်မှုအောက်မှာ အနှိုင်းမဲ့ အလဲလဲအကွဲကွဲခံနေရသည်။

ဘာပဲပြောပြော သည်းညည်းခံနေတယ်ဆိုတာ ဖွေးလေးရဲ့ မျက်နှာတစ်ခုတည်းနှင့်ပါ။ အခုလောက်ဆို ဖွေးလေးလည်း အန်တီနှင်းဧကရီဆူပူလို့ ငိုရှိုက်နေလောက်ရောပေါ့။

''မင်းက သားရေပေါ်အိပ်၊ သားရေနားစားတတ်တဲ့ ကောင်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဒီမှာ အန်တီ၊ တဆိတ်တော့ အန်တီ့စကားတွေ လွန်နေပြီဗျာ၊ ကျွန်တော် ဖွေးလေးကိုချစ်တယ်၊ အဲဒါအမှန်တရားပဲ၊ ရင်ထဲက သန့်ရှင်းတဲ့အချစ်တွေနဲ့ ချစ်ခဲ့တာအန်တီ၊ တူသလား၊ တန်သလားလို့ အဆင့်အတန်းတွေ ခွဲခြားရအောင် ပကာသနတွေ၊ ဂုဏ်ဒြပ်တွေက ကျွန်တော့်အာရုံထဲမှာတော့ လုံးဝကိုအရေးမပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မျက်လုံးတွေက တည့်တည့်မတ်မတ်ကြည့်ခဲ့တာ နှင်းဖွေးလေးဆိုတဲ့ ကောင်မလေးကိုပဲလေ၊ သူ့အနောက်မှ ကပ်ပါနေတဲ့ အဆောင်အယောင်တွေ ဘာတစ်ခုကိုမှ ကျွန်တော်မကြည့်ခဲ့ဘူး၊ ရင်ထဲက နှလုံးသားချင်းထပ်တူညီလို့ ချစ်ခဲ့ပြီဆိုရင်တော့ ကိုယ့်ချစ်သူကလွဲပြီး ကျန်တာတွေက အဓိကကိုကျမနေတော့တာပါ၊ အန်တီက အချစ်ကို ဘာနဲ့တန်ဖိုးဖြတ်သလဲတော့မသိဘူး၊ ကျွန်တော်ကတော့ အချစ်ကို အချစ်နဲ့ပဲ တန်ဖိုးဖြတ်တယ်၊ ကျွန်တော်သိပ်ချစ်သလို ဖွေးလေးဆီက ချစ်ခြင်းမေတ္တာတစ်ခုကိုပဲ ပြန်ရရင်ကျေနပ်ပြီ၊ ဘာစည်းစိမ်ချမ်းသာမှုတွေကိုမှ မမက်မောဘူး''

''ဟား…ဟား''

ဒေါ်နှင်းဧကရီ ဝါးလုံးကွဲမတတ် အော်ရယ်ပစ်လိုက်သည်။

''နားထောင်လို့ကောင်းလိုက်တာကွာ၊ နားထောင်လို့





ကောင်းတာပဲ၊ ဒီလိုရုပ်ရည်၊ ဒီလိုအပြောတွေနဲ့ မင်းကတော့ စားဦးမှာပဲကွာ၊ ငါ့သမီး မင်းကို ဘာကြောင့် ယိုင်နဲ့သွားသလဲဆိုတဲ့အချက်ကို အခုမှပဲ ကောင်းကောင်းကြီးသိလိုက်ရပြီ၊ ဟောက်တယ်ကွာ၊ သရုပ်ဆောင်ကတော့ ပိုင်သလားမမေးနဲ့၊ မင်းသရုပ်ဆောင်လုပ်ဖို့ သွားလျှောက်လွှာတင်ဖို့တောင် ကောင်းနေပြီထွ သိလား၊ ဒီလိုအက်တင်နဲ့ မင်းအရွေးခံရမှာသေချာတယ်အနိုင်းမဲ့''

ခပ်ရွှဲရွှဲစကားကို နားခါးလှစွာပင် ခေါင်းကိုခါယမ်းမိသည်။

မယုံဘူးဆိုတဲ့သဘောနဲ့ ခနဲ့နေတာပဲမဟုတ်လား။

ဒေါ်နှင်းဧကရီက သူမကိုယ်တိုင် အခုလို ခုတုံးလုပ်ပြီး ဗိုင်ဆိုင်မှုတွေကို အရသိမ်းခဲ့တဲ့သူလေ။ အနိုင်းမဲ့ကိုလည်း သူ့စိတ်နဲ့နှိုင်းပြီး ရိုင်းနေတော့မပေါ့။

ဒါက ထားလိုက်ပါ။ ဘယ်သူတွေဘယ်လိုထင်ထင် သူ့အရေးမစိုက်ပါဘူး။ အရေးကြီးတာက ဖွေးလေးပဲ။

ဒေါ်နှင်းဧကရီက သိသွားပြီဆိုတော့ ဖွေးလေးရဲ့စိတ်ထဲမှာ စိုးရိမ်ပူပန်မှုတွေ တအားကို ကြီးမားနေမှာပဲလေ။ ဖွေးလေးကလှုတိုင်းကိုကြောက်ရွံ့နေတတ်တဲ့စိတ်က စွဲထင်နေတတ်တာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။

ဖွေးလေး ဘာဖြစ်နေပြီလဲ။

ငိုနေမှာတော့ သေချာပါသည်။

"ဒီမှာ အန္တိုင်းမဲ့ရဲ့"

"ပြောပါ အန်တီ"

"မင်းသိထားဖို့တစ်ချက်ကို ငါသေချာပြောလိုက်မယ်။ ငါ့သမီး နှင်းဖွေးလေးနဲ့ မင်းကို ဒီတစ်သက်မပြောနဲ့ နောင်ဆယ်သက်ဆယ်ကမ္ဘာ ငါသဘောမတူဘူးဆိုတာပဲ"

ခါးနှစ်ဘက်ကို လက်နှင့် ဟန်ပါပါထောက်ကာ ခေါင်းငုံ့ရင်ကော့ပြောလိုက်တဲ့ ဒေါ်နှင်းစကေရီရဲ့စကားကြောင့် ရင်ထဲနင့်ခနဲ ခံစားလိုက်ရ၏။

"စိတ်ကူးတွေသိပ်မယဉ်နဲ့လို့ သတိပေးတာပါ၊ ကဲ ငါသွားမယ်"

ဒေါ်နှင်းစကေရီ ချာခနဲနေအောင် ထွက်သွား၏။

အန္တိုင်းမဲ့ မမနွေဂီမာန်ဘက် မျက်နှာလှည့်လိုက်သည်။

"မမ"

မမက မထူးချေ။

မမနွေဂီမာန်ရှေ့ ခေါင်းလေးငုံ့စိုက်ချကာ ခြေထောက်လေး





တွေ ကွေးညွတ်ပြီး ဒူးထောက်ထိုင်ချလိုက်သည်။ အပြစ်လုပ်မိပြီလေ။ မမ စိတ်ပျက်အောင် အမှားတွေကို ကျူးလွန်ပြီးပြီ။

"ကျွန်တော့်ကို အပြစ်ပေးနိုင်ပါတယ် မမ၊ မမ ကျေနပ်သလို ဒဏ်ခတ်ပါ၊ ကျွန်တော်ခံယူပါ့မယ်"

"နှိုင်း"

"ဗျာ"

"ချစ်မိတာအပြစ်မှမရှိတာ"

ထိုစကားကို နွေဂီမာန်ပြောလိုက်ရပေမယ့် ရင်ထဲကတော့ မပါချေ။

"ဗျာ…မမ ကျွန်တော် ကျွန်တော့်ကို"

"အရောမဝင်ရဘူးလို့ တားဆီးခဲ့တာကို မင်းဆန့်ကျင်ခဲ့တာကိုတော့ ခွင့်မလွှတ်ချင်ဘူး နှိုင်း၊ မင်းမှာ ကတိပေးထားတာရှိတယ်လေ၊ မမကို စိတ်မပျက်စေရပါဘူးဆိုတဲ့ကတိ၊ ဒါကို မင်းနှုတ်ဖျားက ချစ်နေမိပါပြီလို့ ထပ်ပြီးဝန်ခံလိုက်တာဆိုတော့ အပြစ်က ခွင့်လွှတ်ပေးဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့"

"ကျွန်တော် မှတ်မိပါတယ် မမ"

"ဒီကနေ့ မင်းကြောင့် ဒေါ်နှင်းစကေရီရဲ့ မဟုတ်မဟတ် စွပ်စွဲမှုကို မမခံလိုက်ရတယ်နှိုင်း၊ မမစိတ်ပျက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အပြစ်ပါ မမ၊ ကျွန်တော် တကယ်ပဲ စိတ်မ ကောင်းပါဘူးဗျာ၊ မမကြိုက်သလိုသာ ဆုံးဖြတ်ပါတော့ မမရဲ့ တကယ့်ကို ကျေကျေနပ်နပ်နဲ့ ခံယူမှာပါဗျာ"

အနှိုင်းမဲ့ ခေါင်းလေးပဲငုံ့ထားလိုက်သည်။

ပြီးနောက် မမဆီက ပေးအပ်လာမယ့် အပြစ်ဒဏ်ကို နာခံဖို့ အသင့်အနေအထားနှင့်သာ စောင့်နေလိုက်မိတော့၏။



## အခန်း | ၁၇ |

"မမ"

အိပ်ရာလေးထက် လဲလျောင်းနေသော မမနွေဂီမာန် အနားသို့ အနှိုင်းမဲ့ တိုးကပ်သွားမိသည်။ သူ့ခေါ်သံကြားတော့ မမနွေဂီမာန် မျက်ဝန်းလေးတွေ ဖြည်းညင်းစွာပင် ပွင့်လာပါ သည်။ သူ့မျက်နှာဆီသို့ ခပ်စိုက်စိုက်လေး ငေးမောကြည့်နေ၏။

"မမ နေမကောင်းဘူးဆို"

စိတ်မကောင်းတာပါ နှိုင်းရယ်။

ရင်ထဲမှာ တင်းကျပ်နေတဲ့ ဝေဒနာဆိုးတွေနဲ့ အသက်ရှူ မဝလောက်အောင်ဘဲ မောပန်းနွမ်းလျနေတာပါ။ ရက်စက်လိုက် တာ နှိုင်းရယ်။ မမအပေါ် မင်း ရက်စက်လိုက်တာ။ အထပ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



အခါခါ သတိပေးနေပါလျက်နဲ့ နှင်းဖွေးလေးဆိုတဲ့ ဒေါ်နှင်းဧကရီ ရဲ့သမီးကိုမှ မေတ္တာရှိရတယ်လို့။ မမ အရမ်းခံစားသွားရမှာပဲလို့ မင်း နည်းနည်းလေးမှတောင် ထည့်မတွေးတော့ဘူးလားဟင် နိုင်း။

မမအနားကနေ နိုင်းသာ ထွက်သွားခဲ့ရင် ဘယ်လိုဖြစ် ပြီး ကျန်နေရစ်ခဲ့မလဲလို့ နည်းနည်းလေးတောင် မစဉ်းစားမိဘူး လားကွယ်။ အမြင်မှာ ဟန်ဆောင်ထိန်းချုပ်မှုတွေ ဘယ်လောက်ပဲ နေနေ ရင်ထဲမှာတော့ အမည်မဖော်နိုင်တဲ့ ခံစားချက်လေးတွေနဲ့ ရှင်သန်နေတဲ့ မမလေ အခုတော့ ရင်တစ်ခုလုံး နင့်သည်းနာကျင် စွာပဲ ခံစားနေရပြီ နိုင်းရယ်။

ချောမောခန့်ညားလွန်းတဲ့ နိုင်းမျက်နှာလေးဆီမှာ အကြည့် လေးတွေကို ခွာကာ ခေါင်းလေးကို တစ်ဖက်သို့ စောင်းထား လိုက်မိသည်။

"မမ…နိုင်း မေးနေတာကိုတောင် မဖြေချင်တော့ဘူး လား မမရယ်၊ နိုင်းနဲ့ စကားပြောချင်စိတ်တောင် မရှိတော့ဘူး လားဟင်"

မမနွေဂိမာန် နှုတ်ခမ်းလေးနှစ်လွှာက တင်းတင်းစေ့ ပိတ်နေဆဲပါ။

နိုင်း စိတ်မကောင်းမိ။



မမက အတန်တန် တားဆီးထားတဲ့ကြားက နှင်းဖွေးလေး ကို ချစ်မြတ်နိုးနေမိတာလေ။ မမ အရမ်းကိုဒေါသထွက်မှာပဲ။ ကုမ္ပဏီကို ဒေါ်နှင်းဧကရီ လိုက်လာပြီး ပြဿနာရှာတဲ့နေ့ကဆို မမှာ မယုံကြည်နိုင်လွန်း၍ မျက်လုံးလေးတွေပင် ပြူးဝိုင်းပြီး ါးစပ်အဟောင်းသားလေးကိုဖြစ်လို့။

ဒေါ်နှင်းဧကရီရဲ့ စွပ်စွဲချက်တွေကို သူ့ဘက်ကနေရပ်ပြီး ာကွယ်ခဲ့တဲ့ မမနွေဂိမာန်ရဲ့ အစ်မတစ်ယောက်စိတ်ဓာတ်။ ါတွေကို နိုင်း အသေအချာ မြင်တွေ့ခဲ့ရပါသည်။ ဘာမှ သွေးမတော် သားမစပ် ကားနဲ့တိုက်ခဲ့မိသည့် အပြစ်ကလေးတစ်ခု ည်းနဲ့ နိုင်းကို စောင့်ရှောက်ကျွေးမွေးခဲ့တာ နည်းသလား။

အနိုင်းမဲ့ဟာ နာမည်နဲ့လူ မပြောင်းတာကလွဲပြီး ဝတ်စား ာ၊ နေထိုင်တာ၊ သွားလာလှုပ်ရှားရတာတွေ အားလုံးက ပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ရသည်။ ဒါဟာ မမနွေဂိမာန် ကျေးဇူးတရားတွေပါပဲ။

မမ မွေးစားခဲ့လို့ နိုင်းရဲ့အနာဂတ်က အေးချမ်းလှပခဲ့တာ ါ။

ဒီအမှန်တရားတွေကို နိုင်းရဲ့အသိတရားတွေထဲမှာ စွဲထင် အောင်ကိုထည့်ထားပြီးသား ဖြစ်ပါသည်။ မမ စိတ်ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



အောင် ထားနိုင်ဖို့လည်း အနှိုင်းမဲ့ဘက်က အတတ်နိုင်ဆုံး ကြိုးစားမည်ဟု ဆုံးဖြတ်ထားမိ၏။

ခုတော့ မမ စိတ်ညစ်နေရပြီ။

အိမ်တွင်းရေးပြဿနာအခြေအနေက ထင်ထားတာထက် အခြေအနေတွေက ပိုပြီးဆိုးဝါးလာရ၏။ ဒေါ်နှင်းဧကရီကလည်း တစ်စက်ကလေးမှ အလျှော့မပေးတတ်သူ။ သူ့ဘက်က နစ်နာရမည်ဆိုလျှင် ဆတ်ဆတ်ခါ ကာကွယ်တတ်သူဆိုတော့ အခုကိစ္စကိုလည်း အချိန်ပြည့် အာရုံထဲထည့်ထားသည်။

အန်ကယ်ဦးသက်ထွန်းကတော့ အခုပြဿနာကို ဘာတစ်ခုမှမသိသေးချေ။ ကျန်းမာရေးအခြေအနေက တအားဆိုးဝါးနေတာမို့ မိသားစုဝင်တွေက အသိမပေးသေးဘဲ ထားကြခြင်းဖြစ်သည်။ အပြင်မှာတော့ မိသားစုဝင်တွေဖြစ်တဲ့ အန်တီဒေါ်နှင်းဧကရီနဲ့ မမနွေဂီမာန် တို့ရဲ့ ရန်စောင်နေမှုက ပြင်းထန်နေဆဲ။

အနှိုင်းမဲ့ကို အိမ်မှာမထားချင်ဘူးဆိုပြီး အန်တီနှင်းဧကရီက မမနွေဂီမာန်ကို အပြတ်သားဆုံးပြောသည်။ မမနွေဂီမာန်က လက်မခံ။ အတိုက်အခံတွေ ဖြစ်နေကြ၏။ နှိုင်းကြောင့် မမ စိတ်တွေ တအားကိုပဲ ပင်ပန်းနေရပါပြီ။





''မမ''

''မင်း ဘာပြောစရာရှိလို့လဲ နှိုင်း၊ မမ အနားယူချင်ပြီ''

''ထွက်သွားပေးရမလားဟင်''

မမနွေဂီမာန် မျက်လုံးတွေက သူ့ဆီ ဆတ်ခနဲရောက်လာပြန်သည်။ ထိုအကြည့်တွေထဲတွင် စိုးရွံ့မှုတို့ အနည်းငယ်ခိုဝင်နေသယောင်။

''ဒီတိုက်ထဲကနေ နှိုင်း ထွက်သွားပေးလိုက်ရင် ကောင်းမယ်လို့ထင်မိတယ်၊ ဒါဆို မမ အခုလိုခံစားနေရတဲ့ စိတ်ရှုပ်ထွေးမှုတွေ ပြေပျောက်သွားမှာ၊ နှိုင်းကို အားမနာပါနဲ့ မမရယ်၊ မမ အခုလိုဖြစ်နေတာကို နှိုင်း ဘယ်လိုမှမကြည့်ရက်တော့လို့ပါ၊ နှိုင်း ဘယ်လိုလုပ်ပေးရင် မမ ပြန်ပြီး ပျော်ရွှင်မလဲ မမရယ်''

''မုန်းပေးပါ နှိုင်း''

''ဗျာ''

''နှင်းဖွေးလေးကို မမမုန်းသလို လိုက်ပြီးမုန်းပေးပါ၊ မမ နာကြည်းသလို လိုက်ပြီးနာကြည်းပေးပါ နှိုင်း၊ ဒါဆိုရင် မင်းကို မွေးစားခဲ့မိတဲ့အတွက် မမ ဘယ်တော့မှ နောင်တမရဘဲ ရှိနေမှာ၊ မင်းလုပ်ပေးမှာလားဟင် နှိုင်း''

နှိုင်း နှုတ်တွေဆွံ့အသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မမနွေဂိမာန်ရဲ့ တောင်းဆိုမှု။

နှင်းဖွေးလေးကို နာကြည်းမုန်းတီးပေးပါတဲ့လေ။

မမရယ်။

ဒီလိုတောင်းဆိုမှုကြီးကိုမှ နှိုင်းဆီက တောင်းလိုက်ရတာလဲဗျာ။ နှိုင်း အရမ်းကို အဖြေရခက်သွားလိမ့်မယ်ဆိုတာ မမ မသိဘူးလားဟင်။ သိနေမှာပါ။ နှိုင်းရင်ထဲက ခံစားချက်တွေကို မမ မြင်တွေ့နေမှာပါ။ မမက ခပ်ညံ့ညံ့ မိန်းကလေးတစ်ယောက်မှ မဟုတ်တာ။ စီးပွားရေးလုပ်ငန်းရှင်ကြီး ဦးသက်ဝေထွန်းရဲ့ သမီး။ ရာနဲ့ချီတဲ့ အလုပ်သမားတွေကို ဦးစီးအုပ်ချုပ်ပြီး လုပ်ငန်းတွေ ပြန့်ပြီးလည်ပတ်နိုင်အောင် ကြိုးစားနေတဲ့ မိန်းကလေး။ ဒီလိုအစွမ်းအစရှိနေတဲ့ မမနွေဂိမာန်က နှိုင်းဆီကနေ ဘယ်လိုမှ မပေးနိုင်တဲ့ ခံစားချက်ကိုမှ တောင်းဆိုလိုက်တာ အရမ်းကိုပဲ ရက်စက်မနေဘူးလား မမရယ်။

"နှိုင်း"

"ဗျာ"

"ငြိမ်လှချည်လား၊ မမ မင်းဆီက အဖြေကိုစောင့်နေတယ် နှိုင်း"

"မမ"





"ပြောပါ နှိုင်း၊ မင်းရင်ထဲမှာရှိတဲ့အတိုင်းသာ ပြောပါ"

"မမပြောတော့ ချစ်မိတာအပြစ်မရှိဘူးဆို"

"အဟင်း..ဟင်း..၊ မင်းက မမမေးတာမဖြေဘဲ မမကို မေးခွန်းပြန်ထုတ်လိုက်တာပေါ့၊ ဟုတ်ပြီလေ..မင်းမေးတော့လည်း မမ ပြန်ဖြေပေးရမှာပေါ့၊ ရင်ထဲမှာ တစ်စုံတစ်ယောက်ကို ချစ်မိတာ အပြစ်ရှိတာမဟုတ်ဘူး နှိုင်း၊ သူ့အလိုလို ခံစားလာရတဲ့ ခံစားချက်လေ၊ ဒါပေမဲ့ မချစ်သင့်တဲ့သူဆိုရင်တော့ နည်းနည်း စဉ်းစားစရာပေါ့ကွာ၊ အသိတရားတွေနဲ့ ပြန်ပြီး ထိန်းချုပ်ရမှာပေါ့၊ ကိုယ်ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ လုပ်ရတဲ့သဘောပေါ့၊ ဒါဆို မမ ဘာကိုဆိုလိုတယ်ဆိုတာ မင်း သဘောပေါက်မှာပါ"

မမရယ်...

နှိုင်း နားလည်ပါပြီ။

ဒါပေမဲ့ နှိုင်းကို အချိန်မပေးတော့ဘူးလားဟင်။

အသင့်ပြင်နိုင်ဖို့ အခွင့်အရေးမပေးတော့ဘူးလား မမရယ်။

"နှိုင်း"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



''မမ မပျော်ရွှင်တာကို မမြင်ချင်ဘူးဆို''

''နိုင်း…နိုင်း''

''မင်း သိပ်ငယ်သေးတယ် နိုင်း၊ ဒီတော့ ခံစားချက်နောက်ကိုပဲ မင်းလိုက်ချင်မှာပေါ့လေ၊ မမ မင်းကို အပြစ်မတင်ချင်ပါဘူး၊ အရာရာတိုင်း ကံတရားရဲ့စေစားရာအတိုင်းပဲ သွားရမှာပဲဆိုပေမယ့် မတရားဘူး နိုင်းရယ်၊ မမဆီကို ကျရောက်လာတဲ့ ကံကြမ္မာတွေက သိပ်ပြီးဆိုးဝါးရက်စက်လွန်းတယ်၊ ဘယ်ဘဝက ဘယ်လိုအပြစ်တွေ မမလုပ်ခဲ့လို့လဲ မသိဘူး၊ အခုချိန်ထိ ရှုံးနိမ့်နေရတုန်းပဲလေ''

မမက ပြောနေရင်းနှင့် မျက်ရည်တွေ စီးကျလာ၏။

နိုင်း တုန်လှုပ်ချောက်ချားသွားရသည်။

ကျေးဇူးရှင်မမ··

နိုင်းကြောင့် မမ မျက်ရည်တွေ ကျနေရပြီလေ။

မမအကြောင်းကို အစအဆုံး ပြောပြထားခဲ့တာပဲမဟုတ်လား။ အဖော်မဲ့နေသလို ခံစားနေရတာတွေ၊ အထီးကျန်သလိုဖြစ်နေရတာတွေ အားလုံးကို နိုင်းသိအောင် မမကိုယ်တိုင် ဖွင့်ပြောပြခဲ့သည်။

မှားသွားပြီလား။





ရင်တစ်ခုလုံး နာကျင်နေရတဲ့ မမကို နောက်ထပ်ဒဏ်ရာနက်နက်တွေ ဖန်ဆင်းပေးမိသလို ဖြစ်နေရပြီ။ တားဆီးထားပါလျက် ရှေ့ကိုတိုးမိခဲ့တဲ့အဖြစ်။ မမ အရမ်းခံစားနေရမှာပဲ။ ဝမ်းနည်းနင့်သည်းမှုတွေနဲ့ ပြည့်နှက်နေတဲ့ မမရဲ့မျက်ဝန်းတွေကိုကြည့်ပြီး နိုင်း စိတ်တွေဝေသွားရတာတော့ အမှန်ပါ။

''မမ အရမ်းဝမ်းနည်းတယ် နိုင်း၊ မေမေ့ကိုလည်း မမအရမ်းသတိရတယ်၊ အခုအချိန်မှာ မေမေသာ မမအနားမှာရှိနေရင် သူ့ရင်ခွင်ထဲပွေ့ဖက်ပြီး မမ စိတ်ပြေအောင် နွေးနွေးထွေးထွေးနဲ့ ဖြေသိမ့်မှုတွေပေးမှာလေ၊ ခုတော့ အဟင့်…ဟင့်''

''မမရယ်''

နိုင်း စိတ်တွေ မနိုင်တော့ပါ။

မမ လက်လေးကို ကြင်နာစွာ ဆုပ်ကိုင်ဖျစ်ညှစ်အားပေးမိ၏။

တစ်ယောက်တည်း အတွေးတွေနဲ့ အားငယ်နေတဲ့ မမနွေကိုမာန်။

တစ်နည်းအားဖြင့် အနိုင်းမဲ့ရဲ့ ကျေးဇူးရှင် မမ။

ဘယ်ကမှန်းမသိ၊ ဘယ်မှာနေမှန်းမသိ၊ ဘာအလုပ်တွေလုပ်ကိုင်စားသောက်နေတဲ့ ကောင်လေးမှန်းမသိ။ နိုင်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အကြောင်းအရာလေးတွေကိုသာ နားထောင်ပြီး ယုံကြည်ခဲ့တဲ့ မမ။ မှတ်ပုံတင်ကတ်ပြားလေးတစ်ခုသာ ပါလာခဲ့တဲ့ နှိုင်းကို ကားပေါ်တင်ခေါ်လာပြီး ရန်ကုန်မြို့ကြီးကို တင်ခေါ်လာခဲ့တဲ့ မမ သူ့ကိုထားခဲ့ပါဆိုတာကိုတောင် ဒဏ်ရာတွေနဲ့ ပစ်မထားရက်ဘဲ သူမ နေတဲ့တိုက်ကို ရဲရဲဝံ့ဝံ့ ခေါ်သွင်းခဲ့တဲ့ မမနွေဂိမာန်ရဲ့ စာနာ စိတ်။

ဒေါ်နှင်းဧကရီ အသည်းအသန် ကန့်ကွက်နေတဲ့ကြားက အနှိုင်းမဲ့ကို နေစရာနေရာတစ်ခု ပေးခဲ့တဲ့ မမရဲ့ကျေးဇူးတွေကို သူ ဘာကြောင့်များ မေ့ထားခဲ့ပါလိမ့်။

“နှိုင်း”

“ဗျာ”

“မင်း မမကို စိတ်ပျက်သွားပြီလားဟင်”

“ဗျာ”

“မင်းရှေ့မှာရှိတဲ့ မိန်းမတစ်ယောက်က ခိုင်မာတဲ့စိတ် ဓာတ်မရှိဘဲ အခုလို ယိုင်နဲ့နေလို့လေ၊ မင်း သိပ်ပြီး အထင်သေး သွားပြီလားဟင် နှိုင်း”

“ဟာဗျာ..ဘာလို့အထင်သေးရမှာလဲ၊ မမက ပျော့ညံ့ တာမဟုတ်ပါဘူး၊ နူးညံ့တာပါ၊ ဘာပဲပြောပြော မိန်းကလေး



တစ်ယောက်ပဲဆိုတဲ့ အဖြစ်ကို လက်ခံပြီး မိန်းမပီသပြလိုက်တာ ပါ၊ အပွန်း..ခုမှပဲ မမရဲ့ပုံစံအမှန်ကို မြင်လိုက်ရတော့တယ်၊ ကုမ္ပဏီမှာ အုပ်ချုပ်နေတဲ့ သူဌေးသမီး နွေဂိမာန်ဆိုတဲ့ ဟန်ဆောင် ထိန်းချုပ်မှုတွေကွကျပြီး အားငယ်မှုတွေနဲ့ စိုးကြောက်နေတဲ့ ကလေးငယ်လေးတစ်ယောက်ရဲ့ပုံစံ”

“နှိုင်းနော် မင်း ငါ့ကို ရယ်အောင်မလုပ်နဲ့၊ အခု လုံးဝ ကို ရယ်ချင်စိတ်မရှိဘူး၊ စိတ်တွေအရမ်းညစ်နေတာ”

“မမ”

“ဘာလဲ”

“နှိုင်း ဆင်ခြင်ပါ့မယ်”

“ဘာ”

“နောက်တစ်ကြိမ် မမ အခုလို မငိုရအောင်ပေါ့”

နှိုင်း

မင်း သိပ်လည်တဲ့ကောင်လေးပဲ။

နှင်းဖွေးလေးကို လုံးဝမချစ်ဘူး၊ မမလိုပဲ လိုက်ပြီး နာကြည်းမုန်းတီးပေးပါ့မယ်ဆိုတဲ့ ကတိစကားကို လုံးဝမပေးဘူး နော်။ ဒါပေမဲ့ မမ ကျေနပ်ပါတယ်။ ကိုယ်ငိုတာကို မကြည့်ရက် တဲ့ စိတ်ကလေး တစ်စုံတစ်ယောက်ရဲ့ရင်ထဲမှာ ရှိနေပါလားဆို

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အဖြစ်လေးကို သိခွင့်ရခဲ့လို့လေ။

"မမ"

"ပြော"

"နိုင်း တကယ်ပြောတာပါ၊ နောက်ဆို မမ စိတ်ပျက်အောင် မလုပ်တော့ပါဘူးဗျာ"

"ပြောပြန်ပြီ"

"ဒီတစ်ခါတော့ နိုင်းကိုယုံပါ မမရယ်"

ဟင့်အင်း…

မမ မယုံနိုင်ဘူး နိုင်း။

မင်းရင်ထဲမှာ နှင်းဖွေးလေးနဲ့ ပတ်သက်တဲ့ ခံစားချက်က ရှိနေပြီးသားလေ။ ဒါဟာ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ပြောင်းလဲသွားတော့မယ့် အရာမှမဟုတ်တာ။ မမ မလိုချင်ဆုံးထလည်း အဲဒီအချက်ပဲလေ။ နှင်းဖွေးလေးနဲ့ ကင်းကင်းရှင်းရှင်းနေပြတာထက် အဲဒီကောင်မလေးကို မင်းမုန်းစေချင်တာ နိုင်းရဲ့

"မမ"

"ပြော"

"မြန်မြန်နေကောင်းပါတော့ မမရယ်၊ မမကို အခုလိုစိတ်ဓာတ်တွေကျပြီး အိပ်ရာထဲ လဲနေတာ နိုင်း မကြည့်ချင်ဘူး





ဘူး၊ အရင်ကလိုပဲ လန်းဆန်းတက်ကြွနေတဲ့ ပုံစံမျိုးပဲ ဖြစ်ချင်တယ် မမရယ်"

နိုင်းရယ်…

မမ ပြန်နေပြမှာပါ။

ဒါပေမဲ့ အခုအချိန်တော့ မဟုတ်ဘူး နိုင်း။

ဘာဖြစ်လို့လဲဆိုတော့ မမကိုကြည့်ပြီး သနားနေတဲ့ မင်းရဲ့ကရုဏာမျက်ဝန်းလေးတွေကို ဟန်ဆောင်မှုတွေနဲ့ရအောင် ကြိုးစားနေရတဲ့ အချိန်မို့လေ။ မင်း မမကိုပဲ သနားနေရမယ် နိုင်း။ မမကိုပဲ ကြင်နာရမယ်။ မမကလွဲပြီး ဘယ်သူ့ကိုမှလည်း မချစ်ရဘူး နိုင်း။

အဲဒါ မမ အလိုချင်ဆုံး အချက်ပဲ။

ပြီးတော့…

နွေဂိမာန်ဆိုတဲ့မိန်းမက ကိုယ်လိုချင်တဲ့အရာကိုလည်း ရအောင် ယူတတ်တယ်လေ။ မယုံမရှိနဲ့ နိုင်း၊ မမ ရအောင်ယူပြမှာ။ မမဆီက ရယူသွားခဲ့တဲ့ အရာတွေအားလုံး မမ လက်ထဲပြန်ရောက်လာအောင် လုပ်ပြဦးမှာ နိုင်း။

သိပ်မကြာတော့ပါဘူးကွာ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၁၈ |

ဟင်…

ကိုနိုင်း

ဟုတ်ပါတယ်။ ရှေ့မှာ ခေါင်းလေးစိုက်ချပြီး လမ်းလျှောက်သွားတာ ကိုနိုင်းမှ ကိုနိုင်းအစစ်ပါ။ နောက်ကျောလေး လျှောက်သွားပေမယ့် ရင်ထဲက ချစ်ရသူကိုတော့ ဖွေးလေး သိပါသည်။

ဖွေးလေး သိပ်ပြီးစဉ်းစားမနေတော့။

ကိုနိုင်းကို မီအောင် သွက်လက်သောခြေလှမ်းလေးတွေနှင့် လှမ်းကာလိုက်သွားမိသည်။ ကိုနိုင်းကတော့ ရှေ့ဆက်လျှောက်နေဆဲ။ သူမ လှမ်းလည်းမအော်ခေါ်ရဲတာမို့ မီအောင်သာ လိုက်မိ၏။





"ကိုနိုင်း"

မိလုမီခင်မှ သူမ ခပ်တိုးတိုးခေါ်လိုက်သည်။

သူမအသံကြားလိုက်တာနှင့် ချက်ချင်းပဲ ကိုနိုင်းက လှည့်ကြည့်သည်။ သူမကိုမြင်တော့ တအံ့တသြနဲ့ ဝမ်းသာမသွား။ နူရှုတောက်ပသော မျက်ဝန်းတွေနှင့် ခပ်ငေးငေးစိုက်ကြည့်၏။

"ကိုနိုင်း"

"ဖွေးလေး"

"ကိုနိုင်း သင်တန်းပြီးသွားပြီလားဟင်"

ဖွေးလေးရယ်…

ဒါကိုမေးဖို့ ကိုယ့်နောက်ကို မင်းမီအောင်လိုက်လာတာလားဟင်။ ကိုယ့်ကို မင်း တစ်ခုခုပြောချင်လို့မဟုတ်လား။ မင်းအမေအတွက် မင်းတောင်းပန်ချင်လို့ ကိုယ့်နောက်ကို အမီလိုက်လာတာမဟုတ်လား ဖွေးလေးရယ်။ ကိုယ်သိနေပါတယ်။ မင်းရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ကိုယ် နားလည်ပါတယ် ဖွေးလေးရယ်။

ဒါပေမဲ့

ကိုယ်လေ မင်းနဲ့မျက်နှာချင်းမဆိုင်ချင်ဘူး။

မင်းမျက်နှာလေးကို မြင်လိုက်ရင် ထိန်းချုပ်ထားရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်တွေကို လွှတ်ပေးလိုက်မိမှာ။ ကိုယ် ဟန်ဆောင်နေဝ ရစေ ဖွေးလေးရယ်။ ဒါမှ မင်းလည်း ပညာရေးကို ပိုပြီးဂရုစိုက် နိုင်မှာပေါ့။ ကိုယ့်ကြောင့် မင်း စိတ်တွေဝေမနေစေချင်ဘူး ဖွေးလေး

"ဟုတ်တယ် ဖွေးလေး၊ ပြီးသွားပြီ"

တုံးတိတိအဖြေကိုသာ သူ ပြန်ပေးမိသည်။

သူ့မျက်နှာ တအားကိုတည်တင်းနေလို့လားတော့ မသိ ဖွေးလေးရဲ့မျက်ဝန်းလေးတွေက အားငယ်စိတ်နှင့် ဖျော့တော့သွား၏။

"မင်းလည်း သင်တန်းဆင်းပြီမဟုတ်လား"

"အင်း"

"ဒါဆို အိမ်ပြန်တော့လေ၊ အိမ်ကလာကြိုတဲ့ကား ရောက်နေလောက်ရောပေါ့"

ကိုနိုင်းရယ်။

ဒါ ဖွေးလေးကို ပညာသားပါပါနဲ့ ရှင် နှင်လိုက်တာ မဟုတ်လားဟင်။ အိမ်ကကား လာကြိုတာ သင်တန်းဆင်း ဆယ်မိနစ်လောက်အလိုကတည်းကပါ။ ဖွေးလေးက ကားပေါ် မတက်သေးဘဲ စာသင်ဝိုင်းက လူတွေအားလုံး ဆင်းသွားတဲ့အချိန် ထိ အနောက်မှာ ချန်နေရစ်ခဲ့တာလေ။ ကိုနိုင်းတို့သင်တန်းဆင်း





ချိန်လောက်ကျမှ လှေကားထစ်လေးတွေကနေ ဖြည်းဖြည်းချင်း အချိန်ဆွဲပြီး ဆင်းခဲ့တာ ကိုနိုင်းရဲ့။

အဲဒါ ကိုနိုင်းနဲ့ တွေ့ချင်လို့ပါ။

ဖွေးလေး အောက်ကိုရောက်တော့ အရင်ကလိုပဲ ကိုနိုင်း တစ်ယောက် စောင့်နေဦးမယ်လို့ ထင်ထားတာလေ။ ကိုနိုင်းက မစောင့်ဘဲ သွားတာတွေ့တော့မှ ဖွေးလေး ကိုနိုင်းနောက်ကို မီအောင် လိုက်လာခဲ့တာ။

"ကိုနိုင်း"

"ပြော"

"ဖွေးလေးကို စိတ်နာသွားပြီလားဟင်"

"ဘာကိုလဲ ဖွေးလေး"

"မေမေက ကုမ္ပဏီအထိလိုက်သွားပြီး ကိုနိုင်းကို ပြဿနာရှာတယ်ဆို၊ အဲဒါ"

"ထားလိုက်ပါတော့ကွာ၊ အဲဒါတွေက ပြီးပြီးသား အဖြစ်အပျက်တွေပဲဟာ၊ ကိုယ် ခေါင်းထဲ လုံးဝထည့်မထားပါ ဘူး၊ ဖွေးလေးလည်း ထုတ်ပစ်လိုက်တော့"

"ဒါပေမဲ့"

"ကဲ…ဖွေးလေး ကိုယ် အရမ်းအရေးကြီးတဲ့ကိစ္စနဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားစရာရှိသေးတယ်၊ အချိန်မရဘူး၊ ကိုယ့်ကို ခွင့်ပြုဦးနော်”

ကိုနိုင်းက စကားစကို ချက်ချင်းဖြတ်ပစ်သည်။ မျက်နှာကလည်း တည်တင်းလို့။ အပြုံးအရယ် တစ်စက်လေးမှမရှိချေ။ ကိုနိုင်း စိတ်တွေ အရမ်းကိုခံစားသွားရတယ်ထင်ပ။ ရှက်သွားမှာပဲလေ။ မေမေ့အကြောင်းကို ဖွေးလေး အသိဆုံးပါပဲ။ ကုမ္ပဏီမှာ ကိုနိုင်း မျက်နှာပျက်လောက်အောင် မေမေ သောင်းကျန်းခဲ့တဲ့သတင်းကို ဖွေးလေး ကြားပြီးသားပဲဟာ။

စိတ်မကောင်းပါဘူး ကိုနိုင်းရယ်။

ဖွေးလေးကြောင့် ကိုနိုင်း အခုလို အပြောအဆိုခံရတာပါ။ ဘာပဲပြောပြော ကိုနိုင်းရဲ့ ဂုဏ်သိက္ခာအတွက် မေမေ့ကို ဖွေးလေး တားဆီးထားသင့်တာပါ။ အခုတော့ ဖွေးလေးရဲ့ ညံ့ဖျင်းမှုကြောင့် ကိုနိုင်း အရှက်ကွဲရတာပေါ့လေ။

“ကိုနိုင်း”

“ပြော”

“တောင်းပန်ပါတယ်၊ ဒီစကားကို ဖွေးလေးပြောချင်လို့ ကိုနိုင်းကို မီအောင်လိုက်လာခဲ့တာပါ၊ ပြောခွင့်မရရင် ဖွေးလေးစာလည်း ကျက်လို့ရမှာမဟုတ်ဘူး၊ အိပ်လည်း ပျော်မှာမဟုတ်ဘူး၊ တစ်ချိန်လုံး ကိုနိုင်းအပေါ်မှာ အပြစ်လုပ်မိပြီဆိုတဲ့ စိတ်နဲ့





ရှင်သန်နေရမှာပါ၊ မေမေ့ကြောင့် ကိုနိုင်း ဘယ်လောက်ခံစားနေရမလဲဆိုတာ ဖွေးလေး သိပါတယ်၊ ဒါကြောင့်လည်း ခွင့်လွှတ်ပေးဖို့ တောင်းပန်တာပါ၊ ဖွေးလေးကို စိတ်ပျက်မသွားပါနဲ့နော်၊ စိတ်မဆိုးပါနဲ့ ကိုနိုင်းရယ်၊ ဖွေးလေး မခံစားနိုင်လို့ပါ”

ဖွေးလေးရယ်။

သနားစဖွယ် တောင်းပန်နေရှာတဲ့ ချစ်မြတ်နိုးရသူနင်းဖွေးလေး။ မိခင်ဖြစ်သူရဲ့ လုပ်ရပ်ကြောင့် သူ့ကို အားနာနေတယ်ထင်ပါ့။ တကယ့်ကို မျက်နှာငယ်ငယ်လေးနဲ့ကို တောင်းပန်နေတာပါ။

“ကိုနိုင်း…ဖွေးလေးပြောတာကို ကြားရဲ့လားဟင်၊ စိတ်ရောဝင်စားရဲ့လား ကိုနိုင်းရယ်၊ ကိုနိုင်းကို ကြည့်ရတာ ဖွေးလေးပြောနေတာတွေကို လုံးဝစိတ်မဝင်စားသလိုပဲ၊ ဖွေးလေးအပေါ် အရမ်းစိတ်ပျက်သွားပြီလားဟင်”

“မဆိုင်တာဘဲ ဖွေးလေး”

“ဒါပေမဲ့ ကိုနိုင်းပုံစံက အရမ်းကိုပြောင်းလဲသွားတယ်”

“ကဲ…ဖွေးလေး မင်းပြောချင်တာ ဒါပဲမဟုတ်လား၊ ကိုယ်သွားတော့မယ်၊ မင်းလည်း အိမ်ပြန်တော့ ဖွေးလေး၊ အန့်တီနင်းကေရီက အိမ်ပြန်နောက်ကျလို့ သံသယဝင်ပြီး မင်းကို ဆူနေ



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်၊ သွားတော့ ဖွေးလေး”

ပြောပြီးတာနဲ့ ချက်ချင်းဆိုသလို အလျင်စောထွက်သွားသူက အနိုင်းမဲ့ရယ်ပါ။ ဖွေးလေးကို နောက်ချန်ရစ်ထားခဲ့မိသည်။

လူတစ်ယောက်က ဘယ်လောက်ကြာကြာ ဟန်ဆောင်ပြီး စိတ်ကိုတင်းထားနိုင်မှာမို့လို့လဲ။ အဆိုးဝါးဆုံးအချက်က ကိုယ်သိပ်ချစ်နေပါလျက်နဲ့ မချစ်ဟန်ဆောင်ပြီး ရင်ထဲကမပါတဲ့ စကားလုံးတွေ သုံးစွဲနေရတာပဲလေ။

ဖွေးလေးကတော့ တစ်မျိုးထင်သွားမှာပဲ။ သူမရဲ့အဖေဒေါ်နှင်းဧကရီကြောင့် စိတ်နာကျင်သွားပြီ ဆိုပြီးတော့ပေါ့။ သူမအပေါ် စိတ်ပြောင်းလဲသွားပြီဆိုပြီး အရမ်းဝမ်းနည်းကြေကွဲသွားမှာပဲလေ။ အငိုရိပ်လေးသမ်းနေတဲ့ ဖွေးလေးရဲ့ မျက်ဝန်းနက်နက်ဝိုင်းဝိုင်းလေးတွေထဲက စိုးရိမ်စိတ်တွေကို အနိုင်းမဲ့ အသေအချာမြင်လိုက်ရပါသည်။ အကြည့်တွေ လွှဲလိုက်ပေမယ့် မျက်ရည်ကြည် ဝေ့ဝဲဝဲလေးကို မြင်ဖြစ်အောင် မြင်လိုက်ရသေး၏။

အားပေးနှစ်သိမ့်လိုက်ချင်တာပါ။ ကိုယ် ဘာမှမဖြစ်ဘူး ဖွေးလေးရယ်…မင်းစိတ်မပူပါနဲ့။ မိဘဆိုတာက ကိုယ့်သားသမီးအပေါ်မှာ ကောင်းစားစေချင်တဲ့ဆန္ဒပဲ ရှိတတ်ကြတာလေ။ ကိုယ်နားလည်နိုင်ပါတယ်လို့ ပြောချင်တာပါ။ မင်းလေးရဲ့





စိတ်တွေကို အေးချမ်းစေချင်တယ် ဖွေးလေးရယ်။

ချစ်တယ်။

မင်းကို အရမ်းချစ်တယ် ဖွေးလေးရယ်။

တစ်ခါတလေ မင်းအကြောင်းလေးကို စဉ်းစားလိုက်တာနဲ့ ရင်ထဲမှာ နင့်သည်းပြီး နာကျင်နေရတဲ့အထိ ခံစားနေရပါတယ်ကွာ။ အဲဒီလောက်တောင်-ကိုယ့်ရင်ထဲက နှလုံးသားလေးတွေက ချစ်တတ်သွားခဲ့တာပါ။

ဒါပေမဲ့လည်း ဖွေးလေးရယ်၊ တစ်ခါတစ်ရံမှာ ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက်တာကိုပဲ ဦးစားပေးလုပ်ရတာ ရှိတယ်လေ။ အားလုံးအတွက် အကောင်းဆုံးပဲဆိုရင် ကိုယ့်အတ္တတွေကို အလျှော့ပေးရမှာပေါ့ ဖွေးလေးရယ်။

အခိက…

ဖွေးလေး အနာဂတ်အတွက်ပါ။ ရွှေပုံပေါ်မှာ စံစားနေရတဲ့ အေးချမ်းနေရတဲ့ဘဝလေးကို ဘာအမိုးအရိပ်မှမရှိတဲ့ ကိုယ့်ဘဝ အပူလွင်ပြင်ထဲ ဆွဲမခေါ်သွားရက်လို့ပါ ဖွေးလေးရယ်။ ရှေ့မှာဘာဖြစ်ဦးမလဲဆိုတာ မသိတဲ့ ကိုယ့်အတွက်နဲ့ ဖွေးလေးရဲ့ အချစ်စစ်တွေကို မရင်းစေချင်ဘူးကွာ။

လူကသာ ထွက်လာခဲ့တာ၊ သူ့စိတ်က ဖွေးလေးဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



သာ။ အာရုံထဲမှာ ဖွေးလေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ ချည်းပဲ။ မျက်ဝန်းအကြည့်တွေထဲမှာလည်း ဖွေးလေးရဲ့ လှပတဲ့ မျက်နှာလေးတွေပဲ အထပ်ထပ် မြင်ယောင်လျက်··။

ဟူး···

ချစ်ရတာလည်း ရင်မောစရာပါလားကွာ။

ဖွေးလေးရယ်။

နီးလျက်နဲ့ဝေးနေရတဲ့ အိပ်မက်ဆိုးကြီးထဲက နိုးထခွင့် လေးများ ဘယ်တော့များမှ ကိုယ့်တို့ဆီကို ရောက်လာမလဲ မသိ တော့ပါဘူး။ ကိုယ်တော့ သွေးပျက်စရာကောင်းတဲ့ အိပ်မက်ရှည် ကြီးကို ဆက်ပြီးမမက်ချင်တော့ဘူး ဖွေးလေးရယ်။



## အခန်း | ၁၉ |

"ကျုပ်ဘဏ်စာရင်းထဲမှာ ငွေလက်ကျန်နည်းနေပြီ နွေဂိမာန်၊ ကျုပ်သုံးဖို့ ငွေသိန်းငါးဆယ်လောက် ထပ်ထည့်ပေး ဦး"

"ဘယ်လို···ဘာပြောလိုက်တယ် ဒေါ်နှင်းဧကရီ၊ သိန်းငါးဆယ် ဟုတ်လား"

"ဟုတ်တယ် နွေဂိမာန်"

"နေပါဦး၊ ဟိုတလောကပဲ ဒေါ်နှင်းဧကရီ အသုံးစရိတ် ဆိုပြီး ငွေသိန်းနှစ်ဆယ် ထုတ်သွားသေးတယ်လေ၊ ဘယ်နှလမှ တောင် မရှိသေးဘူး၊ အခု ထပ်တောင်းပြန်ပြီဆိုတော့ အသုံး အဖြုန်းက ကြီးလှချည်လား ဒေါ်နှင်းဧကရီ၊ ငွေရှာရတာ တွင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲက နှိုက်နေရတယ်များ မှတ်နေလားဟင်၊ တစ်လကျော်ကျော် အတွင်းမှာ ငွေသိန်းနှစ်ဆယ်လုံးလုံး တစ်ယောက်တည်းသုံးတာ မလွန်လွန်းဘူးလား”

“မလွန်ဘူး နွေဂိမာန်၊ အရင်ကလည်း အခုလိုပဲ ငွေလိုရင် ဘဏ်စာရင်းထဲ ထပ်ဖြည့်ပေးတာပဲ၊ ကုမ္ပဏီပိုင်ရှင် ဦးသက်ဝေထွန်းရဲ့ ဇနီးမယားတစ်ယောက်အနေနဲ့ ဒီလောက်လေး သုံးတာလောက်နဲ့တော့ သုံးသင့်သုံးထိုက်တဲ့ကိစ္စပါပဲအေ၊ ကုမ္ပဏီတစ်ခုလုံး ညည်း ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်နေရတာပဲဟာ၊ ဒီငွေလောက်ကို ကတ်သတ်တဲ့စကားတွေနဲ့ ငြင်းဆန်ဖို့ ကြိုးစားမနေနဲ့၊ ပေးမှာသာ ပေးစမ်းပါ”

ဒေါ်နှင်းဧကရီ ငွေတွေ ထပ်တောင်းပြန်ပြီ။

အသုံးစရိတ်သာပြောတာ၊ တောင်းတဲ့ငွေပမာဏက သိန်းငါးဆယ်ကြီးများတောင်။ ကုမ္ပဏီရဲ့ ထုတ်လုပ်ရောင်းချနေတဲ့ငွေကြေးအားလုံးမှာ အရင်းအနှီးအပြင် တခြား ဗာဟီရစရိတ်တွေနှင့် တစ်လတစ်လ အမြတ်ငွေက သိပ်ကျန်တာမဟုတ်။ စာရင်းချုပ်လိုက်တိုင်း အမြတ်ငွေစာရင်း ထွက်လာပေမယ့် အိမ်စရိတ်၊ ဖေဖေရဲ့ ကျန်းမာရေးကုသစရိတ်။ ပြီးနောက် နှင်းဖွေးလေးရဲ့ ပညာသင်စရိတ်နဲ့ အသုံးစရိတ်ပေါင်းလိုက်ရင် လစဉ် ထွက်ငွေ





ယားက ငွေအမောင့် အမြင့်ဆုံးမှာရှိသည်။

ပြီးတော့…

ရှိတိုင်း သုံးဖြုန်းချင်လို့ရမလား။

သူ မရှာရတိုင်း နှင်းကန်တောင်းနေတာချည်းကတော့ တရားလွန်လွန်းအားကြီးလွန်း၏။ စိတ်ထင်တိုင်းသာ လုပ်နေလျှင် ကြာခင် ကုမ္ပဏီ အရှုံးပေါ်ပြီး ဒေဝါလီ ခံရတော့မည်။ လက်မခံနိုင်ဘူး။ အရင်က နွေဂိမာန် မရှိတဲ့အချိန်မှာ ဖေဖေ့ရဲ့ကိုယ်စားလှယ်ခွဲစာနဲ့ မန်နေဂျာဆီကနေ လချုပ်ပို့သမျှ ငွေအမြတ်အစွန်းဆိုတာ ပြန်မေးလို့မရအောင်ပင် ဒေါ်နှင်းဧကရီက အစဖျောက်ထားခဲ့သည်။ သုံးဝအစစ်အဆေး အမေးအမြန်း လုပ်ခွင့်မပြု။ မသိဘူးလေ၊ သုံးလို့ကုန်သွားတာပဲဆိုတာနှင့်ပဲ လက်လျှော့ခဲ့ရ၏။ ထားလိုက်ပါ၊ ဒါက အရင်ကကိစ္စ။

ခုတော့…

နွေဂိမာန်ကိုယ်တိုင် ပြန်အုပ်ချုပ်နေပြီ။ တစ်ပတ် တစ်ပတ် ငွေစာရင်းရှင်းတမ်းကို သူမကိုယ်တိုင်စစ်ဆေးပြီး သေချာ စာရင်းသားနှင့်ထား၏။ လချုပ်စာရင်းရှင်းတမ်းကျမှ ငွေအားလုံး စာရင်းချုပ်တော့မှ အသုံးစရိတ်များကို ဝေပုံကျထုတ်ပေးတော့၏။ အရင်ကလို စာရင်းမရှိ အင်းမရှိ လုပ်ချင်တိုင်းလုပ်တာမျိုး လက်မခံ။



www.burmeseclassic.com

www.burmeseclassic.com



အသုံးစရိတ်ထုတ်လျှင်တောင် အကြောင်းပြချက်ကို သေချာရေး ထားသည်။

"နေပါဦး ဒေါ်နှင်းဇကရီ၊ ကုမ္ပဏီတစ်ခုလုံးကို ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်တယ်ပြောရလောက်အောင် ဒီကုမ္ပဏီက ကျွန်မ မမွေးခင်အချိန်ကတည်းက ကျွန်မမိဘတွေဖြစ်တဲ့ ဦးသက်ဝေထွန်းနဲ့ ဒေါ်တာသကြိန်တို့ ပိုင်ဆိုင်ထားခဲ့တာပါ၊ မိဘတွေရဲ့ လက်ထက်ပွား စီးပွားရေးကို သားသမီးက ဦးစီးတာ ခြယ်လှယ်တာလား ဒေါ်နှင်းဇကရီ၊ ကတ်သတ်တယ်ပြောရအောင် ဒေါ်နှင်းဇကရီရဲ့ အသုံးစရိတ်တွေ မလောက်မငပေးနေတာ မဟုတ်ဘူး၊ သိန်းနှစ်ဆယ်ဆိုတဲ့ ငွေပမာဏက နည်းသလား ဒေါ်နှင်းဇကရီ၊ တစ်လကျော်ကျော်အချိန်အတွင်းမှာ သုံးလို့ကုန်ပြီဆိုတာ ကျွန်မ လက်မခံနိုင်ဘူး၊ ငွေဆိုတာ သုံးရလွယ်သလောက် ရှာရခက်တယ် ဒေါ်နှင်းဇကရီ"

"ညည်း လက်ခံခံ မခံခံ ကျုပ်အရေးမစိုက်ဘူး။ ငွေ သိန်းငါးဆယ်ကိုတော့ မပေးလို့မရဘူး နွေဂိမာန်၊ ကျုပ် ငွေအရေး လိုနေတယ်"

"ဆောရီးပဲ ဒေါ်နှင်းဇကရီ၊ အဲဒီလောက်ငွေကို ထုတ်ပေးဖို့ ကျွန်မမှာ စိတ်ကူးမရှိဘူး၊ ဒါပေမဲ့ ဒီလကုန်လောက်ကျ





ရင်တော့ ကျွန်မခေါင်းထဲ ထည့်စဉ်းစားပေးရင် ပေးနိုင်ပါလိမ့်မယ်၊ ဒါပေမဲ့ ငွေငါးသိန်းအထက် မကျော်နိုင်ဘူး ဒေါ်နှင်းဇကရီ"

"ဘာ…ဘာရယ်…နွေဂိမာန်၊ ညည်း ဘာစကားပြောလိုက်တယ်"

"အခု လုံးဝမပေးနိုင်ဘူးလို့ပြောတာလေ ဒေါ်နှင်းဇကရီ"

"ညည်း…ညည်း လူပါးဝလှချည်လား၊ ညည်းကျတော့ ငွေကို ထုတ်ချင်သလို ထုတ်သုံးပြီး ကျုပ်ကိုကျတော့ မပေးနိုင်ဘူးငြင်းတယ်၊ ညည်း တော်တော်မတရားတဲ့ မိန်းမပဲ နွေဂိမာန်"

"ကျွန်မသုံးတာ လိုအပ်မှလေ၊ အပိုဖြုန်းလုပ်တာ တစ်ခုမှမရှိဘူး ဒေါ်နှင်းဇကရီ"

"လိုအပ်လို့ ဟုတ်လား၊ ဟင်း…ဟင်း…အနိုင်းမဲ့ စီးဖို့ ကားအသစ်တစ်စီး ဝယ်ပေးလိုက်တာ ညည်းအတွက် လိုအပ်လို့ပေါ့ ဟုတ်လား၊ ပြောစမ်းပါဦး နွေဂိမာန်"

"ရှင်…ရှင်နော် စကားကို ကတ်ကတ်သတ်သတ် မပြောနဲ့"

ဒေါ်နှင်းဇကရီ မျက်လုံးတွေက လှောင်ပြောင်သရော်နေသယောင်ယောင်။ ဘာကြောင့် ဒီစကားကိုမှ ရွေးပြောသလဲဆိုတာ နွေဂိမာန် မသိဘဲနေပါ့မလား။ ဒေါ်နှင်းဇကရီ အကြည့်တွေ



www.burmeseclassic.com

www.burmeseclassic.com



က မြွေမြွေချင်း ခြေမြင်တယ်ဆိုတဲ့ အကြည့်တွေ။ နှိုင်း စီးဖို့ ကားတစ်စီးဝယ်ပေးခြင်းကို ထောက်ပြကာ သူ့အတွက် ငွေထုတ်ပေးဖို့ အကြပ်ကိုင်နေ၏။

"အပိုအက်တင်တွေ သုံးမနေပါနဲ့အေ၊ ငွေကိုထုတ်တဲ့နေရာမှာ လူတိုင်းက အကြောင်းပြချက်ရှိနေတာချည်းပဲဟာ၊ တော်ပြီ နွေဂိမာန်၊ တခြားအပိုစကားတွေ ထပ်မပြောချင်တော့ဘူး၊ ငွေသိန်းငါးဆယ်သာ ကျုပ်အတွက်ထုတ်ထားလိုက်၊ မနက်ဖြန် လိုချင်တယ်၊ ဒါပဲ"

ကြည့်စမ်း…

ပြောသွားတဲ့ပုံစံကိုက။

မသိရင် သူ့အပ်ထားတဲ့ပိုက်ဆံ ပြန်တောင်းနေတဲ့အတိုင်းပဲ။ လေသံက အထက်စီးနင်း နိုင်လွန်းလှသည်။

နွေဂိမာန်တစ်ယောက် ကျောခိုင်းထွက်သွားတဲ့ ဒေါ်နှင်းဧကရီအား မျက်စောင်းကြီး ထိုးပစ်လိုက်မိ၏။ ဒေါ်နှင်းဧရီရဲ့သတင်းတွေ ကြားထားပြီးသား။ လောင်းကစားတွေ လုပ်နေတယ်တဲ့။ သူ့ကိုယ်သူ ကုမ္ပဏီပိုင်ရှင်သူဌေးကြီး ဦးသက်ဝေထွန်းရဲ့ဇနီးဆိုပြီး အသိုင်းအဝိုင်းကြား ဝင်တိုးရင်းနဲ့ အခုတော့ အပေါင်းအသင်းမှားတွေနဲ့ ဒုက္ခလှလှ ဆိုက်နေပြီတဲ့လေ။





မပေးချင်ပါဘူး။

ဒီလိုပုံစံမျိုးနဲ့ လူကို ဆက်ဆံသွားတာ ပိုလို့တောင် အခံရခက်သေးသည်။ သို့ပေမယ့် ဒီတစ်ခါမှာလည်း နွေဂိမာန်ဘက်က အလျှော့ပေးရမလိုပါ။ အနှိုင်းမဲ့ဆိုတဲ့ သူ့စိမ်းအတွက် ကားတစ်စီးဝယ်ခဲ့သေးတာ၊ သူက ဘာပဲဖြစ်ဖြစ် မိသားစုဝင်တစ်ယောက် ရပိုင်ခွင့်ရှိတယ်ဆိုပြီး အတင်းအကြပ် တောင်းဆိုသွားတာလေ။ တော်တော်ဆိုးဝါးလွန်းတဲ့ ဒေါ်နှင်းဧကရီပါပဲ။

အနှိုင်းမဲ့အတွက် ကားဝယ်ပေးတုန်းကဆို ဒေါ်နှင်းဧကရီ အကြီးအကျယ် မနာလိုစိတ်ဖြစ်ပြီး ပြဿနာရှာခဲ့၏။ ဖေဖေ့ကိုပါ သွားပြောတဲ့အထိ နွေဂိမာန် လုပ်ရပ် မှုမမှန်မှုကို ဖော်ထုတ်ပြခဲ့သည်။ ဖေဖေကတော့ ဘာမှမပြောပါဘူး။ ကျန်းမာရေးမကောင်းလို့ ဘာအသံမှမကြားချင်ဘူး၊ မိသားစုဝင်တွေအချင်းချင်း အဆင်ပြေအောင်နေကြဖို့သာ ပြောခဲ့သည်။

အခု…

ငွေလိုနေတဲ့ကိစ္စ နွေဂိမာန် ငြင်းတာကို ဒေါ်နှင်းဧကရီသာ ဖေဖေ့ကိုသွားပြောလျှင် သူမကို မလွဲမသွေခေါ်တွေ့တော့မည်။ ပေးနိုင်းမှာပဲ။ ဒေါ်နှင်းဧကရီ စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးနိုင်းမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



နွေဂိမာန် မပေးနိုင်တာမဟုတ်၊ ပေးကိုမပေးချင်တာ။ နှင်းဖွေးလေးကို မုန်းတဲ့စိတ်နဲ့ ဒေါ်နှင်းဧကရီတို့ သားအမိအပေါ် စေတနာကို မထားနိုင်တာပါ။ ဖအေတူ မအေကွဲ ညီအစ်မတွေ တော်စပ်နေပေမယ့် ဒေါ်နှင်းဧကရီရဲ့သမီးမို့ လုံးဝကြည့်မရခဲ့။ နှိုင်းနဲ့ပတ်သက်တော့ ပို၍ပင် စိတ်မှာ မကြည်လင်နိုင်တော့ချေ။

ဘာပဲပြောပြော…

နှင်းဖွေးလေးက ရှောင်သင့်တာမဟုတ်ဘူးလား။

နှိုင်းက ယောကျ်ားလေးပဲ။ မိန်းကလေးဘက်က လိုလား တဲ့ဟန်ပြရင် အရောဝင်မှာပဲလေ။ ဒီကောင်မလေးကိုက နှိုင်းဆို ညိုမြလုပ်ချင်နေတာ။ ဒါကြောင့်လည်း နှိုင်းရဲ့စိတ်တွေ ယိမ်းယိုင် သွားတာပေါ့။

သူမ…

အထပ်ထပ် တားဆီးနေတဲ့ကြားကနေ နှိုင်းက နှင်းဖွေး လေးဆိုတဲ့ ကောင်မလေးကို သွားပတ်သက်သည်။

ချစ်နေပြီတဲ့။

နှိုင်းဆီက ဝန်ခံလိုက်တဲ့စကား။

ကြည့်စမ်း…

ဘယ်လောက်တောင် နာကြည်းစရာကောင်းလိုက်သလဲ။





အမြဲတမ်း…

မမစိတ်ချမ်းသာအောင် စိတ်မပျက်စေရအောင် နေပါ့ မယ်ဆိုတဲ့ နှိုင်း။ နှင်းဖွေးလေးရဲ့စနက်ကြောင့် နွေဂိမာန်ကိုပင် ချက်လုံးထဲမထည့်တော့။ တတ်လည်းတတ်နိုင်တဲ့ နှင်းဖွေးလေး ပဲ။ မအေ့ခြေရာကို တစ်ထပ်တည်း လိုက်နိုင်တဲ့သမီး။ မုန်းတယ်။ နှင်းဖွေးလေးကိုလည်း မုန်းတယ်။

ဖေဖေတုန်းကလည်း ဒေါ်နှင်းဧကရီက အပိုင်ချုပ်ကိုင် ထားတာပဲလေ။ အငယ်အနှောင်းဘဝကို လုံးဝအရောက်မခံဘဲ တရားဝင်ဇနီးမယားဖြစ်အောင် ကြိုးစားသွားတဲ့ ဒေါ်နှင်းဧကရီ။ ဆုံးသွားတဲ့ဇနီးပင် တစ်လမပြည့်သေး၊ ဒေါ်နှင်းဧရီက အိမ်ပေါ် ာက်လာသည်အထိ စွမ်းဆောင်ချက်က မြင့်မားလွန်း၏။

နွေဂိမာန် တောင်းပန်တာပင် ဖေဖေက လက်မခံခဲ့ချေ။ ိမ်ကနေထွက်သွားမယ်လို့ ခြိမ်းခြောက်တာကိုပင် ဖေဖေက ွးအေးစွာ တားဆီးခြင်းမရှိခဲ့။ စိတ်နာတယ်။ လောကကြီးကို ိတ်နာတယ်။ ဆိုးဝါးရက်စက်တဲ့ ကံကြမ္မာရဲ့ ရိုက်ခတ်ခြင်းတွေ ို စက်ဆုတ်တယ်။

နွေဂိမာန်တစ်ယောက်တည်း တွေးတွေးပြီး ဒေါသတွေ ာ တလိပ်လိပ်ဖြစ်နေရသည်။



www.burmeseclassic.com

"မမနွေဂီမာန်"

ခေါ်သံကြောင့် ဆတ်ခနဲကြည့်တော့ အိမ်အကူကောင်မလေး ပေါက်ပေါက်။ ဒီကောင်မလေးကလည်း ဒေါ်နှင်းဇကရီ အသစ်ခန့်ထားတဲ့ လူယုံကောင်မလေး။

"ဘာလဲ"

"မေမေကြီးက မှာလိုက်တယ်၊ ငွေကို ဘဏ်စာရင်းထဲ မသွင်းပေးနဲ့၊ ဒီအတိုင်းပဲ မနက်ဖြန်ကျရင် ပို့နိုင်းလိုက်ပါတဲ့"

တောက်…

မပေးနိုင်ဘူးပြောတာတောင် အပိုင်ချည်နေတဲ့ မှာကြားချက်။

ဒေါ်နှင်းဇကရီ…

ရှင့်ကို ကျွန်မ သိပ်ပြီးကြောက်နေတယ်လို့များ ရှင်ထင်နေသလား။ ဖေဖေ့ကျန်းမာရေးကြောင့်သာ ပြဿနာမရှာချင်လို့ လွှတ်ထားတာ။ ရှင် အခုလိုလုပ်နေတာတွေမှန်သမျှကို ကျွန်မ လုံးဝမကျေနပ်ဘူးဆိုတာ မှတ်ထားပါ။

နွေဂီမာန်တစ်ယောက် အံလေးကိုသာ တင်းနေအောင် စေ့ကြိတ်ထားလိုက်မိသည်။

အိမ်အကူကောင်မလေး ပေါက်ပေါက်ကတော့ ပြောနိုင်





တာ ပြောပြီးပြီမို့ ပြန်လှည့်၍ပင်မကြည့်တော့ဘဲ အနားကနေ ထွက်သွား၏။ နွေဂီမာန်တစ်ယောက်သာ ညှို့ခန်းကျယ်ကြီးထဲတွင် ဒေါသတွေ ပေါက်ကွဲချင်တိုင်း ပေါက်ကွဲပြီး ကျန်နေရစ်ခဲ့တော့သည်။

ᨁ ᨁ ᨁ

www.burmeseclassic.com

# အခန်း | ၂၈ |

"ကိုနိူင်း"

စာကြည့်ခန်းလေးထဲတွင် ဖတ်စရာစာအုပ်ရှာနေသော အနိူင်းမဲ့တစ်ယောက် ဖွေးလေးခေါ်သံကြောင့် ရင်လေးထိတ်ခနဲ ခုန်ကာ မျက်ဝန်းလေးတွေကလည်း အသံလာရာဆီ ဆတ်ခနဲ ရောက်သွားရ၏။

နှင်းဖွေးလေးဆိုတဲ့ ကောင်မလေးရဲ့ ညှိုးငယ်ရီဝေနေသော မျက်ဝန်းလေးတွေကို မြင်တော့ ရင်ထဲ နင့်ခနဲနေအောင်ပင် ခံစား လိုက်ရသည်။ ဖွေးလေးရယ်…မင်း အရမ်းခံစားနေရပြီလားဟင် ကိုယ့်ရဲ့ စိမ်းကားတဲ့အပြုအမူတွေကြောင့် မင်း အရမ်းကို နာကျင် နေပြီလား ဖွေးလေးရယ်။





မဖြစ်ပါနဲ့။

မင်း အဲဒီလို လုံးဝမဖြစ်ပါနဲ့ကွာ။

ကိုယ့်အတွက် မင်း အခုလိုဖြစ်နေတာ တန်မှမတန်တာ။

ကိုယ်က တစ်နယ်တကျေးကလာပြီး ပိုင်ဆိုင်မှုဆိုလို့ လူတစ်ကိုယ်စာသာရှိတဲ့ သူတစ်ယောက်ပါ ဖွေးလေးရယ်။ ကိုယ် တောင်းပန်ပါတယ်။ အေးချမ်းပျော်ရွှင်နေတဲ့ မင်းရဲ့ဘဝလေးထဲ ကို အပူသောကတွေ ပေးမိသလိုဖြစ်ခဲ့တဲ့ ကိုယ့်လုပ်ရပ်တွေအတွက် တကယ်ပဲ စိတ်မကောင်းပါဘူးကွာ။ အခုလို ကြေကွဲခံစားပြနေမယ့် အစား မင်း ကိုယ့်အပေါ်ကို စိတ်ရှိတိုင်းသာ ပေါက်ကွဲပစ်လိုက် စမ်းပါတော့ ဖွေးလေးရယ်။

ဖွေးလေးရယ်…

တကယ်တော့ ကိုယ်လေ မင်းကို သိပ်ချစ်တာပါ။

မမနွေဂီမာန်ကြောင့် ကိုယ့်ရဲ့စိတ်ဆန္ဒတွေအားလုံးကို ထိန်းချုပ်ထားရပေမယ့် ကိုယ့်ရင်ထဲက နှလုံးသားလေးထဲမှာ မင်းလေးကို သိပ်ချစ်နေမိတဲ့ အချစ်တွေကိုတော့ ကိုယ် ဘယ်လို မှ ဖျောက်ဖျက်လို့မရပါဘူးကွာ။

အဲဒါကိုတော့…

မင်း ယုံကြည်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်…

ဟန်မဆောင်ချင်တော့ဘူး ဖွေးလေးရယ်။ အရမ်းကို ရင်တွေမောလွန်းလို့ပါကွာ။ မင်းအပေါ်မှာ စိမ်းကားသလို သွေးအေးအေးနဲ့ နေပြနေရတဲ့ ကိုယ့်ပုံစံကို ကိုယ်အမုန်းဆုံးပဲ သိလား။ ကိုယ့်ချစ်သူကို ရင်ထဲက နင့်သည်းနေအောင် ချစ်နေပါလျက်နဲ့ ဖော်ပြခွင့်မရတာလောက် ကံဆိုးတဲ့လူ ဒီလောကကြီးထဲမှာ ရှိတောင်ရှိမယ် မထင်တော့ပါဘူးကွာ။

"ကိုနိုင်းကို စာကြည့်ခန်းထဲမှာ တွေ့လိုက်လို့ ဖွေးလေးဝင်လာတာ"

"ဟင်..သြော်..အင်း..ပြောလေ ဖွေးလေး၊ ဘာပြောစရာရှိလို့ ကိုယ့်ဆီလာတာလဲ၊ မြန်မြန်ပြော၊ တော်ကြာ အန့်တီနှင်းတွေ့သွားလို့ အိမ်မှာ ပြဿနာတွေ ထပ်တက်နေဦးမယ်"

"အဲဒီလောက်တောင် စိုးရိမ်သလားဟင်"

"မမနွေဂိမာန်ကို စိတ်မရှုပ်စေချင်တော့လို့ပါ၊ ကိုယ့်ကြောင့်နဲ့ မမနွေဂိမာန် ခဏခဏ အန့်တီနှင်းနဲ့ စကားများကြရတယ်မဟုတ်လား၊ ကိုယ် မဖြစ်စေချင်ဘူး ဖွေးလေး"

ကိုနိုင်းရယ်…

မမနွေဂိမာန်ကို စိတ်မရှုပ်စေချင်လို့တဲ့လားရှင်။





ရှင့်ကြောင့်နဲ့ သူစိတ်ညစ်ရမှာကို မမြင်ချင်ဘူးပေါ့လေ။ ဟုတ်လား ကိုနိုင်း။ ရက်စက်လိုက်တာ ကိုနိုင်းရယ်။ ရှင် အတ္တကြီးလိုက်တာ။ ဖွေးလေးကရော။ ရှင့်ရင်ထဲမှာ ရှိနေခဲ့ပါတယ်လို့ ဖွင့်ဟဝန်ခံခဲ့တဲ့ ဖွေးလေးအတွက်တော့ ရှင် ဘာမှထည့်မစဉ်းစားတော့ဘူးလားဟင် ကိုနိုင်း။ ခုချိန်မှာ ဖွေးလေးရော ဘာတွေဖြစ်နေလိမ့်မလဲလို့ ရှင်မတွေးတော့ဘူးလားရှင်။ ချစ်ရိပ်ချစ်ယောင်တွေပြပြီး ဖွေးလေးရဲ့ ရင်ခုန်သံတွေကို တိတ်တဆိတ်ခိုးယူသွားပြီးမှ အခုလို သူစိမ်းတစ်ယောက်လို ဆက်ဆံပြလိုက်တာ ဘာသဘောတွေလဲ ကိုနိုင်းရယ်။

ဖွေးလေး တကယ်ဝမ်းနည်းတယ် သိလား။

ကိုနိုင်းဟာ အချစ်အတွက် သတ္တိကြောင်တတ်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်လောက်ဘူးလို့ ဖွေးလေးက ထင်ပြီး လေးစားနေခဲ့တာ။ ယုံကြည်အားကိုးနေခဲ့တာ။ ဖွေးလေးရဲ့ ယုံကြည်ချက်တွေကို ရှင်မို့လို့ တစ်စစီ ရိုက်ချိုးဖျက်ဆီးရက်တယ် ကိုနိုင်းရယ်။

ခုတော့…

ဖွေးလေးရဲ့ စိတ်ကူးယဉ်မှုတွေက အလကားဖြစ်ကုန်ပြီပေါ့နော်။ ဖွေးလေးရဲ့ရှေ့မှာပဲ မားမားမတ်မတ် ရပ်တည်ပေး



www.burmeseclassic.com

www.burmeseclassic.com



မှာပဲလို့ မှတ်ယူခဲ့သမျှ သဲထဲရေသွန်သလို ဖြစ်ခဲ့ပြီပေါ့နော် ကိုနိုင်း။

''ဖွေးလေး ပြောလေ၊ ဘာပြောမလို့လဲ''

ကိုနိုင်းအသံက စိတ်မရှည့်တဲ့လေသံမျိုး။

အပြောင်းအလဲ မြန်လိုက်တာ။

ဒါဟာ...

ဖွေးလေးရဲ့ အချစ်တွေကို ဖမ်းချင်နေပါတယ်လို့ နူးနူးညံ့ညံ့လေး ဝန်ခံထားခဲ့ဖူးတဲ့ ကိုနိုင်းတဲ့လား။ သွေးအေးနိုင်လိုက်တာရှင်။

''ဖွေးလေး''

''ကိုနိုင်းကို မေးစရာရှိလို့ပါ၊ အဲဒီမေးခွန်းကို သေသေချာချာ မမေးရသေးသ၍ ဖွေးလေး ဘယ်လိုမှနေလို့ရမှာမဟုတ်ဘူး၊ ဒီတိုက်ကြီးထဲမှာ မမနွေဂိမာန်တစ်ယောက်တည်း စိတ်ရှုပ်နေရတာ မဟုတ်ပါဘူး၊ လူတိုင်းလူတိုင်းမှာလည်း စိတ်ရှုပ်ထွေးမှုတွေ ကိုယ်စီနဲ့ပဲ ရှင်သန်နေကြတာပါ၊ အကြောင်းအရာချင်းသာ မတူတာ၊ ခံစားနေရတာတွေကတော့ အတူတူချည်းပါပဲ ကိုနိုင်း''

နင့်သည်းသည်းလေးပြောနေတဲ့ ချစ်ရသူလေးကိုကြည့်ကာ အနိုင်းမဲ့ ရင်တစ်ခုလုံး တဆစ်ဆစ် နာကျင်လာရသည်။ တစ်ဖက်က အသက်မက ချစ်ရတဲ့သူ၊ တစ်ဖက်က ကျေးဇူးရှင်





မမနွေဂိမာန်ရဲ့ အခက်အခဲ။ ကြားကနေ ဘယ်လိုနေရမှန်းတောင် အနိုင်းမဲ့ မသိတော့ပါ။

''ကိုနိုင်း''

''ပြော...ဖွေးလေး''

''ကိုနိုင်း ပြောခဲ့ဖူးတယ်နော်၊ ဖွေးလေးရဲ့အချစ်တွေကို ဖမ်းချင်နေပြီဆိုတာလေ၊ အဲဒါ တကယ်ပဲလား၊ ဒါမှမဟုတ် ဖွေးလေးကို ပုံပြင်တစ်ပုဒ်ပြောခဲ့တာလားဆိုတာလေ၊ အဲဒါကို ဖွေးလေး ရှင်းရှင်းလင်းလင်း သိချင်လို့ ကိုနိုင်းကို လာမေးတာ''

ဟင်...

အနိုင်းမဲ့ မျက်လုံးလေးတွေ ရီဝေကာ မှေးစင်းနေရာမှ ဖျတ်ခနဲ ပြူးဝိုင်းသွားရ၏။ ချစ်တယ်လို့ပြောခဲ့တာ တကယ်ပဲလားတဲ့။ ဖွေးလေးရဲ့မေးခွန်းက သူ့အတွက်တော့ တုန်လှုပ်ချောက်ချားစရာ။ ဒီမေးခွန်းကိုမှ ဘာကြောင့်လာမေးရတာလဲ။

ဖွေးလေး...ဖွေးလေးရယ်။

မင်း...မင်းမို့လို့ မေးရက်တယ်နော်။

ကိုယ် ဘယ်လိုမှမဖြေချင်တဲ့ မေးခွန်းကိုမှ အခုလို အချိန်မျိုးကြီးမှာ လာမေးရသလား ဖွေးလေးရယ်။ ကိုယ့်အတွက် ဘယ်လောက်ထိ ခက်ခဲသွားမလဲဆိုတာ မင်း နည်းနည်းလေးမှ



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားမိဘူးလားကွာ။

"ဖြေလေ…ကိုနိုင်း၊ မွေးလေး သိချင်လို့ပါ၊ ဘာလဲ ဖြေရမှာအားနာလို့လား၊ အားမနာပါနဲ့ ကိုနိုင်းရယ်၊ မေးတဲ့သူက တောင် မေးနေပြီပဲဟာ၊ ပွင့်ပွင့်လင်းလင်းသာ ဖြေလိုက်ပါ၊ ဒါမှ နောင်ဆိုရင် စိတ်ရှင်းရှင်းလင်းလင်းနဲ့ ရှေ့ဆက်သွားလို့ရမှာပေါ့၊ မွေးလေးလည်း မတွေဝေချင်ပါဘူး၊ မတွေးစမ်းနဲ့လို့ ကိုယ့်ကိုယ်ကို သတိပေးနေတဲ့ကြားက အတွေးမျိုးစုံက ခေါင်းထဲဝင်လာကြတယ် လေ၊ ဒါကြောင့်ပါ၊ မွေးလေး ဘယ်လိုမှဆက်ပြီး ဟန်ဆောင် ချုပ်ထိန်းထားလို့မရတော့လို့ပါ ကိုနိုင်းရယ်"

မွေးလေးရယ်…

မင်းတစ်ယောက်တည်းပဲ ခက်ခဲနေတယ်လို့ ထင်နေ လားဟင်။

ကိုယ့်ရင်ထဲကိုလည်း မင်း ဝင်ကြည့်ပါဦး မွေးလေးရယ်။ ကိုယ်လည်း မင်းထက်မလျော့နည်းတဲ့ ခံစားချက်တွေနဲ့ ရှင်သန် ရပ်တည်နေရတာပါ။ ဒါကို မင်း မသိနားမလည်ဘူးဆိုတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးကွာ။

"ဖြေလေ ကိုနိုင်း၊ မွေးလေး မေးတာကို ဖြေပါ" နဲ့ သူ…





မဖြေမိ။

ရီဝေစိုစွတ်သော မျက်ဝန်းပိုင်ရှင်လေးကိုသာ ငေးမော စွာ မင်သက်ကြည့်နေမိသည်။

"မွေးလေး အလိမ်ခံလိုက်ရတာလား၊ အညာခံလိုက်ရ တာလား၊ ဒါဟာ အိပ်မက်တစ်ခုပဲလား၊ မွေးလေး နိုးထရတော့ မှာလားဟင် ကိုနိုင်း"

မွေးလေး သည်းမခံနိုင်တော့စွာပင် သူ့ကို တရစပ် မေးခွန်းတွေ ထုတ်နေမိသည်။ မေးနေရင်း နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ရင်ကာ ငိုမဲ့မဲ့လေးဖြစ်လာသလို အတားအဆီး မဲ့သော မျက်ရည်လေးများကလည်း ပါးပြင်လေးမှတစ်ဆင့် ကြမ်းပြင်ထက်သို့ တပေါက်ပေါက်ကြွေကျလို့လာ၏။

မငိုချင်ပါဘူး။

သူ့ရှေ့မှာ စိတ်တွေဝေမှုတွေနဲ့ အဆုံးမသတ်နိုင်ဖြစ်မှာ စိုးလို့ မွေးလေး တကယ်ငိုမပြချင်ပါဘူး။

သို့ပေမယ့်…

အသုံးမကျတဲ့ အဲဒီမျက်ရည်တွေက အလိုလိုထွက်လာ တာကို။ သတိပေးနေတဲ့ကြားက ငိုမိတာကို။ မွေးလေး ဘယ်လို လုပ်ပြီး တားဆီးနိုင်တော့မလဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနိုင်း"

အနိုင်းမဲ့ စိတ်ပျက်စွာပင် ခေါင်းလေးကို ရမ်းခါလိုက်မိသည်။

မမနွေဂိမာန် ရှိနေသည်လေ။

ပြီးတော့…

ဖွေးလေးရဲ့ ပညာရေး။

စာမေးပွဲက ဒီလောက်နီးကပ်နေတာ ဒီကောင်မလေး မသိဘူးလား။

အရေးမကြီးတာကို ခေါင်းထဲထည့်နေတာ ဖွေးလေးသိပ်ကိုမှားနေပြီလေ။ ပြီးတော့ အိမ်မှာဖြစ်ပျက်နေတဲ့ ပဋိပက္ခတွေ။ ဘယ်လိုမှမထိန်းချုပ်နိုင်သေးတဲ့ အခြေအနေတစ်ခုမှာ ဖွေးလေး ဘာကြောင့် စိတ်တွေကို လွှတ်ထားရတာလဲ။

သူ…

စာအုပ်တစ်အုပ်ကို အေးဆေးစွာပင် စာအုပ်စင်မှထုတ်ယူလိုက်သည်။ ဖွေးလေးက ငယ်သူမို့လား။ ဘာပဲပြောပြော အနိုင်းမဲ့ဘက်ကသာ အရာရာကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းချုပ်ထားမှဖြစ်မည်။ စိတ်ခံစားချက်နောက်ကို သူ လိုက်ပါလို့ မဖြစ်သေးပါဘူး။ အချိန်အတိုင်းအတာတစ်ခုထိတော့ စောင့်





ဦးမှဖြစ်မည်။ အန်ကယ်သက်ဝေထွန်းရဲ့ ကျန်းမာရေးကလည်း တစ်နေ့ရွေ့ တစ်နေ့ငွေ့ဆိုသလို ဖြစ်နေတာ။

ဒါတွေကို…

အနိုင်းမဲ့အသိထဲကနေ ထုတ်ပစ်လို့မဖြစ်သေးပါဘူး။

"ကိုနိုင်း"

အနိုင်းမဲ့ ဖွေးလေးနံဘေးကနေ ဖြတ်ကျော်ကာ စာကြည့်ခန်းလေးထဲကနေထွက်ဖို့ ဟန်ပြင်တော့ သူ့လက်မောင်းတစ်ဖက်အား ဖမ်းဆွဲကာ ဟန့်တားလိုက်တဲ့ ဖွေးလေးကြောင့် ခြေလှမ်းတို့က ရှေ့မဆက်နိုင်တော့။

"ရှင် အဲဒီလိုရှောင်ပြီး ထွက်မသွားပါနဲ့၊ ရှင်ဟန်ဆောင်နေတယ်ဆိုတာ ဖွေးလေး သိတယ်၊ အခုလိုပုံစံမျိုးကြီးနဲ့တော့ ဖွေးလေးရဲ့စိတ်တွေကို ဒဏ်ရာတွေမပေးချင်ပါနဲ့ ကိုနိုင်းရယ်။ ခံစားနိုင်လို့ပါ။ ရှူးတော့မတတ် ဖြစ်နေရလို့ပါ။ တစ်ခုခုတော့ ပြောသွားပါနော် ကိုနိုင်း"

"လွှတ်စမ်း ဖွေးလေး၊ မင်းအမေတွေ့သွားရင် ပြဿနာအကြီးအကျယ်တက်မှာ၊ ကိုယ့်လက်ကိုလွှတ်လိုက်"

"ဟင့်အင်း…မလွှတ်နိုင်ဘူး၊ ဘယ်သူပဲတွေ့တွေ့ ဖွေးလေး အရေးမစိုက်နိုင်ဘူး၊ ချစ်တယ်…ဖွေးလေး ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်တယ်၊ ဒါကို သိသိကြီးနဲ့ အခုလိုဆက်ဆံတာ သိပ်ပြီး ရက်စက်လွန်းမနေဘူးလား ကိုနိုင်းရယ်၊ ဖွေးလေးလေ…ဖွေးလေး"

"ဖယ်စမ်းကွာ"

အို…

သူမ လက်တွေကို ဆွဲခွာပြီး ပုတ်ချလိုက်တဲ့ ကိုနိုင်း။

မျက်နှာမှာလည်း ခက်ထန်တင်းမာမှုတွေက ပြည့်နှက်လို့။ နူးညံ့ညင်သာစွာ စိုက်ကြည့်တတ်တဲ့ အကြင်နာမျက်ဝန်းတစ်စုံမှာ အစိမ်းရောင်ရိပ်တွေသာ ဖုံးလွှမ်းနေခဲ့သည်။ သူမ မမြင်မတွေ့ချင်ဆုံးပုံစံပါ။ ဘယ်တုန်းကမှ ဆုမတောင်းခဲ့မိသော ခါးသီးရက်စက်မှုတွေပါ။ ဒါကို အချစ်ဆုံး ချစ်ရသူဆီက ဖွေးလေး ရရှိနေခဲ့သည်။

အံ့သြစရာကောင်းလိုက်ပါဘိ။

"ကိုယ် မင်းကိုတစ်ခုပဲပြောမယ် ဖွေးလေး၊ ကိုယ်နဲ့ ခပ်ကင်းကင်းနေပါ၊ ကြားတယ်နော်၊ ကိုယ်နဲ့ ဘယ်တုန်းကမှ မသိဖူးခဲ့သလို နေပေးပါ၊ ကဲ…ကိုယ်သွားမယ်"

ကိုနိုင်း…

ကိုနိုင်းရယ်။

သူမ အနားကနေ ကျောခိုင်းထွက်ခွာသွားသော ကိုနိုင်းကို ကြည့်ကာ မျက်ရည်လေးများသာ တပေါက်ပေါက် စီးကျနေရတော့သည်။

ခပ်ကင်းကင်းနေပေးပါတဲ့။

ဘယ်တုန်းကမှ မသိဖူးတဲ့ သူတစ်ယောက်လိုတဲ့လေ။

ပြောရက်လိုက်တာ ကိုနိုင်းရယ်။

ဒါဟာ….

ဖွေးလေးကိုချစ်ပါတယ်ဆိုတဲ့ လူတစ်ယောက်က ပြောသွားတဲ့စကားတွေတဲ့လား။ ဖွေးလေးရဲ့ ရင်ခုန်သံတွေကို တိတ်တဆိတ်ခိုးယူသွားတဲ့ ယောကျ်ားတစ်ယောက်ဆီက ပေးအပ်လာတဲ့ ချစ်ခြင်းမေတ္တာပြယုဂ်တစ်ခုတဲ့လား။

ဖွေးလေးမှာ ဘာအပြစ်ရှိလို့လဲ ကိုနိုင်းရယ်။

မေမေကြောင့်နဲ့တော့ ဖွေးလေးကို အခုလို ရက်ရက်စက်စက် မဆက်ဆံသင့်ပါဘူး။ ဘာပဲပြောပြော ဖွေးလေး ကိုနိုင်းကို အကယ်ပဲ ချစ်မိသွားတာပါ။ ဒါကိုတော့ ကိုနိုင်း နားလည်စာနာသင့်ပါတယ်ရှင်။

❧ ❧ ❧







www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၂၁ |

''ဘာ…ဘယ်…ဘယ်လို…မေမေ…မေမေက…''

''ဟာ…ဖွေးလေး''

ဖုန်းခွက်လေး နားထောင်နေရာမှာ လက်က လွတ်ကျ

ကာ နေရာလေးမှာ ပုံလျက်သားလေး လဲခွေကျသွားတဲ့ နှင်းဖွေး

လေးကြောင့် ညှော်ခန်းလေးဆီ လျှောက်လာနေသော အနိုင်းမှ

ချက်ချင်းပင် ဖွေးလေးအနားသို့ရောက်သွားသည်။

''ဖွေးလေး''

''ဖွေးလေး''

အနိုင်းမှတစ်ယောက် ကြမ်းပြင်ထင် မှဆိုးဒူးထောင်

ထိုင်ကာ စိုးရိမ်တကြီးပင် ဖွေးလေးရဲ့ကိုယ်ကို ဆွဲထူထွေးပွေ့ပြီး





သူမကို ခေါ်မိသည်။

''ဖွေးလေး''

ခေါ်သံကြောင့် ဖွေးလေးရဲ့မျက်ဝန်းလေးတွေ ဖြည်းညင်း

စွာပွင့်လာ၏။ သူ့ကိုတွေ့လိုက်သည်ဆိုလျှင်ပဲ သူမမျက်ဝန်းလေး

တွေထဲ မျက်ရည်လေးများပြည့်အိုင်ကာ လျှံကျလျက် နှုတ်ခမ်း

သားလေးတွေထဲမှ စကားသံသဲ့သဲ့လေး ထွက်လာ၏။

''ကိုနိုင်း…မေမေ…မေမေ ဆုံး…ဆုံးပြီတဲ့''

''ဘာ''

''ဟုတ်တယ်၊ အခုလေးတင် ကားအက်ဆီးဒင့်ဖြစ်ပြီး

နေရာမှာတင် ပွဲချင်းပြီး…အီး…ဟီး…ဟီး''

ဟာ…

ကြားလိုက်ရတဲ့စကားက မယုံကြည်နိုင်စရာ။

ဒေါ်နှင်းကေရီ…

ကားအက်ဆီးဒင့်ဖြစ်ပြီး နေရာမှာတင် ပွဲချင်းပြီး ဆုံးသွား

ပြီတဲ့လေ။

မနက်ကမှ…

အလှအပတွေပြင်ဆင်ပြီး ကားသော့ကတစ်ဖက် လက်

ဆွဲအိတ်လှလှလေးကတစ်ဖက် ချိတ်လို့ ခွာမြင့်ဖိနပ်တခေါက်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အပြင်ထွက်သွားတဲ့ ဒေါ်နှင်းဧကရီ။ အသက်အရွယ်နဲ့မလိုက်အောင် မိတ်ကပ်အကောင်းစားတွေနှင့် လိမ်းခြယ်ဖုံးအုပ်ကာ ကျော့ကျော့မော့မော့လေး နေတတ်တဲ့ ဒေါ်နှင်းဧကရီက ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားပြီတဲ့။

ဟုတ်ရဲ့လား။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ အဖြစ်ဆိုး။

"ဟုတ်ရဲ့လား ဖွေးလေး၊ ဒီသတင်းက ဟုတ်ရဲ့လား၊ မင်းကို ဘယ်သူပြောတာလဲ၊ မင်း ဘယ်ကကြားတာလဲ"

"မမနွေ့ဂိမာန် လှမ်းဆက်တာ၊ အခုပဲ ဆေးရုံကို သူလိုက်သွားနေပြီတဲ့၊ ဖွေးလေးကိုလည်း လိုက်ခဲ့ဖို့ ဖုန်းဆက်ခေါ်တာ"

ဟာ...

အနှိုင်းမဲ့ရင်ထဲ ဖွေးလေးအပေါ် စာနာစိတ်များနှင့်အတူ သနားသွားမိသည်။ ဖွေးလေးနဲ့ပတ်သက်ပြီး ဒေါ်နှင်းဧကရီရဲ့ စိုးရိမ်မှုက သူ့အပေါ်မှာ သံသယတစ်ခုလိုဖြစ်ခဲ့တာမဟုတ်လား။ စွပ်စွဲချက်တွေမျိုးစုံနဲ့ သူ့အပေါ်မှာ ဘယ်လိုပဲတုံ့ပြန်နေခဲ့ပါစေ မိဘတစ်ယောက်ရဲ့ ခံစားချက်ကို နားလည်တာကြောင့် ဒေါ်နှင်း





ဧကရီကို အနှိုင်းမဲ့ မမုန်းခဲ့ပါ။

ဒေါ်နှင်းဧကရီဘက်က ဘယ်လောက်ပဲ သူ့စိမ်းဆန်ဆန် ဆက်ဆံနေနေ မိဘတစ်ယောက်ရဲ့ခံစားချက်ကို နားလည်ခွင့်လွှတ်နေမိသည်။ နှင်းဖွေးလေးရဲ့ မိခင်ဖြစ်နေသည့်အတွက်လည်း သူ့စိတ်ထဲ ရှင်းအောင် ပိုထားမိ၏။

ခုတော့...

ဒေါ်နှင်းဧကရီ ဆုံးပြီတဲ့လေ။

ဖွေးလေးကတော့ မိခင်အတွက် ဝမ်းနည်းပြီးသာ ငိုကြွေးနေ၏။ နှိုင်း အားပေးနှစ်သိမ့်ကာပင် သူ့မကိုယ်လေးကို တင်းတင်းလေး ပွေ့ဖက်မိသည်။

"ဖွေးလေး..ထ၊ ကိုယ်တို့လိုက်သွားကြရအောင်"

ခွေနဲ့ယိုင်ချည့်နေသော ဖွေးလေးခန္ဓာကိုယ်ကို ဖေးမဆွဲထူရပ်စေပြီး ဒေါ်နှင်းဧကရီဆီ လိုက်ဖို့ပြင်မိသည်။

သူ့စကားအတိုင်းပင် ဖွေးလေးက နှာခံ၍သာ ထရပ်ရှာပါသည်။ ဖွေးလေးကို ဖေးမတွဲကူပြီး တိုက်ကြီးထဲကနေ ထွက်ခဲ့ကြ၏။ သူ့ကားနှင့်ပဲ ဆေးရုံသို့မောင်းခဲ့သည်။

လမ်းတစ်လျှောက်လုံးငိုယိုပြီး ပါလာသူက ဖွေးလေး။ မိခင်တစ်ယောက်လုံး ဆုံးရှုံးသွားရတဲ့ဖွေးလေး ဘယ်လောက်ဆောင်များ ဖြေမဆည်နိုင် ဖြစ်နေလိမ့်မလဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်သွားတော့ ဒေါ်နှင်းဇေကရီရဲ့ ရုပ်အလောင်းနဲ့အတူ မှုခင်းကိစ္စတွေနဲ့ အလုပ်ရှုပ်နေတဲ့ မမနွေဂီမာန်ကို တွေ့ရ၏။

"မမေ…မမေရယ်၊ ဖြစ်မှဖြစ်ရလေရှင်၊ အဟင့်…ဟင့်"

ဒေါ်နှင်းဇေကရီရဲ့ သွေးသံရဲရဲနှင့် ရုပ်အလောင်းကို ကြည့်ပြီး ဖြေမဆည်နိုင်သလို ရှေးရွတ်ကာ နှင်းဖွေးလေးက ငိုတော့သည်။ နှင်းလည်း ဒေါ်နှင်းဇေကရီရဲ့အဖြစ်ကို မကြည့်ရက်စွာပင် မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်မိသည်။

ဒေါသတွေ မောဟတွေ မာန်မာတွေနဲ့ ခေါင်းမာရင်ကော့ပြီး ကျော့ကျော့လေးနေတတ်တဲ့ ဒေါ်နှင်းဇေကရီရဲ့ နောက်ဆုံး အဆုံးသတ်သွားတဲ့အချိန်က မြင်ရက်စရာပင်မရှိချေ။

ကြားရတဲ့သတင်းက လမ်းအကွေ့ မီးပွိုင့်လွတ်အောင် မောင်းရင်း အရှိန်လွန်ပြီး တစ်ဖက်ယာဉ်ကြောက မောင်းလာတဲ့ ယာဉ်နဲ့ တိုက်မိတာတဲ့။

"မမေ…မမေရယ်၊ ဖွေးလေးကို အခုလို ရုတ်တရက်ကြီး ဘာကြောင့် ချောက်ချားသွားအောင် လုပ်ပြရတာလဲဟင်၊ ဖွေးလေးကို စိတ်ဆိုးတယ်ဆိုရင်တောင် အခုလိုပုံစံမျိုးကြီးနဲ့ အပြစ်မပေးသင့်ပါဘူး၊ ဖွေးလေး ဘယ်လိုဖြေသိမ့်ရမလဲ ဖေဖေ





ဖွေးလေးကို တကယ်ပဲ ရက်ရက်စက်စက် ခွဲသွားနိုင်ပြီလားဟင်၊ ဖွေးလေးကို အဲဒီလောက်တောင်ပဲ မေမေ မုန်းသွားပြီလား၊ အဟင့်…ဟင့်"

"ဖွေးလေး"

ဖွေးလေးရဲ့ ပခုံးနှစ်ဖက်ကို အနောက်ဘက် ကျောပိုင်းမှ ဖျစ်ညှစ်ဆုပ်ကိုင်ကာ အားပေးမိသည်။

"မမေ…မမေရေ…အဟင့်…ဟင့်"

ဖွေးလေးတစ်ယောက်…

မမေ့ကိုသာ ခေါ်နေမိသည်။

မနိုးထလာနိုင်မှန်းသိပါလျက်နှင့် မမေ့ကိုခေါ်မိသည်။

ဘယ်လိုလုပ်ရမလဲ။

ဘာပဲပြောပြော မမေသာလျှင် ဖွေးလေးရဲ့အားကိုးရာပါ။ ဘယ်လိုအကြောင်းမျိုးတွေနဲ့ ကြုံကြုံ ဖွေးလေးရှေ့ကနေ မားမားမတ်မတ်ရပ်ပြီး ကာကွယ်တတ်ခဲ့တဲ့ မဟာရံတံတိုင်းကြီး တစ်ခု။

ခုတော့…

ဖွေးလေးကို တစ်ယောက်တည်း စိတ်ချလက်ချထားခဲ့ပြီး မမေက ကျောခိုင်းသွားခဲ့ပြီ။ ဘယ်သောအခါမှ ပြန်မလာနိုင်တော့မည့်လမ်းတစ်ခုကို ရွေးလျှောက်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ…အဟင့်…ဟင့်"

"အဟင့်…ဟင့်"

ဖွေးလေး မေမေရဲ့အဖြစ်အပျက်ကိုကြည့်ပြီး ဘယ်လိုမှပင် မမြင်ရက်စွာ ငိုနေမိတော့သည်။

"အလောင်းကိုတော့ ဆေးရုံက ရေခဲတိုက်မှာပဲ အပ်ထားလိုက်ပြီ နှိုင်း၊ သူတို့ပဲ အားလုံးဆောင်ရွက်ပေးလိမ့်မယ်"

"ဟုတ်ကဲ့ မမ"

"နှိုင်း"

"ဗျာ"

"ဖေဖေရော ဒေါ်နှင်းဧကရီ အခုလိုဖြစ်တဲ့အကြောင်း သိပြီးပြီလား"

"မသိသေးဘူး မမ၊ အိမ်ကနေ သတင်းကြားကြားချင်း ထွက်လာခဲ့ကြတာ၊ အလုပ်သမားတွေကတော့ သိပြီးကြပြီ အန်ကယ်သက်ဝေထွန်းကို သွားပြောကြမလား မသိဘူး မ… သူတို့ပြောလိုက်မယ်ဆိုရင်တော့ အန်ကယ်လည်း ကြားပြီးလော… ရောပေါ့ မမ"

နွေဂိမာန် အသံလေးတိတ်ကာပင် နေမိသည်။

မျက်ဝန်းတွေက ကားအက်ဆီးဒင့်ကြောင့် အသက်မဲ့…





တဲ့ ဒေါ်နှင်းဧကရီဆီမှာသာ။ ကြည့်စမ်း…ဘယ်လောက်တောင် သွေးပျက်စရာကောင်းလိုက်တဲ့ အဖြစ်အပျက်ပါပဲ။

ဒေါ်နှင်းဧကရီ…

သူမဆီက ငွေတွေကို အသုံးစရိတ်ဆိုပြီး ခေါင်းမော့ရင်ကော့ တောင်းသွားတဲ့ အမျိုးသမီးကြီး။ အရာရာတိုင်း မိမိလက်ထဲသာ ရောက်ရဖို့သာ စိတ်ကူးယဉ်ကြံစည်နေတတ်တဲ့ အမျိုးသမီး။ လောဘတွေ အဆုံးမသတ်တဲ့ ဒေါ်နှင်းဧကရီရဲ့ နောက်ဆုံးဇာတ်သိမ်းရမှုက ဘယ်လိုမှပင် မလှပနိုင်ခဲ့ပါ။

ကြောက်စရာကောင်းလိုက်တာ။

နွေဂိမာန် ကြည့်ပင်မကြည့်ရဲ။

သွေးသံရဲရဲနှင့် မရှုမလှသေဆုံးရတဲ့ ဒေါ်နှင်းဧကရီရဲ့ အဆုံးသတ်မှုက နွေဂိမာန်စိတ်ကို အကြီးအကျယ်ပင် တုန်လှုပ်ချောက်ချားသွားစေတာတော့ အမှန်ပဲဖြစ်သည်။

ထင်တောင်မထင်မိပါ။

ကျန်းမာရေးချို့တဲ့ပြီး အိပ်ရာထဲ လဲနေတဲ့ ဖေဖေက ဘာမှမဖြစ်ဘဲ ဒေါ်နှင်းဧကရီက ရုတ်တရက်ကြီး သေဆုံးသွားခဲ့သည်။ နွေဂိမာန် တထိတ်ထိတ်နဲ့ စိတ်ပူနေခဲ့ရတာက ဖေဖေပါ။

စိတ်မကောင်းဖြစ်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းဧကရီရဲ့သတင်း ကြားရင် မေမေ စိတ်မကောင်း ဖြစ်သွားမှာပါပဲ။ သူမတောင် တစ်ချိန်လုံး မကြည့်ချင်လောက်အောင် မုန်းနေတာတောင် အခုလိုအဖြစ်မျိုးနဲ့ မြင်လိုက်ရတာ စိတ်ထဲ နင့်တင့်တင့်ကြီး ဖြစ်နေရတာလေ။

ဖွေးလေးကတော့ ငိုပဲငိုနေသည်။

မိခင်ဆုံးသွားတာကို။

နွေဂိမာန်တုန်းကလည်း မေမေ ဆုံးသွားတော့ အခုလိုပဲ အားကိုးရာကင်းမဲ့သလို ခံစားရတာမဟုတ်လား။ ကိုယ်ချင်းစာမိသည်။ ဘာပဲပြောပြော နွေဂိမာန်ရော ဖွေးလေးပါ အမိမဲ့သမီးတွေ ဖြစ်ခဲ့ကြပြီမဟုတ်လား။ ရန်အငြိုးအမုန်းမီးတွေ သူမရင်ထဲမှာ ဆက်ပြီးလောင်မြိုက်နေခြင်း မရှိတော့ပါ။

"ဖွေးလေး"

"ရှင် မမ"

"စိတ်မကောင်းမဖြစ်ပါနဲ့ကွယ်၊ ဒါဟာ ကံကြမ္မာရဲ့ စေခိုင်းရာပဲမဟုတ်လား၊ မဖြစ်ချင်ပေမယ့် ဖြစ်ခဲ့ရပြီပဲလေ၊ စိတ်ကို ဖြေပါကွယ်၊ ဘာပဲပြောပြော မမလည်း အနိစ္စအဖြစ်အပျက်ကိုကြည့်ပြီး သံဝေဂတွေတောင် ရနေပါပြီ၊ အရင်က ဘယ်လိုစိတ်တွေပဲ ထားခဲ့ထားခဲ့ အခုတော့ နောင်တတွေ တစ်သီကြီး





ရပြီး မမစိတ်တွေတောင် ပြောင်းလဲနေပြီကွယ်၊ မှားခဲ့ပြီဆိုတဲ့အသိက နောက်ကျနေပြီဆိုပေမယ့် အန်တီနှင်းဧကရီသာ ဝိညာဉ်ရှိလို့ ကြားမယ်ဆိုရင် မမလေ ခွင့်လွှတ်ပေးပါလို့ တောင်းပန်နေမိတယ်ကွယ်"

"မမရယ်...အဟင့်...ဟင့်"

ဟာ...

မမရယ်။

တကယ်ပဲလားဟင်။

အခုလို တကယ်ပဲ ပြောင်းလဲသွားတာလားဗျာ။

လေးလေးနက်နက် ပြောနေတဲ့ မမနွေဂိမာန်ကိုကြည့်ပြီး အနိုင်းမဲ့ရင်ထဲ ဝမ်းနည်းစိတ်များကြားမှ ပီတိလှိုင်းလေး ဖြတ်ပြေးသွားရပါသည်။ ဖွေးလေးကို ရင်ခွင်ထဲထွေးပွေ့ပြီး အားပေးနှစ်သိမ့်နေတဲ့ မမနွေဂိမာန်မျက်နှာကို မျက်ရည်ကြည်တွေ ဝေ့ဝဲနေတဲ့ ကြားမှ သူ မင်သက်စွာကြည့်မိသည်။

ဝမ်းသာပါတယ်။

ညီအစ်မနှစ်ယောက် ပြန်ပေါင်းစည်းသွားလို့ နိုင်း တိုင်းမသိ ဝမ်းသာတာပါ။ ဘာပဲပြောပြော ဒါဟာ အရှုံးထဲက အမြတ်တစ်ခုပဲမဟုတ်လား။ ဖွေးလေးရဲ့အနာဂတ်အတွက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးတဲ့အလင်းရောင်ခြည်လေးပါ။

"ကဲ…အလောင်းကို ယူသွားတော့မယ်နော်"

တွန်းလှည်းကို တွန်းမည့်သူများက ရောက်လာကာ ပိုင်ရှင်များကို အသိပေးသည်။

"မေမေ…မေမေ…အဟင့်…ဟင့်…မေမေ"

"ဖွေးလေး"

လှမ်းဆွဲဟန့်တားဖို့ပြင်နေတဲ့ ဖွေးလေးရဲ့လက်တွေကို လှမ်းဖမ်းဆုပ်ကာ တားဆီးမိသူက အနိုင်းမဲ့ရယ်ပါ။

ဖွေးလေးရယ်…

အန်တီသွားပါစေတော့။

အခုလောက်ဆို မမနွေ့ဂိမာန်ရဲ့ စကားတွေကိုကြားပြီး အန်တီနှင်းဧကရီလည်း ကျေနပ်ဝမ်းသာသွားမှာပါ ဖွေးလေးရယ်။

အန်တီ အရမ်းကို နာကျင်ခံစားနေရပါပြီ။

နားပါစေတော့ကွာ။

အနိုင်းမဲ့တစ်ယောက်…

ထိုစကားလေးများကို ရင်ထဲကနေသာ ပြောနေမိတော့သည်။

❧ ❧ ❧



## အခန်း ၂၂

အန်တီဒေါ်နှင်းဧကရီရဲ့ နောက်ဆုံးခရီးကို အန်ကယ်ဦးသက်ထွန်းတစ်ယောက်မှလွဲပြီး အိမ်သားအားလုံး ပို့ဆောင်ခဲ့ကြပါသည်။ မမနွေ့ဂိမာန်ရဲ့ ဦးစီးမှုနှင့်အတူ ကုမ္ပဏီဝန်ထမ်းများ၏ ဝိုင်းဝန်းကူညီမှုကြောင့် အားလုံးအဆင်ပြေပြေ ရှိခဲ့၏။

နှိုင်းကတော့…

ဖွေးလေးရဲ့အနားမှာ အနီးဆုံးရှိနေခဲ့တဲ့ အားပေးဖော်ပေါ့။

နာရေးပြီးသွားတော့ ဝိုင်းကူညီသောလူတွေပြန်သွားကအိမ်က အရင်ကထက် တိတ်ဆိတ်ကာ ခြောက်သွေ့သွေ့ကြီးဖြစ်ကာ ကျန်နေခဲ့တော့၏။

"ဖွေးလေး"

"ကိုနှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်း ခြံထဲဆင်းသွားတာ တွေ့လို့ လိုက်လာတာ၊ ဒီမှာလာပြီး တစ်ယောက်တည်း ငိုနေပြန်ပြီလား ဖွေးလေးရယ်"

"ဖွေးလေး မေမေ့ကို သတိရနေလို့ပါ၊ ဘာပဲပြောပြော ဆူခံရတာပဲဖြစ်ဖြစ် အခုအချိန်မှာ ဖွေးလေး မေမေ့ကို ပြန်လိုချင်နေမိတယ် ကိုနိုင်းရယ် အဟင့်…ဟင့်"

"ဖွေးလေးရယ်…အခုချိန်မှာ ဖွေးလေး ဘယ်လိုခံစားနေရမလဲဆိုတာကို ကိုနိုင်း နားလည်ပါတယ်ကွာ"

"ကိုနိုင်းရယ်"

ကိုနိုင်းရဲ့ ဝခုံးလေးတွင် ခေါင်းလေးမှီတင်ကာ ဖွေးလေး တစ်ယောက် တသိမ့်သိမ့် ရှိုက်ငိုနေမိတော့သည်။ ရုတ်တရက်ကြီး တွေ့ကြုံခဲ့ရသော ကံကြမ္မာဆိုးကြီးက ဖွေးလေးအတွက်တော့ သွေးပျက်တုန်လှုပ် ချောက်ချားစရာကြီးပါ။ ဖွေးလေး အခုချိန်ထိ အံ့သြလို့ပင်မဆုံးနိုင်သေး။ မေမေတစ်ယောက် ဖွေးလေးအနားကနေ အလျင်အမြန် ထွက်ခွာသွားခြင်းအပေါ် ဖွေးလေး မယုံကြည်နိုင်သေးချေ။

"ငိုပါ ဖွေးလေးရယ်၊ မင်း အားပါးတရငိုလိုက်ပါ၊ ဒါမှ မင်းစိတ်ထဲ ရှင်းလင်းသွားမှာ၊ ဒီတစ်နေ့ ငိုပြီးရင်တော့ မင်းရဲ့





စိတ်တွေကို ပြန်ပြီးအားတင်းလိုက်တော့ ဖွေးလေး၊ စာမေးပွဲက သန်ဘက်ခါဆို မင်းဖြေရတော့မယ်လေ၊ ဘာပဲပြောပြော အန်တီနှင်းက မင်းပညာရေးထိခိုက်တာကိုတော့ လိုလားမှာမဟုတ်ဘူး ဖွေးလေး၊ ဒါကြောင့်လည်း ပညာသင်နေတဲ့အချိန်မှာ မင်းရဲ့ ပျံလွင့်နေတဲ့စိတ်တွေကို အမိုက်ခံပြီး တားဆီးခဲ့တာပေါ့၊ အန်တီနှင်းကို မင်း တကယ်ပဲ စိတ်ချမ်းသာအောင်ထားဖို့ဆိုတာ အမှတ်ကောင်းကောင်းနဲ့ မင်းရဲ့အောင်မြင်မှုကို သက်သေပြနိုင်မှ ဖြစ်မှာလေ၊ အန်တီနှင်း မျှော်မှန်းထားတာလည်း အဲဒီအချက်ပဲ ဆိုတာ မင်းလည်းသိမှာပါ၊ ဒါကြောင့် ပြန်ပြီးကြိုးစားပြလိုက်ပါ၊ အကောင်းဆုံးရပ်တည်ပြလိုက်ရင် အန်တီနှင်းလည်း ဘုံဗိမာန်ကနေ ပြုံးနေနိုင်မှာပါ၊ ကျေနပ်ဝမ်းမြောက်နေမှာပါ ဖွေးလေးရယ်"

အနိုင်းမဲ့ အားပေးနှစ်သိမ့်စကားကို ဆိုမိသည်။

ဖွေးလေးရဲ့ ပညာရေးက ရှိနေသေးတာဆိုတော့ အခုလို အချိန်မျိုးကြီးမှာမှ အခြေအနေဆိုးကြီးက ဖြစ်ပေါ်လာခဲ့ရတာမို့ စိုးရိမ်စိတ်တော့ဖြစ်မိတာ အမှန်ပဲဖြစ်သည်။

အနိုင်းမဲ့နဲ့ နှင်းဖွေးလေးတို့ ခြံထဲမှာရှိနေချိန်တွင် နွေဂိမာန် တစ်ယောက်ကတော့ဖြင့် ဖေဖေဦးသက်ဝေထွန်း အခန်းလေးထဲတွင် ရောက်နေခဲ့ပါသည်။ နွေဂိမာန်တို့ ခြံထဲတွင် ဒေါ်နှင်းဧကရီ



www.burmeseclassic.com

www.burmeseclassic.com



တို့သားအမိ ပြောင်းရွှေ့ရောက်လာကတည်းက အမေ့ညီမ အန့်တီဝင့်က အိမ်ကို လုံးဝလာမလည်တော့ဘဲ ဒေါ်နှင်းဧကရီ နာရေးပြီးဆုံးပြီဆိုတော့မှ ဖေဖေ့ဆီ လာလည်တာမို့ နွေဂိမာန်ပါ အနားမှာရှိနေရ၏။

"ကျုပ် တကယ်အံ့ဩတာ အမှန်ပဲအေ၊ အစ်ကိုကြီး သက်ဝေထွန်းက ကျန်းမာရေးချို့တဲ့ပြီး အိပ်ရာထဲလဲနေတာဆိုတော့ စိတ်ထဲမှာ အစ်ကိုကြီးအတွက်ပဲ စဉ်းစားနေခဲ့တာ၊ နှင်းဧကရီက အခုလိုဖြစ်သွားတယ်ဆိုတဲ့သတင်း ကြားတော့ ယုံတောင်မယုံနိုင်ဘူးဖြစ်နေတာ၊ သင်္ခါရတရားက အသက်အရွယ်၊ အိပ်ရာထဲ လဲလဲ မလဲလဲ၊ မဆိုင်ဘူးဆိုတာကို လက်တွေ့ပြလိုက်သလိုပဲအေ၊ မျက်စိ တစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ အရာရာတိုင်း ဖြစ်တတ်ကြ တာပဲ၊ ကြောက်စရာကောင်းလိုက်တာအေ၊ ငါတို့လည်း မာနတွေ အတ္တတွေထားပြီး နေလို့မဖြစ်တော့ဘူး"

အန့်တီလေးဝင့်ပင် တရားတွေသိနေချေပြီ။

နွေဂိမာန် ဘာမှမပြောဘဲ တိတ်ဆိတ်နေမိ၏။

"အစ်ကိုကြီးသက်ဝေထွန်းလည်း ဝင့်ကိုခွင့်လွှတ်ပါ၊ ဝင့် မှားခဲ့တာတွေ ပြောခဲ့ဆိုခဲ့ဖူးတာတွေ အများကြီးရှိခဲ့ပါတယ် တောင်းပန်ပါတယ် အစ်ကိုကြီးရယ်၊ ဝင့်တို့လည်း အသက်တွေ





ကြီးပါပြီ၊ အာဃာတတွေလည်း မထားချင်တော့ပါဘူး၊ အချိန်တွေ တိုင်း အေးအေးချမ်းချမ်းနဲ့ပဲ ဖြတ်သန်းချင်တော့တာပါပဲရှင်"

ဦးသက်ဝေထွန်းတစ်ယောက် တာသကြိန်ရဲ့ညီမ ဝင့်နေခြည်ဆီမှ ပြောနေတဲ့စကားတွေကို စိတ်မဝင်စားနိုင်။ ရင်ထဲ မှာ အပူသောကမီးတွေ တဟုန်းဟုန်းတောက်လောင်နေရတဲ့အဖြစ် က မိမိကိုယ်တိုင်သာလျှင် အသိဆုံးဖြစ်နေရသည်။

သမီးနွေဂိမာန်…

အပြင်ပန်းကကြည့်လျှင် တကယ်ပဲ စိတ်မကောင်းဖြစ် ပြီး နောင်တတွေရနေတဲ့ဟန်က အပြည့်။ သမီးဟာ တကယ်ပဲ ပြောင်းလဲသွားတာလား။ နွေဂိမာန် စိတ်ဓာတ်ကို ဖခင်ဖြစ်တဲ့ မိမိသာလျှင် အသိဆုံးမို့ စိတ်အလိုလိုက်ပြီး အမှားအယွင်းတစ်ခုခု လုပ်မှာ စိုးရိမ်ပူပန်နေရသည်။

နွေဂိမာန် စိတ်တွေပြောင်းလဲကာ သမီးငယ်လေးအပေါ် ညီမတစ်ယောက်လို သတ်မှတ်ပြီး စောင့်ရှောက်နေတယ်ဆိုတဲ့ သတင်းက တကယ်ပဲ ဝမ်းသာစရာပါ။ ဒါဟာ မိမိအဖြစ်စေချင် ဆုံးဆန္ဒနဲ့ မိမိ အမြင်တွေ့ချင်ဆုံး မြင်ကွင်းလေးပါပဲ။

တောင့်တခဲ့တာမှန်သမျှ အခုအချိန်ကျမှ တွေ့ရတာဆိုပေ မယ့် ဒီအခြေအနေလေး ပြိုပျက်သွားမှာကိုတော့ သေမတတ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့နေမိသည်။ သမီးကြီး ပြန်ရောက်လာတဲ့အချိန်နဲ့ အခု အချိန်ဟာ သိပ်မကြာမြင့်သေးတဲ့ ကာလလေးတစ်ခုပါ။ နှင်းဧကရီ သေဆုံးသွားလို့ သမီးဟာ အမှားကိုအမှားလို့သိမြင်ပြီး ပြောင်းလဲ သွားပြီဆိုရင်တော့ ပြောစရာမလိုလောက်အောင် အတိုင်းထက် အလွန်ပဲပေါ့လေ။

ဟူး···

ဘာကြောင့်လဲ။

မိမိစိတ်တွေထဲမှာ ဘာကြောင့်များ ပေါ့ပါးမနေရတာလဲ။

ယုံကြည်သင့်တယ်မဟုတ်ဘူးလား။

သမီးကြီးနွေဂိမာန်ကို ပိုပြီးယုံကြည်သင့်တယ် မဟုတ်လား။ ခက်တာက လေးလံထိုင်းမှိုင်းနေတဲ့ မိမိစိတ်တွေပဲ။ တစ်ခုခုတော့ အသေအချာမှားနေတယ်ဆိုတဲ့အသိနဲ့ လူက လုံးဝ ကို လန်းဆန်းမနေတာလေ။

"အစ်ကိုကြီး သက်ဝေထွန်း"

"ဟင်"

"နေကောင်းရဲ့လားဟင်၊ အစ်ကိုကြီးကြည့်ရတာ တစ်မျိုးပဲ၊ ဘာဖြစ်နေတာလဲ အစ်ကိုကြီးရယ်၊ စိတ်ထဲမှာ တစ်ခုခု ခံစားနေရတယ်ဆိုရင်လည်း တရားနဲ့ဖြေပါ"



"ငါ ဘာမှမဖြစ်ပါဘူး ဝင့်ဝင့်ရယ်၊ နင် စိတ်မပူပါနဲ့၊ အထူးသဖြင့် ငါ့ကိုပေါ့၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ငါသွားရမယ့်လမ်းကို ငါက မြင်နေတွေ့နေ သိနေပြီးသား လူပါဟာ၊ ငါစိတ်မချတာ နင့်တူမ နွေဂိမာန်ကိုပါ၊ သမီးကြီးအတွက် ငါ စိတ်ပူနေတယ်၊ ဒါကြောင့် နင်လည်း နင့်တူမအတွက် ငါ တာဝန် မကျေနိုင်တဲ့ စောင့်ရှောက်မှုနဲ့ ဆက်ပြီးကြည့်ရှုပေးပါ၊ ငါတောင်း ဆိုတာပါ ဝင့်ဝင့်"

"အို···နွေဂိမာန်က ဒီလောက်ထက်မြက်တာ၊ ဘာ စိုးရိမ်စရာရှိလဲ အစ်ကိုကြီးရယ်၊ သူ့ကိုယ်သူ ထိန်းသိမ်းနေနိုင် ပါပြီ"

ဦးသက်ဝေထွန်း ခေါင်းလေးကို လေးတွဲစွာပင် ခါယမ်း မိသည်။

"အစ်ကိုကြီးကလည်းလေ သားသမီးတွေပဲ လျှောက် ကြည့်နေတယ်၊ အစ်ကိုကြီးရဲ့ကျန်းမာရေးကိုပဲ အစ်ကိုကြီး ဂရု စိုက်စမ်းပါ၊ ဟဲ့···သမီး နွေဂိမာန်၊ ဖေကြီးကိုလည်း ပြောဦးလေ၊ သမီးအတွက် စိတ်ပူနေတယ်"

"ဟုတ်သားပဲ ဖေဖေရယ်၊ ခုဆို သမီးလည်း စိတ်တွေ အရင်ကလို မဟုတ်တော့ပါဘူး ဖေဖေရယ်၊ သမီးတို့အတွက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူမနေပါနဲ့တော့၊ ဖေဖေသာ ကျန်းမာရေးကို ဂရုစိုက်ပါ။ နွေဂိမာန်တို့ ညီအစ်မဆီမှာ အမေတွေ့ရှိတော့တာမဟုတ်ဘူး၊ ဖေဖေပဲ ရှိတော့တာ၊ သမီးတို့အနားမှာ အချိန်အကြာကြီး ရှိနေပေးပါဦးနော်၊ သမီး ဖေဖေကို လိုအပ်လို့တောင်းဆိုနေတာပါ၊ သမီး ရှေ့ကနေ ကာလတွေအများကြီးအထိ ရပ်တည်နေပေးပါ၊ အရင်ကလို ရင်အုပ်မကွာ လိုက်မစောင့်ရှောက်နိုင်ရင်တောင် ဖေဖေရဲ့ အရိပ်အငွေ့လေး ရှိနေပါတယ်ဆိုရင်ပဲ ကျေနပ်ဝမ်းမြောက်လှပါပြီ ဖေဖေရယ်...”

သမီးကြီးရယ်...။

ဖေဖေ နားလည်ပါတယ်။

ဖေဖေအသက်ရှင်နေပေးဖို့ သမီးတို့ အရမ်းလိုလား ကြတယ်ဆိုတာ ဖေဖေသိပါတယ်ကွယ်။

ဒါပေမဲ့....

ကံကြမ္မာဆိုတာ ကိုယ်ဖန်တီးချင်တိုင်း ဖန်တီးလို့မှ မရတာ...။

“သမီး....”

“ရှင်...”

“ဖေဖေစိတ်အပူဆုံးက သမီးကြီးကိုပဲ”





“ဖေဖေကဂည်း...”

“သမီးကြီးက စိတ်ဓာတ်မာကျောသလို တစ်ခုခုကို ဆုံးဖြတ်ထားရင်လည်း အရမ်းသွေးအေးတတ်တဲ့သူလေ၊ လမ်းမှန် ပေါ်လျှောက်နေတဲ့အချိန်မှာ အဲဒီလိုစိတ်ထားမျိုးက တိုးတက် အောင်မြင်မှုကို အရလွယ်နိုင်သလောက် အမှားဘက်ကို အတွေးတွေ လွဲသွားခဲ့မယ်ဆိုရင်တော့ အဲဒီစိတ်ဓာတ်ဟာ မိုက်မဲမှုတွေဆီ ကူးပြောင်းသွားတတ်တာမို့ ဖေဖေ သမီးရဲ့အကျင့်တွေကို စိတ်ပူမိတယ်...”

“ရှင်...”

နွေဂိမာန် မျက်လုံးလေးတွေ ပြူးဝိုင်းသွားကာ ဖေဖေ့ မျက်နှာဆီ ကြည့်မိ၏။

ဖေဖေ ဘာကိုပြောချင်နေတာလဲ။

ဘာကြောင့် ဒီလိုစကားမျိုးကို သူမအားရွေးချယ်ပြီး ပြောရတာလဲ။ စဉ်းစားမိတော့ စိတ်တွေက ကဏှာမငြိမ်ချင်။

“နွေဂိမာန်...”

“ရှင်....”

“သမီးဘက်က အရင်လိုစိတ်မျိုးတွေ မရှိတော့ဘူး၊ တကယ်ပဲပြောင်းလဲသွားပြီဆိုတဲ့ သတင်းကြားတော့ ဖေဖေအရမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ဝမ်းသာပျော်ရွှင်ခဲ့ရပါတယ်''

''....''

''ကောင်းပါတယ် သမီးရယ်၊ မိသားစုဝင်တွေကြားမှာ ပြေလည်မှုလေးတွေ ရှိလာတာ ဝမ်းမြောက်စရာပါပဲ၊ အဲဒီအတိုင်း လေးပဲ ရေရှည်နေပေးကြပါ၊ အနည်းဆုံး ဖေဖေစိတ်ချလက်ချနဲ့ မျက်လုံးမှိတ်သွားနိုင်တဲ့အထိပေါ့''

''ဟုတ်ကဲ့ပါ ဖေဖေ''

''သမီး တကယ်ကတိပေးတာနော်''

''ရှင်...''

''ကတိတကယ်ပေးတာလားလို့ သေချာအောင်ထပ်မေးတာပါ''

''အစ်ကိုကြီး သက်ဝေထွန်းကလည်းလေ တူမလေးကို ဘာတွေလျှောက်ပြောနေတာလဲ''

အန်တီဝင့်က နားမလည်သလို တူမကိုကြည့်ကာ အားတွေနာနေ၏။

''နင်အသာနေစမ်းပါ ဝင့်ဝင့်ရယ်၊ သမီးဆီက စကားသံကို ငါ့နားနဲ့ ဆက်ဆက်ကြားချင်လို့ မေးနေတာပါ''

နွေဂီမာန်တစ်ယောက် ဖေဖေ့မျက်နှာဆီ ခပ်စူးစူးလေးသာ





စိုက်ကြည့်နေမိသည်။ သွေးသယ်တွေစွန်းထင်နေတဲ့ ဖေဖေ့မျက်ဝန်းတွေ...။ ဒါဟာ ယုံကြည်မှု ဘယ်လောက်တောင် အားနည်းလိုက်သလဲဆိုတာ နွေဂီမာန်သိနေသည်။

''သမီးကြီး...''

သူမ မဖြေ...။

ထိုင်နေရာကနေ ဆတ်ကနဲ ထရပ်ပစ်လိုက်သည်။

ဖေဖေသိနေတယ် မဟုတ်လား။

နွေဂီမာန်ဟန်ဆောင်နေတာကို ဖေဖေသိနေတယ်မို့လား။

ဒါဆို....

ဘာကြောင့် အခုလိုအခြေအနေကြီးမှာ ထုတ်မေးနေရတာလဲ။ ကိုယ်သိရင် ကိုယ့်ဝမ်းထဲပဲထားပေါ့။ နွေဂီမာန်ဆိုတာ ဖေဖေ့ရဲ့သမီးပဲလေ။ ဒါကို ဖော်ထုတ်ဖို့ကြိုးစားလိုက်တာတော့ ဖေဖေ သိပ်ရက်စက်တာပဲ။

မတရားဘူး...။

သမီးချင်းအတူတူ နှင်းဖွေးလေးကိုပဲ ဖေဖေက ပိုချစ်နေတာ နွေဂီမာန်မသိဘဲ နေမလား။ နွေဂီမာန်ဆီက ကတိကို တောင်းနေတယ်ဆိုကတည်းက ဖေဖေ စိတ်မချနိုင်သေးဘူးဆိုတာကို ပွင့်ပွင့်လင်းလင်း ထုတ်ပြလိုက်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



မုန်းတယ်····။

ဖေဖေ့ကို ဂိမာန် မုန်းတယ်။

သမီးဘဝထဲကို ရက်စက်ခြင်းတွေ သယ်ဆောင်လာခဲ့တဲ့ ဖေဖေ့ကို နွေဂိမာန်သိပ်မုန်းတယ် သိလား···။

ခုဆို···

ဒေါ်နှင်းဧကရီလဲ သေပြီ။

အလကားမိန်းမကြီး···။

သူများတစ်ဖက်သားရဲ့ စည်းစိမ်ချမ်းသာမှုတွေကို မတရား လိုချင်နေတဲ့ မိန်းမကြီး။ သူသေသွားတာ နွေဂိမာန်ဘယ်လောက် တောင် ဝမ်းသာပျော်ရွှင်နေမိသလဲ။ တပူငြိမ်းအေးသွားတာလေ။ နွေဂိမာန်ရသင့်ရထိုက်တဲ့ အမွေပစ္စည်းတွေကို တစ်ဝက်လိုချင် နေတာ။ အခုတော့ သင်းကြီး သေပြီ။

"နွေဂိမာန်···ဖေဖေမေးနေတာ ဖြေဦးလေ"

နွေဂိမာန်···

ဖေဖေ့မျက်နှာကို စိမ်းစိမ်းကြီးစိုက်ကြည့်ကာ နေရာက ဆတ်ခနဲ ထရပ်ပစ်လိုက်သည်။

ပြီးနောက်···

ချာခနဲနေအောင်ပင် ဖေဖေ့အခန်းထဲကနေ လှည့်ထွက်



လိုက်၏။

"ဟဲ့ သမီး နွေဂိမာန်၊ ဒါ ဘယ်လိုလုပ်သွားတာလဲ၊ ဖအေက မေးနေတဲ့ဟာကိုကွယ်၊ ဟဲ့ သမီး···"

အန်တီလေးဝင့်ရဲ့ တားဆီးသံက သူမနောက်ကျောဘက် ဆီမှာ···။

လှည့်မကြည့်တော့···။

နွေဂိမာန်···

ဘယ်သူ့ကိုမှ လှည့်မကြည့်တော့ချေ···။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၂၃ |

''ဘာတွေ အကြံအစည်ထုတ်ဦးမလို့ စိုက်ကြည့်နေတာလဲ မမ်နွှေဂိမာန်''

''ဟင်''

ခြံကျယ်ကြီးထဲက ခုံတန်းလေးတွင် ထိုင်နေသော စုံတွဲလေးကို ဒေါသအငွေ့အသက်မကင်းသော မျက်ဝန်းတွေနှင့် စိမ်းစိမ်းကြီး စိုက်ကြည့်နေသော နွှေဂိမာန်တစ်ယောက် နောက်ကျောဘက်ဆီမှ ခပ်ဆတ်ဆတ်မေးသံကြောင့် ချာခနဲ နေအောင် လှည့်ကြည့်လိုက်တော့ ဒေါ်နှင်းဇကရီ အလုပ်ခန့်ထား သော အလုပ်သမားကောင်မလေး ပေါက်ပေါက် ဖြစ်နေ၏။

''ညည်း ဘာစကားပြောတာလဲ ပေါက်ပေါက်''



''ဟင်း…ဟင်း မေးတာပါ၊ မမနွှေဂိမာန်ဆိုတဲ့ အမျိုးသမီးက ခေါင်းထဲကထုတ်လိုက်တဲ့ အကြံအစည်အတိုင်း အောင်မြင်သွားတတ်တာကို သိနေလို့ ဒီမေးခွန်းကို မေးလိုက်တာပါ၊ ဘာလဲ ပေါက်ပေါက်ရဲ့ မေးခွန်းက သိပ်ပြီးတုန်လှုပ်ချောက်ချားစရာ ဖြစ်သွားလို့လား မမနွှေဂိမာန်''

''ညည်း…ညည်း…ဘာတွေပြောနေတာလဲ၊ ညည်းပြောတာတွေ ကျုပ်ဘာတစ်ခုမှ နားမလည်ဘူး၊ သွားစမ်း၊ ကျုပ်အနားက နေ အခုချက်ချင်းထွက်သွားစမ်း၊ ကျုပ်စိတ်တွေ အရမ်းရှုပ်ထွေး နေတယ်နော်၊ ညည်းကို တစ်ခုခုမလုပ်မီခင် အနားကနေ ထွက်သွား''

''ဟား…ဟား၊ နှင်ထုတ်တယ် ဟုတ်လား၊ ကျွန်မကို နှင်ထုတ်တယ်၊ ရှုးပါပေ့ မမနွှေဂိမာန်ရယ်၊ တကယ်ဆို အခုအချိန် မှာ ပေါက်ပေါက်ဆိုတဲ့ ကျွန်မကို ခြေသလုံးဖက်ထားရဦးမှာရှင့်''

''ဘာ…ဘာပြောတယ်၊ ညည်း…ညည်း''

''ကျွန်မ သိနေတယ်လေ၊ မမနွှေဂိမာန် ဘာတွေလုပ်ခဲ့ တယ်ဆိုတာ ကျွန်မအားလုံးမြင်ပြီးသား၊ ဒေါ်နှင်းဇကရီရဲ့ ကားဂိုထောင်ထဲကို ရှင်လူလွှတ်ပြီး ဘာတွေလုပ်ခိုင်းခဲ့တယ်ဆိုတာ ကျွန်မ မြင်ပြီးသား မမနွှေဂိမာန်''



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား····

နွေဂိမာန် အသက်ရှူပင် မှားသွားရသည်။

ပေါက်ပေါက်····

ဒေါ်နှင်းဧကရီ အလုပ်သွင်းထားတဲ့ အလုပ်သမား လူယုံ ပေါက်ပေါက်။ သူမ လုပ်ထားသမျှတွေကို မြင်တယ်တဲ့လေ။ နွေဂိမာန် မျက်လုံးပြူးရပြီ။ မတော်တဆမှုလို့ အားလုံးက သိထားကြတာ။ အခုတော့ ပေါက်ပေါက်ကြောင့် နွေဂိမာန် ဒုက္ခလှလှ တွေ့ရတော့မည်။

ဟန်မပျက်အောင် ထိန်းချုပ်နေတဲ့ကြားမှ စိတ်တွေက အလှူပ်ရှားကြီး လှုပ်ရှားလာရ၏။

"ညည်း···ညည်း····မဟုတ်မဟတ်တွေ လုပ်ဇာတ်ခင်းပြီး လျှောက်မပြောနဲ့နော်၊ ဒေါ်နှင်းဧကရီသေတာ ကျုပ်နဲ့ ဘာမှ မပတ်သက်ဘူး၊ သူ့ဘာသာမတော်မဆ ကားတိုက်မှုဖြစ်ပြီး ဆုံးသွားတာ"

"ဒါက အများအထင်လေ မမနွေဂိမာန်၊ ပေါက်ပေါက်သာ မမနွေဂိမာန်ကြံစည်တာလို့ ရပ်ကွက်ဥက္ကဋ္ဌကိုပဲ သွားပြောကြည့်၊ အားလုံးသံသယစိတ်နဲ့ ပြန်စစ်ဆေးကြမှာ"

"ညည်း···ညည်း"





နွေဂိမာန် ခြေလှမ်းတွေ နောက်သို့ နစ်လှမ်းစာလောက် ဆုတ်ကာ ခန္ဓာကိုယ်ပင် ယိုင်နဲ့သွားရသည်။

မဖြစ်ဘူး····

ပေါက်ပေါက် အဲဒီလိုသွားပြောလို့ မဖြစ်ဘူး။

အဖမ်းခံရမှာ···

နွေဂိမာန် အဖမ်းခံရမှာ···။

ဟင့်အင်း···

အဖမ်းမခံနိုင်ဘူး။

မောင်····

ချစ်ရပါသော အနှိုင်းမဲ့ဆိုတဲ့ ကောင်လေး။

နွေဂိမာန် လုံးဝမထားခဲ့နိုင်ဘူးလေ။

ရင်ထဲကနေ တိတ်တခိုးလေး ကြိတ်ချစ်နေမိတဲ့ နွေဂိမာန် အချစ်တွေ ဆက်လက်ရှင်သန်နေဖို့အတွက်ဆိုတာ မောင်တစ်ယောက် နွေဂိမာန်ဘဝထဲမှာ ရှိမှဖြစ်မှာ။ မစွန့်လွှတ်နိုင်ဘူး။ အဆုံးအရှုံးမခံနိုင်ဘူး။ နွေဂိမာန် အားလုံးကို စီစဉ်ထားပြီးပြီ။ နွေဂိမာန်ရဲ့ စည်းစိမ်ချမ်းသာမှုတွေကို မတရားလောဘစိတ်နဲ့ လိုချင်တပ်မက်နေတဲ့ ဒေါ်နှင်းဧကရီကို အဆုံးသတ်ပြီးရင် မောင့်ဆီက အချစ်တွေကို ရအောင်သိမ်းပိုက်သွားတဲ့ နှင်းမွေးလေး



www.burmeseclassic.com

www.burmeseclassic.com



ဆီက မောင့်အချစ်တွေကို ပြန်ရအောင်လုယူဖို့။

နွေဂိမာန် အားလုံးအကွက်ချ စီစဉ်ပြီးပြီ။

အချိန်....

အချိန်အတိုင်းအတာလေး တစ်ခုပါပဲ။

အဲဒါလေးကို စောင့်လိုက်ရင်ပဲ နွေဂိမာန်လိုချင်တာတွေ အားလုံးရရှိနိုင်ပြီလေ။ နှင်းဖွေးလေးဆိုတာ မရှိရင် မောင့်ရင်ထဲမှာ နွေဂိမာန်ဆိုတာ အစားနေရာဝင်ယူလို့ရပြီ။ မောင်က နွေဂိမာန်ကို လုံးဝ ပစ်ပယ်ထားမှာမဟုတ်ချေ။ ကျေးဇူးတရားတွေကို သိတတ်တဲ့ မောင်။ အားနာစိတ်ရှိတဲ့မောင်က နွေဂိမာန်ဘဝကို ပစ်ထားမှာတော့ မဟုတ်။

ပြီးလျှင်....

ပုသိမ်မှာရှိနေတဲ့ မောင့်အမေကိုပါ အိမ်မှာခေါ်ထားပြီး မောင့်ပထွေးဆိုတဲ့လူကို ငွေတွေပုံပေးပြီး ကွာရှင်းခိုင်းလိုက်မည်။ ဒါဆို မောင်အရမ်း ကျေနပ်ဝမ်းသာသွားမှာ။ မောင်က သူ့ပထွေးကို အရမ်းမုန်းနေတာလေ။ သူ့အမေကို အမြဲတမ်း အရက်မူးမူးလာပြီး ပြဿနာရှာ ရိုက်နှက်လွန်းအားကြီးလို့ ဒေါသစိတ်ကို မထိန်းနိုင်ဘဲ ပြန်ရိုက်နှက်ထားခဲ့ပြီး အိမ်ကနေ ပြေးလာတဲ့ကောင်လေး။ မောင့်အကြောင်းတွေ စုံစမ်းပြီးကတည်းက မောင့်အပေါ် စာနာစိတ်





အတူ တစ်ဖက်သက်လေးကြိတ်ကာ နွေဂိမာန်ချစ်နေမိသည်။

ဒါကို....

မောင်ဆိုတဲ့ အနှိုင်းမဲ့ကတော့ မသိ။

အမြဲတမ်း အရိပ်တကြည့်ကြည့်နဲ့ နေတဲ့ကြားကနေ နှင်းဖွေးလေးဆိုတဲ့ ကောင်မလေးနဲ့ သူမအလစ်အငိုက်မှာ ချစ်သူတွေ ဖြစ်နေကြပြီဆိုတော့ နွေဂိမာန်ပင် အံ့သြမှင်သက်သွားရသည်။ ဆုံးရှုံးရတော့မှာပါလားဆိုတဲ့ အသိက သူမရင်တစ်ခုလုံးကို ခါးသီးသွားစေ၏။

မခံစားနိုင်....

နာကျင်ခြင်းများနှင့်အတူ ဒေါသမုန်တိုင်းတွေက သူမ ခန္ဓာကိုယ်အနှံ့ ကြမ်းတမ်းခက်ထန်လာကြသည်။ အပြင်မှာ ဘာမှ မဖြစ်သလိုနှင့် ဟန်ဆောင်နေရပေမယ့် သူမအတွင်းစိတ်မှာတော့ အတေးအမှတ်တွေနှင့် ပြည့်နှက်လို့။

ခုတော့....

နွေဂိမာန် ပူလောင်သောကရောက်နေရသလောက်တွေ အားလုံးအေးငြိမ်းတော့မယ် ကြံကာရှိသေး ပေါက်ပေါက်ဆိုတဲ့ ဘာမဟုတ်တဲ့ အိမ်ဖော်မကြောင့် ပျက်စီးရတော့မည်။ တွေးမိတိုင်း ဒေါသတွေက ရင်ထဲမှာ တလိပ်လိပ်တက်လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်လဲ မမနွေဂိမာန်၊ ရှင်နဲ့ကျွန်မ အပြိုင်ရှင်းကြ မလား၊ ဟင်း ဟင်း ခွေးရူးနဲ့ခွေးကောင်း ပြိုင်ကိုက်ကြမလား မမနွေဂိမာန်"

အမယ်လေး....

အသည်းယားစရာကောင်းလိုက်တာနော်။

စိတ်ရှိလက်ရှိသာကိုင်မြှောက်ပြီး ဝရန်တာကနေ ပစ်ချ လိုက်ရ။ ဒီကောင်မတော့ ပွဲချင်းပြီးတော့မှာပဲ။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ပေါက်ပေါက်ဆိုတဲ့ ကောင်မလေးကို အခုအချိန်မှာ ပွဲကြမ်းလို့ မဖြစ်သေးဘူး။

လုပ်ချင်နေသည့်စိတ်ကို မနည်းချုပ်တည်းကာ လျှော့ချ နေရသူက နွေဂိမာန်ရယ်ပဲဖြစ်သည်။

"ပေါက်ပေါက်"

လေသံကို အတတ်နိုင်ဆုံး လျှော့ချထားလိုက်ပြီး ညင်သာစွာခေါ်မိ၏။

"ညည်းကိုကြည့်ရတာ ကျုပ်ကို ပြဿနာရှာချင်တဲ့ အရိပ်အငွေ့တော့ မရှိပါဘူးအေ၊ ကဲ ပြောပါဦး၊ ညည်းဘာဖြစ်ချင် တာလဲ၊ ဘာလိုချင်တာလဲ၊ အားလုံး မမနွေဂိမာန်ကို ပွင့်ပွင့် လင်းလင်း ဆွေးနွေးတောင်းဆိုပေါ့အေ"





"အဟင်း...ဟင်း...ဒီလိုမှပေါ့ မမနွေဂိမာန်ရဲ့၊ ပြေပြေ လည်လည်ဆက်ဆံရင် လေယာဉ်ပျံတောင် အလကားစီးရသေး တာပဲ၊ အေးဆေးပေါ့"

"အေးပါအေ၊ ဒါပေမဲ့ အခုတော့အိမ်မှာ အန့်တီဝင့် ကလည်း ရောက်နေတယ်၊ သူပြန်မှ ညည်းအခန်းကို ကျုပ်လာခဲ့ မယ်ပေါက်ပေါက်၊ အခု သွားနားနေလိုက်ဦး"

"ကောင်းပြီလေ...ဆက်ဆက်တော့လာခဲ့နော်၊ ပေါက်ပေါက်ရဲ့ပါးစပ်က သိပ်ပြီးယားလာရင် အလကားမနေတတ် ဘူးဆိုတာ မမနွေဂိမာန်လည်း သိပါတယ်၊ ကားပြင်သမား ဘယ်သူလဲဆိုတာလည်း ပေါက်ပေါက်က သိပြီးသားဆိုတော့ အချိန်တော့ သိပ်ဆွဲဖို့မကြံနဲ့ မမနွေဂိမာန်၊ ညကျရင် ကျွန်မ အခန်း ထဲမှာ မလာမချင်းစောင့်နေပေးမယ်၊ ကြားလား"

"အေးပါအေ၊ အန့်တီဝင့် ပြန်သွားတာနဲ့ ကျုပ် ညည်း ဆီကို ဆက်ဆက်လာပါ့မယ်၊ စိတ်သာချ"

နွေဂိမာန်က ချော့လေ ပေါက်ပေါက်က မော့လေ ဖြစ်ချင်နေ၏။ အမြင်ကတ်စရာကောင်းလိုက်တာ။ သင်းတော့ အသက်နဲ့ခန္ဓာ အိုးစားကွဲချင်နေပြီထင်ပါရဲ့။ နွေဂိမာန်ကိုများ ခြိမ်းလား ခြောက်လားနဲ့ လာလုပ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး။

ပေါက်ပေါက်ကို ဒီအတိုင်း လွှတ်ထားလို့မဖြစ်ဘူး။

နှုတ်ပိတ်မှရမယ်။

အာချောင်နေတဲ့ပါးစပ်ကို တစ်သက်လုံးပိတ်သွားအောင် လုပ်မှဖြစ်မယ်။ နွေဂိမာန် မျက်ဝန်းအကြည့်တွေက ခြံလေးဘက် ပြန်ရောက်သွား၏။ ခြံဝန်းကျယ်ကြီးထဲက မြက်ခင်းစိမ်းလေးထက်မှာရှိနေတဲ့ ခုံပြာတန်းလေးထက်မှာတော့ ချစ်သူစုံတွဲလေးက အေးအေးလူလူ ထိုင်လို့။

ဝမ်းနည်းတဲ့သူက ဝမ်းနည်းလို့၊ အားပေးနှစ်သိမ့်တဲ့သူက နှစ်သိမ့်နေကြမှာပေါ့လေ။ သူမမှာတော့ အားပေးနှစ်သိမ့်မယ့်သူ မရှိ။ လောင်မြိုက်နေတဲ့ အပူသောကတွေကို ဖြေသိမ့်ပေးမယ့်သူ နတ္ထိ။ မနာလိုစရာကောင်းလိုက်တာ။ နွေဂိမာန်ဆိုတဲ့ သူမကျမှ အခုလို ကံကြမ္မာဆိုးတွေ ကျရောက်လာရသလား။

စဉ်းစားကြည့်စမ်း။

လောကကြီးထဲမှာ အဲဒီလောက်တောင် တရားမျှတမှုတွေ မရှိတာ။ စိတ်ထွက်ပေါက်တွေကင်းမဲ့ပြီး မွန်းကြပ်လှောင်ပိတ်နေရတဲ့ အဖြစ်ကနေ ဘယ်လိုရုန်းထွက်ရမှာတဲ့လဲ။ မေးခွန်းတိုင်းမှာ အဖြေကင်းမဲ့နေရတဲ့ဘဝလောက် ဆိုးဝါးတာမရှိတော့





ချေ။

နွေဂိမာန်တစ်ယောက် ဝရန်တာလေးဆီကနေ ချက်ချင်းထွက်ခွာလာခဲ့မိသည်။ သူမ တွေဝေငေးငိုင်နေလို့မှ မရတာလေ။ အန်တီလေးဝင့်ကို ပြန်ခိုင်းရဦးမည်။ ဖေဖေ့အခန်းထဲမှာ လူနာသတင်းလာမေးပြီး အားပေးနေတဲ့ အန်တီလေးဝင့်ကို အမြန်ပြန်သွားအောင် သူမ လုပ်ရဦးမည်။

ပြီးလျှင်...

ပေါက်ပေါက်ဆီ သူမ သွားရမယ်လေ။

အစုတ်ပလုတ်မ ပေါက်ပေါက်။

တွေ့မယ်။

ညည်း ကျုပ် ဘယ်လောက်အဆိပ်ပြင်းသလဲဆိုတဲ့ အကြောင်း သိကိုသိစေရမယ်။ နွေဂိမာန်တစ်ယောက် အံလေးကိုသာ တင်းနေအောင်သာ စေ့ကြိတ်ထားလိုက်မိတော့သည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၂၅ |

နွေဂိမာန်တစ်ယောက် ကော်ဖီခွက်လေးကို စိတ်ကြိုက် ဖျော်ပြီးသည်ဆိုလျှင်ပဲ လင်ဗန်းလေးပေါ် သေသေသပ်သပ်လေး တင်လိုက်သည်။ ကော်ဖီခွက်က နှစ်ခွက်တိတိ။ သူမနဲ့အတူ အိမ်အလုပ်သမား ပေါက်ပေါက်အတွက် ဖျော်ထားတာလေ။

ချိန်းဆိုထားပြီးပြီ။

အန်တီလေးဝင့် ပြန်တာနှင့် ပေါက်ပေါက် အခန်းကို လာခဲ့မယ်ဟု သူမ ပြောထားခဲ့ပြီးပြီ။ စောင့်နေမှာပဲ။ ပေါက်ပေါက် အသေအချာ မျှော်နေမှာပဲ။ နွေဂိမာန် မျက်ဝန်းလေးတွေက စိမ်းတောက်သွားရ၏။ နှုတ်ခမ်းလေးတွေက မဲ့ပြုံးလေးတစ်ပွင့် ပွင့်ဟသွားသည်။

နွေဂိမာန် ထမင်းစားခန်းလေးထဲကနေ ထွက်လာပြီး





ပေါက်ပေါက်နဲ့ အခန်းလေးရှေ့ဝတွင်ရပ်ကာ တံခါးလေး အသာ ခေါက်လိုက်သည်။ တံခါးချပ်လေးက ညင်သာစွာပွင့်လာ၏။

မအိပ်သေးဘူးလေ။ ညဆယ့်တစ်နာရီဆိုတဲ့အချိန်က အလုပ်သမား ကောင်မလေးတွေ အိပ်သေးတဲ့အချိန်မှမဟုတ်တာ။ ပေါက်ပေါက်က ခေါင်းကိုက်နေလို့ဆိုတဲ့ အကြောင်းပြချက်နဲ့သာ အခန်းထဲအစောကြီး ဝင်နားနေတာ။

ဒါကလည်း....

ပေါက်ပေါက်မှာက အကြံအစည်ရှိနေတာကို။ နွေဂိမာန်နဲ့ ဆွေးနွေးရမယ်ဆိုတာနဲ့ ဘာတွေတောင်းဆိုရမလဲဆိုပြီး ကြိတ် စိတ်ကူးယဉ်နေတော့မှာပေါ့လေ။

"ဘာတွေလုပ်လာတာလဲ မမနွေဂိမာန်"

"ကော်ဖီဖျော်လာတာပါအေ၊ ညည်းသိတဲ့အတိုင်းပဲ ကျုပ်က ခေါင်းနည်းနည်းစားလိုက်တာနဲ့ ကော်ဖီသောက်မှ တည်ငြိမ် တတ်တဲ့သူလေ၊ ဆွေးနွေးရမယ်ဆိုတော့လည်း စိတ်အေးအေးလေး ဖြစ်တော့ ပိုကောင်းတာပေါ့အေ"

"အဟင်း....ဟင်း"

ပေါက်ပေါက်က သဘောကျရယ်နေသေး၏။

နွေဂိမာန်....



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းလှဲ့လှဲ့ထိုးပြီး လင်ဗန်းလေးကို ခုတင်လေးထက် တင်လိုက်ပြီး ဘေးမှာဝင်ထိုင်လိုက်သည်။

"ရော့ ညည်းအတွက်ပါ ပိုဖျော်လာတယ်"

ပေါက်ပေါက်ကိုပြောပြီး သူမလည်း ကော်ဖီတစ်ခွက်ကို ကောက်ကိုင်ကာ သောက်လိုက်သည်။ အစကတည်းကမှ ရင်တွေပူလောင်နေရတဲ့အထဲ ကော်ဖီက အာခေါင်မှတစ်ဆင့် လည်ချောင်းဝမှာပူဆင်းကာ ရင်ထဲအပူရိပ်များ အပြည့်နှင့် စီးဆင်းသွားသည်။

ပေါက်ပေါက်က ကော်ဖီခွက်ကိုကိုင်ကာ တစ်ငုံသောက်၏။ နွေဂိမာန်မျက်လုံးလေးစွေကာ ပေါက်ပေါက်ဆီ အကဲခတ်ကြည့်ပြီး····

"ကဲ····ပြော၊ ညည်းဖြစ်ချင်တဲ့ဆန္ဒတွေ"

"ကျွန်မ တိုက်ခန်းတစ်ခန်းလိုချင်တယ် မမနွေဂိမာန်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာ ချစ်သူရှိနေပြီလေ၊ ကျွန်မ အိမ်ထောင်ပြုပြီး အေးအေးဆေးဆေး နေချင်ပြီ၊ ပြီးတော့ ကျွန်မတို့ လုပ်ကိုင်စားသောက်ဖို့ အရင်းအနှီးအနေနဲ့ ငွေသားသိန်းတစ်ရာ။ အဲဒါရရင် ကျွန်မဆန္ဒပြည့်ဝပြီ"

အမယ်လေး····

တိုက်ခန်းနဲ့ ငွေသားသိန်းတစ်ရာတဲ့။

ဝိုး : မိုး : ၁၁၆ပ



ခွေးပါးစပ်က နတ်စကားထွက်ရတယ်လို့။

မတန်မရာ····

သိန်းတစ်ရာမပြောနဲ့ လခသောင်းကျော်လေးနဲ့ အလုပ်လုပ်နေတဲ့မိန်းမကများ ကြီးကြီးကျယ်ကျယ် တောင်းဆိုရတယ်လို့။ အခုအချိန်မှာ တိုက်ခန်းဆိုတာလည်း သိန်းကရာကျော်တန်နေတာချည်းပဲမဟုတ်လား။

ပေါက်ပေါက်····

ပေါက်ပေါက်····

ညည်းဟာလေ ဒေါ်နှင်းဇကာရီရဲ့ လူယုံလို့ မပြောရဘူး။ သခင်စိတ်နဲ့တစ်ထပ်တည်းပဲ။ လောဘတွေတက်နေလိုက်တာများ မျက်လုံးတွေက အရောင်တွေတလက်လက်နဲ့ ထွက်လို့ပါလားအေ။

"အင်း···တိုက်ခန်းတစ်ခန်းနဲ့ ငွေက သိန်းတစ်ရာတောင် ဆိုတော့ ညည်းတောင်းဆိုတာက မများလွန်းဘူးလားအေ"

"အဟင်း···ဟင်း အဲဒီတန်ဖိုးတွေက မမလေးရရှိထားတဲ့ ဂုဏ်သိက္ခာနဲ့ဆိုရင် ပါးမွှားလောက်လေးပါမမရယ်"

"ညည်း တော်တော်လောဘကြီးတာပဲ"

"ကျွန်မဘဝရဲ့ အနာဂတ်အတွက်လေ မမနွေဂိမာန်၊ အဲဒီ လောက်မှ ရှေ့လျှောက်လှမ်းလို့ အဆင်ပြေမှာ"

ဝိုး : မိုး : ၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ညည်းက နိုင်ကွက်ကို ကိုင်ထားပြီဆိုတော့လည်း ကျုပ်က စဉ်းစားပေးရတော့မှာပေါ့ ပေါက်ပေါက်ရယ်၊ ဒါပေမဲ့ ဒါကြီးနဲ့ခဏခဏ ကျုပ်ကို စိတ်အနှောင့်အယှက်မပေးပါဘူးဆိုတဲ့ ကတိကရော တည်နိုင်ပါ့မလား၊ ငွေလိုတိုင်းလာလာညှစ်တာမျိုးတော့ ကျုပ်က လက်မခံနိုင်ဘူးလေ"

"ကျွန်မ အဲဒီလိုလူစားမျိုးမဟုတ်ဘူး မမနွေဂီမာန်"

"ညည်းကို ကျုပ်စိတ်ချရပါ့မလား ပေါက်ပေါက်၊ ကျုပ်ခေါင်းအေးအေးနဲ့တော့ လေးလေးနက်နက်တွေးမှ ဖြစ်မယ်"

"ကျွန်မ အချိန်အများကြီး မပေးနိုင်ဘူးနော်၊ အမြန်ဆုံးလိုချင်တယ်"

ပြောရင်း ကော်ဖီခွက်ကို သောက်သောက်နေတဲ့ပေါက်ပေါက်ကို တစိမ့်စိမ့်စိုက်ကြည့်နေမိ၏။ ကုန်ပြီလေ၊ ကော်ဖီခွက်က ကုန်နေပြီ။ ဒီလောက်ဆိုရင် နွေဂီမာန်အတွက် အဆင်ပြေနေပြီ။

"အေးပါ၊ ကျုပ်ကလည်း ပေးရင်လက်မတွန့်တတ်ပါဘူး ဒါပေမဲ့ ချက်ချင်းကြီးဆိုတာကတော့ မဖြစ်သေးဘူး၊ ပတ်ဝန်းကျင်အမြင်မှာ ညည်းကိုပေးလိုက်တယ်ဆိုတာကြီးက သံသယဖြစ်စရာဖြစ်မယ်၊ ကျုပ် ဒုက္ခရောက်ရင်လည်း ညည်းလည်း အစားမရှောင်





နိုင်ဘူး ပေါက်ပေါက်"

"အင်း ဟုတ်....အ....အစ်...အ"

ပြောနေရင်မှ ပေါက်ပေါက်တစ်ယောက် လည်ပင်းကြီးကိုလက်နဲ့စမ်းကာ မျက်လုံးကြီးတွေ ပြူးလာ၏။

"ရှင်....ရှင်ကြီး...ကျွန်...ကျွန်မကို"

ဝုန်း....

လဲပြိုသံကြီးက အကျယ်ကြီး။

"ဒေါက်...ဒေါက်"

"တံခါးဖွင့်စမ်း...ပေါက်ပေါက်"

အပြင်ဘက်က တံခါးထုရိုက်သံတွေ....

"မမ နွေဂီမာန်၊ အထဲမှာ မမရှိနေတယ်မဟုတ်လား"

ခေါ်သံတွေက တစ်ယောက်တစ်ပေါက်။

နွေဂီမာန် ပါးစပ်ထဲမှအမြှုပ်တွေ တစီစီထွက်နေတဲ့ပေါက်ပေါက်ကိုကြည့်ပြီး ကျေနပ်ဝမ်းသာနေလို့မှ မဆုံးသေး။ အပြင်က ခေါ်သံဆူညံညံကြောင့် မျက်လုံးတွေပြူးဝိုင်းသွားရသည်။

"ဒေါ်နွေဂီမာန်....တံခါးဖွင့်ပေးပါ၊ ကျွန်တော်တို့သက်ဆိုင်ရာက လူကြီးတွေပါ ဒေါ်နွေဂီမာန်"

ဟင်....



www.burmeseclassic.com

www.burmeseclassic.com



ရဲ…ရဲတွေတဲ့။

လာဖမ်းကြပြီ။

ဂီမာန်ကို လာဖမ်းကြပြီ။

ဒီမှာလဲ….

သေဆုံးနေတဲ့ ပေါက်ပေါက်ရဲ့အလောင်းကြီး။

ဘယ်လိုလုပ်ရမလဲ….

နွေဂီမာန် ဘာလုပ်ရမလဲ။

ရှောင်လို့ မလွတ်တော့ချေ။

"ဒေါ်နွေဂီမာန် အေးအေးဆေးဆေး ထွက်လာပြီး အဖမ်းခံပါ၊ ဒေါ်နွေဂီမာန်ကို ဒေါ်နှင်းဧကရီ သေဆုံးမှုအတွက်နဲ့ ကျွန်တော်တို့ လာဖမ်းတာပါ"

အပြင်က ရဲသားကြီးရဲ့ အသံသြသြက သူမနားထဲ ခါးသီးစွာ တိုးဝင်လာခဲ့သည်။

အမှားတွေ တပုံကြီး သူမ လုပ်ခဲ့ပြီးပြီ။

ပြင်ဆင်လို့မရတော့တဲ့ အမှားတွေပါ။

အခုအချိန်မှာ ရှောင်ပြေးချင်လို့လည်း အချိန်မရတော့။ ဒီလောက်ဆို တစ်အိမ်သားလုံးလည်း သိနေကြလောက်ပြီပေါ့။

နွေဂီမာန်….





ဘာလုပ်မလဲ။

ရင်ဆိုင်ရမှာပဲ။

လုပ်ရဲရင် ခံရဲရမယ်လေ။

အခန်းတံခါးကို သူမ ဆတ်ခနဲ ဖွင့်ပေးလိုက်သည်။

"မမ…"

"ဟယ်….ပေါက်ပေါက်"

"ရဲအုပ်ကိုစိုး နွေဂီမာန်ကို လက်ထိပ်ခတ်လိုက်ပါ"

မှာပြီးတာနှင့် စခန်းမှူးကြီးရော ရပ်ကွက်လူကြီးတွေပါ ပေါက်ပေါက်အလောင်းကို ဝင်စစ်ကြသည်။

"မမ…"

အနှိုင်းမဲ့ မယုံကြည်နိုင်လောက်အောင် မမနွေဂီမာန် မျက်နှာကို စိုက်ကြည့်မိသည်။ မမမျက်နှာမှာ အပြုံးအရယ်မရှိ။ ရက်စက်ခြင်းတွေနဲ့ သွေးအေးမှုတွေသာ ရှိခဲ့သည်။

"မမရယ်…ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲဗျာ"

နှိုင်း….

ယူကျုံးမရစွာပင် မေးမိသည်။

"နှိုင်း"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လန့်သွားပြီလား"

"ဗျာ..."

"မမက မင်းအထင်ကြီးစရာမကောင်းတဲ့ မိန်းမတစ်ယောက်ဖြစ်နေခဲ့တာ သိလိုက်ရလို့ မင်းအရမ်းကို မုန်းတီးစက်ဆုပ်သွားပြီလား နိုင်းရယ်"

"ကျွန်...ကျွန်တော်"

"ရပါတယ်၊ နိုင်း ဘာမှမပြောလည်း ရပါတယ်၊ အခုအချိန်မှာ မမ နိုင်းဆီက ဘာစကားသံကိုမှ မကြားချင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မကြားရဲလို့ပါ၊ မမပြောချင်တာ တစ်ခုပဲရှိတယ် နိုင်း၊ အဲဒါ နိုင်းကို မမ သိပ်ချစ်တယ်ဆိုတာပဲ၊ မမက အရင်ကတည်းက သိပ်ပြီး စိတ်ကူးတွေယဉ်ပြီး တိတ်တဆိတ်လေး ရူးနေတတ်တဲ့သူလေ၊ တစ်နေ့နေ့ တစ်ချိန်ချိန် မမချစ်တဲ့သူတွေရင် ကိုယ့်ချစ်သူရဲ့ လက်ထဲမှာပဲ ကြွေမယ်လို့ခံယူချက်လေးနဲ့ ရှင်သန်နေခဲ့တဲ့သူပါ၊ ချစ်သူခြွေမှ ကြွေချင်တဲ့ပန်းပွင့်လေးပေါ့၊ ဒါပေမဲ့ မမရဲ့စိတ်ကူးယဉ်မှုတွေ အားလုံးက မင်းနဲ့ဖွေးလေး ကို ချစ်နေကြပြီဆိုတာ သိတဲ့နေ့မှာပဲ ပျက်စီးကြွေမွသွားခဲ့ရတယ် နိုင်း"

ဟာ....

မမ....

ဝိုး : မိုး : ၁၁၄၆



ဘာတွေပြောနေတာလဲ။

နိုင်းကို ချစ်နေတယ်ဆိုတာ ချစ်သူတစ်ယောက်အနေနဲ့တဲ့လားဟင်။ မောင်ငယ်လေးတစ်ယောက်လို ခံစားနေတာမဟုတ်ဘူးတဲ့လား မမရယ်။ နိုင်း နိုင်းတော့ ဘာမှကို နားမလည်တော့ပါဘူးဗျာ။

"နိုင်း"

"မမ"

"ဒေါ်နှင်းဧကရီရဲ့ကားကို မမစေခိုင်းပြီး ဘရိတ်ဖောက်ထားတာ၊ ဒါကလည်း ဒီမိန်းမကြီးက မတော်လောဘတွေကြီးလွန်းလို့ပါ၊ အဲဒီအတွက် မမ နောင်တလည်းမရဘူး၊ ကိုယ့်ကိုယ်ကို မှားနေတယ်လို့လည်း မယူဆဘူး၊ အခုလည်း မိပေါက်ပေါက် သခင့်ခြေရာအတိုင်း မမအားနည်းချက်ကို အကျပ်ကိုင်ပြီး မမဆီကတောင်းဆိုမှုတွေ လုပ်လာပြီလေ၊ ဘယ်ရမလဲ နွေဂိမာန်ပဲဟာ ဒီလိုကျောလို့ကတော့ လုံးဝမရဘူးမှတ်"

"မမ"

"မင်း စိတ်မကောင်းမဖြစ်ပါနဲ့၊ မမ လုပ်ရဲရင် ခံရဲပါတယ် နိုင်းရယ်၊ ဒါ ဒါပေမဲ့ မမသိပ်ကြောက်တယ်၊ နိုင်းမမကို ရက်စက်လိုက်တဲ့ မိန်းမတစ်ယောက်ဆိုပြီး နာကြည်းမုန်းတီးသွားမှာ

ဝိုး : မိုး : ၁၁၄၆

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကြောက်တယ် နှိုင်း နှိုင်းရယ်၊ အဟင့်...ဟင့် မမုန်းပါနဲ့နော်၊ မမအချစ်တွေကို ရွံစရာလို့မတွေးလိုက်ပါနဲ့ နှိုင်းရယ်"

"မမရယ်...နှိုင်း မမကို မမုန်းပါဘူး၊ ဘာပဲပြောပြော နှိုင်းအခုလို ရပ်တည်နေနိုင်တယ်ဆိုတာ မမရဲ့ကျေးဇူးတရားတွေကြောင့်ပါ၊ ဒါပေမဲ့ မမသိထားသင့်တယ်လေ၊ အချစ်ဆိုတာ မမထင်သလို မာကျောအေးစက်မနေဘူး၊ အရမ်းရက်စက်မနေဘူး မမ၊ အရမ်းကို နူးညံ့ညင်သာတာပါ၊ ဒါကို မမဘာကြောင့် မသိရတာလဲ၊ အချစ်ဆိုတာ ပြောင်းလဲချင်တိုင်း ပြောင်းလဲယူရလောက်တဲ့ အရာဝတ္ထုပစ္စည်းတစ်ခုမှ မဟုတ်တာ"

"သိတယ် နှိုင်း....မမ သိတယ်၊ ဒါပေမဲ့ မမမင်းကို အရမ်းချစ်တယ်လေ၊ အဆုံးရှုံးမခံနိုင်တဲ့အချစ်၊ လက်မလွှတ်ချင်တဲ့အချစ်၊ ပိုင်ဆိုင်ချင်တဲ့အချစ်တွေနဲ့ ချစ်တာ"

"မမ"

နှိုင်းတားဆီးလိုက်တော့မှ မမနှုတ်ခမ်းတွေ ပြုံးသွား၏။

"မင်း မကြားချင်ပေမယ့် နောက်ဆုံးအချိန်လေးမှာတော့ မမပြောခဲ့ပါရစေ နှိုင်း၊ မင်းကို မမ သိပ်ချစ်တယ်ဆိုတာ သိစေချင်လို့ပါ"

မမရယ်....





နှိုင်းက မမမျက်နှာကို မကြည့်ရက်စွာ ခေါင်းကို ငုံ့ချလိုက်သလို နှင်းဖွေးလေးကတော့ အငိုနှင့်သာ ရှိနေတော့သည်။

"နှင်းဖွေးလေး"

"ရှင်...မမနွေဂီမာန်"

"ညည်းအမေသေတာ ကျုပ်ကြောင့်ပဲ နှင်းဖွေးလေး၊ အဲဒီအတွက် ညည်းမကျေနပ်ဘူးဆိုရင်လည်း ကျုပ်မတတ်နိုင်ဘူး၊ သူက သေသင့်တဲ့သူအေ၊ အရမ်းလောဘကြီးတဲ့ မိန်းမကြီး၊ အဲဒါကို ညည်းလည်း သိပါတယ်၊ ကျုပ် ညည်းကို ဘယ်တော့မှ တောင်းပန်မှာ မဟုတ်ဘူး"

မမရယ်....

အငြိုးအမုန်းတွေ ကြီးလိုက်တာ။

"ညည်းကံကောင်းတယ် နှင်းဖွေးလေး၊ ညည်း အရမ်းကံကောင်းတယ်အေ၊ မဟုတ်ရင် သိပ်မကြာခင်မှာ ညည်းအလှည့်ရောက်လာတော့မှာ"

"နွေဂီမာန်"

"ဟင်...ဖေဖေ"

"ဟာ...အန်ကယ်"

အန်ကယ် ဦးသက်ဝေထွန်းက ဗိုးချဲနှင့် အိမ်ဖော်မလေးနှင့် တွန်းခိုင်းကာ သမီးကြီးရှိနေတဲ့နေရာဆီ ပို့ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



''နွေဂိမာန်''

''ဖေ…ဖေဖေ…ဖေဖေရယ်၊ အဟင့်…ဟင့်''

ဖေဖေ့မျက်နှာကို မြင်လိုက်သည်ဆိုလျှင်ပဲ နွေဂိမာန်ရဲ့ မော့နေတဲ့ မျက်နှာလေးက ချက်ချင်းငုံ့ကာ မာန်စွယ်ကျိုးသလို ဒူးထောက်ထိုင်ကျသွားသည်။ ဖေဖေက ဘီးလေးကို လှိမ့်ပြီး သူမရှေ့ရောက်အောင်လာပြီး…

''ဖြန်း''

''အို…''

''ဟာ…''

နွေဂိမာန်မျက်နှာလေး ချာခနဲလည်သွားရသလို ပါးပြင်တစ်ခုလုံး ထူပူသွားရ၏။

''သမီးမိုက်၊ နင်…နင့်ကို အဲဒီလောက်ရက်စက်တတ်အောင် ဘယ်သူသင်ပေးခဲ့တာလဲ ငါလား နင့်အမေ တာသကြန်လား နွေဂိမာန်၊ နင့်ကို မဆုံးမခဲ့တဲ့ မိဘတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတွေကို နင်အအောင်မြင်ဆုံးတွေနဲ့ ဆပ်ပြလိုက်တာပေါ့လေ ဟုတ်လား၊ နင်….နင်…နင်…သွား…သွားတော့၊ လိုက်သွားတော့ နွေဂိမာန်၊ နင်လုပ်ခဲ့တဲ့ မိုက်မှားမှုတွေအတွက် ပြန်ပေးဆပ်ဖို့ လိုက်သွားတော့၊ အသုံးမကျတဲ့ သမီးမိုက်''

''ဖေဖေ''





''မခေါ်နဲ့…နင့်ကို သမီးအဖြစ်ကနေ ငါ စွန့်လွှတ်လိုက်ပြီ''

''ဖေဖေ…အဟင့်…ဟင့်''

''ရဲသားကြီးတွေခင်ဗျာ ခေါ်သွားကြပါ၊ သူ့ကို ဖမ်းသွားကြပါတော့ခင်ဗျာ''

ဦးသက်ဝေထွန်းစကားကြောင့် ရဲသားကြီးတွေက လက်ထိပ်ခတ်ထားသော နွေဂိမာန်ကို ခေါ်သွားကြသည်။

''ဖေဖေ''

''ဖေဖေ''

မထူးတော့….

ဦးသက်ဝေထွန်း လုံးဝမထူးတော့ပါ။ မျက်လုံးတွေကိုသာ တင်းတင်းမှိတ်ပြီး ငြိမ်သက်နေတော့သည်။ ရဲသားများ ဆွဲခေါ်သွားသော မမနွေဂိမာန်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်ကာ ကျန်ရစ်ခဲ့သူတွေကတော့ အနှိုင်းမဲ့နဲ့ နှင်းဖွေးလေးတို့ပဲဖြစ်သည်။ ပေါက်ပေါက်အလောင်းကိုပါ သယ်သွားပြီး ရဲကားက ခြံထဲက ထွက်ခွာသွားကြချေပြီလေ။ မမကိုလည်း ကားနှင့်တစ်ပါတည်း ခေါ်သွားသည်။

''ကိုနှိုင်း''

''ဖွေးလေး''



www.burmeseclassic.com

www.burmeseclassic.com



"ကိုနိုင်းရယ်…အဟင့်…ဟင့်"

"ဖွေးလေးရယ်"

နှင်းဖွေးလေးတစ်ယောက် အနိုင်းမဲ့ရင်ခွင်လေးထဲ တိုးဝင်ကာပင် တသိမ့်သိမ့်ရှိုက်ငိုမိတော့သည်။

ကြောက်စရာကောင်းလိုက်တဲ့ အဖြစ်အပျက်တွေ။

ကြည့်စမ်း….

လောကမှာ ဒီလောက်သွေးပျက်တုန်လှုပ် ချောက်ချား စရာကောင်းတဲ့ အဖြစ်အပျက်မျိုး ရှိသေးသတဲ့လား။

ယုံတောင် မယုံချင်စရာပါပဲ။

"ဖွေးလေးရယ် အရမ်းစိတ်ထိခိုက်သွားပြီလားဟင်၊ အန်တီနှင်းဟာ မမကြောင့် အခုလိုဖြစ်ရတယ်ဆိုတာသိလို့ အရမ်းကိုပဲ စိတ်ထိခိုက်သွားပြီလားကွာ"

"ဟင့်အင်း…မသိဘူး ကိုနိုင်း၊ ဖွေးလေးဘာမှမသိတော့ဘူး၊ ဖွေးလေးသိတာ တစ်ခုပဲရှိတယ်၊ အဲဒါ သိပ်ကြောက်တယ် ဆိုတာပဲ၊ မေမေက ငွေကြောင့်လောဘတက်တယ်၊ မမက အချစ်ကြောင့် လောဘတွေတက်ခဲ့တယ်၊ အဲဒါတွေအားလုံးရဲ့အဆုံးသတ်က အရမ်းကြောက်စရာကောင်းတယ် ဆိုတာပဲ ကိုနိုင်း"

ဖွေးလေးရယ်….





ကိုနိုင်းမင်းကို နားလည်နိုင်ပါတယ်ကွာ။

အခုအချိန်မှာ အရမ်းကိုပဲ ထိတ်လန့်နေလိမ့်မယ်ဆိုတာ ကိုပေါ့။

နေပါ…

ကိုယ့်ရင်ခွင်ထဲမှာပဲ မင်းနေပါ။

ဒါမှ….

မင်းစိတ်တွေ လုံခြုံနွေးထွေးရမှာလေ။

စိတ်မကောင်းပါဘူး ဖွေးလေးရယ်။ မင်းကို စိတ်ပျော်ရွှင်မှုတွေ မပေးနိုင်တဲ့အတွက် နိုင်းတကယ်ပဲ စိတ်မကောင်းပါဘူးကွာ။

ဒါပေမဲ့

မင်း ယုံကြည်စိတ်ချလိုက်ပါ။

နောက်ဆိုရင်

မင်းဘဝလေးမှာ အခုလို ဝမ်းနည်းကြေကွဲစရာတွေ၊ နာကျင်စရာတွေ လုံးဝမရှိစေရတော့ပါဘူး ဖွေးလေးရယ်။ မင်းရဲ့ မျက်ရည်လေးတွေကို ဖေးမသုတ်ပေးမယ့် အကြင်နာလက်တစ်စုံ လောကကြီးထဲမှာ အမြဲထာဝရအတွက် ရှိနေမယ်ဆိုတာကို စိတ်ချယုံကြည်လိုက်ပါတော့ ဖွေးလေးရယ်။

မမနွေဂိမာန်ဖြစ်စေချင်သလို လုပ်ဆောင်ပေးနိုင်တဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းစိတ်မကောင်းဖြစ်မိပါတယ်။ မမက ချစ်သူ့ခြေမှ ကြွေချင်တဲ့ ပန်းကလေးတစ်ပွင့်တဲ့လေ။ ဒါပေမဲ့ သူ့အတ္တတွေနဲ့ သူလုပ်ခဲ့တဲ့ အလုပ်က လမ်းများတွေပေါ်ရောက်ဖို့ဆိုတာ သူမသိခဲ့ဘူး၊

မမရယ်

ကျွန်တော်မမကို ချစ်ခဲ့တာ အစ်မတစ်ယောက်လိုပါ။

မောင်နှမချစ်ခြင်းမေတ္တာကို အရောင်မဆိုးချင်တာတစ်ခုက လွဲပြီး မမကို ကျွန်တော်တကယ်ပဲချစ်ခဲ့တာပါဗျာ။

ဒါပေမဲ့လည်း မမရယ်

နှင်းဖွေးလေးကိုတော့····

ရင်ခုန်သံမရပ်သရွေ့ အမြဲချစ်တတ်နေမယ့်

ရှင်မြတ်နိုး



www.burmeseclassic.com